မန္တလေးမြို့

ဓမ္မစကြာပဋိပတ်သာသနာပြုအဖွဲ့ချုပ်

—မှ—

မဟာသတိပဋ္ဌာန်ဒေသနာ

ပဌမတွဲ

# မဂ်ဝင်အာနာပါနကျမ်း



မှပိုင် ဓမ္မစကြာရိပ်သာ

ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာ
အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ်
မန္တလေးမြို့

၁၉၇၇၀

မန္တလေးမြို့

ဓမ္မစကြာပဋိပတ်သာသနာပြု အဖွဲ့ချုပ်
မှ

မဟာသတိပဋ္ဌာန်ဒေသနာ

# ဓမ္မစကြာ

# မင်္ဂလာဝင်အာနာပါနကျမ်း

ပဌမတွဲ

—※— —※—

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် (၂၃၀၉)

ပုံနှိပ်သူ ☆ ဦးလှဘော် - ရတနာဒီပ ပုံနှိပ်တိုက် (၀၇၇၀)
ဆိုင်းတန်း-မန္တလေး။

ထုတ်ဝေသူ☆ ဦးလှဘော် (၀၆၃၄) ၀၄- စီရုံ-မန္တလေး။

ထုတ်ဝေသူ ကင်းလွတ်ခွင့်နံပါတ် (၀၅၇၇)
အရှင်ကုမာရ–ဓမ္မစကြာ သာသနာပြုရိပ်သာ
နန်းရှေ့-မန္တလေး။



ဓမ္မစကြာ မဟာနာယက ဆရာတော်ဘုရားပုံတော်

# မာတိကာ


| ကော်စဉ် | မဂ်ဝင်အာနာပါနကျမ်း | စာမျက်နှာ |
|---|---|---|
| ၁ | ဓမ္မစကြာမဂ်ဝင်အာနာပါနအဖွင့်ကျမ်း ပေါ်ထွက်ခြင်း | ၅ |
| ၂ | အကြောင်းပြနိဒါန်း | ၁၀ |
| ၃ | အကျဉ်းမှတ်ရန် အာနာပါန ၃-မျိုး | ၂၀ |
| ၄ | အကျဉ်း ၃-မျိုးဆိုတာ ပဌမ ၁-အချက် | ၂၁ |
| ၅ | ။ ဒုတိယ ၂ ။ | ၂၂ |
| ၆ | ။ တတိယ ၃ ။ | ၂၂ |
| ၇ | မဟာသတိပဋ္ဌာန်အာနာပါန | ၂၆ |
| ၈ | ဥဂ္ဂဏှ် ၄-ပါးဆိုသည်မှာအဘာလဲ | ၂၇ |
| ၉ | အာနာပါနတံခါး ၄-ပေါက်တည်ရှိနေပုံ | ၂၉ |
| ၁၀ | အာနာပါနတံခါး ၄-ချက် | ၃၁ |
| ၁၁ | တံခါး ၄-ပေါက်က ရုပ်နာမ်ထွက်ပုံ | ၃၃ |
| ၁၂ | ဖရိပါစကမီးခတ် ဘယ်သူ့ကြောင့်ဖြစ်သလဲ | ၃၆ |
| ၁၃ | အသက်လို့ ဘယ်သဘောကိုခေါ်ပါသလဲ | ၃၈ |
| ၁၄ | ဖရိပါစကမီးခတ်၏အကျိုးတရား | ၃၉ |
| ၁၅ | ဥသမမီးခတ် ဘယ်သူ့ကြောင့်ဖြစ်သလဲ | ၄၄ |
| ၁၆ | ဥသမမီးခတ် ရုပ်နာမ်ဘယ်လိုလဲ | ၄၅ |
| ၁၇ | ငယ်ထိပ်ဦးကျောက်မှာ ဘယ်မီးခတ်ရှိသလဲ | ၄၇ |
| ၁၈ | ဒဟာမီးခတ်သဘော | ၅၃ |

# မာတိကာ


| မဂ်ဝင်အာနာပါနကျမ်း | စာမျက်နှာ |
|---|---|
| အာနာပါနလုပ်ငန်းစဉ် ဘယ်သို့တက်သလဲ | ၅၅ |
| ပဌမတိတ်ခွေ အမှတ် ၂-ဘာသာပြန် | ၅၇ |
| သတိပဌာန် ၆-မျိုး | ၅၈ |
| မျက်စိသတိပဌာန်ပိတ်ဆို့နည်း | ၆၀ |
| ပညတ် ၄-ပါး ခွဲပြချက် | ၆၄ |
| အာနာပါနအလုပ်နှင့် နာမပညတ် | ၆၅ |
| ငယ်ထိပ်ဦးကျောက်နှင့်သဏ္ဌာနပညတ် | ၆၇ |
| သမူဟပညတ်နှင့် နှလုံးအိမ်ရင်ချိုင့် | ၆၉ |
| သန္တတိပညတ်နှင့်ချက်တိုင် | ၇၀ |
| အားထုတ်ရန်စည်းကမ်းချက် | ၇၂ |
| အင်္ဂါ ၂-ပါးထပ်တိုးလိုက်ပုံ | ၇၄ |
| စတုက္က လေးချက်ခွဲခြားခြင်း | ၇၈ |
| ဓမ္မစကြာတံခါးလေးပေါက်နှင့်ဝိသုဒ္ဓိမဂ်အဆို | ၈၃ |
| တံခါးလေးပေါက်နှင့် ရုပ်နာမ် | ၈၄ |
| သညာသဘောနှင့် သတိသဘောထူးခြားပုံ | ၈၆ |
| သတိသဘောနေပုံပြဆိုပါမယ် | ၉၁ |
| ဒုတိယ တိတ်ခွေဘာသာပြန် | ၉၅ |
| အာနာပါန သဘောတရားနေပုံ | ၉၆ |
| အာနာပါနနှင့် စရိုက်ကြမ်း | ၉၈ |
| အာနာပါန အကျိုးတရားများ | ၁၀၀ |
| ဥစ္စာပစ္စည်းရှိလျှင် အန္တရာယ်ကသူခလို့ထင် | ၁၀၅ |
| အသက်ကြီးတော့ အတိတ်အာရုံဆွဲ | ၁၀၈ |

| မဂ်ဂဇင်းအာနာပါနကျမ်း | စာမျက်နှာ |
|---|---|
| အမှတ်သညာ ဘယ်လောက်ကြာမှလဲ | ၁၁၃ |
| နာမပညတ် ဘယ်လိုပေါ်မလဲ | ၁၁၅ |
| နိမိတ်ဘယ်လိုပေါ်ထွက်သလဲ | ၁၁၆ |
| လောကီ အာနာပါန နိမိတ်ပေါ်ပုံ | ၁၁၈ |
| ဂိုဏ်းပညာ အာနာပါနဘာလဲ | ၁၁၉ |
| မဟာသတိပဋ္ဌာန်နဲ့ နိမိတ် | ၁၂၂ |
| ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ် ပေါ်ထွက်လာပုံ | ၁၂၅ |
| ထွက်လေဝင်လေပညတ်ဘယ်လိုပေါ်မလဲ | ၁၂၉ |
| ဘယ်လိုနိမိတ်မျိုးမှ ကူးရမှာလဲ | ၁၃၁ |
| ဒုတိယ တိတ်ခွေဘာသာပြန်ဒုတိယဘက် | ၁၃၅ |
| အာနာပါနအရှုတ်ဘယ်လိုထုတ်မလဲ | ၁၃၅ |
| လေရှည်ကို ဘယ်လိုရှုမှတ်ရမလဲ | ၁၃၈ |
| ဘယ်လိုထင်မြင်ရပါသလဲ | ၁၃၉ |
| ရုပ်တရား နာမ်တရား နှစ်ပါးသွင်းပုံ | ၁၄၅ |
| ရုပ်ကိုတွေ့အောင် ဘယ်လိုရှုကြမလဲ | ၁၄၆ |
| ဝိဉာဏ်သိ ပထဝီဓာတ်ကိုခွဲကြဦးစို့ရဲ့ | ၁၄၇ |
| သဘာဝလေးပါးပေါင်းဆုံပုံ | ၁၄၈ |
| ရုပ်နာမ်ထင်အောင် ကူးပုံကူးနည်း | ၁၅၃ |
| ဌာန်လေးချက်ဝေဘန်သိမ်းဆည်းပုံ | ၁၅၆ |
| ရုပ်နာမ် နှစ်ပါးသွင်းပြပုံ | ၁၅၇ |
| ပဋိလောမနည်းဖြင့် ရုပ်-နာမ်ပေါ်ပုံ | ၁၆၀ |

## မာတိကာ


| နံပါတ်စဉ် | မဂ္ဂဇင်းအာနာပါနကျမ်း | စာမျက်နှာ |
|---|---|---|
| ၆၂ | ပရမတ္ထသစ္စာနယ်၌ရုပ်-နာမ်ပေါ်ပုံ | ၁၆၁ |
| ၆၃ | အာရုံအာရမ္မဏိက ရုပ်နာမ်ထင်မြင်ခြင်း၏ ခံစားရသော အကျိုးတရား | ၁၆၇ |
| ၆၄ | တတိယတိတ်ခွေကြီး ပဋ္ဌာနဘက်ဘာသာပြန် | ၁၇၂ |
| ၆၅ | နာမ်သဏ္ဌာန်ကို ခွဲကြဦးစို့ | ၁၇၈ |
| ၆၆ | လေကြောင်းနိမိတ်ဘယ်လို အရောင် အဆင်း ထွက်လာပါသလဲ | ၁၈၁ |
| ၆၇ | အရောင်အဆင်းသုံးမျိုး ကွန့်မြူးပုံ | ၁၈၂ |
| ၆၈ | ရုပ်-နာမ်နှစ်ပါးဘယ်လိုတက်မလဲ | ၁၈၄ |
| ၆၉ | ယခုဘဝသေဘာတာပန် ဖြစ်လိုသလား | ၁၈၉ |
| ၇၀ | ငါသိ ဆယ်ကဲလုပ်ချင်တဲ့ခေတ်ကြီး | ၁၉၃ |
| ၇၁ | သက်တန့်ရောင်နှင့် လောကီအကျိုး | ၁၉၅ |
| ၇၂ | ပညာရှိများ၏ ကြွေးကြော်သံ | ၁၉၉ |
| ၇၃ | နိဂုံး | ၂၀၁ |

# ဓမ္မစကြာမဂ်ဝင်အာနာပါနအဖွင့်ကျမ်း ထွက်ပေါ်ခြင်း

ယထာ သောဘတိ အာကာသေ တာရာဂဏေဟိ မဏ္ဍိတော
အဗ္ဘုတော ဝတ စန္ဒိမော အယံ ဂန္ထော သမုဗ္ဘဝိ။
( ဂလိုးဘွဲ့ ရစနာ ဂါထာ )

အာကာသေ၊ဝိဇ္ဇာ လူနတ် ဂန္ဓပ်အသူရာ ထွက်ဝင်သွားလာရာ ဖြစ်တဲ့ အဇဋ္ဌာဝေဟင် မိုးယံကောင်းကင်၌။ တာရာဂဏေဟိ၊ အာလိန် ငါးထပ် မြင့်မိုရ်ရပ်ဝယ် နက္ခတ်မျိုးအဖုံဖုံ ကြယ်မျိုးအစုံစုံတို့ ဝိုင်းအုံ ရှုပြောင်း တာရာဂြိုဟ် အပေါင်း တို့ဖြင့်။ မဏ္ဍိတော၊ ထက်ဝန်းကြင်ပတ်လည်တွင် ရပ်တည်ခါ ရံခလျက် ဟန်ရအောင် တန်းဆာဆင်အပ်သော။ စန္ဒိမော ကမ္ဘာ့တန်းဆာ လဆန်းရတနာသည်။ သောဘတိယထာ၊ လမင်း၏ အရောင်တို့ကြောင့် တပြောင်ပြောင် ထွန်းလင်းလျက် ဂြိုဟ်တာရာ ခပင်းတို့မှာ တင့်တယ်ခြင်းဖြစ်ဘိသကဲ့သို့။

တထာ၊ ထို လမင်းစံနှုန်း ပမာသုံးသာလျှင် ဗုဒ္ဓသာသနေ ရှင်တော်မြတ်ဘုရား လုပ်ငန်းစဉ်ထားသည့် ဟောကြားမိန့်မြွက် ပဋိပတ်ခေါ် သာသနာတော်၌။ နာနာနယေဟိ၊ ပညတ်တသွယ် ရှုဘွယ်တခန်း မီးခွက်တွေ့ အစုံသန်းလျက် အံ့ခမန်းအသွယ်သွယ် ပြုဘွယ်အထူး တံခါးကူးယှက် အထူးထူးသော နည်းတို့ဖြင့်။ မဏ္ဍိတော၊မဂ်ဖိုလ်တရားရက်တိုပွားခါတန်းဆာဆင်အပ်သော။ အယံဂန္ထော၊ ဓမ္မစကြာ အစဖြာလျက် ဒေသနာတင့်ဆန်း

ဤအာနာပါန အမည်ရတဲ့ လုပ်ငန်းစဉ်ကျမ်းသည်။ သမုဒ္ဒဝီ ဖြစ်ချိန်ခါလင့် တောင့်တခြင်းကြောင့် ကြုံလင်းတစေ ဖြစ်ပေါ် ၍လဲ လာပေပြီ။

အဗ္ဘုတော ဝတ၊ ဪ အံ့ဘွယ် ရှိပေစွတကား။ (ဝါ) အဗ္ဘုတော ဝတ၊ သာသနာတဝက်မှာဖြင့် ဓမ္မစက်အာဏာ စိုက်ထူလျှက် စရိုက်ဖြူစွာ လူခပင်းတို့အား မူမယွင်းစရာ အချက်ကို ဆိုလိုက်တော့ မဂ် ဖိုလ်ဆိုက် နည်းလမ်း အသွယ်သွယ်ကြောင့် ဪ ချီးမွမ်းဘွယ်ရာကြီးပါတကား။

ဓမ္မစကြာ ဖြန့်ချီရေးဌာန
ဓမ္မစကြာ ပဋိပတ်သာသနာပြုရိပ်သာ
အရှေ့ပြင် မင်္ဂလာဥယျာဉ်ရိပ်
မန္တလေး။

# ဓမ္မစကြာ မဂ်ဝင်အာနာပါနအဖွင့်ကျမ်း ပေါ်ထွက်ခြင်း

ယထာ သောဘတိ အာဒိစ္စော တမံဟန္တွာ ဩဘာသယံ
နာနာနယော ပသောဘိတော အယံဂန္ထော သမုဗ္ဘဝိ
သုခကာမာ ဝဋ္ဋဋ္ဌေန္တိ မဂ္ဂပထံ ပဋိပတ္တိံ ။

( ဂလုံးဘွဲ့ ရစနာ ဂါထာ )

အာဒိစ္စော၊ အရှေ့ပြုပွါ ဝိဒေဟာမှ ရောင်ဝါ ရွှန်းရွှန်း ပေါ်ထွန်းတက်လာ နေစကြာသည်။ ဝါ၊ ရောင်ခြည်ဇာထောင် ထွန်းလင်း ပြောင်လျက် မိုက်မှောင်ပယ်ခွင်း ရှင်နေမင်းသည်။ တမံ၊ အမိုက်တိုက်ကြီးကို (ဝါ) ဆီးနှင်းမြူတိမ် သူရိမ်မိုးခိုး ပြစ်မျိုးငါးအင် အမိုက်တိုက်အစဉ်ကို။ ဟန္တွာ၊ ပယ်ဖျောက် သုတ်သင်ရှင်းလင်းတော်မူ၍ ဩဘာသယံ၊ ဩဘာသယန္တော၊ မိမိ၏အရောင်တို့ဖြင့် ထွန်းလင်းတောက်ပြောင်တော်မူလျက်။

သောဘတိယထာ၊ ကြက်သရေညွန့်အဖူးကို ထိပ်ခေါင်ကဆွတ် ခူးလျက် အထူးသဖြင့် တင့်တယ်လေဘိသကဲ့သို့။ တထာ၊ နေမင်း အလား ပမာမခြားသာလျှင်။ နာနာနယေဟိ၊ တံခါးလေးသွယ် ရောင်စုံချယ်၍ ပညတ်နယ်တဝ ဥာဏ်စဉ်ပြသည့် နည်းနာနယ မမ္မအစုံ အဖုံဖုံတို့ဖြင့်။ ဥပသောဘိတော၊ တင့်တယ်စွာတန်းဆာ ဆင်ယင်အပ်သော။ အယံဂန္ထော၊ အာနာပါနအမည်ရတဲ့ နာမ တင့်ဆန်း ဤသည်ကျမ်းသည်။

တမံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို။ ဟန္တွာ၊ ဝိပဿနာဉာဏ်တည်းဟူသော ပညာရောင်ဖြင့် ချိုးဖျက်တော်မူလျက်။ ဩဘာသယံ ဩဘာသယန္တော၊ မိမိ၏အရောင်ဟု ဆိုအပ်သော မဂ်တရား ဖိုလ်တရားတို့ကို ထွန်းပြောင်တော်မူစေသည်ဖြစ်၍။ သမုဋ္ဌဝိ၊ သာသနာ့ခေတ်အကြိုက်တွင် နှစ်ချိုက်စရာ ပဋိပတ်အဖြာဖြာတို့ဖြင့်ထွက်ပေါ်၍လဲ လာလေပြီ။မဂ္ဂပထံ၊နေ့တိုရက်တို မဂ်ဖိုလ်ရကြောင်း လမ်းဟောင်းအစစ် ဖြစ်တော်မူသော။ ပဋိပတ္တိံ၊ သီလ သမာဓိ ပညာနှင့် ဝိပဿနာဉာဏ်ကောင်း ထပ်ခါလောင်း၍ စုပေါင်းဝေဆာ ပဋိပတ်အဖြာဖြာကို။ သုခကာမာ၊ ပစ္စုပ္ပန်မျက်မှောက် ကိန်းဆုံးပေါက်၍ ထွက်မြောက်လိုငြား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ဝဋ္ဋဒုက္ခေ၊ မချုပ်ငြိမ်းနိုင် မလှဲနိုင်သဖြင့် အပိုင်ဆွဲကိုင်တော်မူလျက် သဒ္ဓါပန်းတကြုံကြုံနှင့် မဂ်ထီးဖြူကို အရယူတော်မူ၍ ခံစားသုံးဆောင်နိုင်ပါစေသတည်း။

အရှင်ကေသဝ

မူလစာချ ဓမ္မကထိက

မင်းကျောင်း ကျောက်ရဲ ရေနံချောင်းစာတိုက်

—အ— —အ—

# မဂ်ဝင်အာနာပါနကျမ်း ထွက်ပေါ်ခြင်း

သင်္ခါတောမဟာထေရေန၊ သုဒ္ဓိကာမာန မိစ္ဆိတော။
သကလင်္ကာသုဒ္ဓါယ၊ ပုနသောပါကဋ္ဌိကတော။

မဟာထေရေန၊ ဓမ္မစကြာ ပဋ္ဌိပတ်သာသနာပြုရိပ်သာ ဦးစီး ဥက္ကဋ္ဌမဟာနာယက မထေရ်မြတ်ကြီးသည်။ သုဒ္ဓိကာမာနံ၊ ကိလေစင်ရာ ဧရိပ်သာမှန် မြတ်နိဗ္ဗာန်ကို ရည်သန်လိုလား တပည့် ဒကာ ဒကာမများတို့၏။ သကလင်္ကာသုဒ္ဓါယ၊ ကိလေ ခပ်သိမ်း ချုပ်ငြိမ်းပျောက်ကင်း သန့်ရှင်းစင်ကြယ်ခြင်း အကျိုးငှါ။ သုဒ္ဓိကာမာနံ၊ ရှင်တော်ဟောပြ ဩဝါဒကို လုံးဝ နာယူ နိဗ္ဗူပျော်ရန် ရည်သန်တောင့်တ များလှသောင်းသောင်း တပည့်အပေါင်းတို့သည်။ ဣစ္ဆိတော၊ ဣစ္ဆာသယ လိုတိုင်း ရအောင် ကျနဆုံးဖြတ် ကျမ်းမြတ်တဆူ တံခွန်ထူ၍ ကြည်ဖြူ လေးမြတ် လိုလားတောင့်တအပ်သော။ ယောဂန္တော၊ လေးမျိုး မီးခတ် ရောင်စုံဟတ်လျက် ပညတ်လေးအင် ဉာဏ်စင်လေးဖြာ ကြောင်းရာလေးသီး ဓာတ်ကြီးလေးသွယ် ချယ်သယ်ပုံပြင် တန်းဆာဆင်လျက် မဂ်ဝင်အာနာပါနခေါ်မှီး အကြင်ကျမ်း တော်ကြီးကို။ သင်္ခါတော၊ သဒ္ဓါပြဋ္ဌာန်း ပညာစွမ်းဖြင့် ကြိုးပမ်း တည်ထွင် ပြုစီရင်တော်မူအပ်ခဲ့လေပြီ။ သောဂန္တွာ၊ နိဗ္ဗာန် မဂ်ဖိုလ်ရက်တိုတိုဖြင့် ရောက်ရာမှန်သည့် သညာကျော်ဟီး ထိုမဂ် ဝင်အာနာပါနကျမ်းတော်ကြီးကို။ ပုနပါကဋ္ဌိကတော၊ နောက် တဖန်သုဓ်သင် ယှက်ထွေးမှုကင်းစင်အောင် စက်တင်ကာပုံရိုက် လျက် နှစ်ခြိုက်ဖွယ်စာအသွားဖြင့် ထင်ရှားစွာ ပြုစုအပ်ပါ သတည်း။

အရှင်ကုမာရ (ဓမ္မာစရိယ)
ဓမ္မစကြာ ပဋ္ဌိပတ်သာသနာပြုရိပ်သာ
နန်းရှေ့ မန္တလေးမြို့

# ဓမ္မစကြာမဂ်ဝင်အာနာပါနအဖွင့်ကျမ်း
# ထွက်ပေါ်ခြင်း

ဇောတိယာ ဃရမာဒိတ္တံ၊ ဃနေ့ာသိဥ္စတိဝါရိနာ။
လောကမ္ပိတိဝိဓာဒိတ္တံ၊ ဩသိဥ္စိဓမ္မဘောရိနာ။

( ပတျာဝတ္တဂါထာ )

ဇောတိယာ၊ အရောင်အဆင်း ပြောင်ပြောင်ဝင်းလျက် ကိုယ်တွင်းစွဲလောင် အလျှံပြောင်ညီး လောင်စာကြီးသော မီးကြီးသည်။ အာဒိတ္တံ၊ နီနီရဲရဲ ညီညီစွဲလျက် အမြဲမပြတ် လောင်ကျွမ်းအပ်သော။ ဃရံ၊ ကြီးကြီးငယ်ငယ် သွယ်သွယ်ဝဝ သမ္ဘာရပြုပြီး အသီးသီးသော အိမ်ကြီးအိမ်ကောင်း တိုက်တာကျောင်းကို။ ဃနေ့ာ၊ အထက်နန်းဘုံ အာကာဟုန်မှာ ဝိုင်းအုံ ထစ်ချုန်း ပဇ္ဇုံမိုးသည်။ ဃနေ့ာ၊ စကြာဝဠာတိုက်အလုံး အမိုက်တိုက်ဖုံးလျက် ထစ်ချုန်းဝိုင်းအုံ မိုးပဇ္ဇုံသည်။ ဃနေ့ာ၊ လျှပ်စစ်ရောင် တပြောင်ပြောင်နှင့် မာန်ဆောင်ကြုံးဝါး တိမ်လုံးကြွားလျက် ကားကားဝင့်ဝင့် မဖင့်မနှေး သံဟုန်ပေးကာ ရှစ်မျက်နှာလုံး ခြိမ့်ခြိမ့်အုံ့ခါ ဂျုံးဂျုံးမည်လျက် မိုးစီနက်၍ အကွက်ဆင်ကာ ရွာသွန်လာသော မိုးကြီးသည်။ ဝါရိနာ၊ ခိုက်ခိုက်တုံ့စွာ ရေသီတာဖြင့်။ ဝါရိနာ၊ အစဉ်စိုရွှဲ မိုးရေထဲမှာ အူ သည်း နှလုံး တကိုယ်လုံးကို ချိုပြုံ ရွှင်ပြ ကြည် လှစွာ ရေသီတာဖြင့်။ သိဥ္စတိဣဝ၊ နီနီရဲရဲ ညီညီစွဲလျက် အမြဲမပြတ် လောင်ကျွမ်းအပ်သော မီးတောက် မီးလျှံ ငြိမ်းလေဟန်သည့် သွန်လောင်းဘိကဲ့သို့။

# (၇)

ဝေဝမေဝ၊ နိနိရဲရဲ ညိညိစွဲလျက် အမြဲမပြတ် လောင်ကြွမ်း အပ်သော မီးတောက်မီးလျှံ ငြိမ်းလေဟန်သည် သွန်လောင်း ဘိဟူ ဤအတူသာလျှင်။ တိဝိဓာဒိတ္တာ၊ လောဘရယ်၊ ဒေါသရယ်၊ မောဟနယ်မှာ ပြောပြဘွယ်မရှိလောက်အောင် ကာမဂုဏ်အပူမီး တဆဲ့တသီးတို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်ခံစား၍ နေကြရသော။ လောကမှိ၊ လူဘုံဌာန လူ လောကကိုလည်း။ လောကမှိ၊ ရုပ် နာမ် နှစ်ရပ် ဖြစ်ပျက် ဓာတ်ကို ချုပ်ပြတ် မစဲ တဖွဲဖွဲမို့ လူဘဝလူမျိုးစုံ နတ်ဘဝနတ်မျိုးစုံ ဗြဟ္မာဘဝ ဗြဟ္မာ မျိုးစုံ ဇာတ်မျိုးစုံတို့ဖြင့် ကခုံမြူးတူး ပျော်မြူးနေကြသော သတ္တဝါအစုံတွေကိုလည်း။ ဓမ္မဘောရိနာ၊ မြေကြည်လင် ဘုရား ရှင်၏ အစဉ်ပွားရှု အာနာပါန လုပ်ငန်းစဉ်အစုတည်းဟူသော အောင်စကြာထွက်အလာမှာ မဂ်အမတာ ပြေခွင်ခရီးကိုလည်း စကြာရေယာဉ် စီးစီးပြီးတော့ ထက်ကမ္ဘာမြေတုံဟီးလောက် အောင် မဂ္ဂင်နာဝါလှေဖေါင်ကြီးတို့ဖြင့် ပျော်ပျော်ကြီးစီးကြ ရသဖြင့်။ အယံဂန္တော၊ ဤအာနာပါန အမည်ရတဲ့ လုပ်ငန်းစဉ် ကျမ်းသည်။ ဩသိဋ္ဌိ ဥရုဝေဠ၊ တောဝမြိုင်ယံ ကိုယ်တော်တိုင် အပင်ပန်းခံတော်မူလျက် ခြောက်နှစ် မှန်မှန် ရှာကြံကြိုးစား မှန်ကန်သော အာနာပါန တရားတော်မြတ်ကို လေးဆဲ့ငါးနှစ် တိုင်တိုင် ဟောကြား စုဆောင်း သွန်းလောင်းတော်မူခဲ့ရှာ လေပြီ။

ဦးလက္ခဏ(ဓမ္မာစရိယ)

ဓမ္မစကြာ – ပဋိပတ်ရိပ်သာ

အရှေ့ပြင် - မန္တလေးမြို့။

# ဓမ္မစကြာမဂ်ဝင်အာနာပါနအဖွင့်ကျမ်း ထွက်ပေါ်ခြင်း

ယထာ ဥဒေတိ အာဒိစ္စော၊ သဟဿရံ သိဇာလိကော။
တထာ နယေနာလင်္ကာရော၊အယံ ဂန္ထော သမုဂ္ဂတော။ ။

(တတိယ မကာရ ဝိပုလာဂါထာ)

ဘောန္တော၊ သံသရာနက်ဝှမ်း တဘက်ကမ်းမှ ထွက်လှမ်းလိုငြား အို.... လူများတို့။ လောကဓာတုယာ၊ အရပ်မျက်နှာ မယှဉ်သာသည့် လွန်စွာမြတ်လှ ရှေ့လောကဓာတ်မှ။ ပါဏိနံ၊လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများခြင်းငှါ။ သဟဿရံသိဇာလိကော၊ ရောင်ခြည် တထောင် အလင်းဆောင်သည့် ထွန်းပြောင်ထိန်လင်း အမှောင်ခွင်းကာ ပေါ်ထွက်လာသော။ အာဒိစ္စော၊ အဝန်းပမာ ယူဇနာကား သင်္ချာတွက်ဘွယ် ငါးဆယ်ပြည့်တင်း ရှင်နေမင်းသည်။ ဥဒေတိယထာ၊ ရဲရဲဝန့်ဝန့် နောက်မတွန့်ဘဲ မြူးကွန့်သာယာ ထွက်ပေါ်လာသကဲ့သို့။

တထာ၊ ဖိတ်ဖိတ်ဝင်းစက် အလင်းထွက်သည့် ဝင်းလျက် ရောင်ထိန် ရှိန်ရှိန်ပူပြင်း လူခပင်းတို့ ခေါ်ခြင်းသညာ နေရာဇာမူ ထို့အတူသာလျှင်။ ဓမ္မစက္ကာဆာယာယ၊ ဓမ္မစကြာအမည် သာသည့် သညာခေါ်လတ် အရိပ်ဓာတ်မှ။ ပါဏိနံ၊ မဂ်နှင့်ဖိုလ်ကို တကယ် လိုလား အမျိုးကောင်းသား အမျိုးကောင်းသမီး အသီးသီးတို့၏။ ဟိတာယ၊ လိုရာပြီးမြောက် ခရီးရောက်၍ သိဒ္ဓိ

ပွားတိုး တရားကျိုးငှါ။ နယေန၊ ဒေသနာနည်း လက်တွေ့မှီး လျက် ရှုနည်းဖုံဖုံ အလုံးစုံကို ဘုန်းဂုဏ်ရွှေဥာဏ် နည်းမကျန် အောင် မှီရန်ကျမ်းကုန် နည်းမျိုးစုံဖြင့်။ အလင်္ကာရော၊ ရောင်စုံ မီးခတ် တဖျတ်ဖျတ်နှင့် ထွက်ရပ်တံခါး လေးပေါက်ထားပြီး ထင်ရှားသိလွယ် တန်ဆာချယ်အပ်သော။ အယံဂန္ထာ၊ အာနာ ပါန လုပ်နည်းပြတဲ့ နာမကျော်ဟီး ဤကျမ်းမြတ်ကြီး သည်။ သမုဂ္ဂတော၊ သာသနာတဝက် ကျော်ကာတက်ရှိမို့ မျှော်ရှာတဲ့ သတ္တဝါတို့အတွက် ပေါ်ကာထွက်လို့ လာခဲ့ပါပေပြီတကား။

အရှင်ကဥ္စနသာရ (ဓမ္မာစရိယ)

ဓမ္မစကြာပဋ္ဌိပတ်ရိပ်သာ

အရှေ့ပြင် မန္တလေး။

၁၃၂၉-ခု၊ တန်ဆောင်မုန်းလဆန်း-၁၀-ရက်နေ့။

# မင်္ဂလာဝင်အာနာပါနကျမ်း
## အကြောင်းပြနိဒါန်း

လူ့နတ်ပြဟ္မာ သတ္တဝါဝေနေယျ များဗိုလ်ခြေတို့၏ ကိုးစားရာ သခင် ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါတို့အပေါ် မဟာ ဂရုဏာတော် အပြည့်အဝဖြင့် ဘုရားဖြစ်သည်မှစ၍ လေးဆယ့် ငါးဝါပတ်လုံး နေ့မနား ညမအား တရားရေအေး တိုက်ကျွေး ဆုံးမတော်မူသော်လည်း သံသရာဝဋ်မှ မလွတ်နိုင်ဘဲ ကျန်ရှိနေ သေးသော သတ္တဝါတွေ အပေါ် သနားတော်မူလှပါသဖြင့် ကျွတ်သင့် လွတ်သင့်တဲ့ သတ္တဝါတွေ ကျွတ်လွတ် ကြပါစေဟု ရည်မျှော်တော်မူ၍ ဘုရားရှင်၏ အဆုံးအမဖြစ်သော သာသနာ တော် ငါးထောင်ထားတော်မူခဲ့လေသည်၊ ဘုရားရှင်၏ အနာဂတ် သာသနာတော်သည် အရှင်ဖုဿရဟန္တာအရှင်မြတ်၏ ဟောကြား ဝေဘန်ချက်ဖြစ်သော ခေတ်ငါးပါးနှင့် စဉ်းစား နှိုင်းချိန် ကြည့်သော်—

## ခေတ်ငါးပါး

၁။ ဝိမုတ္တိယုဂခေတ်။ ကိလေသာမှ လွတ်မြောက်ကြောင်း နှင့် ယှဉ်သော အကျင့်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တွေ ပေါများတဲ့ ခေတ် "အနှစ်ငါးရာ"။

၂။ သမာဓိယုဂခေတ်။ ကမ္မဋ္ဌာန်း အာရုံ တခုခုနှင့် နေ၍ စိတ်တည်ငြိမ်မှုရကာ သမာဓိအားကောင်းပြီး စျာန်ချမ်းသာနှင့် နေတဲ့ ပုဂ္ဂိုလ်တွေ ပေါများတဲ့ခေတ် "အနှစ်ငါးရာ"။

၃။ သီလယုဂခေတ်။ ကိုယ်ကျင့်သီလ လုံခြုံတဲ့ ပုဂ္ဂိုလ်တွေ ပေါများတဲ့ခေတ် "အနှစ်ငါးရာ"။

၄။ သုတယုဂခေတ်။ စာပေ ကျမ်းဂန် တတ် မြောက်၍ ဗဟုသုတအကြားအမြင်နှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ပေါများတဲ့ ခေတ် "အနှစ်ငါးရာ"။

၅။ ဒါနယုဂခေတ်။ ကာမာဝစရ ကုသိုလ် လောက် နှင့် အားရပြီး အလှူဒါနပေးကမ်းစွန့်ကြဲတဲ့ ပုဂ္ဂိုလ်တွေပေါများတဲ့ ခေတ် "အနှစ်ငါးရာ"။

အရှင်ဖုဿရဟန္တာကား သာသနာငါးထောင်ကိုနှစ်ပိုင်းခွဲ၍ ရှေ့ပိုင်း နှစ်ထောင်ငါးရာ ကုန်လွန်သွားပြီဖြစ်၍ နောက်ပိုင်း နှစ်ထောင်ငါးရာသာ ကျန်ရှိတော့၏။

**သာသနာတဝက် အရိယာမဂ်** ယခု အခါမှာ ဆိုလျှင် သာသနာ တဝက်ကျော်ပြီး တဆယ်နှစ်နှစ်တောင် စွန်းနေတဲ့အချိန်ဖြစ်၍ ခေတ်ငါးပါးနှင့် ပြန်၍ရေသော် ဝိမုတ္တိ ယုဂခေတ်ထည်းသို့ ရောက်ရှိ နေချိန်ဖြစ်တော့၏။ ထိုကြောင့်ပင် မဟုတ်လော အမြို့မြို့အနယ်နယ်မှာပင် ကိလေသာမှလွတ်မြောက် ကြောင်းကို ရှာကြံတဲ့ ရိပ်သာကြီးတွေ ရိပ်သာငယ်တွေ ဖွင့်ပြီး ကမ္မဋ္ဌာန်း အလုပ်ဖြင့် တရားပြဆရာတွေ ပေါများသော ခေတ် ပင်တည်း။ အချို့မှာ ပရိယတ်ကျမ်းကျင်၍ ကိုယ်တိုင်ကျင့်ကြံ အားထုတ်ပြီးမှ ဆရာလုပ်သူများ ရှိ၍၊ အချို့မှာလည်း ဆရာ ကောင်းထံ နည်းနာခံယူပြီး ဆရာ၏ နိဿျည်းအတိုင်း ပြသကာ ဆရာလုပ်သောသူများလည်းရှိပေသည်။

**ဇယားပုံစံ နည်းပေးမှန်** ယခု ဓမ္မစကြာ နာယက ဆရာတော်အား ကိုယ်တိုင် ပရိယတ်ကိုတတ်ကျွမ်း၍ ပဋိပတ်ကို ကိုယ်တွေ့ လက်တွေ့ မျက်တွေ့ဖြစ်အောင် အားထုတ်ပြီးမှ ပိဋကတ်မှ အဆီညှစ်၍ ဒေသနာနည်း လက်တွေ့နည်း သဘာဝနည်းတို့ဖြင့် ညှိနှိုင်းပြီး ဇယားပုံစံတို့ဖြင့် တန်းဆာဆင်ကာ ဓမ္မစကြာ အနတ္တလက္ခဏ မဟာသတိပဋ္ဌာန်သုတ် တို့ကို သင်တန်းပေး ပြသရာ၌ စာရေးသူလဲ ကိုယ်တိုင်နာယူဘူး၍ စင်စစ် ဓမ္မစကြာနာယက ဆရာတော်သည် လက်တွေ့ပဋိပတ်လုပ်ငန်းနှင့် သဘောတရားရေး ပရိယတ်လုပ်ငန်းကိုက်ညီအောင် ကျင့်သုံးခဲ့ကြောင်း ရင်းနှီးသော တပည့်တိုင်း အသိပင် ဖြစ်ခဲ့ပါသည်။

**ရေးပြီးကျမ်းမြတ် အကဲခတ်** ကျမ်းပြုရာ၌လည်း သဒ္ဒါနှင့်ပညာ ချိန်ကိုက်ပြီး လက်တွေ့နှင့် သဘောတရား ပေါင်းစပ်ကာပြသ၍ "လက်မဲကြောင်း ချတတ်သော စာဘောက်သမား" တယူသန် မဟုတ်ကြောင်းကို ဆရာတော် ပြုစုခဲ့သော "ပထဝီဓာတ် နှင့် ညာဏ် ၉ လွှာ ခေါ် ဝိပဿနာ လုပ်ထုံးနည်းကျမ်း-ဓမ္မစကြာအဖွင့်ကျမ်း- အနတ္တလက္ခဏာအဖွင့်ကျမ်း- အနတ္တ ဝိပဿနာအဖွင့်ကျမ်း-ပဋိပတ္တိဘာသာပြန်ကျမ်း" စသော ကျမ်းများကို ကြည့်ရှုခြင်းဖြင့် သိရှိနိုင်ပေသည်။

**လက်တွေ့လိုခြင်း လုပ်ငန်းဝင်** ဆရာတော်သည် အောက်ပါ ပါဠိတော်လေးကို ရွတ်ပြီး အချိန်ရှိခိုက် လုံ့လစိုက်စေလို၍ "ဣဓမေဝ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ" ဟူသော ဘုရားရှင်၏ စကားတော် အတိုင်း။

"ဘုရားရှင် သာသနာတော်၌ ကောင်းမွန်မှန်ကန်စွာ ဝိပဿနာညာဏ် အမြင်မှန်ဖြင့် နေကြကုန်ငြားအံ့၊ လောကကြီး သည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ပါ"ဟု သုဘဒ္ဒအား မြွက်ဆိုတော်မူခဲ့တယ်။ ဒီတော့ရင် ယခုအခါ၌ ရဟန္တာတို့မှ မဆိတ်သုဉ်းအောင် ကောင်းမွန်မှန်ကန်တဲ့ ဝိပဿနာနည်းကိုသာ ပြသတဲ့ဆရာနှင့် တကယ်အလုပ်လုပ်မည့် ယောဂီတို့ ပစ္စယသဘောဖြစ်တို့လိုပါတယ်။ တကယ် ထိထိရောက်ရောက်မဟုတ် "ဘွက်ပေါက်" အောင်လုပ်တဲ့ ဝိပဿနာသမား နှင့် ဝိပဿနာဆိုင်ရာ စာပေတွေဖတ်ပြီး လက်တွေ့လုပ်ကိုင်မှုမရှိဘဲနှင့် ဟောပြောခြင်းဖြင့် အချိန်ကုန်လွန်စေတဲ့ ဝိပဿနာလေအိုး များသာ မဂ်ဖိုလ်နှင့် ဘောင်မဝင်သူဖြစ်ကြောင်း ဆရာတော်၏ အရိယာဝံသတရားဆယ်ပါးတွင် တိရစ္ဆာနကထာဖြင့် ထည့်သွင်းယူရမည်မဟုတ်ပါလော။

အမှန်အားဖြင့်ကား-ဗုဒ္ဓဘုရားရှင်သည် အပြောသမားထက် အလုပ်သမား ကိုသာ ချီးကျူးတော်မူခဲ့၍ သဘောတရားထက် လက်တွေ့ မျက်တွေ့ ဘက် ကို အား ပေး တော် မူ ခဲ့ ၍ "မောဃကာလ" မဖြစ်အောင် အထူး တိုက်တွန်းတော်မူသော ဆရာတော်တပါး ဖြစ်ကြောင်း ဗန်းမော် သွားစဉ် သင်္ဘောဦးခန်း၌ အနီးနေ တပည့်တဦးအဖြစ်နှင့် လေ့လာခွင့်ရခဲ့ပါသည်။

**နည်းမှန်သဘာဝ ဟောပေါ်ပြု** ဆရာတော်သည် ၁၃၂၈-ခုနှစ်၊ မန္တလေးမြို့၌ ဝါဆိုတော်မူသောအခါ ဘုရားဟောနိဗ္ဗာန်ကို ယုံကြည်ထား၍၊ဝိပဿနာ ဘွက်မပေါက်လို ဝိပဿနာလေအိုး များနှင့် အချိန်မကုန် လိုသော မန္တလေးမြို့

နန်းရှေ့ ဓမ္မစကြာပဋ္ဌိပတ်သာသနာပြုရိပ်သာကြီး၏ တဦးတည်း ဒါယကာ ဦးကိုကိုကြီး နှင့် ပါရမီဘက် ဒေါ်ကြည်ကြည်၊ သမီး တင်တင်ဦး တို့သည် နာယကဆရာတော်ဘုရားအား နိဗ္ဗာန်သို့ သွားရာ လမ်းကြောင်း "အလုပ်ပေးတရား" ဟောပြတော်မူပါမှ နည်းမှန် သဘာဝရရှိတော်မူပါမည်အကြောင်း လျှောက်ထား တောင်းပန်တော်မူကြလေသည်။

**အာနာပါန လုပ်ငန်းပြ** ဓမ္မစကြာနာယကဆရာတော်သည် ၁၃၂၈-ခု ဝါတွင်းသုံးလပတ်လုံး နေ့ည ဟောပြတော်မူသော "မဂ်ဝင်အာနာပါန"အလုပ်ပေးတရား၌ တကယ်လက်တွေ့ လုပ်ခြင်လာအောင် မီးဓာတ်လေးပါး တံခါးလေးပေါက် ပညတ်ရိပ်လေးပါး အကြောင်းတရားလေးပါး ဉာဏ်စဉ်လေးပါးတို့ဖြင့် တန်းဆာဆင်ကာ ကိုယ်သိကိုယ်တွေ့ဖြင့် ယုံကြည်လာပြီး လက်တွေ့ အာနာပါန လုပ်စေခြင်းဖြင့် တံခါးလေးပေါက်ကို ဉာဏ်အဆင့်ဆင့်ဖြင့်ဖွင့်၍ မီးဓာတ်လေးပါးမှ အရောင်ဖြင့်ကိုယ်တိုင်ဝင် ကြည့်လျက် ဂေါ်တြဘူတံခါးဝမှ ဝင်ရောက်ကာ ပဋ္ဌမမဂ်ဖြင့် ဘုရားဟောနိဗ္ဗာန်ကို ကိုယ်တိုင်မြင်အောင်အကြည့်ခိုင်းတဲ့နည်းကို ဟောပြတော်မူရာ အသံသွင်း၍တမျိုး မှတ်စုရေး၍တဖုံ နည်းမျိုးစုံရအောင် ယူလိုက်ကြပါသည်။

**သံသွင်းဟောလစ် စာအုပ်ဖြစ်** ထို့ကြောင့် အာနာပါနအလုပ်ဖြင့် မဂ်ဝင်အထိ ပြတဲ့နည်းဖြစ်၍ မဂ်ဝင် အာနာပါနဟု အမည်ပေးကာ ကျမ်းစာတစောင်အဖြစ် ပုံနှိပ်ရန်

အတွက် ကျောင်းဒါယကာ ဦးကိုကိုကြီး၊ ကျောင်းအမ ဒေါ်ကြည်ကြည်၊ သမီးတင်တင်ဦးတို့နှင့် ရေတွင်းတကာကြီး ဦးဘသိန်း-ဒေါ်ဒေါ်အေး သားကိုအောင်မင်း ဘီအေဘီအယ်လ် တို့ပါ များစွာသော ရဟန်း ရှင် လူ ယောဂီအဖွဲ့ တို့က အကြိမ်ကြိမ်တောင်းပန်ကြသဖြင့် ဆရာတော်ဘုရားကြီးသည် ရှေ့ဆက်လက် သာသနာပြန့်ပွားရေးကို မျှော်တွေးထောက်ရှု အကြောင်းပြုပြီးလျှင် အသံသွင်းကြိုးခွေမှ ကူးယူပြီး မူကြမ်းရေးရန် "ဦးကဥ္စနသာရ၊ ဦးကုမာရ၊ ဦးသူရိယ၊ ဦးဇဝန၊ ဦးသုဇာတ" စသော ဓမ္မာစရိယအဖွဲ့ကို တာဝန်ပေးပါသည် ရေးပြီးသား မူကြမ်းများကိုလည်း ၁၃၂၉-ခု၊ ဝါခေါင်လမှစ၍ ဆရာတော်ဘုရား ကိုယ်တော်တိုင်ပင် စစ်ဆေးသုတ်သင် ပြင်ဆင်တော်မူခဲ့ပါသည်။

**နောက်ဆုံးအနေ ကြွမြန်းပေ** ဤကဲ့သို့ သုတ်သင်ပြင်ဆင်ပြီး ၁၃၂၉ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇-ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းတွင်တည်ရှိသော ဓမ္မစကြာရိပ်သာသို့ ကြွသွားရာ၌ ကျန်းမာရေးချို့တဲ့လာကာ ဆရာဝန်ခေါ် ဒေါက်တာကျော်တို့ဖြင့် ကုသတော်မူသော်လည်း ဘုရားရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သည့် သဘောမျိုးဖြစ်၍ ယင်းရိပ်သာကြီး၌ပင် ၁၃၂၉-ခု နတ်တော်လဆန်း ၁-ရက်နေ့ ည ၈-နာရီခွဲအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့၍ ယူကြုံးမရဖြစ်ကြသော်လည်း တရားဓမ္မဖြင့်သာ ဖြေသိမ့်ရပါတော့သည်။

(ဤနေရာ၌ ဆရာတော်ဘုရား၏ဖြစ်စဉ် အကျဉ်းမျှသာ ရေးလိုက်ပေသည်။ နောက်မကြာမီထုတ်ဝေလတံ့ဖြစ်သော မဟာသတိပဋ္ဌာန် ပဋိပတ် လုပ်ငန်းစဉ်ကျမ်းတွင် ထေရုပ္ပတ္တိ အကျယ်ကို တွေ့ရပါလိမ့်မည်)။

**ခက်ခဲဖုံဖုံ တွေ့ရပုံ** စာအုပ်ဖြစ်မြောက်ရေး တာဝန်ကြနေသော ဦးကုမာရနှင့် စာရေးသူတို့သည် ပဋ္ဌမစာမူ ရအောင် ယူခဲ့ပြီး သက်ဆိုင်ရာရုံးအသီးသီးသို့ "တော်လှန်ရေး ကောင်စီအစိုးရ၏မူအရ" စက္ကူရရှိရေး ပုံနှိပ်ခွင့် ရရေးတို့ကို ဒုက္ခအမျိုးမျိုးကြားမှ ကျော်လွှား၍ စာအုပ်ဖြစ်မြောက်ရေးကို ပြုစုခဲ့ရပါသည်။

**မဂ်ဝင်အာနာပါနကျမ်း** ထိုကြောင့် သံသရာကိုငြီးငွေ့၍ အမြတ်တရားကို ရှာကြံလိုသော အရိယာလောင်း သူတော်ကောင်းတို့အတွက် ကံထူးခြင်းဖြစ်သည်ဟု ဆိုရပေမည် "တနည်းဆိုသော်" သာသနာတော်ကြီး၏ အနှစ်သာရဖြစ်သော ပဋိပတ် စခန်း ဝိပဿနာလုပ်ငန်းအတွက်ကား အကျိုးများလှသောကျမ်း တဆူပင်ဖြစ်၍ ကျောင်းဒါယကာ ဦးကိုကိုကြီး ဒေါ်ကြည်ကြည် သမီး တင်တင်ဦးတို့၏ ပါရမီအရိပ်မှ ပေါ်ထွက်လာသော မဂ်ဝင် အာနာပါနကျမ်းကြီးဖြစ်ပါတော့သည်။

**ဂဏကမောဂ္ဂလာန** ဤမဂ်ဝင် အာနာပါန ကျမ်းနှင့် ပတ်သက်ပြီး ဥပရိပဏ္ဏာသ ဂဏကမောဂ္ဂလာနသုတ်ကို ကောက်နုတ်ဖော်ပြပါရစေ။

ဂဏကမောဂ္ဂလာနပုဏ္ဏားက ဘုရားရှင်အားလျှောက်ထားသည်မှာ အို…အရှင်ဂေါတမ အဆုံးအမခံရသူ တပည့်များမှာ အကုန်လုံးပင် နိဗ္ဗာန်ရကြပါသလား အချို့မရဘဲ ရှိကြပါသလားဟု မေးလျှောက်၏။ အကုန်မဟုတ် အချို့ရ၍ အချို့မရဟု မိန့်တော်မူလေသော်။ အို…. အရှင်ဂေါတမ နိဗ္ဗာန်လည်း ထင်ရှားရှိ၍ နိဗ္ဗာန်ရောက်ကြောင်းလမ်းလည်း အထင်အရှားပင် နည်းပေး လမ်းပြတတ်သူ အရှင်ဂေါတမလည်း ရှိနေသည်သာ သို့ပါလျက် ဘာကြောင့် အချို့မရ ဖြစ်ရပါသနည်းဟု လျှောက်ထားပြန်၏။

ပုဏ္ဏား ဤအချက်၌ သင့်ကိုမေးရဦးတော့မည်။ သင်ကြိုက်သလိုဖြေလော့ ရာဇဂြိုဟ်ပြည်သွား လမ်းကို သိသလောဟု မိန့်သော် သိကြောင်းလျှောက်၏။ လူတယောက်သည် သင့်အား ရာဇဂြိုဟ်ပြည်သွားရန်လမ်းကို ညွှန်ကြားရန်မေးလာသော် သင်က ဘယ်ကနေ ဘယ်သွား ဘယ်ရောက်လိမ့်မည်ဟု လမ်းညွှန်ရာ ထိုလူမှာ သင်ညွှန်သည့်အတိုင်းမဟုတ်ဘဲ လမ်းလွဲလိုက်ကာ နောက်သို့ပြန်လာရာ၏။ တယောက်ကမူ သင်ညွှန်ကြားသည့်အတိုင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ရောက်ရာ၏။

ပုဏ္ဏား ရာဇဂြိုဟ်လည်း အထင်အရှား ရာဇဂြိုဟ်သွားလမ်းလည်းရှိနေသည်သာ လမ်းညွှန်တတ်သူသင်လည်း အရှိပင် သို့ဖြစ်လျက်တယောက်မှာ ရာဇဂြိုဟ်ပြည်သို့ရောက်၍ တယောက်ကား ရာဇဂြိုဟ်ပြည်သို့မရောက်ဘဲရှိသည်မှာ ဘာကြောင့်ပါလဲဟု မေးတော်မူ၏။ အရှင်ဂေါတမ တပည့်တော် ဘာလုပ်နိုင်မလဲ တပည့်တော်က လမ်းညွှန်သူသာဖြစ်ပါသည်ဟု လျှောက်သော်….

ပုဏ္ဏားနိဗ္ဗာန်လည်းရှိနေလျက်သာ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းလည်းအရှိပင် နည်းပေးလမ်းပြတတ်သူ ငါဘုရားလည်းရှိသည်သာ သို့ပါလျက် အချို့နိဗ္ဗာန်ရကြ၏။ အချို့ကားမရကြ၍အရာ၌ ငါဘုရား ဘာတတ်နိုင်မည်နည်း၊ ငါဘုရားကား နည်းပေးလမ်းညွှန်သူသာ ဖြစ်ပေသည်ဟု မိန့်တော်မူခဲ့သည်။

အို ယောဂီ အသင်လည်း ဗုဒ္ဓဘာသာဝင် သူတော်စင် တယောက်ဖြစ်၍ "ဓမ္မရသမဂ်အရသာ"ရှိကြောင်း ယုံကြည်ရင်းရှိသည့်အတိုင်း မဂ်လည်းရှိ၍ မဂ်သို့သွားရာလမ်းဖြစ်သော အာနာပါနလုပ်ငန်းစဉ်လည်းရှိရာ နည်းလမ်းညွှန်သူ "မဂ်ဝင် အာနာပါနကျမ်း"လည်း ပေါ်ထွက်နေပြီဖြစ်၍ ညွှန်ကြားသည့်အတိုင်းသွားကာ " အတ္တရသဖိုလ်အရသာ" ဝိမုတ္တိရသ နိဗ္ဗာန်အရသာများတိုင်အောင် သုံးဆောင် ခံစားနိုင်ကြပါစေဟု မေတ္တာတော်ပို့ကာ ကြည့်ရှုပွားများနိုင်ကြပါစေကုန်သတည်း။

ပါမောက္ခဆရာတော်
ဦးကေသဝ (မူလစာချ)
ဓမ္မစကြာပဋိပတ်သာသနာ့ပြုရိပ်သာ
မင်္ဂလာဥယျာဉ်ရိပ်
နန်းရွှေ မန္တလေးမြို့
၁၃၃၀-ပြည့် ဝါဆိုလ (၄၊၇၊၆၈)



# ဓမ္မစကြာ
# မင်္ဂလာဝင် အာနာပါနကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကို ဖယ်ဖြတ်သုတ်သင် ရှင်းလင်းတော်မူပြီးထသော။ ဝါ၊ လူမင်း နတ်မင်း ဗြဟ္မာမင်း တို့၏ ဝတ်စင်းကော်ရော် မြတ်ပူဇော်ကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မှဘောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ဥဒယျဗ္ဗယ တရား ငါးပါးကို သိမြင်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ထို ဝိပဿီ အစရှိသော (၇)ဆူသော ရှင်တော်မြတ်ဘုရားအား၊ မေမမ၊ ပါရမီ ဂိုဏ်းဝင် သူတော်စင်အပေါင်း၏။ နမော နမက္ကာရော၊ စေတနာ ဇောကြူး မနောမြူးလျက် ကြည်နူးဝန္ဒနာ ဖန်ခါခါဖြင့် ရှိခိုး ကန်တော့ရခြင်းသည်။ အတ္ထု ဘဝတုံ၊ ဖြစ်တော်မူပါစေသတည်း။

တိက္ခ ဟာသ ဇဝန ဂမ္ဘီ ဉာဏ် လေးလီ ဖြင့် အခွံကိုခွါ အကာကိုရှား အသားကိုချေ အနှစ်ကို တေနိုင်မှ အနတ္တဉာဏ် ထင်မြင်နိုင်ရာ၏ဟု ဆရာတော်ဘုရားကြီးများ မိန့်ဆိုတော်မူကြ သည့်အတိုင်း ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဓမ္မစကြာတရားတော် အနတ္တလက္ခဏသုတ်တရားတော် မဟာ သတိပဋ္ဌာန်တရားတော် ထိုတရားတော်တို့၏ အဆီအနှစ်ဖြစ်သော ဝိသာခါတရားတော် အာနာပါနလုပ်ငန်းစဉ်တရားတော် တို့ကို တကယ် ကျကျ နန မှန်မှန်ကန်ကန် အားထုတ်နိုင်ရန် မလွယ်ကူ လှပါ။

ထို တရားတော်တို့၏ အဆီအနှစ်ဖြစ်သော အာနာပါန လုပ်ငန်းစဉ် တရားတော်ကြီးကို အမျိုးကောင်းသား အမျိုးကောင်း သမီးများ အားထုတ်နိုင်ရန် မန္တလေးမြို့ အရှေ့ပြင် ဓမ္မစကြာ ပဋိပတ်ရိပ်သာတွင် နာယကဆရာတော်ဘုရား လုပ်ငန်းစဉ် ပေး အပ်သော အာနာပါနတရားတော်ကြီး ကို ဓမ္မာစရိယ သံဃာ့ အဖွဲ့ မှ တိတ်ခွေတွင် ထုတ်နှုတ်၍ တိုင်းပြည်သို့ တင်ဆက်လိုက် ပါတယ်။

## အကျဉ်းမှတ်ရန် အာနာပါန ၃ မျိုး

ရှင်တော်မြတ်ဘုရား ဟောကြားတော် မူတဲ့ အာနာပါန လုပ်ငန်းစဉ်တရားတော်ကို အကျဉ်းနည်းအားဖြင့် ဝေဘန်သိမ်း ဆည်းလိုက်တဲ့အခါမှာ အာနာပါန ၃ မျိုးသာ ထွက်ပေါ်လာ ပါတယ်။ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ ဓမ္မက္ခန္ဓာ (၈၄၀၀၀)ကို အဆီ ညှစ်လိုက်တဲ့အခါမှာ အာနာပါန လုပ် ငန်းစဉ်ကြီး ထွက်ပေါ်လာပါတယ်။ အာနာပါန လုပ်ငန်းစဉ်

သာသနာ့ဘောင်တွင်းကားပြန့်ပွားရေးဦးစီးဌာန
ဓမ္မစကြာ မဂ်ဝင်အာနာပါနကမ္မဋ္ဌာန်း ကြည့် ဆိုပါ
ထမ္မာဓအေး - ရန်ကုန်။

ကြီးဟာ ဘုရားမပွင့်သော်လဲဘဲ အစဉ်အားဖြင့် ပေါ်ထွက်နေတဲ့ တရားတော်ကြီးပါဘဲ။

သို့ရာတွင် ရှင်တော်မြတ်ဘုရား ပွင့်တော်မမူပါက အာနာပါနတရားတော်ဟာ လောကီ အာနာပါန လောက်သာ ထွက်ပေါ်ကွန့်မြူးနိုင်ပါ၍ ကမ္ဘာသူ ကမ္ဘာသားတို့အား အသိဉာဏ် ဖွင့်ဖြိုးစေနိုင်ပါတယ်။ ရှင်တော်မြတ်ဘုရား ပေါ်ထွက်လာသော် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ခေါ် လောကုတ္တရာ တရားတော်မြတ် အစုံစုံထွက်ပေါ်နိုင်ပါသဖြင့် ဓမ္မက္ခန္ဓာ(၈၄၀၀၀) တို့ရဲ့ အဆီအနှစ်လို့ ခေါ်ဆိုရပါတယ်။

## အကျဉ်းနည်း-၃-မျိုး ဆိုတာ

### ပဌမ ၁ အချက်

ရှင်တော်မြတ်ဘုရား ဝါတော် ၂၀-ရတော်မူတဲ့ အခါမှာ ရဟန်းတော်တွေကို အစည်းအဝေး ခေါ်တော်မူပြီး သကာလ ဟောကြား ဆုံးမတော်မူတဲ့ အာနာပါန လုပ်ငန်းစဉ်သည်ကား အရဟတ္တမဂ် အရဟတ္တဖိုလ်အကျိုးငှါ ချတော်မူတဲ့ အာနာပါန လုပ်ငန်းစဉ်ကြီးဖြစ်ပါတယ်။

အဲဒီ အာနာပါနလုပ်ငန်းစဉ်ကြီးကား ဝိနည်းပါဠိတော်ကြီးမှာ အထင်အရှား ပါရှိတော်မူပါတယ်၊ စာသင်ဘုန်းတော်မူကြတဲ့ ပညာရှိများ အသိဖြစ်ပါတယ်၊ ရှင်တော်မြတ်ဘုရားသည် ဝါတော် ၂၀ မပြည့်မှီအချိန်အတွင်းမှာ မည်သည့် အာနာပါန

ကိုမျှ မဂ်ပေါက် ဖိုလ်ဝင်အနေနှင့် ဟောကြားဆုံးမခြင်း အထူး မရှိပါ၊ ဝါတော် ၂၀ကျော်မှသာ မဂ်ဖိုလ်နှင့်ယှဉ်သော အာနာပါန လုပ်ငန်းစဉ်ကို ဟောကြားဆုံးမတော်မူပါတယ်။

## ဒုတိယ ၂ အချက်

ရှင်တော်မြတ်ဘုရားသည် သံယုက်ကျမ်းများတွင် ဟောကြားဆုံးမတော်မူသော အာနာပါနတရားတော်များ အသီးသီးရှိကြပါတယ်၊ အဲဒီ အာနာပါနတရားတော်များကား မဂ်ရ ဖိုလ်ဝင်ဖြစ်တော်မူကြတဲ့ အရိယာ ပုဂ္ဂိုလ်များ၊ ကိလေသာ အာသဝကင်းရှင်းတော်မူကြတဲ့ ရဟန္တာပုဂ္ဂိုလ်များ၊ စိတ် ဝိတက် ငြိမ်းရာငြိမ်းကြောင်း အနေဖြင့် ပွားများတော် မူကြတဲ့ အာနာပါနတရားတော်များဖြစ်ပါတယ်။

စိတ် ဝိတက် အရ ကာမဝိတက်ကို မယူပါနဲ့၊ ဒါယကာဒါယိကာမများနှင့် ဖြစ်စေ၊ အတူနေ သီတင်းသုံးဘော်များနှင့်ဖြစ်စေ မကင်းသဖြင့် ဆက်ဆံသောအခါ စိတ်၏ ပြန့်လွင့်မှုသာမံကိုသာ ယူစေလိုပါတယ်။

## တတိယ ၃ အချက်

ရှင်တော်မြတ်ဘုရား သည် ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး မှာ မဟာသတိပဋ္ဌာန် တရားတော်ကို ဟောကြား ဆုံးမတော် မူပါတယ်။မဟာသတိပဋ္ဌာန်တရားတော်၏ လုပ်ငန်းစဉ်အစတွင်လည်း အာနာပါနလုပ်ငန်းစဉ်ကြီး ကို ထည့်သွင်း၍ဟောကြားတော်မူရာ

အဲဒီ အာနာပါနတရားတော်ဟာလဲ မဂ် လေးပါးနှင့် ယှဉ်၍ ဟောကြားတော် မူအပ်သော အာနာပါန လုပ်ငန်းစဉ် တရားတော်ကြီး ဖြစ်ပါတယ်။

အဋ္ဌကထာဆရာများကတော့ မဟာသတိပဋ္ဌာန်တွင် ပါရှိတဲ့ အာနာပါနကိုလဲ အထက်မဂ်ကြီးအတွက် ဆိုပြီး ဖွင့်ဆိုထားပြန် ပါတယ်။သို့ရာတွင် ပြဋ္ဌာန်းတဲ့သဘောကိုသိစေလို၍ ဖွင့်ဆိုခြင်း ဖြစ်ပါတယ်။ မဂ်လေးပါးစလုံးနှင့် သက်ဆိုင်ကြောင်းကို မဟာ သတိပဋ္ဌာန်ပါဠိတော်အစ နိဒါန်းကို သဘောပိုင်အောင် လေ့ လာပါလျှင် သိနိုင်ကြပါတယ်။

အာနာပါနလုပ်ငန်းစဉ်ကို ခံယူတော်မူကြတဲ့ အမျိုးကောင်း သား အမျိုးကောင်းသမီးများအတွက် သိသင့်သိထိုက်တဲ့ သဘာဝ တွေကိုသိရှိနားလည်အောင် အာနာပါနလုပ်ငန်းစဉ်ကို မဂ် ဖိုလ် အတွက်မူထား၍ ခွဲခြားလိုက်လျှင် အကျဉ်းအားဖြင့် ၃-နည်း ထွက်ပေါ်လာကြောင်း ကို ရှေ့ဦးစွာ တင်ဆက်ပြရခြင်း ဖြစ် ပါတယ်။

အဲဒီ အာနာပါနလုပ်ငန်းစဉ် ၃မျိုးမှတပါး အခြား အာနာ ပါနလုပ်ငန်းစဉ်ကြီးတွေလဲ ရှိကြပါတယ်။ ရှိကြတဲ့ အာနာပါန လုပ်ငန်းစဉ်တွေဟာ လောကီ အာနာပါနလမ်းများသာ ဖြစ်ကြ ပါတယ်။ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးကို အခြေခံပြု၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာကြီး ဖွင့်ဆိုရေးသားတော်မူသော အာနာပါန လုပ်ငန်းစဉ်ကြီးသည်ကား လောကီစျာန်တရားကို အခြေထား၍ မဂ်လမ်း ဖိုလ်လမ်းကို တက်သော အာနာပါနလမ်းစဉ်များ ဖြစ် ပါတယ်။

ယခုအခါတွင် သာသနာတော်၌ မှီတင်းနေထိုင်ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ သုဒ္ဓဝိပဿက ယာနိကလမ်းဖြင့် မဂ်တရား ဖိုလ်တရားကို အရယူတော်မူကြမည် ဖြစ်၍ အာနာပါနလုပ်ငန်းစဉ်ကို ချွန်ရအောင် အားမထုတ် နိုင်တော့ပါ။ ခဏိက သမာဓိ ရရှိလောက်သာ ပွားများ၍ ဝိပဿနာလမ်းကို တက်ကြမည်ဖြစ်ပါသောကြောင့် ချွန်နှင့် တွဲသော အာနာပါနလမ်းသည် ခေတ်မရှိတော့ပါ။

အဲဒါကြောင့် ယခုတရားတော်ကို နာယူတော်မူကြတဲ့ အာနာပါန လုပ်ငန်းစဉ်ကြီးကို ပွားများအားထုတ်လိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့မှာ စဉ်းစား ဝေဘန်ရန်မှာ ငါတို့ဟာဖြင့် ဘယ်အာနာပါနနည်းကိုအားထုတ် မှ လုပ်ငန်းစဉ်အမှန်ရောက်မလဲ၊ တမဂ်တဖိုလ် အလိုရှိတဲ့ ပုဂ္ဂိုလ် များမှာ ဘယ်အာနာပါနလုပ်ငန်းစဉ်ကြီးကိုလုပ်မှသာလျှင် မဂ် လမ်းဖိုလ်လမ်းကို တန်းတန်းဖြောင့်ဖြောင့် မကောက်မကွေ့ဘဲ ရောက်နိုင်ပါသလဲဆိုတာ ဝေဘန်နိုင်ပါတယ်။

အဲဒီတော့ ယခုအာနာပါနလုပ်ငန်းစဉ်ကို သုံးမျိုး သုံးစား ထုတ်ဘော်၍ ပြထားပြီးမဟုတ်ပါလား မဟာသတိပဋ္ဌာန် အာနာပါနကို ဆရာနည်းကျကျနဲ့ အားထုတ်နိုင်ဘို့ အရေး ကြီးပါတယ်၊ရှင်တော်မြတ်ဘုရားသာသနာတော်မှာ အာနာပါန တွေ အလွန်ပေါများနေသော်လဲ ပေါတာဘဲရှိပါတယ်၊ ရုပ်နာမ် ပေါ်တဲ့အခါ ပရမတ်ရုပ်နာမ်ကို မပေါ်နိုင်ဘဲ ပညတ်သဘော ရုပ်နာမ်, စာသဘောရုပ်နာမ်တွေသာ ပေါ်နေကြပါတယ်။

ပညတ်ရုပ်နာမ်၊ စာသဘောရုပ်နာမ်ဆိုတာကတော့ မသိလျှင် ရုပ်၊ သိလျှင် နာမ် ဆိုတာမျိုးပါဘဲ တမဂ်တဖိုလ်လိုလားကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် အဲဒီပညတ်ရုပ်နာမ်၊ စာရုပ်နာမ်မျိုးတွေကို နှစ်သိမ့်ကြေနပ်နေ၍ မဖြစ်သေးဘူး ပရမတ်ရုပ်နာမ်အစစ်ပေါ်နိုင်အောင် လုပ်ငန်းစဉ် အစစ်အမှန်ကို ရှာဖွေရဦးမှာပေါ့။

အဲဒါကြောင့် ဓမ္မစကြာ ပဋိပတ်ရိပ်သာတွင် အားထုတ်နေကြတဲ့ မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်ကြီးကို ကျောင်းဒါယကာ ကျောင်းအမကြီးများက တိတ်ခွေသွင်းပေးရန် လျှောက်ထားတောင်းပန်တဲ့အတွက် ၁၃၂၈–ခု၊ တန်ဆောင်မုန်းလပြည့်အမှီ အာနာပါနတရားတော်ကြီးကို နာယကဆရာတော်ဘုရားဟောကြားပြသတော်မူတဲ့အတိုင်း တိတ်ခွေသွင်းထားပါပြီး မဂ်ဖိုလ်နှင့်ယှဉ်တဲ့ အာနာပါနကို အားထုတ်လိုကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့သည် ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ဟောကြားဆုံးမတော်မူတဲ့ မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးကို အားထုတ်နိုင်ရန် အထူးကြိုးစားရပါမယ်။ သို့မှသာ မိမိတို့အလိုရှိတဲ့ မဂ်ဖိုလ်ကို အမှန်ရနိုင်ပါမယ်။

သံယုတ်မှာဟောကြားတဲ့ အာနာပါနတွေ ဝိနည်းတော်မှာ ဟောကြားတဲ့ အာနာပါနတွေကို ပွားများအားထုတ်နေပါလျှင် အာနာပါန အဆင့်အတန်းတွေ မြင့်လွန်း၍ ရုပ်နာမ်ကို တွေ့မှာမဟုတ်တော့ပါဘူး။ ပရမတ်ရုပ်နာမ်အစစ်ကို တွေ့ဘို့ကို သာလျှင်ဦးတည်၍ မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးကိုဘဲ ရှေ့ရှုသွားကြဦးစို့ရဲ့။

## မဟာသတိပဋ္ဌာန် အာနာပါန

ဣဓဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီဝိဟရတိ
အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ
အဘိဇ္ဈာဒေါမနဿံ။

စသည်ဖြင့် ဟောကြားတော်မူသော မဟာသတိပဋ္ဌာန် ဒေသနာတော်တွင် ရှင်တော်မြတ်ဘုရားသည် မဟာသတိပဋ္ဌာန် အစ အာနာပါနရှေ့ဦးထား၍ လုပ်ငန်းစဉ်ကြီးကိုဖွင့်လှစ်တော်မူပါတယ်။ မဟာသတိပဋ္ဌာန် စာအုပ်ကိုဘတ်ရှုလေ့လာပါလျှင် အာနာပါနလုပ်ငန်းစဉ်ကြီးကိုအစထား၍ ဟောကြားဆုံးမတာကို ကိုယ်တွေ့ဖြစ်ပါလိမ့်မယ်။

အဲဒါကြောင့် အာနာပါနလုပ်ငန်းစဉ်ကြီးကို အစစ်အမှန် အားထုတ်လိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ အားမထုတ်မီ ရှေ့ဦးစွာ အာနာပါနရဲ့ရှင်းတမ်းခေါ် အခြေခံတရားတွေကို နားလည်ဘို့ရန် အလွန်အရေးကြီးလှပါတယ်။ သို့မှသာ ကိုယ်အလိုရှိတဲ့ မဂ်တရားဖိုလ်တရားကို မလွဲဘဲ အပိုင် ဆိုက်ရောက်နိုင်ပါလိမ့်မယ်။

မဂ်တရားဖိုလ်တရားကို ဆိုက်ရောက်နိုင်ဘို့ဟာလဲ ရုပ်တရား နာမ်တရားနှစ်ပါးကို တွေ့မှသာ ရုပ်တရားနာမ်တရားက အခြေခံ ယူပြီးလျှင် ဝိပဿနာဉာဏ်စဉ်သို့ သက်ဝင်ရပါလိမ့်မယ်။ ဝိပဿနာဉာဏ်စဉ်သို့ သက်ဝင်နိုင်မှ မဂ်တရား ဖိုလ်တရားသို့ အမှန် ဆိုက်ရောက်နိုင်၍ ကိုယ်လိုတဲ့အကျိုးတရားကို မုချခံစားရပါလိမ့်မည်။

အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်ခြင်းဟာ ရုပ်တရား နာမ်တရားတွေ့ခြင်လို့ အားထုတ်ခြင်းဖြစ်ပါ၍ ရုပ်တရား နာမ်တရားကိုတွေ့တဲ့ အာနာပါနကို ဆရာတော်က ထုတ်ဘော်၍ ဝေဘန်ပြရခြင်းပါဘဲ ရုပ်တရား နာမ်တရားတွေ့သော် ဉာဏ် ၄ ပါး၌သွင်း၍ ဝေဘန်သိမ်းဆည်းရပေမယ်။

## ဉာဏ် ၄ ပါးဆိုသည်မှာ ဘာလဲ

အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တိုင်းဘဲ ရုပ်တရားနာမ်တရားပေါ်လာလျှင် ဝိပဿနာဉာဏ်စဉ်သို့သွင်း၍ ပညာသိတရားတွေကို ထုတ်ဘော်သိမ်းယူရပါတယ်။ သို့မှသာ အသိဉာဏ်ကလေးတွေပွားစီးပြီးလျှင် မဂ်တရား ဖိုလ်တရားသို့ မျက်မှောက်ပြုနိုင်ပါတယ်။ အာနာပါနအလုပ်သည် ဉာဏ်စဉ် မှာရှိတဲ့ပညာကိုရအောင် လုပ်ဆောင်အားထုတ်သော လုပ်ငန်း စဉ်ဖြစ်ပါတယ်။

အာနာပါနလုပ်ငန်းစဉ်က ရရှိထွက်ပေါ်လာသော ရုပ်တရား နာမ်တရား ၂ ပါးကို ရှေ့ဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်မှာ သွင်းပြီးလျှင် အနတ္တဉာဏ်ခေါ် ပညာသိကို ရအောင်ရှာဖွေရ ပါတယ်။ ဒုတိယတဖန် ပစ္စယ ပရိဂ္ဂဟဉာဏ်ခေါ်အကြောင်းကို သိမ်းဆည်းတဲ့ဉာဏ်မှာသွင်း၍ အောက်ဉာဏ်ကတွေ့ခဲ့တဲ့ အနတ္တ ထက် သိမ်မွေ့သော အနတ္တဉာဏ်ကို တွေ့အောင် ထပ်မံ၍ ရှာဖွေရပြန်ပါတယ်။ ဥပမာ ရုပ်အနတ္တကို တွေ့ပြီးနောက် နာမ် တရား အနတ္တကို တွေ့အောင်ရှာဖွေခြင်းပါဘဲ။

တတိယတဖန် ရုပ်နာမ်တို့ရဲ့ အနတ္တကိုတွေ့ပြီးနောက် ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာတဲ့ ရေသောက်မြစ်ခေါ် အရိပ်နိမိတ်တို့ကို ထပ်၍ရှာဖွေရတဲ့ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ၂ ပါးသို့ သွင်းရပြန်ပါတယ်။ အဲဒီလို အဆင့်ဆင့်သွင်းလို့ရမှ သာလျှင် အာနာပါန လုပ်ငန်းစဉ်ကြီးဟာ မဂ်ဝင်အာနာပါန လုပ်ငန်းစဉ်ကြီးအဖြစ်သို့ဆိုက်ရောက်၍ အားထုတ်သောပုဂ္ဂိုလ်တို့ အကျိုးပြုနိုင်ပါတယ်။

အာနာပါနအလုပ်ကို အားထုတ်လို့ အကျိုးမပြုသော လုပ်ငန်းစဉ် အာနာပါနများလဲ သာသနာတော်နောက်ပိုင်းမှာ အလွန်ပေါများနေကြပါတယ်။ နာမရူပ ပရိစ္ဆေဒ ဉာဏ်စခန်းသို့ သွင်းလို့မရတဲ့ အာနာပါန ရုပ်နာမ်တွေလဲ အများကြီးပေါ်ထွက်နေပါတယ် ဆိုလိုရင်းကတော့ ရုပ်တရား နာမ်တရားပေါ်လာလျှင် နာမရူပပရိစ္ဆေဒဉာဏ်စခန်းသို့ ရှေ့ဦးစွာသွင်းလို့ ရရပါမယ်။ သွင်းလို့ရနိုင်မှ မဂ်တရားဖိုလ်တရားတက်နိုင်ပါတယ်။ မဂ်တရားဖိုလ်တရားတက်နိုင်မှ အကျိုးတရားပြုသော အာနာပါန လုပ်ငန်းစဉ်ကြီးအစစ်ဖြစ်၍ အားထုတ်သောကျေးဇူးကို ခံစားရပါမယ်။

ဒါကြောင့် အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်လိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ ပဌမ ရှေ့ဦးစွာ ဘယ်သဘာဝကိုနားလည်ရန်အရေးကြီးပါသလဲဆိုရင် မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးမှာ အာနာပါနလုပ်ငန်းစဉ်နှင့်ပတ်သက်၍ တံခါးကြီး ၄ပေါက်တည်ရှိနေပုံကို နားလည်သိရှိစေရပါမယ်၊သို့မှသာ လုပ်ငန်းစဉ်ကို တိကျမှန်ကန်စွာအားထုတ်နိုင်၍ မဂ် ဖိုလ်စခန်းသို့ တက်လှမ်းနိုင်ပါမယ်။

## အာနာပါန တံခါး ၄ ပေါက် တည်ရှိနေပုံ

မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးမှာ အပေါက်ကြီး ၆ ပေါက်ရှိတယ် ဆိုတာကိုတော့ နားလည်ကြပြီး ဖြစ်ပါလိမ့်မယ်။ ဝိပဿနာ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တိုင်းက ဒွါရ ၆ ပါး၊ ဝိဉာဏ် ၆ ပါး၊ အာရုံ ၆ ပါး နှင့် ပြောဟောနေကြပါသဖြင့် လူတိုင်း သိ သလောက် ဖြစ်ကြပါပြီ။ အဲဒီ ၆ ပေါက်က ဝိပဿနာနှင့် ဆိုင်တဲ့ အပေါက်များ ဖြစ်ကြပါတယ်။

အချို့သော သုတ္တန်ကျမ်းကြီးတွေမှာ ဝိပဿနာနှင့် မဆိုင် သော်လဲ ကုသိုလ် ရရာရကြောင်း အနေဖြင့် ဆင်ခြင်သုံးသပ်ရန် ဒွါရ ၉ပါးခေါ် အပေါက်ကြီး ၉ပေါက်ကို ဖေါ်ထုတ်၍ လုပ် ငန်းစဉ် ပေးကြပါတယ်။ အပေါက်ကြီး ၉ ပေါက် ဆိုတာလဲ အခြားမဟုတ်ပါဘူး ပဌမ တံခါး၆ပေါက်ခေါ် မျက်စေ့ပေါက် နားပေါက်- နှာခေါင်းပေါက်- လျှာပေါက်- ကိုယ်ပေါက်-စိတ် ပေါက် ၆ပေါက်ထဲတွင် မျက်စိကို ၂ပေါက် ယူပါတယ်၊နားကို ၂ပေါက် ယူပါတယ်၊နှာခေါင်းကို ၂ပေါက်ယူပါတယ်၊ ပါးစပ် ကြတော့ တပေါက်ဘဲ ယူပါတယ်။

နောက်ဆုံး ၇ပေါက်ထဲမှာ ကျင်ကြီးသွားတာ တပေါက်နဲ့ ကျင်ငယ်သွားတာ တပေါက်၊ ၎င်း ၂ ပေါက် ကိုလဲ ထည့်လိုက် ပါရော ဒွါရ၉ပါး ဖြစ်လာပါတယ်။အဲဒီ ဒွါရ၉ပါးက ဝိပဿနာ နဲ့လဲ မသက်ဆိုင်ပါဘူး၊ အာနာပါန လုပ်ငန်းစဉ်နဲ့လဲ မသက် ဆိုင် ပါဘူး၊ ကုသိုလ် ရရာရကြောင်း အနေနဲ့ ဆင်ခြင် သုံး သပ်ရန် သုတ္တန် ဒေသနာတော်မှာ ရှင်တော်မြတ်ဘုရား ဟော ကြားတော်မူပါတယ်။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ကေဒ္ဒါရေနပဝိသိတွာ၊ နဝဒ္ဒါရေဟိ သန္ဒတိ။
ဝိသုဒ္ဓိမဂ်၌ ဟောကြားတော်မူခဲ့ပါတယ်။

မဟာရဟံ၊ အဘိုးများစွာထိုက်တန်လှသော။ ခါဒနီယံဝါ၊ ခဲဘွယ်ကိုရင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုရင်း။ ကေဒ္ဒါရေန၊ တခုသောပါးစပ်ပေါက်ဖြင့်။ပဝိသိတွာ၊ သွင်း၍။ နဝဒ္ဒါရေဟိ၊ ၉ ပါးသော အပေါက်တို့မှ။ သန္ဒတိ၊ယိုစီး၍ထွက်လာ၏။ အဲဒီလို ရှင်တော်မြတ်ဘုရားက အစားအသောက် အာဟာရတွေကို မှီဝဲ သုံးဆောင်ကြတဲ့အခါ ပဋိကူလ မနသိကာရ လုပ်ငန်းဖြင့် ဆင် ခြင် သုံးသပ်နိုင်အောင်လို့ အချို့သော သတ္တန် နည်းတွေမှာ ရှင်တော်မြတ်ဘုရား ဟောကြားဆုံးမတော်မူပါတယ်။ အဲဒါက ဒွါရ ၉ ပါးကို ဆင်ခြင်ရန်နည်းပါဘဲ။

ဝိပဿနာလုပ်ငန်းစဉ်နည်းကြတော့ အပေါက်ကြီး ၆ပေါက် လို့ ဟောကြားတော် မူပါတယ်။ အပေါက်ကြီး ၆ ပေါက် ကတော့ သိကြတဲ့အတိုင်းပါဘဲ ၁-မျက်စိပေါက်၊ ၂-နားပေါက် ၃-နှာခေါင်းပေါက်၊ ၄-လျှာပေါက်၊ ၅-ကိုယ်ပေါက်၊ ၆-စိတ် ပေါက် အဲဒီ ၆ပါး ပါဘဲ။

ယခု အာနာပါနလုပ်ငန်းစဉ် အနေနဲ့ ဝေဘန် သိမ်းဆည်း လိုက်တဲ့ အခါမှာ ကိုယ်ရဲ့ ခန္ဓာကိုယ်ကြီးမှာ အာနာပါန လုပ်ငန်းစဉ်အတွက် တံခါးပေါက်ကြီးတွေ ဘယ်နှစ်ပေါက်ရှိပါ သလဲဆိုရင် တံခါးပေါက်ကြီး ၄ ပေါက် ရှိပါတယ်၊ တံခါး ပေါက် ဆိုတာကလဲ ထွက်တဲ့လေနဲ့ ဝင်တဲ့လေ ၂ ပါး တို့ရဲ့ ထွက်ပေါက်ကို တံခါးပေါက်လို့ ခေါ်ရတာပါဘဲ။

ထွက်လေ ဝင်လေဆိုတာကလဲ အပေါက်ရှိမှထွက်လို့ရတယ် မဟုတ်လား။ ဥပမာ-ယခု အမျိုးသမီးတွေ ဓမ္မစကြာရိပ်သာသို့ တရားနာလာကြတယ် ဆိုရင်ဘဲ တရားဟောတဲ့ တိုက်ကြီးပေါ် ရောက်အောင် တက်လာခဲ့ရတော့ အပေါက်ရှိမှ တက်လို့ရတယ် မဟုတ်လား၊ အပေါက်မရှိရင် ဘယ်နည်းနဲ့မှ တိုက်ပေါ်သို့ ရောက်အောင် မတက်နိုင်သလိုပါဘဲ။

ကိုယ်ရဲ့ခန္ဓာကိုယ်မှာလဲဘဲ အာနာပါန ခေါ်တဲ့ ထွက်လေ ဝင်လေ ၂ ပါး ထွက်တဲ့ အပေါက်ရှိမှသာ ယခုလူတွေပြောဆိုနေကြတဲ့ အသက် ရှူတယ် ဆိုတဲ့ ကိစ္စဟာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ခန္ဓာကိုယ်ကို အာနာပါန ထွက်လေ ဝင်လေ ၂ ပါး ထွက်တဲ့အပေါက်ကို ရှေ့ဦးစွာ ဝေဘန်သိမ်းဆည်းရပါ လိမ့်မယ်။

## အာနာပါနတံခါး ၄ ချက်

ပဌမ ရှေ့ဦးစွာ ဝင်တဲ့ လေကလေးကိုဘဲ ဝင်တဲ့တံခါး ပေါက်ကို ရှာဖွေကြည့်လိုက်ရင်ဝင်တဲ့လေကလေးဟာရှေ့ဦးစွာ နှုတ်ခမ်းဖျား ကို ထိပြီးလျှင် နှာခေါင်းပေါက် က ဝင်လာပါ တယ်။အဲဒါ ဝင်ပေါက်တချက်လို့ဘဲ မှတ်လိုက်ပါတော့။ဒုတိယ တဖန် အဲဒီ ဝင်တဲ့ လေကလေးဟာ နှုတ်ခမ်းဖျားက ဝင်လာ ပြီးနောက် ဘယ်သို့ရှောင်သွားသလဲ ကိုယ့်မှာ သညာဝိညာဏ် အရှိသားဘဲ စုံစမ်းရှာဖွေကြည့်လိုက်ပါ။ အဲဒီ ဝင်လေကလေး နှုတ်ခမ်းဖျားအရပ်က ဝင်လာပြီးနောက် ငယ်ထိပ်ဦးကျောက် ခေါ် အရပ်သို့ ရောက်သွားပါတယ်။ငယ်ထိပ်ဦးကျောက်ဟာလဲ ဝင်လေကလေးဝင်တဲ့တံခါးပေါက်တခုပါဘဲ။

တတိယတဖန်ငယ်ထိပ်ဦးခေါင်းအရပ်ကနေပြီးလျှင် ဝင်လေကလေးဝင်လာပြီးနောက် ဘယ်သို့ရောက်သွားပါသလဲ နှလုံးအိမ်ရင်ချိုင့်အရပ်သို့ ရောက်လာပါတယ်။ အဲဒီ နှလုံးအိမ် ရင်ချိုင့်အရပ်ဟာလဲ ဝင်လေကလေးဝင်တဲ့ တံခါးပေါက်တချက်ဘဲ မဟုတ်လား အပေါက်မရှိရင် ဝင်လို့မရဘူးလို့ နောက်ကပြောပြောလာခဲ့တဲ့အတိုင်း အပေါက်ရှိလို့ ဝင်လေကလေးဝင်လာတာ တံခါး ၃-ပေါက်ရှိသွားပါပြီး မှတ်မိရဲ့မဟုတ်လား။

စတုတ္ထကြတော့ အဲဒီဝင်လာတဲ့ လေကလေးဟာ နှလုံးအိမ်ရင်ချိုင့်အရပ်မှတဖန် ချက်တိုင်အရပ်သို့ရောက်သွားပြန်ပါတယ်။ ချက်တိုင်လဲ တံခါးပေါက်တခုလို့ ခေါ်ရပါတယ်။ ဟုတ်,မဟုတ် ကိုယ်တွေ့ဖြစ်အောင် ယခုထိုင်နေကြတဲ့ အမျိုးသမီးကြီးတွေဘဲ အသက်ပြင်းပြင်း ရှူရှိုက်ကြည့်လိုက်စမ်းပါ။ ဝင်တဲ့လေကလေးဝင်သွားတာ တံခါးလေးပေါက်တွေလာပါလိမ့်မယ်။

ထွက်တဲ့လေကိုလဲ စမ်းသပ်ကြည့်ရင် ဝင်လေအတိုင်းပါဘဲ အဲဒီတော့ ကိုယ့်ရဲ့ခန္ဓာကိုယ်ကြီးမှာ အာနာပါန ထွက်လေဝင်လေ ၂-ပါးတို့၏ ထွက်ဝင်သွားလာနေတာ တံခါး၄-ပေါက်ရှိကြောင်း။ ဘယ်သူမှ မငြင်းနိုင်ပါဘူး၊ အသက်ရှူနေတဲ့ လူသတ္တဝါမှန်လျှင် ဟုတ်တယ်မှန်တယ်လို့ ဝန်ခံရပါလိမ့်မယ်။ အဲဒီတော့ ထွက်လေဝင်လေ တို့ရဲ့ ထွက်ဝင်ရာ မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ တံခါး ၄ပေါက် ရှိကြောင်းထင်ရှားပါပြီ။

(၁) ပဌမ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား အပေါက်။
(၂) ဒုတိယ ငယ်ထိပ် ဦးခေါင်း အပေါက်။
(၃) တတိယ နှလုံးအိမ် ရင်ချိုင့် အပေါက်။
(၄) စတုတ္ထ ချက်တိုင် အပေါက်။

အာနာပါနလုပ်ငန်းစဉ်ကိုအားထုတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ ရှေးဦးစွာ အာနာပါနတံခါး ၄ချက်ကို နားလည်ရမယ် ဆိုတဲ့အတိုင်း ယခု အရှင်မြတ်ဘုရား ခွဲခြား ဝေဘန်ပြလိုက်ပါသဖြင့် တပည့်တော်တို့ရဲ့ခန္ဓာကိုယ်မှာ အာနာပါန တံခါး ၄ချက်ရှိတာကိုတွေ့နားလည်သွားပါပြီ၊အားထုတ်သူ့ကိုသာ အရှင်ဘုရားအမိန့်ရှိပါတော့လို့ လျှောက်ထားရင်—

အဲဒီလို နားလည်ရုံနဲ့ အားထုတ်လို့ မရသေးပါဘူး၊နောက် တခု သဘာဝကို နားလည်ရဦးမယ်၊ အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်တာဟာ ဘာကို လိုချင်လို့လဲလို့ တရားနာကြတဲ့ အမျိုးသမီးတွေကို မေးခွန်းထုတ်လိုက်လျှင် ဘယ်လိုအဖြေပေးကြမလဲ၊ မိမိတို့ရဲ့ စိတ်-ဝိတက် ငြိမ်းအောင် အားထုတ်တာလား၊ ဒီလိုမှ မဟုတ်ရင်လဲ ပဌမစျာန်-ဒုတိယစျာန်စသော သမာပတ်ကို အလိုရှိ၍ အားထုတ်တာလားလို့ မေးစိစစ်ကြည့်ပါ။

မဂ်တရား-ဖိုလ်တရား လိုချင်၍ အာနာပါနအလုပ်ကို အားထုတ်ခြင်းပါလို့ အဖြေထွက်လာပါလိမ့်မယ်။ မဂ်တရား ဖိုလ်တရားကို တွေ့ချင်လျှင် ယခုပြဆိုခဲ့တဲ့ တံခါး ၄ ပေါက်ထဲမှာ မဂ်တရား-ဖိုလ်တရားကိုတက်နိုင်တဲ့ ရုပ်တရား-နာမ်တရား ၂ပါး ကို တွေ့အောင် ရှာဖွေရမယ်၊ ရုပ်တရား-နာမ်တရား တွေဟာ ဘယ်ကထွက်လာသလဲဆိုလျှင် တံခါးပေါက် ၄ပေါက် တွေကဘဲ ထွက်လာပါလိမ့်မယ်။

## တံခါး ၄ ပေါက်က ရုပ် နာမ် ထွက်ပုံ

ယခု ထုတ်ဘော်ပြလိုက်တဲ့ တံခါးပေါက်တွေမှာ သဘာဝ အတိုင်း တည်ရှိနေတဲ့ မီးခတ်တွေ ရှိနေကြပါတယ်။ အဲဒီ

မီးခွတ်တွေကို အာနာပါနလုပ်မည့်အမျိုးသမီးတွေဟာ နားလည်ထားရန်လဲ ဒုတိယ အရေးကြီးပါသေးတယ်။ တံခါးပေါက်ကို သိရှိနားလည်ရုံနဲ့ အားထုတ်လို့ မရနိုင်သေးပါ၊ မီးခွတ် ၄ ပါး ကို သိရှိနားလည်ရန်လဲ အရေးကြီးလှပါသေးတယ်။

မိမိတို့ ခန္ဓာကိုယ်ကြီး တခုလုံးကို မီး ခွတ်ကြီး ၄ ပါးက အစဉ်စောင့်ရှောက်လျက် ရှိနေကြပါတယ်၊ဘယ်လိုစောင့်ရှောက်နေတယ်ဆိုတာ အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်လာလျှင် အထင်အရှား သိလာပါလိမ့်မယ်။ ရုပ်တရား-နာမ်တရား ပေါ်ထွက်လာတယ်ဆိုတာလဲ မီးခွတ်ကြီးတွေက ထွက်လာတာကို တွေ့ရှိလာပါလိမ့်မယ်။ အဲဒါကြောင့် မီးခွတ်ကြီး ၄ ပါး ကို ခွဲခြားပြပါဦးမယ်။

| | | |
|---|---|---|
| (၁) | ခုံကိုင်အရပ် | ပရိပါစကမီးခွတ် |
| (၂) | နှလုံးအိမ်-ရင်ချိုင့် | ဥသ္မမီးခွတ် |
| (၃) | ငယ်ထိပ်-ဦးကျောက် | သန္တပ္ပနမီးခွတ် |
| (၄) | နှတ်ခမ်းဖျားနှင့်နှာသီးဖျား | ဒဟာမီးခွတ် |

ယခု ဖော်ပြတဲ့အတိုင်း သူ့အရပ်နှင့်သူ့ တံခါး သူ့မီးခွတ် နေပုံကို ရှေ့ဦးစွာ ကြိုတင်၍ သိရှိနားလည်ထားပါ၊သို့မှ ခွဲလိုက်တဲ့အခါ အလွယ်တကူနဲ့ သိရှိနားလည်ပါလိမ့်မယ်။

ချက်တိုင်မှာရှိတဲ့ မီးခွတ်ကို အမျိုးသမီးကြီးတွေနားလည်ရန် ရှေ့ဦးစွာ ရှင်းပြပါမယ်၊ မီးခွတ်တွေကို နားလည်သွားမှ ရုပ်တရား-နာမ်တရား ပေါ်တဲ့အခါမှာ အာနာပါန လုပ်ငန်းစဉ်

ကြီးက အစစ်အမှန် ရုပ်နာမ်တွေကို ပေါ်လို့ရမယ်၊ ဒီလိုမဟုတ်ခဲ့လျှင် အာနာပါနလုပ်ငန်းစဉ်ကြီးက နာမပညတ်နှင့် သဏ္ဌာန ပညတ် ၂ ပါး ကိုဘဲ ရုပ်တရား-နာမ်တရား ဆိုပြီး သိမ်းပိုက်နေတတ်ကြပါတယ်။

သမထနဲ့ယှဉ်တဲ့အလုပ်ဆိုတာမျိုးဟာ ပညတ်တရားပြဋ္ဌာန်းနေတော့ ပရမတ် အစစ်ကို တွေ့နိုင်ရန် အခက်ကြုံတတ် ကြပါတယ်။(တမိုဃ်းလုံး ဖြောက်ဆိတ်)ဆိုသလိုဘဲ အာနာပါနအလုပ်ကို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေမှာ သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ ဆိုတဲ့ ပညတ်သဘောတရားတွေကိုဘဲ ရုပ်တရား-နာမ်တရား ရှုနေကြတာ အလွန်များနေပါတယ်။

အဲဒါကြောင့် အာနာပါန လုပ်ငန်းစဉ်ကြီးဟာ လောက်အာနာပါန ဝဲတွင် တလယ်လယ်နဲ့ ဖြစ်နေကြသည်မှာ အနန္တပါဘဲ၊လောကုတ္တရာလမ်း ရုပ်နာမ်လိုချင်လို့ အာနာပါန အားထုတ်သော်လဲ ပရမတ် ရုပ်နာမ်အစစ်ကို မတွေ့ရဘဲ နာမပညတ်နှင့် သဏ္ဌာနပညတ် ပါး လှည့်ပတ်နေတဲ့ ရုပ်နာမ် စခမ်းနဲ့ဘဲ အချိန်ကုန်နေကြသည်မှာ အလွန်ဘဲ များပြား နေကြပါတယ်။ ဒါကြောင့် ပရမတ်အစစ် ရုပ်နာမ် ပေါ်နိုင်အောင် မီးခွက် ၄ပါးကို ရှေ့ဦးစွာ နားလည်ထားရပါမယ်။

ကဲ-ကဲ ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးခွက်ကို အ[illegible]းသွီးတွေ နားလည်အောင် ထုတ်ဘော်ကြဦးစို့။

ပရိပါစက မီးခွက်ဆိုတာ ပိဋကတ်တော်တွေက ပြလာခဲ့တဲ့ အတိုင်းပါဘဲ၊ စားသောက်သမျှ အစာသစ်တွေကို ကျေညက်

အောင် ကြိုချက်တဲ့ မီးခတ်ကို ပရိပါစက မီးခတ်လို့ ခေါ် ဆိုရပါတယ်။

အစားအသောက် ခံဘွယ်ဘောဇဉ် အာဟာရတွေကို တခဏ ချင်း ကြိုကျက်စေတယ်ဆိုတာ ပိဋကတ်တော်တွေက ဖွင့်လာပါ တယ်။ သစ်သီး သစ်ရွက်တွေ ကို စားသုံးကြတဲ့ ပုဂ္ဂိုလ်များမှာ မီးခတ်ကြိုကျက်တဲ့အခါတွင် အချိန်အနည်းငယ်အတွင်းမှာပင် ကြေကျက်နိုင်စေတယ်လို့ဖွင့်ဆိုကြပါတယ်။အမဲ သားငါး စား သုံးကြတဲ့ပုဂ္ဂိုလ်တွေမှာတော့ ပရိပါစကမီးခတ်က ကြေကျက် စေတဲ့အခါမှာ ဟင်းသီး ဟင်းရွက် လောက် မလျင်မြန်ဘူးတဲ့ အချိန် ၂-နာရီကျော် ၃-နာရီလောက် မှာဘဲ အစားအသောက် အာဟာရတွေဟာ ကြေကျက်စေပါတယ်။ အကယ်၍ ပရိပါစက မီးခတ်ဟာ တစုံတခုသောအကြောင်းကြောင့် မကြေချက်လျှင် ဝမ်းပေါ ဝမ်းယောင် ဝမ်းပြည့် ဝမ်းကယ်တွေ ဖြစ်လာ တတ် ပါတယ်။ အဲဒါကြောင့် ပရိပါစက တေဇောခတ်ကို စား သောက်သမျှ အာဟာရတွေ ကို ကြေကျက် စေနိုင်တယ်လို့ ပိဋကတ်တော်မှာ မှတ်တန်း တင်တော်မူကြပါတယ်။ အဲဒီ မီး ခတ်ဟာ ချက်တိုင်မှာရှိတဲ့ မီးခတ်ပါဘဲ။

## ပရိပါစကမီးခတ်ဘယ်သူ့ကြောင့်ဖြစ်သလဲ

အဲဒီ မီးခတ်ရဲ့သဘာဝတွေကို အမျိုးသမီးတွေ နားလည် အောင် အနည်းငယ်ဝေဘန်သိမ်းဆည်းပြပါဦးမယ်။ ပရိပါစက မီးခတ်ဟာ ကံကြောင့်ဖြစ်လာတယ်လို့ ပိဋကတ်တွေကထုတ် ဘော်ကြပါတယ်။ ကံဆိုသည်မှာလဲ အကျဉ်းနည်းအားဖြင့် ၂-မျိုးရှိပါတယ်။

(၁) ဇနက ကံခေါ် အတိတ်အကြောင်းကံ။

(၂) ဉပတ္ထမ္ဘက ကံခေါ် ပစ္စုပ္ပန်ကံ။

ကံတရားကို အကျဉ်းနည်းအားဖြင့် ဝေဘန်လျှင် ၂-မျိုး ၂-စား ထွက်ပေါ်လာရာ ပရိပါစက မီးဓာတ်ကို ဖြစ်စေတတ်တဲ့ ကံက ဇနကကံလို့ ခေါ်ပါတယ်။ ယခု လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ၊ ယောကျ်ားဘဝ၊ မိန်းမဘဝတွေကို ပစ်ချလိုက်တဲ့အတိတ်ကံကို ဇနကကံလို့ခေါ်ပါတယ်။ အဲဒီဇနကကံကြောင့် ပရိပါစက မီးဓာတ်ကလေးဟာ သတ္တဝါတို့ရဲ့ ချက်တိုင်အရပ်မှာ ထင်ထင်ရှားရှား ဖြစ်ပေါ်နေတဲ့ မီးဓာတ်ကလေးပါဘဲ။

ပရိပါစက မီးဓာတ်ကို အဘိဓမ္မာနည်းနဲ့ ရုပ်ဓာတ်ကိုခွဲကြည့်မယ်ဆိုလျှင် ဇီဝိတ နဝက ကလာပ်ရုပ်ဟု ခေါ်ဆိုနိုင်ပါတယ်။ ၎င်းဇီဝိတ နဝက ကလာပ်ရုပ်ခေါ် ပရိပါစက မီးဓာတ်ဟာ ချက်တိုင်အရပ်မှာ အမြဲတည်နေပါတယ်။ လူသေမှဘဲ သူလဲ ပျောက်ကွယ်ချုပ်သွားပါတယ်။ ရုပ်ကိုရေတွက်လိုပါသေးလျှင် ရုပ် ၉-ပါးဘဲရှိပါတယ်။

(၁) ပထဝီဓာတ်။ (၂) အာပေါဓာတ်။ (၃) တေဇောဓာတ်။ (၄) ဝါယောဓာတ်။ (၅) ဝဏ္ဏဓာတ်။ (၆) ဂန္ဓဓာတ်။ (၇) ရသဓာတ်။ (၈) ဩဇာဓာတ်။ (၉) ဇီဝိတရုပ် ပေါင်း-ရုပ် ၉-ပါးသာ ပရိပါစက မီးဓာတ်မှာရှိပါတယ်။ အဲဒီရုပ် ၉-ပါးကိုဘဲ ပရိပါစကမီးဓာတ်လို့ ခေါ်ဝေါ်ထားခြင်းပါဘဲ။

## အသက်လို့ဘယ်သဘောကိုခေါ်ပါသလဲ

ဇီဝိတ နဝက ကလာပ်ခေါ် ပရိပါစက မီးဓာတ်ကလေး ကိုဘဲ ကံတရားခေါ် ဇနကဟိတ်ကြောင့် ဖြစ်ပေါ်ရသဖြင့် ပိဋကတ်တော်များက ဇီဝိတိန္ဒြေလို့ အမည်တပ်ပြီးပေးပြန် ပါတယ်။ ဒါကြောင့် လောကတွင် လူအပေါင်းတို့က အသက်လို့ ခေါ်ဝေါ်သမုတ် ပြောဆိုနေကြခြင်းမှာ အဲဒီ ပရိပါစက မီးဓာတ်ကြီးပါဘဲ။

ဇီဝိတိန္ဒြေဆိုတာ ခန္ဓာကိုယ်ကြီးတခုလုံးကို စောင့် ရှောက် နေခြင်းကိုခေါ်ပါတယ်။ ကြာရိုး, ကြာစွယ်, ကြာပင်တို့ကိုရေက စောင့်ရှောက်ထားသကဲ့သို့ပါဘဲ၊ လူတို့ရဲ့ ခန္ဓာကိုယ်မှာ အဲဒီ မီးဓာတ်ဟာ အရေးအကြီးဆုံးတခု ပါဘဲ။ အဲဒီ မီးဓာတ်က ထွက်လာတဲ့ ရုပ်တရား နာမ်တရားကို တကယ်တန်းမြင်နိုင်တဲ့ အာနာပါန ယောဂီပုဂ္ဂိုလ်တို့မှာ ဥဒယဗ္ဗယဉာဏ်စခမ်းသို့အလွယ် တကူနဲ့ တက်ရောက်နိုင်ပါတယ်။

ဥဒယဗ္ဗယ လုပ်ငန်းစဉ်ကြီးကြတော့ရင် ရုပ်တရား,နာမ်တရား ကို ရှာဖွေသုံးသပ်တဲ့အခါမှာ ဘယ်ရုပ်နာမ်မျိုးကို ရှာဖွေ မလဲလို့ အမေးပြုလာရင် ချက်တို အရပ်ဖြစ်တဲ့ ပရိပါစက မီးဓာတ်က ထွက်ပေါ်လာတဲ့ ရုပ်တရား, နာမ်တရားမျိုးကို တွေ့အောင်ရှာဖွေရပါမယ်၊ သို့မှသာ ပညာမြင် အနတ္တစခမ်းသို့ သက်ဝင်နိုင်ပါတယ်။

ပရိပါစကမီးဓာတ်က ထွက်တဲ့ ရုပ်နာမ်မျိုးကိုတွေ့ဘို့ဟာလဲ မလွယ်ကူလှပါ၊ အလွန်တရာမှ သိမ်မွေ့လှတဲ့ ရုပ်နာမ်မျိုးဖြစ်၍

ဆရာကောင်းထံမှာ နည်းခံပြီးလျှင် အလယ်လမ်းခေါ် မဇ္ဈိမ ပဋိပဒါသို့ ဆိုက်ရောက်အောင် အထူးကြိုးစားမှ အပိုင်တွေ့ရှိနိုင် ပါတယ်။ ရှေ့ပိုင်းတွင် ပရိပါစကမီးခဲတက်ကို တွေ့အောင်ရှုနည်း နှင့်တကွ ရုပ်နာမ်ပေါ်နည်းတို့ကို အစုံဖေါ်ပြသွားပါလိမ့်မယ်။

အဲဒီ ပရိပါစက မီးခဲတက်ကလေး ခန္ဓာကိုယ်၌ တည်ရှိနေသမျှ ကာလပတ်လုံး ခန္ဓာကိုယ်ဟာ ပျက်စီးခြင်းသို့ မရောက်နိုင်ပါ၊ ဒီမီးခဲတက်ကလေး ချုပ်လိုက်မှသာလျှင် ခန္ဓာကိုယ်ကြီးပျက်စီး ခြင်းသို့ရောက်၍ မသာလောင်းအကောင်ကြီး ဖြစ်သွားနိုင် ပါတယ်။

## ပရိပါစကမီးခဲတက်၏အကျိုးတရား

ရှင်တော်မြတ်ဘုရားသည် ပဥ္စဂ္ဂီတို့၏ ပါဠိတော်မှာ ယခု ဘဝနဲ့ မဂ်ကိုရင်း၊ ဖိုလ်ကိုရင်း၊ ဈာန်ကိုရင်း ရနိုင်သော အကြောင်းတရားငါးပါးခေါ် ပဓာနိယင်္ဂတရားကို ထုတ်ဘော်၍ ဟောကြားတော်မူရာမှာလဲ ပရိပါစကမီးခဲတက်ကို ထည့်သွင်း၍ ဟောကြားတော်မူပါတယ်။

ပဓာနိယင်္ဂအင်္ဂါ၌ ကျန်းမာရေးပြည့်စုံရမယ်ဆိုရာ၌ ကျန်းမာ ရေး ပြည့်စုံနိုင်မှုကို ဝေဘန်သိမ်းဆည်းလျှင် အဲဒီ ပရိပါစက မီးခဲတက်ညီညွတ်မှုကို ထုတ်ဘော်ဆိုးမထားပါတယ်။ရှေးအခါက အာရညဝါသီ တောရမိုကြသော ရသေ့ ရဟန်း သူတော် ကောင်းတို့မှာ ဤမီးခဲတက်ညီညွတ်မှုကြောင့်ပင် တောရမှာနေ တော်မူနိုင်ကြပါတယ်။

ပရိပါစက မီးခေါ်တ်ညီညွတ်နေလျှင် မည်သည့် ဆရာဝန်၊ မည်သည့်ဒေါက်တာကြီးထံမှ ဆေးဝါးထိုးနေစရာမလိုတော့ပါ၊ ယခုအခါမှာ ဤမီးခေါ်တ် မညီညွတ်မှု များပြား လာသဖြင့် ဆရာအမျိုးမျိုး ဆရာဝန်မျိုးစုံတို့နှင့် ဆေးဝါး သုံးစွဲ နေကြသည်မှာ အလွန်များပြားလှပါတယ်။ အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်လို့ ပါရမီမပြည့်သေး၍ မဂ်ဖိုမရစေကာမူ ကျန်းမာရေးအတွက် ဤမီးခေါ်တ်စခမ်းသို့ ဆိုက်ရောက်သော ယောဂီပုဂ္ဂိုလ်များအတွက် အာနာပါန လုပ်ငန်းစဉ်က တာဝန်ခံနိုင်ပါတယ်။

ဒါကြောင့် အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းတို့မှာ ဓမ္မစကြာ အာနာပါနလမ်းစဉ်ကြီးကို အမှန် တကယ်ကြိုးစားအားထုတ်လာပါလျှင် မိမိတို့ရဲ့ ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးခေါ်တ်ကို မိမိတို့ကိုယ်တိုင် ခွဲခြားဝေဘန်လာနိုင်ပါလိမ့်မယ်။ ယခုဖွင့်ပြသွားမဲ့ အာနာပါနလုပ်ငန်းစဉ်ကလဲ အဲဒီမီးခေါ်တ်ရဲ့ ဖြစ်ပေါ်နေပုံ၊ တည်ရှိနေပုံ အရောင်အဆင်း နိမိတ်လက္ခဏာနှင့်တကွ ပေါ်လွင်အောင် လုပ်ငန်းစဉ်ပေးသွားပါလိမ့်မယ်။

ဒီမျှတွင်မဟုတ်သေးပါ၊ ရုပ်တရား နာမ်တရားပေါ်ထွက်ပုံနှင့် ဝိပဿနာဉာဏ်စဉ် တွက်ပုံအလုံးစုံတို့ကို သိမ်းကြုံး၍ အာနာပါနလုပ်ငန်းစဉ်တွင် ဖွင့်ဆိုသွားမည်ဖြစ်ပါ၍ မဂ်ဖိုလ်လိုလားအမျိုးကောင်းသား အမျိုးကောင်းသမီးတို့ အထူးကြိုးစားအားထုတ်နိုင်ဘို့ရာသာ အရေးကြီးပါတော့တယ်။

မဟာသတိပဋ္ဌာန်ပါဠိတော်တွင် ချက်တိုင်ကပေါ်ထွက်လာတဲ့ ပရိပါစကကို အာနာပါနလုပ်ငန်းစဉ်တွင် ထည့်သွင်းသောအခါ ထွက်လေဝင်လေချုပ်သောကဏ္ဍတွင် ထည့်သွင်း၍ဟောကြားတော်မူပါတယ်။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိတိ သိက္ခတိ။

ကာယသင်္ခါရံ၊ ရှန့်ရင်းကြမ်းထမ်းသော ကမ္မဋ္ဌာန်းနိမိတ်ကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ ငြိမ်းစေသည်ဖြစ်၍။ အဟံ၊ငါသည်။ အဿတိဿာမိ၊ ထွက်သက်ကိုဖြစ်စေအံ့။ ဣတိ၊ဤသို့။ သိက္ခတိ၊ လုံ့လပြု၏။ မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးမှာသွင်းလျှင် ပရိပါစက မီးခွတ်ကို နောက်ဆုံးကဏ္ဍတွင် သွင်းရပါလိမ့်မယ်။ ၎င်းခွတ်ကထွက်လာတဲ့ ရုပ်တရား, နာမ်တရားကိုလဲ ဥဒယဗ္ဗယဉာဏ်စခမ်းတွင် ဝင်နိုင်ပါတယ်။

ယခုပြခဲ့တာက အာနာပါနလုပ်ငန်းစဉ်ကြီးမှာ တံခါးပေါက် ၄ပါး-မီးခွတ် ၄ပါး ထုတ်ဘော်ပြထားသည့်အတိုင်း ချက်တိုင်တံခါးပေါက်က မီးခွတ် နေပုံကို လုပ်ငန်းစဉ်၌ အားထုတ်နိုင်အောင် တင်ဆက်ပြလိုက်ပါပြီ။ ယခုတဖန် နှလုံးအိမ် ရင်ချိုင့်တံခါးပေါက်မှာ တည်ရှိနေတဲ့ မီးခွတ်ကို ထုတ်ဘော်ရှင်းပြပါဦးမယ်။

နှလုံးအိမ် ရင်ချိုင့် ဆိုတာ အမျိုးသမီးကြီးတွေ သိရှိနားလည်တော်မူကြတဲ့အတိုင်းပါဘဲ၊ ကိုယ်ရဲ့ခန္ဓာကိုယ်ကြီးတွင် ကိုယ်ရဲ့ရင်ခေါင်းအရပ်ကို မိမိရဲ့ လက်ဝါးပြင် ကလေးနဲ့ ကပ်ကြည့်စမ်းပါ၊ထိတ်-ထိတ်နဲ့ လှုပ်နေတဲ့အရပ်ကို နှလုံးအိမ်ရင်ချိုင့်လို့ခေါ်ပါတယ်။

အဲဒီ အရပ်မှာလဲ မီးဓာတ်တပါး တည်ရှိနေပါတယ်၊ကိုယ်ရဲ့ နှလုံးသွေးဟာ အမြဲတန်းလှုပ်ရှားနေပါတယ်၊လူကြီးထက် ခလေး တွေမှာ နှလုံးသွေးလှုပ်တာ ပို၍ထင်ရှားနေပါတယ်၊သာပြီးတော့ ထင်ရှားတာက မောပန်းနေတဲ့ အခါ၊ခပ်မြန်မြန် ပြေးသွားလိုက်တဲ့ အခါ နှလုံးသွေးဟာ ပို၍ထင်ရှားပြီး လှုပ်လာတာ တွေ့ကြရပါလိမ့်မယ်။

အဲဒီ နှလုံးသွေးကို ပိဋကတ်တော်ကြီးတွေက ဟဒယဝတ္ထုရုပ်လို့ ခေါ်ဆိုထားပါတယ်၊အဘိဓမ္မာဘက်ဆိုင်ရာ အဋ္ဌကထာကျမ်းကြီးတွေက ၎င်း ဟဒယဝတ္ထုရုပ်ကို ထုတ်ဘော်ကြသော အခါ တလက်ဘက်ခုတ်မျှလောက်သော သွေးအိမ်ကလေးကို နှလုံးအကြည်ဓာတ်ဟု ဖွင့်ဆိုတော်မူကြပါတယ်။ အဲဒီ သွေးအိမ် ကလေးကသွေးသည် နှလုံးသီးပွတ်မှာကိုပင် တစက်တစက် အစဉ် မပြတ် ကျလျက်နေရာ တနာရီတွင် ခန္ဓာကိုယ်ကြီး၌ သံစရဏ သွေးသည် အပတ်ပေါင်း ၆၀-အထိ လည်ပတ်နေကြောင်း ဖွင့် ဆိုထားပါတယ်။

၎င်းသံစရဏသွေးနှင့်သည်းခြေတို့သည် ယှဉ်တွဲ၍ တနာရီတွင် အပတ်ပေါင်း ၆၀-လည်ပတ်အောင် ပတ်နိုင်မှ လူတယောက်ရဲ့ ကျန်းမာမှုကြီးတွေ-ချမ်းသာမှုကြီး တွေ ကျပ်ပြည့် ခံစား နိုင် ကြောင်း ပိဋကတ်တော်များတွင် ဖွင့်ဆိုတော်မူကြပါတယ်။

အဲဒီ နှလုံးသွေးကိုပင် တဖန်ထပ်၍ အမည်ပေးကြပြန်သေး သည်၊ဘဝင်စိတ် အမြဲမှီ၍ဖြစ်နေပါသောကြောင့် နှလုံးအကြည် ဟူ၍လည်း ခေါ်ဝေါ်သမုတ်ကြပြန်ပါတယ်။

အချို့သောသုတ္တန်များတွင် ၎င်းနှလုံးသွေးကိုဘဲ စိတ်လို့လဲ ခေါ်ဝေါ်ကြပါသေးတယ်။ အဲဒီ နှလုံးသွေး နှလုံးအကြည်ထဲမှာ အစဉ့်ကိန်းနေတဲ့ မီးဓါတ်ကို ဥသ္မ မီးဓါတ်လို့ ခေါ်ပါတယ်၊ ဥသ္မမီးဆိုတာ အမျိုးသမီးကြီးတွေနားလည်အောင် ဘာသာပြန်ဆိုလိုက်လျှင် ကိုယ်ငွေ့လို့ခေါ်တဲ့ မီးဓါတ်ပါဘဲ၊ ကိုယ်ရဲ့ ခန္ဓာကိုယ်ကြီးမှာ ခြေဖျား လက်ဖျားတွေ စမ်းကြည့်လိုက်လျှင် ပူရှိန်နေတာ ဥသ္မ မီးဓါတ်ပါဘဲ။

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ နှင့် တခါထဲ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အပူဓါတ်နှင့်တကွ သွေးအား လေအား ကလေးတွေ အမြဲတက်နေပါတယ်၊ လက်ဖျားခြေဖျားတွေကို စမ်းသပ်လိုက်တဲ့အခါ ပူနွေးနေတယ်မဟုတ်လား၊ အဲဒါ ဘယ်ကလာတဲ့ မီးဓါတ်ပါလဲ၊ နှလုံးအိမ် ရင်ချိုင့်ကလာတဲ့ ဥသ္မမီးဓါတ်ပါဘဲ။

အဲဒီ ဥသ္မမီးဓါတ်ရဲ့ အပူရှိန် ကြပ်ကြပ်လောင်မြိုက်ပါများလာတော့ ခန္ဓာကိုယ်ကြီး ဘာဖြစ်လာသလဲ၊ ဆံဖြူလာတယ် သွားကျိုးလာတယ် အရေတွန့်လာတယ် မျက်စိမှုန် နားထိုင်းလာပါတယ်၊ အဲဒီလို ဖြစ်လာတာကို ဓမ္မစကြာ ဒေသနာတော်မှာ ရှင်တော်မြတ်ဘုရားက "ဇရာ ဒုက္ခ" လို့ ဟောကြားတော်မူပါတယ်။

ဒါကြောင့် ဇရာဒုက္ခ ဘယ်သဘောတရားက ထွက်သလဲ၊ ဥသ္မ မီးဓါတ်ကထွက်တယ်လို့ ဆိုရပါမယ်၊ ဥသ္မမီးဓါတ်ကိုထင်ရှားစွာ စမ်းသပ်ကြည့်လိုလျှင် အလွန် လွယ်ကူတဲ့ နည်းမှာ ကိုယ့်ရဲ့

လက်ချောင်းကလေးကို အာခေါင်ထဲမှာ ထည့်ကြပါ၊ ပူနွေးနေတာ ထင်ရှားပါလိမ့်မယ် ရေကိုလဲငုံပြီး‘လျှင် ထွေးကြည့်ပါ အဲဒါ ကိုယ်ငွေ့ခေါ်တဲ့ ဥသ္မ မီးဓါတ်ရှိလို့ ပူနွေးနေတာကို သိရတယ်မဟုတ်လား။

## ဥသ္မမီးဓါတ် ဘယ်သူ့ကြောင့် ဖြစ်သလဲ

ကိုယ်ငွေ့ခေါ်တဲ့ ဥသ္မ မီးဓါတ်ဟာလဲ ပဋိသန္ဓေကြောင့် ဖြစ်လာတဲ့ တေဇောဓာတ်ပါဘဲ၊ သူလဲခန္ဓာကိုယ်ကြီးတခုလုံးကို ကျေးဇူးပြုနေတဲ့ မီးဓာတ်ဖြစ်၍ သူမပျက်စီးဘဲ တည်ရှိနေသမျှ ကာလပတ်လုံး လူသေလို့မခေါ်နိုင်ပါ၊ ဥသ္မမီးဓာတ်ချုပ်မှသာလျှင် လူသေပြီလို့ ခေါ်ဆိုနိုင်ပါတယ်၊ ပဌမရှေ့ဦးစွာ ထုတ်ပြခဲ့တဲ့ ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးဓာတ်၊ ယခုဘော်ပြတဲ့ ဥသ္မမီးဓာတ် အဲဒီ ၂-ပါး ခန္ဓာကိုယ်ကြီးမှာ တည်ရှိနေပါလျှင် လူသေလို့ မခေါ်နိုင်ပါ၊ ၎င်းမီးဓာတ် ၂-ပါးချုပ်မှ လူသေလို့ ခေါ်နိုင်ကြောင်း ပိဋကတ်တော် များတွင် ပြဆိုတော် မူကြပါတယ်။

အာယု ဥသ္မာစ ဝိညာဏံ ယဒါကာယံ ဇဟန္တိမံ
အပဝိဒ္ဓေါ တဒါ သေန္တိ နိရတ္ထံဝ ကလိံကလန္တိ။

ဟူ၍ ပိဋကတ်တော်မှာ အထင်အရှားဖွင့်ဆိုထားပါတယ်။

ဒါကြောင့် တရားအားထုတ်ကြမဲ့ အမျိုးသမီးကြီးများမှာ ကိုယ်ရဲ့ခန္ဓာကိုယ်ကြီးမှာရှိတဲ့ မီးဓာတ်သဘောတွေကို ရှေ့ဦးစွာ နားလည်ရန် အရေးကြီးပါတယ်ဆိုတဲ့အတိုင်း နားလည်ရန်

တင်ဆက်ပြသနေခြင်းပါတဲ့။ ဥသ္မမီးခေတ်ကို အဘိဓမ္မာလောက တွင်းသွင်း၍ ဝေဘန်လိုလျှင် ဝဋ္ဋဒုဒသကကလာပ်တွင် သွင်းနိုင် ပါတယ်။

အဲဒီ ဝဋ္ဋ ဒုဒသက ကလာပ်ဟာလဲ ယခုမှ ခန္ဓာကိုယ်ကြီး၌ ပေါ်လာသော ကလာပ်မဟုတ်ပါ၊ ပဋိသန္ဓေစိတ်နှင့်တပြိုင်တည်း ဖြစ်ပေါ်လာကြသော ကမ္မဇကလာပ် ၃ စီးတို့တွင် တစီးအပါ အဝင်ဖြစ်တဲ့ ကလာပ်ဖြစ်၍ အမိဝမ်းတွင်းက ဇရောတည်ကတဲက ဖြစ်လာတဲ့ မီးခေတ်လို့သာ အာနာပါန အမျိုးသွီးတွေ အကျဉ်း နည်းဖြင့် မှတ်ကြပါတော့။

## ဥသ္မမီးခေတ် ရုပ်နာမ်ဘယ်လိုလဲ

ရှင်တော်မြတ်ဘုရားသည် ဥသ္မ မီးခေတ်မှ ရုပ်တရား, နာမ် တရားတွေကို မဟာသတိပဋ္ဌာန် ဒေသနာတော်၌ ဘယ်လိုများ ဖွင့်လှစ်တော်မူပါသလဲဆိုလျှင် အောက်ပါအတိုင်း ဖွင့်လှစ်တော် မူပါတယ်။

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

သဗ္ဗကာယ ပဋိသံဝေဒီ၊ထွက်သက်ဝင်သက် ၂-ပါးအပေါင်း ကို ခန္ဓာ ၅-ပါး ရုပ်နာမ်အားဖြင့် ထင်စွာပြုသည်ဖြစ်၍။အဿ၊ ငါသည်။ အဿသိဿာမိ၊ ထွက်သက်ကိုဖြစ်စေအံ့။ဣတိ၊ဤသို့။ သိက္ခတိ၊ လုံ့လပြု၏။ ဝါ၊အားထုတ်၏။

မြန်မာလို အမျိုးသွီးများနားလည်အောင် အဓိပ္ပါယ်ပြန်ဆို လိုက်လျှင် နှလုံးအိမ် ရင်ချိုင့်မှာရှိသော ဥသ္မ မီးခေတ်မှ ရုပ်

တရား, နာမ်တရားတို့သည် မည်ကဲ့သို့ ဆက်စပ်ထွက်ပေါ်လာသည်ကို ထင်မြင်အောင်ရှုခြင်း၊ တွေ့အောင်ရှာဖွေခြင်း၊ စုံစမ်းခြင်း၊ အားထုတ်ခြင်းတို့ကိုဆိုလိုသည်။

ရှင်တော်မြတ်ဘုရားက ဥဿုမ မီးဓာတ်ကြီးက ထွန်းပေါ်ကွန့်မြူးလာသော ရုပ်တရား,နာမ်တရားကို ကာလ ၃-ပါး ရုပ်နာမ်ဟု အမည်ပြုတော်မူပြီးလျှင် ပိဋကတ်တော်များတွင်—

ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊
ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။

လို့ ဟောတော်မူခဲ့ပါတယ်။

အဲဒီ ဟောတော်မူခဲ့တဲ့ အနိစ္စ-ဒုက္ခ-အနတ္တဖြင့် သိမ်းဆည်းတော်မူသော ကာလ ၃-ပါး ရုပ်နာမ်ကြီးသည် ရင်ချိုင့်မှာရှိတဲ့ ဥဿုမ မီးဓာတ်ကထွက်ပေါ်လာသော ရုပ်တရား, နာမ်တရားဖြစ်ပါသည်။

အဲဒီ ရုပ်နာမ် ၂-ပါးကိုတွေ့အောင် ဥဿုမမီးဓာတ်ကို ရှေ့ဦးစွာ အာနာပါန လုပ်ငန်းစဉ်ဖြင့် ရှာဖွေရပါမည်၊ မီးဓာတ်ကို တွေ့မှ ရုပ်နာမ်ကိုလဲ တွေ့နိုင်ပါတယ်၊ အဲဒီ အာနာပါနလုပ်ငန်းစဉ်ကြီးဟာ နောက်ပိုင်းတွင် ထင်ရှားလာပါလိမ့်မယ်။ ။ပရိပါစက မီးဓာတ်နဲ့ ဥဿုမ မီးဓာတ် ၂-ပါး ပေါ်ထွက်ပုံကို တင်ဆက်ပြလိုက်ပါပြီ။

မီးဓာတ် ၄ ပါး တံခါး ၄-ချက်ဆိုတဲ့ အတိုင်း ကျန်မီးဓာတ် ၂-ပါးကို ဆက်လက်ဘော်ပြပါဦးမယ်။

# ငယ်ထိပ်ဦးကျောက်မှာ ဘယ်မီးခေတ်ရှိသလဲ

ငယ်ထိပ်ဦးကျောက်ခေါ် တံခါးပေါက်ကြီးကရော ဘယ်မီးခေတ် ထွက်ပေါ်လာပါသလဲဆိုရင် သန္တပ္ပန မီးခေတ်ထွက်ပေါ်လာပါတယ်၊ သန္တပ္ပနဆိုသည်မှာ ပြင်းစွာပူလောင်တဲ့ မီးခေတ်ကို ခေါ်ဆိုပါတယ်။ သီတ ဥဏှ ခေါ် အပူခေတ်နှင့် အအေးခေတ်တွေကြတဲ့ အခါ မသင့်တင့်သော အစာ အာဟာရကို မှီဝဲသော အခါတွင် ခန္ဓာကိုယ်တွင် ဖျားတယ်၊ နာတယ်၊ မကျန်းမာတယ် ဆိုတဲ့ နေမကောင်း ထိုင်မကောင်း ရောဂါဖြစ်ခြင်းကို သန္တပ္ပန မီးခေတ် လောင်မြိုက်ခြင်းလို့ ခေါ်ဆိုပါတယ်။

ဒင်းမီးခေတ် လောင်မြိုက်မှုနှင့်ပတ်သက်၍ လက်တွေ့ သိလိုပါလျှင် အနယ်နယ် အရပ်ရပ်မှာရှိတဲ့ ဆေးရုံတွေ ဆေးတိုက်တွေ ဆေးကုဌာနတွေကိုသာကြည့်ပါတော့၊ သန္တပ္ပန မီးခေတ် လောင်မြိုက်လို့ ရောဂါသည်အမျိုးမျိုးတို့ဆေးထိုးဆေးသောက် အဖုံဖုံနှင့် ဆရာဝန် ဆရာမတွေ ကုသနေကြရခြင်းဟာ အဲဒီ သန္တပ္ပနမီးခေတ်ကြောင့်ဖြစ်ကဲ့ ရောဂါဝေဒနာတွေပါဘဲ။

အဲဒီ သန္တပ္ပန မီးခေတ်ဟာ ဘယ်ကစလာတာလဲ ဆိုတာ အနည်းငယ် ရှင်းပြရဦးမယ်။ ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးခေတ်က ခန္ဓာကိုယ် တခုလုံးကို သီတ-ဥဏှ ၂-ပါး အနေနဲ့ အပူခတ်ကို အားပေးလိုက်သောအခါ ပရိပါစက အားသည် နှလုံးအိမ် ရင်ချိုင့်သို့ ရောက်လာပါတယ်၊ နှလုံးအိမ် ရင်ချိုင့်သို့ ရောက်တဲ့ အခါမှာ ဥသ္မမီးခေတ်နှင့်ပူးပေါင်းပြီး ကိုယ်ငွေ့ခေါ် အပူ အအေးကို လွှတ်လိုက်ကြပါတယ်။အဲဒီ မီးခေတ် ၂-ပါးဟာ

ပူးပေါင်းပြီးလွှတ်လိုက်တဲ့ ဓာတ်အားသည် ငယ်ထိပ်ဦးကျောက် အိမ်လဲရောက်ပါရော ဝါယာကြိုး ၂-ခု ပူးပြီး တောက်သလို ဦးကျောက်အိမ်မှာ ဓောက်လိုက်တဲ့ မီးဓာတ်ကို သန္တာပွန်မီးဓာတ်လို့ ခေါ်ဆိုပါတယ်။

အဲဒီ မီးဓာတ် ဟာလဲ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကြီးကို ကျေးဇူး အထူးပြုလျက် နေပါတယ်၊ (ကျေးဇူးပြုပုံ) မြင်တယ် ကြားတယ်- နံတယ်- စားတယ်- ထိတယ်လို့ ခေါ်ဝေါ်ပြောဆို နေကြတဲ့ သိမှု သညာကလေးတွေဟာ ဦးကျောက်အိမ်က သန္တာပွန် မီးဓာတ် ပွင့်လိုက်ထာပါ အဲဒီမီးဓာတ်ပွင့်မှ သတ္တဝါ တို့မှာ ကျန်းမာရေးဓာတ်အား ပြည့်စုံနိုင်ပါတယ်၊ ဒီ မီးဓာတ် မပွင့်ရင် တဖြေးဖြေး အာရုံကြော အားသေးလာ၍ သွေးအား လေအား သည်းခြေအား ဆုတ်ယုတ်သွားပါလိမ့်မယ်။

ငယ်ထိပ် ဦးကျောက်အရပ် တည်နေတဲ့ မီးဓာတ်ကို သန္တာပွန် မီးဓာတ်လို့ ခေါ်ဆိုပါတယ်၊ တခါတရံ သတ္တဝါတို့ရဲ့ ခန္ဓာ ကိုယ် အစိတ်အပိုင်းခေါ် နှလုံးအိမ် အစာသစ်အိမ် အစာဟောင်း အိမ်, ဆီးအိမ်, သလိပ်အိမ် စသည်တို့မှာ တစုံတခုသော မညီ ညွတ်တဲ့ အကြောင်းကြောင့် သန္တာပွန် မီးဓာတ် ဖြစ်ပေါ်တတ် ပါတယ်၊ အဲဒီ မီးဓာတ် ဖြစ်ပေါ်လိုက်ရင်ဘဲ ရောဂါဝေဒနာ တခုခု ကျရောက်လာတယ်လို့ ခေါ်ဆိုကြပါတယ်။

ဒီအခါမှာ သန္တာပွန်မီးဓာတ် ငြိမ်းရာ ငြိမ်းကြောင်း အတွက် မြန်မာသမားတော်များနှင့်တကွ ဆရာဝန်အမျိုးမျိုး ဆေးတိုက် ဆေးရုံ စသည်တို့မှာ ရောဂါရှင်များ ကုသကြရပါသည်၊ အဲဒီလို

ရောဂါဝေဒနာ ဖြစ်တာလဲ သန္တပ္ပနမီးဓာတ်ကြောင့်လို့ ဆိုနိုင်ပါတယ်၊ ဒီ မီးဓာတ်ရဲ့ ဖြစ်ပေါ်မှု သဘာဝတွေကို သိရှိ နားလည်ကြပါလျှင် ဆေးဆရာတဦး ဖြစ်နိုင်ပါတယ်။

ရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာဒေသနာတော်မှာ ဗျာခိဒုက္ခလို့ ထုတ်ဘော် ဟောကြားဆုံးမတော်မူခြင်းမှာလဲ သန္တပ္ပနမီးဓာတ်ပင် ဖြစ်ပါတယ်။ မျက်စိ အကြည်ကလေးနဲ့ ရူပါရုံအဆင်းနဲ့ ပေါင်းဆုံလိုက်တဲ့အခါမှာ မြင်မှုပေါ်တယ်ဆိုတာလဲ အဲဒီသန္တပ္ပနမီးဓာတ်ဟာ ဦးကျောက်အိမ်က ပိုးစုံးကြူးလက်သလို ပွင့်ခြင်းပါဘဲ၊ အဲဒါကို သုတ္တန်ဒေသနာတော်၌ သညာသိလို့ ခေါ်ဆိုကြပါတယ်။ အဘိဓမ္မာ ဒေသနာတော်ကြတော့ စက္ခုဝိညာဏ်-သောတဝိညာဏ် စသည်ဖြင့် ပဉ္စဝိညာဏ်လို့ ခေါ်ဆိုကြပါတယ်။

ယခု သန္တပ္ပန မီးဓာတ်နဲ့ပတ်သက်၍ အမျိုးသမီးတွေ အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်လာတဲ့အခါ ဦးကျောက်အိမ်က မီးဓာတ် ပေါ်ထွက်လာပုံ သညာသိ ရုပ်နာမ်ကလေးတွေ ဦးကျောက်အိမ်က ဘယ်လို ကွန့်မြူး ပေါ်ထွက်လာပုံ တို့ကို ကိုယ်တွေ့ဒိဋ္ဌ လုပ်ငန်းစဉ်မှာထင်ရှားလာပါလိမ့်မယ်။ ယခုတော့ လုပ်တတ်အောင်လို့ ကြိုတင်၍ မှာကြားပြောဆိုခြင်းလို့ မှတ်ကြ စေလိုပါတယ်။

အဲဒီ သန္တပ္ပန မီးဓာတ်က ရုပ်တရား-နာမ်တရား ပေါ်မှုနှင့် ပတ်သက်၍ မဟာသတိပဋ္ဌာန် ဒေသနာတော်တွင် ရှင်တော်မြတ်ဘုရားက အောက်ပါအတိုင်း လုပ်ငန်းစဉ်ပေး၍ ဆုံးမတော်မူပါတယ်။

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။
( မဟာသတိပဋ္ဌာန်ပါဠိတော် )

(အနက်) ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့် နာမ်ကို ကောန် ရှုငြား အိုချစ်သားတို့။ ဒီဃံဝါ၊ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည်ဖြစ်၍။ အဟံ၊ ငါသည်။ ဒီဃံ၊ရှည်စွာ။ အဿသာမိ၊ ထွက်သက်ကိုဖြစ်စေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။ ။ရဿံဝါ၊ တိုစွာ မူလည်း။ အဿသန္တော၊ ထွက်သက်ကိုဖြစ်စေသည်ဖြစ်၍။ အဟံ၊ ငါသည်။ရဿံ၊တိုစွာ။အဿသာမိ၊ထွက်သက်ကိုဖြစ်စေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။

အာနာပါန လုပ်ငန်းစဉ်ကြီးတွင် ဒုတိယ တံခါးပေါက်ခေါ် လေရှည်-လေတို လုပ်ငန်းစဉ်တွင် အဲဒီ သန္တာပ္ပန မီးခဲတက်ကို သွင်း ရပါတယ်၊ ရုပ်တရား-နာမ်တရား ၂-ပါး ကိုလဲ လေရှည်-လေတို အာနာပါနတွင် တွေ့အောင် သိမ်းဆည်းရပါတယ်။ သိမ်းဆည်း ရပုံကလေးကို ဖော်ထုတ်ခဲ့ပါဦးမယ်၊ လေရှည်စခမ်းတွင် ရုပ် တရားကို ထင်မြင်အောင် သိမ်းဆည်း နိုင်ပါလျှင် လေတိုစခမ်း တွင် နာမ်တရားကို ထင်မြင်အောင် သိမ်းဆည်းရပါတယ်။

အဲဒီလို သိမ်းဆည်းတဲ့ လုပ်ငန်းစဉ်ဟာလဲ မလွယ်ကူလှပါဘူး ဆရာသမားများထံမှ လက်ထပ်သင်ပြသောမူကို ရရှိလျှင် အလွယ် တကူနဲ့ ယူနိုင်ပါတယ်။ ယခု ဓမ္မစကြာ အာနာပါန နည်းတွင် ကား အားထုတ်သော အမျိုးသမီးတွေ လက်ထပ်ယူနိုင်ရန် ထုတ် ဖော်၍ တင်ဆက်ပြခဲ့ပါမယ်။

စကားကို အကျဉ်းချုံးကြဦးစို့ရဲ့၊ ယခု ဘော်ပြခဲ့တာ မီးခေါက်ကြီး ၃-ပါး ရှိသွားပါပြီ။ ၁-ပရိပါစကမီးခေါက်၊ ၂-ဉသ္မ မီးခေါက်၊ ၃-သန္တပ္ပန မီးခေါက် အားဖြင့် ၃-ပါး ရှိသွား ပါပြီ၊ တံခါးပေါက်နဲ့ စေဘန်လိုက်လျှင် ချက်တိုင် မီးခေါက်-ရင်ချိုင့် မီးခေါက်-ငယ်ထိပ်ဦးကျောက်မီးခေါက်-၃-မျိုး ပြီးစီးသွားပါပြီ။

## ဒဟ မီးခေါက်သဘော

ရှေ့ဘိုအတွက် ဒဟမီးခေါက်နှင့် ၎င်း၏ပေါ်ထွက်ရာ နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်သာ ကျန်ပါတော့တယ်၊ အဲဒီ မီးခေါက် ထွက်ပေါ်ပုံကို ဆက်လက်လဲ စေဘန်ကြဦးစို့။

ဒဟမီးခေါက် ဆိုသည်မှာ အလုံးစုံ လောင်ကျွမ်း ပျက်စီး၍ ချုပ်သွားသော မီးခေါက်ကို ဆိုလိုပါတယ်၊ ဘယ်လို လောင်ကျွမ်း ပျက်စီး၍ ချုပ်သွားပါသလဲလို့ စေဘန် သုံးသပ်လျှင် ထွက်တဲ့ လေခေါက်ကလေးဟာ သူ့သဘာဝကို စေဘန်ကြည့်လျှင် ခန္ဓာ ကိုယ်ကြီး တည်ဆောက်ပြီး ရှိနေသလို ထွက်လေဟာလဲဘဲ သူ့ သဘာဝ နှင့် သူ ခန္ဓာကိုယ်ကြီးတွင် တည်ဆောက် ရှိနေသော ကာယ တခုလို့ ခေါ်ရပါတယ်။

ဝင်တဲ့လေလဲ ဤနည်းအတိုင်းပါဘဲ၊ ခန္ဓာကိုယ်ကြီး၌ သူ့ သဘာဝနှင့်သူ တည်ဆောက်နေသော ကာယ တခု ပါဘဲ၊ ဒါကြောင့် မဟာသတိပဋ္ဌာန် ဒေသနာတော်၌ ၎င်း ထွက်လေ ဝင်လေ-၂-ပါး တို့ကို ပါဠိဖြင့် ခေါ်ဆိုသောအခါ ကာယသဒ္ဒါဖြင့် တွဲစပ်၍ ထွက်လေ ကာယ-ဝင်လေ ကာယလို့ ရှင်တော်မြတ်ဘုရား ဟောကြားဆုံးမတော်မူထားပါတယ်။

အဲဒီ ထွက်လေ ကာယ ကလေးဟာ ဒဟ မီးခေတ်သို့လဲ ရောက်ပါရော တခါထဲ လောင်မြိုက် ပျက်စီးပြီးလျှင် နှုတ်ခမ်းဖျားမှာ ချုပ်ကွယ်သွားရပါတော့တယ်။ အနည်းငယ် ထပ်မံ၍ ဖွင့်ပြပါဦးမယ်၊ ထွက်တဲ့လေကလေးဟာ ပဌမအာစ ချက်တိုင်က နေပြီးလျှင် ထွက်ပေါ်လာတဲ့ ကမ္မဇခေါ် မီးခေတ် ပါရှိလာတဲ့ လေခေတ်ကလေးပါဘဲ၊ နှလုံးအိမ် ကြတော့ရင် ဒီ လေခေတ် ကလေးမှာ ဥသ္မ မီးခေတ်ဝင်၍ ပရိပါစက မီးခေတ်နှင့် ပေါင်း လိုက်ပြန်တယ်။ ဒီတော့ ထွက်လေခေါ်တဲ့လေခေတ်မှာ မီးခေတ် ၂-ပါး တည်ရှိနေပါတယ်။

နှလုံးအိမ်မှတဖန် ဦးနှောက်အိမ်သို့ လေခေတ်ကလေးရောက် လာပြန်သောအခါ သန္တပ္ပနမီးခေတ်ဝင်၍ ပေါင်းလိုက်ပြန်တယ် မီးခေတ် ၃-ပါး ပေါင်းဆုံညီညွတ်နေတဲ့ လေခေတ်ကလေးသည် နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်သို့လဲ ဆိုက်ရောက်ပါကရော ဒဟ မီးခေတ် တောက်ပြီးလျှင် လေ ခေတ်ကလေး ချုပ်သွား ပါတယ်။

ဒဟမီးခေတ်ဆိုတာလဲ သဘာဝအားဖြင့် ထူးခြား၍ ပေါ် တက်လာတာ မဟုတ်ပါ၊ မီးခေတ် ၃-ပါး ညီညွတ်ပြီးလျှင် လောင်မြိုက်လိုက်ခြင်းကို ဒဟ မီးခေတ် ၃-ပါးလို့ ခေါ်ဆိုခြင်း ပါဘဲ၊ အဲဒီဒဟမီးခေတ် လောင်မြိုက်သွားတာကိုဘဲ နှုတ်ခမ်းဖျား နှင့် နှာသီးဖျားမှာ လေခေတ် ချုပ်တယ်လို့ ပညတ်တင်တာဘဲ ပရမတ် အနေနဲ့ ရှုလျှင် ဒဟ မီးခေတ် ဖြစ်ပေါ်ခြင်းကို ဆိုလို ပါတယ်။

ဒဟ မီးခါတ်ရဲ့ လောင်မြိုက်ပုံတွေကို အကျယ် ဝေဘန် သုံးသပ်လိုက်ပါလျှင် လူသေသွားလဲ ဒဟမီးခါတ်လောင်တယ် လို့ ဆိုရပါတယ်၊ ကမ္ဘာကြီး ဖျက်တာလဲ ဒဟ မီးခါတ်ပါဘဲ တောတောင်ရေမြေ စသော အသက်မဲ့လောက လူကောင် နတ် ကောင်၊ ယောကျ်ား မိမ္မကောင် စသော အသက်ရှိလောက အလုံးစုံတို့ ပျက်စီးခြင်း အမျိုးစုံတို့သည် ဒဟမီးခါတ်လောင်မြိုက် ၍ ပျက်စီးခြင်းဟု ဝေဘန် သိမ်းဆည်းနိုင်ပါတယ်။

အာနာပါနလုပ်ငန်းစဉ်မှာလဲ ထွက်လေ ဝင်လေ ၂-ပါးတို့မှာ မီးခါတ်တွေပါလာကြပါတယ်၊ အဲဒီမီးခါတ်တွေဟာ လေခါတ် ချုပ်တဲ့အခါတွင် ဒဟမီးခါတ်ဖြစ်ပြီးလျှင် မီးခါတ်လဲ ချုပ်သွား ရပါတယ်၊ ဥပမာ ထွက်တဲ့ လေခါတ်ဟာ နှုတ်ခမ်းဖျား အရပ်မှာ ချုပ်လျှင် လေခါတ်နှင့် အတူ ပါလာကြတဲ့ မီးခါတ် ၃- ပါး ဟာလဲ နှုတ်ခမ်းဖျားအရပ်မှာ ဒဟမီးခါတ် တောက်လောင်ပြီး ချုပ်ပါတယ်။

ဝင်တဲ့လေခါတ် ဟာလဲ ချက်တိုင် အရပ် မှာ ချုပ်ပါလျှင် ၎င်းနှင့်ပါလာကြတဲ့ မီးခါတ် တွေလဲ လေခါတ်နှင့်အတူ ဒဟ မီးခါတ် ဖြစ်ပြီး ချက်တိုင်မှာဘဲ ချုပ်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို လူတို့ရဲ့ ခန္ဓာကိုယ်ကြီး တခုလုံးကို မီးခါတ် ၄-ပါးနှင့် ထွက်လေ ဝင်လေ ၂-ပါးတို့ အထူး စောင့်ရှောက် ကျေးဇူးပြုပုံကို ဉာဏ်အမြင်ပိုင်အောင် အမျိုးသိမ်းများ သိမ်းဆည်းနိုင်ကြပါ။

သို့မှသာ ထွက်လေ ဝင်လေ ၂-ပါးက ရုပ်တရား နာမ်တရား ၂-ပါး ပေါ်ထွက်လို့ရမယ်၊ အဲဒီ သဘာဝလောကမှ နားမလည် မသိရှိဘဲနဲ့ အာနာပါန ကို အလုပ် လုပ်ချင် အရင် မမြန်ပါနဲ့ လောကီ အာနာပါန ဆိုလျှင်သော့ ရုပ် နာမ်နဲ့ မဆိုင်တဲ့အတွက်

သဘာဝ သိနေဘို့မလို အလုပ်ကိုသာ လုပ် ဆိုတဲ့ စကားအတိုင်း ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်။

အဲဒီ ဒဟ မီးခတ်က ရုပ်တရား နာမ်တရား ၂-ပါးကို ကူးတဲ့ အခါ ဘယ် ရုပ် နာမ်ကို ကူးမလဲလို့ ဝေဘန်ကြည့်တဲ့ အခါ ရှင်တော် မြတ်ဘုရား က မဟာ သတိပဋ္ဌာန် ပါဠိ တော် တွင် အောက်ပါအတိုင်း မိန့်ဆိုတော်မူပါတယ်။

သော သတော၀ အဿသတိ သတောဝ ပဿသတိ။ ။

အနက်။ ။ သော၊ ထို ယောဂါဝစရ ပုဂ္ဂိုလ် သည်။ သတော၀၊ သတိ နှင့် ပြည့်စုံသည် ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ဖြစ်စေ၏။ သော၊ ထို ယောဂါဝစရ ပုဂ္ဂိုလ် သည်။ သတော၀၊ သတိ နှင့် ပြည့်စုံသည် ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကို ဖြစ်စေ၏။

ဤ ပါဠိတော်အရ ပထမတံခါးမှာကား သတိတင်မှု သညာ အမှတ် မြဲမှုကို သာလျှင် ရှေ့ရှု၍ လုပ်ငန်းစဉ် ပေးရုံမျှသာ ရှိသေးသဖြင့် ရုပ် တရား နာမ် တရားကို လုံးလုံး လောက် လောက် ကူးလို့ မရသေးဘူး၊ သို့ရာတွင် ငယ်ထိပ်တံခါးနှင့် ဆက်စပ်ပြီး ကူးယူရပါလိမ့်မယ်၊ ကူးယူပုံအလုံးစုံတို့ကို အာနာပါန လုပ်ငန်း ရှေ့ပိုင်းတွင် ထင်ရှား ပါလိမ့်မယ်၊ ယခု တော့ အာနာပါန အားထုတ်မဲ့ အမျိုး သမီး ကြီး တွေ နား လည် ထား ရန် တံခါး ၄-ပေါက် မီးခတ် ၄-ပါး ကိုသာ ထုတ်ပြလိုက်ခြင်း ဖြစ်ပါ သေးတယ်။

ကဲ ကဲ တိတ်ခွေ ကြိုးကလဲ အနည်းငယ် ကျန် တော့ တယ် နာရီကလဲ တနာရီ အချိန် ကျရောက်လာပြီ ဖြစ်ပါ၍ တိတ်ခွေ ပဋ္ဌမ တဘက် အပြီး သတ်ခါနီးတွင် အမျိုး သမီး များ အ တွက်

အာနာပါန လုပ်ငန်းစဉ်ကြီး၏ အဆင့်ဆင့် လုပ်ငန်းစဉ် တက်ယူရပုံတို့ကို ရှင်တော်မြတ် ဘုရား ဟောကြားတော်မူသော သုတ္တန်ပါဠိတော်ကို ထုတ်ဘော်၍ အပြီးသတ်ပါတော့မယ်။

## အာနာပါန လုပ်ငန်း ဘယ်သို့တက်သလဲ

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ဒဿနာ ပရိပူရေန္တိ။ ။

အနက်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ အာနာပါနဿတိ၊ ထွက်သက် ဝင်သက် ၂-ပါးကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သည် ရှိသော်။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တရားတို့သည်။ ပရိပူရေန္တိ၊ ပြည့်စုံလုံလောက်ကုန်၏။

စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သည် ရှိသော်။ သတ္တဗောဇ္ဈင်္ဂါ၊ ၇-ပါးသော ဗောဇ္ဈင် တရားတို့သည်။ ပရိပူရေန္တိ၊ ပြည့်စုံလုံလောက်ကုန်၏။

သတ္တဗောဇ္ဈင်္ဂါ၊ ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့

လာ အပ်သည် ရှိသော်။ ဝိဇ္ဇာဝိမုတ္တိဒသနာ၊ ဝိဇ္ဇာဝိမုတ္တိဉာဏ် အမြင်သည်။ ပရိပူရေန္တိ၊ ပြည့်စုံလုံလောက် ကုန်၏။ ။ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားဆုံးမတော်မူသည့်အတိုင်း၊ အာ နာပါန ဘာဝနာကို အတိုင်းထက်အလွန် ပွားများခဲ့သည်ရှိသော် သတိပဋ္ဌာန်တရားလေးပါး ပြည့်စုံလာပေမယ်။သတိပဋ္ဌာန်တရား ၄-ပါးကိုလဲ အတိုင်းထက်အလွန် ပွားများလာခဲ့သော် ဗောဇ္ဈင် ၇-ပါး တရား ပြည့်စုံလာပေမယ်။ ။ဗောဇ္ဈင် ၇-ပါး တရား ကိုလဲ အတိုင်းထက်အလွန် ပွားများလာခဲ့သော် ဝိဇ္ဇာ ဟု ဆို အပ်သော မဂ်ဉာဏ်၊ ဝိမုတ္တိ ဟု ဆိုအပ်သော ဖိုလ်ဉာဏ် တို့ကို မျက်မှောက် ပြုနိုင်ပေလိမ့်မယ် ဟူသော ဆုံးမချက် အတိုင်း အာနာပါနလုပ်ငန်းစဉ်ကြီးကို မဟာသတိပဋ္ဌာန်နည်း သန့်သန့် ဖြင့် ဖေါ်ထုတ်၍ တင်ဆက်ပြပါမယ်။

မဂ်-ဖိုလ် လိုလား အမျိုးကောင်းသား- အမျိုးကောင်းသမီး အပေါင်းတို့မှာ ဓမ္မစကြာပဋိပတ်ရိပ်သာမှ ဖေါ်ထုတ်လိုက်သော အာနာပါန လုပ်ငန်းစဉ် တရား များကို ယုံကြည်သော သဒ္ဓါ၊ မဖြစ်မနေ အရိုးကြေကြေ အရေခမ်းခမ်း ကြိုးပန်းခြင်း တည်း ဟူသော ဝီရိယစေတသိက်၊ သဘာဝဉာဏ်ဖြင့် ခွဲစိတ်နိုင်ခြင်း တည်း ဟူသော ပညာ တရားတို့ကို လက်ကိုင်ထား ပွားများတော်မူနိုင် ကြစေရန်—ဓိကနေ့ အာနာပါန အစ ခေါ် တံခါးလေးပေါက် မီးခွတ်-၄-ပါး တို့ကို ပဏာမ ထား၍ တင်ဆက် လိုက်ပါပြီ။

နောက်ဖေါ်ပြမည့် သဘာဝ လုပ်ငန်းစဉ် တို့ကို မြင်နိုင်ရန် ကြိုးစားနိုင်ကြပါစေသတည်း။

ပဌမတိတ်ခွေ အမှတ်-၁-ဘာသာပြန် ပြီး၏။

# ဓမ္မစကြာ မဂ်ဝင် အာနာပါနကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

( ပဋ္ဌမတိတ်ခွေ အမှတ်-၂-ဘာသာပြန် )

တိက္ခ-ဟာသ-ဇဝန-ဂမ္ဘီ-ဉာဏ် လေးလီ ဖြင့်၊ အခွဲကို ခွဲ၊ အကာကို ရွာ၊ အသားကို ခြေ၊ အနှစ်ကို တော နိုင်မှ၊ သဘာဝ အနတ္တဉာဏ် ထင်မြင်နိုင်ရာ၏ ဟူသော ဆရာတော်ဘုရားကြီး များ၏ မိန့်ဆိုတော်မူချက်အတိုင်း ရှင်တော်မြတ်ဘုရား ဟော ကြားတော်မူသော ဓမ္မစကြာတရားတော် အနတ္တလက္ခဏာသုတ် တရားတော် မဟာသတိပဋ္ဌာန်တရားတော်· ထိုတရားတော်တို့၏ အဆီအနှစ်ဖြစ်သော အာနာပါနတရားတော် တို့သည် အလွန် တရာမှ နက်နဲသိမ်မွေ့လှတဲ့ တရားတော်များဖြစ်ကြပါတယ်။

မိမိတို့၏ ခန္ဓာကိုယ်ကြီးမှာ တံခါး လေးပေါက်-မီးခုတ်ကြီး ၄-ပါး ကို အခြေခံ ထားပြီးလျှင် အမျိုးကောင်းသား-အမျိုး ကောင်းသမီးတွေ ပရမတ် ရုပ်-နာမ် ထင်မြင်လာအောင် အားထုတ် နိုင်မှသာလျှင် အာနာပါနတရားတော်ကြီးရဲ့ အကျိုးတရားကို ခံစား ကြရပါသည်။ ပရမတ် ရုပ်-နာမ် အစစ်ကို မတွေ့ကြဘဲ လောကီ အာနာပါနဝဲထဲမှာဘဲ အချိန်ကုန်နေတတ်ကြပါတယ်။

ဒါကြောင့် တံခါး-၄-ပေါက်နဲ့ မီးခုတ်-၄-ပါးကို ပြခြင်း သည် ရုပ်တရား-နာမ်တရား ပေါ်ထွက်ရန် အခြေခံကြီး ဖြစ်၍ ရှေးဦးစွာ ခွဲစိတ်တင်ပြရခြင်း ဖြစ်ပါတယ်။သို့မှသာ အာနာပါန လုပ်ငန်းစဉ်တွင် ရုပ်တရား-နာမ်တရား ပေါ်နိုင်၍ နာမရူပ

ပရိစ္ဆေဒဉာဏ် - ပစ္စယ ပရိဂ္ဂဟဉာဏ်- သမ္မသနဉာဏ်- ဥဒယဗ္ဗယ ဉာဏ် စသော ဉာဏ်ကြီး များကို အလွယ်တကူ နှင့် ဆွတ်ယူ နိုင်ပါမယ်။

## သတိပဋ္ဌာန်-၆-မျိုး

အလွယ်တကူနှင့် ဆွတ်ယူ နိုင်ရန် အနည်းငယ် သတိပဋ္ဌာန် နည်းကို ရှင်းပြပါဦးမယ်၊ ရှင်တော်မြတ်ဘုရား ဟောကြားတော် မူတဲ့ သတိပဋ္ဌာန်ကို လုပ်ငန်းစဉ်အရ ဝေဘန် သိမ်းဆည်းလိုက် ပါလျှင် အကျဉ်းအားဖြင့် သတိပဋ္ဌာန်-၆-မျိုးထွက်လာပါတယ်၊ ၁-မျက်စိ သတိပဋ္ဌာန်၊ ၂-နား သတိပဋ္ဌာန်၊ ၃-နှာခေါင်း သတိ ပဋ္ဌာန်၊ ၄-လျှာ သတိပဋ္ဌာန်၊ ၅-ကိုယ် သတိပဋ္ဌာန်၊ ၆-စိတ် သတိ ပဋ္ဌာန် ဟူ၍ ၆-မျိုး ထွက်ပေါ်လာပါတယ်။

အဲဒီ သတိပဋ္ဌာန်-၆-မျိုး တို့တွင် ရှင်တော်မြတ်ဘုရားသည် ရှေးဦးစွာ မျက်စိ သတိပဋ္ဌာန် စသော ငါးမျိုးကို ပိတ်ဆို့ရန် လုပ်ငန်းစဉ် ပေးအပ်တော်မူပါတယ်။ အာနာပါန လုပ်ငန်းစဉ် ကြီးကား စိတ် သတိပဋ္ဌာန်ကို ပိတ်ဆို့သော လုပ်ငန်းစဉ်ကြီး ဖြစ်ပါတယ်၊အားထုတ်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီး တို့မှာ မျက်စိ သတိပဋ္ဌာန် တို့ကို နိုင်နိုင် နင်းနင်း ပိတ်ဆို့ နိုင်မှ စိတ်သတိပဋ္ဌာန်ကြီး ပိတ်ဆို့မယ်ဆိုလျှင် လွယ်ကူတတ်လှ ပါတယ်။

သို့ရာတွင် ယခုအခါ သူငါကစ သတိပဋ္ဌာန်အလုပ်ဆိုပြီးလျှင် အာနပါနကို အားထုက်နေကြသဖြင့် တမိုးဃ်လုံး ဖျောက်ဆိပ် ဆိုသလို အာနာပါန ကို ဦးစားပေး၍ အားထုတ်နေကြသဖြင့်

ဓမ္မစကြာ ပဋိပတ် ရိပ်သာ ကလဲ သူများနည်းတူ အာနာပါန လုပ်ငန်းစဉ်ကို ပေးရခြင်းပါဘဲ၊သို့သော်လဲ လုပ်ငန်းစဉ် အမှန်ကို ခံယူလိုကြတဲ့ ပုဂ္ဂိုလ်များအတွက် မျက်စိသတိပဋ္ဌာန် ပိတ်ဆို့ပုံ တို့ကို အနည်းငယ် တင်ဆက်ပြရပါဦးမယ်။

## မဟာသတိပဋ္ဌာန် ပါဠိတော်အစ

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ။

အနက်။ ။ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ဧကန် ရှုငြား အို ချစ်သားတို့။ ဣဓ၊ ဤ မဂ်သာသနာ ဖိုလ်သာသနာ တော်၌။ ဘိက္ခု၊ သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ အာတာပီ၊ မဖြစ်မနေ အရိုး ကြေကြေ အရေခမ်းခမ်း ကြိုးပန်းသော အားလုံ့လနှင့် ပြည့်စုံ သည် ဖြစ်၍။ သမ္ပဇာနော၊ ရုပ် နာမ် ဓမ္မ သဘာဝ တရားတို့၌ စူးရှသော ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ ဖြစ်ခြင်း ပျက်ခြင်း ဟူသော ကမ္မဋ္ဌာန်း အာရုံနှင့် ပြည့်စုံသည် ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော အစုလောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ချစ်ခြင်းမုန်းခြင်း ၂-ပါးကို။ဝိနေယျ၊ပယ်ဖျောက်၍။ ကာယေ၊ ခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ ခန္ဓာကိုယ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်၍ နေ၏။

ဤသို့ စသည်ဖြင့် ရှင်တော်မြတ်ဘုရားသည် မျက်စိ သတိ ပဋ္ဌာန်၊ နားသတိပဋ္ဌာန်၊ နှာခေါင်း, လျှာ, ကိုယ် သတိပဋ္ဌာန်

၅- ပါး ပိတ်ဆို့ရန် နည်းကို ရှေးဦးစွာ အဆုံးမပေးတော်မူပါတယ်။

## မျက်စိသတိပဋ္ဌာန် ပိတ်ဆို့နည်း

သတိပဋ္ဌာန် လုပ်ငန်းစဉ်ကြီး ကို အကျဉ်း နည်း နဲ့ ဖော်ထုတ်လိုက်ပါလျှင် ဥပါဒါနက္ခန္ဓာ ခေါ်တဲ့ လောကကြီးကို သိမ်းဆည်းခြင်းပါဘဲ၊ ဥပါဒါနက္ခန္ဓာ ဆိုသည်မှာလဲ အခြားမဟုတ်ပါ။ ပညတ်နယ်လောက ကို အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ အနေဖြင့် ဆွဲကိုင် ထားခြင်းကို ဥပါဒါနက္ခန္ဓာ လောက လို့ ခေါ်ဆိုပါတယ်။

အဲဒီ ဥပါဒါနက္ခန္ဓာလောကမှာ အဘိဇ္ဈာ ဒေါမနဿ ဆိုတဲ့ တရား ၂-ပါး အစဉ် ပြေးသွား နေကြပါတယ်၊ မျက်စိက မြင်လိုက်ထာနဲ့ အန္ဓပုထုဇဉ်တို့ရဲ့ စိတ် ဝိညာဏ်မှာ ချစ်တယ် မုန်းတယ်ဆိုတဲ့ တရား ၂-ပါးဟာ အစဉ် ပေါ်လာကြပါတယ်၊ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ နာမပညတ် နှင့် သဏ္ဌာနပညတ် ၂-ပါးကို အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ အနေနဲ့ စွဲယူထားကြသဖြင့် မျက်စိအကြည်နဲ့ ရူပါရုံအဆင်း ပေါင်းဆုံလိုက်တယ် ဆိုလျှင်ဘဲ နာမပညတ်သဏ္ဌာနပညတ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပါသဖြင့် နှလုံးအိမ်မှာ ဘယ်သဘာဝ ပေါ်ထွက် လာပါသလဲ၊ ဣဋ္ဌ, အနိဋ္ဌ, ဆိုတဲ့ ကောင်းတယ် မကောင်းဘူး သဘာဝတွေ ထွက်လာတယ်။

အဲဒီ ထွက်လာတာလဲ သညာကလေးရဲ့ အမှတ်ပါဘဲ။ တွေ့လိုက်တယ်ဆိုတာနဲ့ သညာကလေးကနာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးကို သွားကပ်ပြီးလျှင် ရူပါရုံကလေးကိုဘဲ ကောင်း မကောင်း ခေါ်တဲ့ တခုခုတော့ ဆွဲမှတ်တော့တာဘဲ၊ သညာက ဆွဲ၍ မှတ်လိုက်ပါရော သူ့နောက် ဝိညာဏ်ကြီးကလိုက်ပါတယ်။ သညာကလေးက ကောင်းတယ်လို့ မှတ်လိုက်ရင်၊ ဝိညာဏ်က သုခဝေဒနာ အနေနဲ့ ခံစားတယ်။

သညာကလေးက မကောင်းဘူးလို့ မှတ်လိုက်ရင် ဝိညာဏ်ကြီးက ဒုက္ခဝေဒနာ အနေနဲ့ ခံစားပါတယ်၊ အဲဒီလို အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ အာရုံနဲ့ တွေ့တဲ့အခါမှာ၊ သုခ, ဒုက္ခ အနေနဲ့ အစဉ်ခံစားနေကြတော့ ရှေ့ကို ဘာဖြစ်လာမလဲ အဘိဇ္ဈာဒေါမနဿ လောကကြီး ပေါ်ထွက်လာတော့တာဘဲ။

အဘိဇ္ဈာ ဒေါမနဿ လောကကြီးလဲ ထွက်လာပါရော ဘယ်သဘောတွေ ဖြစ်ကုန်မလဲဆိုရင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်အတိုင်း (ဝေဒနာ ပစ္စယာ, တဏှာ) တဏှာသဘောတွေ ထွက်ကုန်ပါတယ်၊ တဏှာ ထွက်ပြီးနောက် ဥပဒါန်တရား ထွက်ပါလိမ့်မယ်၊ ဥပဒါန်ထွက်ပြီးနောက် ဘဝ, ဇာတိ, ဇရာ, မရဏ တရားတွေ တစီတတန်းကြီး ထွက်၍ ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋတရားကြီး လည်ပတ်ပါတယ်။

အဲဒါ မျက်စိပေါက်က အကုသိုလ်တွေ ဝင်၍ အန္ဓပုထုဇဉ် ပုဂ္ဂိုလ် တို့အား အပါယ် လေးပါး သို့ ဆွဲချခြင်း ပါဘဲ၊ အဲဒီ အကုသိုလ်တွေ မဝင်အောင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ မျက်စိ သတိပဋ္ဌာန် နှင့် ပိတ်ဆို့ရပါမည်၊ ထို့အတူ

နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက် အဲဒီ အပေါက်တွေကလဲ အကုသိုလ်တရားတွေ မဝင်အောင် ပိတ်ဆို့ရမယ်။

ပိတ်ဆို့ရန် နည်းမှာ သတိပဋ္ဌာန်မှာ ဟောကြားတော်မူတဲ့ သတိတရားတခုသည် အရေးကြီးဆုံးပါဘဲ၊ ဒါကြောင့် ရှင်တော်မြတ်ဘုရားက သတိပဋ္ဌာန်ဒေသနာတော်တွင် မျက်စိသတိပဋ္ဌာန် နား သတိပဋ္ဌာန် ပိတ်ဆို့ရန် နည်းကို ထုတ်ဘော်၍ ဆုံးမတော်မူပါတယ်၊ ရှင်တော်မြတ်ဘုရား လက်ထက်တော်က ပေါဋ္ဌိလ ရဟန်းကြီး တပါးအား တရားပေါက်သော ရှင်သာမဏေငယ် တပါးက အာနာပါန တရားပေးသည်မှာလဲ ဤ နည်း အတိုင်း ပါဘဲ။

“ငါ့ရှင် ရဟန်းကြီး၊ တောင်ပို့ကြီး တခု၌ ဖွတ်ကောင်ကြီး တကောင်သည် အပေါက် ၆-ပေါက်ထား၍ အဝင်အထွက် ပြုလုပ်နေရာ၊ ဖွတ်ကောင်ကြီးကို မိအောင် ဖမ်းလိုပါလျှင် အသို့ပြုလုပ်ရမလဲ” ဟု မေးမြန်း၏။

ငါ့ရှင် သာမဏေ၊ အပေါက် ငါးပေါက်ကို ပိတ်ဆို့ ပြီးလျှင် တပေါက်က စောင့်၍ ဖမ်းလျှင် မိနိုင်ပါ၏” ဟု ဆိုသော်၊ သင်သည် ဤကဲ့သို့ အားထုတ်လော့ဟု အဆုံးမ ပေးလိုက်၏။

ဤနည်းအတူ အာနာပါန အားထုတ်ကြသော အမျိုးသမီးကြီး တွေလဲ မိမိမှာရှိတဲ့ မျက်စိပေါက် နားပေါက်တို့ကို သတိဖြင့်

အထူးပိတ်ဆို့၍ လုံခြုံလာမှ အာနာပါနလုပ်ငန်းစဉ်သည် အမြန် ပေါက်ရောက် ထင်မြင်နိုင်ပါလိမ့်မယ်။

ဘုရား ရဟန္တာ အရိယာ အရှင်မြတ် တွေ မှာတော့ အာနာ ပါန သတိကြီးဟာ ဣန္ဒြေ ၆-ပါး မှာ အစဉ်ရှိနေသည့်အတွက် မြင်လိုက်တဲ့အခါမှာ ယောကျ်ား မြင်တယ် မိန်းမ မြင်တယ် လို့ နာမပညတ်နှင့် သဏ္ဍာနပညတ် ၂-ပါး မျက်တောင်မခတ်ခတော့ပါ ပရမတ် သဘာဝ ဝေဒနာ သဘောတရားကိုသာ သတိတရားဖြင့် အမြဲတန်း ဆွဲကိုင်ထားကြပါသဖြင့် အဘိဇ္ဈာ ဒေါမနဿ လောက ကြီး ချုပ်ငြိမ်းနေပါတော့တယ်။

ဒါကြောင့် ဓမ္မစကြာ ပဋိပတ် ရိပ်သာ တွင် အာနာပါန လုပ်ငန်းစဉ်ကြီး ကို ရှုမှတ်ကြမည့် အမျိုးကောင်းသား အမျိုး ကောင်း သမီး များအား ရှေးဦးစွာ မျက်စိ သတိပဋ္ဌာန် နား သတိပဋ္ဌာန် များ အတွက် ၁၅ - ရက် ရုပ် နာမ် သင်တန်း ကို ဖွင့်ပေးတော်မူကြပါတယ်။

ယခုတော့ အာနာပါန လုပ်ငန်းစဉ် ကိုသာ အရေးထား၍ တရား တိတ်ခွေတွင် ကျောင်း ဒါယကာကြီး နှင့် တကွ တပည့် များ၏ တောင်းပန် လျှောက်ထားချက် အတိုင်း အလို ရှိတော် မူကြသော ပုဂ္ဂိုလ်များ အလွယ်တကူနှင့် ဓမ္မစကြာ အာနာပါန နည်းကို တရားတိတ်ခွေတွင် သွင်းတော်မူသည့်အတိုင်း ဘာသာ ပြန်ဆို၍ တိုင်းပြည်သို့ တင်ဆက်ရပေသတည်း။

ကဲ—ကဲ မနေ့က ဖွင့်ပြခဲ့တဲ့ အာနာပါန လုပ်ငန်းစဉ်ကြီး၏ အခြေခံ သဘောတရားနေပုံတို့ကို ထပ်မံ၍ ရှင်းလင်း တင်ပြကြ ဦးစို့။ ။အာနာပါန လုပ်ငန်းစဉ်ကြီး ကို အားထုတ် လိုတဲ့ ပုဂ္ဂိုလ်မှာ ရှေးဦးစွာ တံခါး-၄-ပေါက်-မီးခွက်-၄-ပါးနေပုံကို

နားလည်ရမည်ဟု မိန့်ဆိုချက်အတိုင်း ရှေ့ပိုင်းတွင်ဖေါ်ထုတ်၍ တင်ဆက်ပြလိုက်သဖြင့် အမျိုးကောင်းသား-အမျိုးကောင်းသမီးတို့ နားလည်သိရှိကြရပါပြီ။

ဒီကနေ့ ထပ်ပြီးသကာလ အာနာပါနလုပ်ငန်းစဉ်၌ အရေးကြီးတဲ့ အချက်အလက်တွေကို နားလည်ကြရန် တင်ဆက်ပြပါဦးမယ်။ အာနာပါနလုပ်ငန်းစဉ်၌ တံခါး-၄-ပေါက်-မီးခုံတော် ၄-ပါးကို သိရှိနားလည်ပြီးနောက် ဘယ်သဘောကို နားလည်ဘို့လိုပါသေးသလဲဆိုရင် ပညတ် လေးပါးကို နားလည်ရဦးမယ်၊ သို့မှသာ ပေါ်လာတဲ့ အရိပ် နိမိတ် ကလေးတွေကို ခွဲခြားနိုင်မယ်။

အရိပ် နိမိတ်ကလေးတွေကို ခွဲခြားနိုင်မှလဲ ပရမတ် ရုပ်တရားနာမ်တရား-၂-ပါးကို တွေ့ရှိနိုင်ပါလိမ့်မယ်။ ဒါကြောင့် ပညတ်လေးပါးနေပုံကို သိသာရုံလောက် ခွဲခြားပြပါဦးမယ်။

## ပညတ် လေးပါး ခွဲပြချက်

၁– နာမပညတ်၊ လဘက်ရည်အိုး- လဘက်ရည် ပန်းကန်- ယောကျ်ား- မိန်းမ- ပုဂ္ဂိုလ် သတ္တဝါ အမျိုးမျိုး ခေါ်ဝေါ် သမုတ်ခြင်း ကို ခေါ်ပါတယ်။

၂– သဏ္ဌာနပညတ် အိုးသဏ္ဌာန်- ခွက်သဏ္ဌာန်- ယောကျ်ားသဏ္ဌာန်- မိန်းမသဏ္ဌာန်- လူ သဏ္ဌာန်- ပုဂ္ဂိုလ် သဏ္ဌာန် အမျိုးမျိုးကို ခေါ်ပါတယ်။

၃— သမ္မုဟပညတ်၊ ခွာတ်လေးပါး- ခွာတ်-၈-ပါး စသော သဘောတရားတို့၏ ပေါင်းစုနေခြင်းကို ၎င်း၊ အစိုင်အခဲ ဃနကြီးကို၎င်း ခေါ်ပါတယ်။

၄— သန္တတိပညတ်၊ သဘာဝ ခေါ် သဘောတရား တို့သည် တဦးတည်း မပေါ်ထွက်ဘဲ ပေါင်းစု ဆက်စပ်၍ နေခြင်း ပေါ်ထွက်ခြင်း ကို ခေါ်ပါတယ်။

အဲဒီ ပညတ် ၄-ပါး တို့၏ တည်ရှိနေပုံကိုလဲ နားလည်ရဦး မယ်၊ သို့မှသာ အာနာပါနလုပ်ငန်းစဉ်ကို ကျကျနန အားထုတ် နိုင်ပါလိမ့်မယ်။

## အာနာပါနအလုပ် နှင့် နာမ ပညတ်

အာနာပါန လုပ်ငန်းစဉ်ကြီး ကို အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ရှေးဦးစွာ မိမိတို့ရဲ့ စိတ် ဝိညာဏ်ကဘဲ ထွက်လေ နှင့် ဝင်လေ ၂-ပါးကို နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ထိတိုင်း ထိတိုင်း ထွက်တယ် ဝင်တယ်လို့ မှတ်ရတယ် မဟုတ်လား၊ အဲဒီ မှတ်ထား သည့်ပင်လျှင် နာမပညတ်လို့ ခေါ်တာပေါ့။

နာမပညတ် အမှတ်ကလေး မြဲလာအောင်ဘဲ အလေ့အလာ အတော်ပြုယူရပါတယ်၊ အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်ဆိုလျှင် ပဌမ နာရီဝက်လောက် အမှတ်ခေါ် နာမပညတ်မြဲအောင် အားထုတ်

ရပါတယ်၊ နာရီဝက်က တဖန် တနာရီအချိန်ကြာအောင် အမှတ်ပြုရပါတယ်၊ ဆိုလိုရင်းကတော့ အမှတ်မြဲလာအောင် လေ့လာအားထုတ်ရပါတယ်။

နာမပညတ် အမှတ်ကလေး မြဲလာတယ်ဆိုရင်ဘဲ ထွက်လေနဲ့ ဝင်လေ ၂-ပါးကို စိတ် ဝိညာဏ်အရိပ်မှာ ထင်မြင် လာတတ် ပါတယ်၊အမှတ် မမြဲသေးလျှင် စိတ် ဝိညာဏ်အရိပ်မှာလဲ မထင်နိုင်ပါဘူး၊ မှတ်နေတဲ့ အမှတ်ကလေးဘဲ လွတ်သွား တတ်ပါတယ်၊ အမှတ်မြဲလာပါလျှင် မလွတ်တော့ဘဲနဲ့ မိမိတို့၏ စိတ် ဝိညာဏ် အရိပ်မှာ ထင်မြင်လာပါတယ်။

အဲဒီလို ထင်မြဲလာလျှင် အာနာပါန လုပ်ငန်းစဉ်မှာ နာမပညတ် စွဲမြဲပြီဟု ယူနိုင်ပါပြီ၊ အဲဒါ ပဌမ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား တံခါးမှာပင် လုပ်ငန်းစဉ် ရှိနေသေးတယ်လို့ မှတ်ပါ။ နာမပညတ်ထင်ရုံနှင့် သဏ္ဍာနပညတ် မပေါ်နိုင်သေးပါ၊ နာမပညတ် ထင်တယ် ဆိုတာ စိတ် ဝိညာဏ် မပျံ့လွင့်ဘဲ မှတ်နေတဲ့ အလုပ်မှာ စိတ် ဝိညာဏ်ကို ထားနိုင်ခြင်းအကျိုးမျှသာ ရှိနိုင်ပါသေးတယ်။

ဒုတိယ သဏ္ဍာနပညတ်ဆိုသည်မှာ နာမပညတ်ထင်နေသော စိတ် ဝိညာဏ် အရိပ် တွင် သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာ တခုခု ပေါ်ထွက်လာမှုကို သဏ္ဍာနပညတ် ထင်သည်ဟု ဆိုလိုပါတယ်။ အထူးမှတ်သားဘို့ကတော့ ရှေးဦးစွာ နာမပညတ် ထင်မြင်ရန် ကြိုးစားရမယ်၊ သို့မှသာ နာမပညတ်ကို အခြေခံ ထားပြီးလျှင် သဏ္ဍာနပညတ် ပေါ်ထွက်လာနိုင်ပါတယ်။

နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါးတို့သည်ကား တဦးနှင့် တဦးကျေးဇူးပြု၍ ဖြစ်ပေါ်ရပါသောကြောင့် ပဌမတံခါးမှာပင် သဏ္ဌာနပညတ် အရိပ်အရောင်ဟာ နာမပညတ်နောက်သို့ အစဉ် လိုက်လာပါတယ်။ ဒါကြောင့် နာမပညတ်ထင်လျှင် သဏ္ဌာန ပညတ်လဲ အရိပ်အရောင်နှင့် ပါဝင်နိုင်သည်ဟုမှတ်။ သို့ရာတွင် သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ ကွဲကွဲ ပြားပြား ထင်ထင် ရှား ရှား နဲ့ ပေါ်ထွက်သော သဏ္ဌာနပညတ်မျိုးကား ဒုတိယတံခါး ငယ်ထိပ်ဦးခေါင်းကြမှ ထင်ရှားသည်ဟု မှတ်ပါ။

## ငယ်ထိပ်ဦးခေါင်းနှင့် သဏ္ဌာနပညတ်

သဏ္ဌာနပညတ်ဆိုသည်မှာ အတို-အရှေ-အပု-အဝိုင်း-အလုံး-အခုံး အပြား-အတွဲ-အရှည်-အစောင်း အစရှိသော သဏ္ဌာန် အမျိုး မျိုး နှင့် အိုးသဏ္ဌာန်- ခွက်သဏ္ဌာန်- ယောကျ်ားသဏ္ဌာန်- မိန်းမ သဏ္ဌာန်စသော သဏ္ဌာန်အမျိုးမျိုးကိုခေါ်တယ်။ အဲဒီ သဏ္ဌာန် အမျိုးမျိုး ဘယ်က ထွက်လာပါသလဲ ဆိုရင် စိတ် ဝိညာဏ်၏ လုပ်ကြံမှုကြောင့် ထွက်ပေါ်လာခြင်းပါဘဲ။

မိမိတို့၏ ငယ်ထိပ် ဦးခေါင်း အိမ်ကြီးမှာ သညာ-၅-လုံး ပေါက်သွားတဲ့ အိမ်ကြီး ပါဘဲ၊ အဲဒီ သညာကလေးတွေက ပေါ်ထွက် လာတာကို သဏ္ဌာန ပညတ် လို့ ခေါ်တာပါဘဲ၊ သဏ္ဌာနပညတ် အကျဉ်း အားဖြင့် အမည်ပြုလျှင် ၄-မျိုးသာ ရှိပါတယ်။ ၁-သဏ္ဌာန်၊ ၂-အရိပ်၊ ၃-နိမိတ်၊ ၄-လက္ခဏာ ဟူ၍ ၄-မျိုး သာ ရှိပါတယ်။

ထွက်လေ-ဝင်လေ ၂-ပါး ကို နှုတ်ခမ်းဖျား - နှာသီးဖျား အရပ်မှ ရွှေ့ပြောင်းပြီးလျှင် ငယ်ထိပ် ဦးခေါင်း အရပ်သို့

စိတ် ဝိညာဏ် ထားပြီးလျှင် အကြိမ်ကြိမ် ရှုမှတ် လိုက်တဲ့ အခါ အားထုတ်တဲ့ ပုဂ္ဂိုလ် တို့၏ အကြည်ခါတ် ခေါ် မျက်စိတွင် သဏ္ဌာန်- အရိပ်- နိမိတ်- လက္ခဏာ ကလေးတွေ ပေါ်လာ တတ်ပါတယ်။

ဘာကြောင့် ပေါ်လာသလဲဆိုရင် ဦးခေါင်း အိမ်ကြီးမှာ အစဉ်ရှိနေတဲ့ မိုးဓာတ်ဟာ သန္တပ္ပန မီးဓာတ်ကြီး ရှိနေပါတယ်၊ အဲဒီ မီးဓာတ်က ထွက်ပေါ်လာတဲ့ အရောင်အရိပ်ကိုဘဲ သဏ္ဌာန ပညတ် လို့ ခေါ်ဆိုပါတယ်။ ထို အရောင် အရိပ် နှင့် သညာ ဝိညာဏ်ပူးပေါင်းပြီး ထွက်ပေါ်တယ်လို့လဲ ယူဆနိုင်ပါတယ်၊ အဲဒီ နိမိတ်ကိုတွေ့လျှင် အာနာပါန လုပ်ငန်းစဉ်မှာ ရုပ်တရား နာမ်တရား တွေ့အောင်ရှာနိုင်လာပါတယ်။

သဏ္ဌာနပညတ်ဟာလဲ သန္တပ္ပန မီးဓာတ်ကထွက်လာတာဘဲ၊ သညာ နာမ်ဓာတ်ကလေးဟာလဲ အဲဒီ သန္တပ္ပနမီးဓာတ်က ထွက်လာတာဘဲ၊ အထွက်ခြင်း-ဖြစ်ရာခြင်း-နေရာခြင်း တူနေပါသဖြင့် ရုပ် နာမ် ကို ရှာဖွေက အလွယ်တကူနဲ့ဘဲ တွေ့နိုင်ပါတယ်။ ဒါကြောင့် ပညတ်လေးပါးအရ သဏ္ဌာနပညတ်ဟာ ငယ်ထိပ် ဦးခေါင်းက ဖြစ်လာတဲ့ ပညတ်လို့ အာနာပါနလုပ်ငန်းစဉ်တွင် ဆရာတော်ကြီးများ မှတ်တမ်းတင်တော်မူကြပါတယ်။

သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာသဘောတရား ဝေဘန်ပုံကို အာနာပါန ဒုတိယတခါးရောက်မှ ဝေဘန်ပြပါတော့မယ်၊ ယခု အခါမှာတော့ ပညတ်နေပုံ သာမန်ကိုသာ ထုတ်ဖော်ပြခြင်း

ပါဘဲ၊ ရုပ်တရားပေါ်ထွက်ပုံ၊ နာမ်တရားပေါ်ထွက်ပုံ အလုံးစုံ တို့ကိုလဲ အာနာပါန ဒုတိယတံခါးကြမှ အကျယ် ဝေဘန်ပြပါ တော့မယ်။

## သမ္မုဟာပညတ်နှင့် နှလုံးအိမ်ရင်ချိုင့်

သမ္မုဟာပညတ်ဆိုသည်မှာ အပေါင်းအစုသဘော အစိုင် အခဲကြီးကိုခေါ်ပါတယ်။ အဲဒီအစိုင်အခဲကြီးကား ရုပ်သမ္မုဟာကို ဆိုလိုပါတယ်။ နာမ်သမ္မုဟာခေါ် အပေါင်းအစုသဘောလဲရှိပါ သေးတယ်၊ ရူပါရုံခေါ်-အဆင်းသဘော၊ စက္ခုပသာဒခေါ် အကြည်သဘော၊ စက္ခုဝိညာဏ်ခေါ် အမြင်သဘော၊ မနော ဝိညာဏ်ခေါ် အသိသဘော၊ ဤသဘာဝတွေ ပေါင်းစုတာကို နာမ်သမ္မုဟာလို့ခေါ်တယ်။

သမ္မုဟာပညတ်ဆိုသည်မှာကား နာမ်သဘာဝ ၄-ပါးမှပေါ် ထွက်လာသော အရိပ်အရောင်များကို သမ္မုဟာပညတ်လို့ ခေါ် ဆိုနိုင်ပါတယ်။ အဲဒီအရိပ်အရောင်မျိုးကား အာနာပါနလုပ်ငန်း စဉ်တွင် ပေါ်ထွက်လာသောအခါ အရောင်အဆင်း အလင်း အကြည် ဟူသော နိမိတ်လေးချက်ဖြင့် ပေါ်ထွက်လာပါတယ်။ အဲဒီ အရောင် အဆင်း အလင်း အကြည် ၄-ချက်တွေ့လာခြင်းကို သမ္မုဟာပညတ်ကို တွေ့သည်ဟု ဆိုလိုပါတယ်။

အဲဒီ နိမိတ် ၄-ချက်ဟာလဲ ဘယ်သဘာဝမှ ပေါ်ထွက် လာပါသလဲဆိုရင် နှလုံးအိမ်ရင်ချိုင့်မှာ ဉာဏ်မီးခွက်ကြီးတည်ရှိ နေပါတယ်။ အဲဒီ မီးခွက်ကြီးကို အခြေခံထား၍ နာမ်သမ္မုဟာ

၄-ပါး ပေါင်းဆုံကြရာတွင်၊ သမ္မုဟ ပညတ်ခေါ် အရောင်အဆင်း အလင်း အကြည်တို့ ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။

ဒါကြောင့် မီးခဲတတ်ရဲ့ သဘောမှ ပေါ် ထွက် လာ သော ပညတ်ရုပ်လို့ လဲခေါ်နိုင်ပါတယ်။ နာမ်သမ္မုဟသဘောမှ ပေါ် ထွက်လာသော ပညတ်ရုပ်လို့ လဲခေါ်နိုင်ပါတယ်၊ လိုရင်းမှာ ကား ဥသ္မမီးခဲတတ်ကြီးနဲ့ နာမ်သမ္မုဟ ၄-ပါးနဲ့ ပေါင်းဆုံတဲ့ အခါမှာ မီးခဲတတ်မှ ထွက်ပေါ်လာသော အရောင် အဆင်း အလင်းအကြည်များဖြစ်ကြပါတယ်။ သို့ရာတွင် နာမ်သမ္မုဟနှင့် တော့ လုံးဝမကင်းနိုင်ပါ။

အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်လာလို့ နှလုံးအိမ် ရင်ချိုင့်တံခါးမှာ စိတ် ဝိညာဏ် စွဲမြဲရှုလိုက်လျှင်ဘဲ အရောင် အဆင်း အလင်း အကြည် ၄-ပါး ပေါ်ထွက်လာပါတယ်။ အဲဒီ ၄-ပါး ထွက်လာမှ ရုပ်တရား နာမ်တရား ၂-ပါးကို တဖန် မြင်အောင်ရှုဆင်ခြင်ရပါတယ်။ ဒါကြောင့် အာနာပါနလုပ်ငန်း စဉ်ကို အားထုတ်သောပုဂ္ဂိုလ်များသည် ပညတ် ၄-ပါးကို နားလည်ရမည်ဟု ဆရာတော်ကြီးများက ဆုံးမပေးတော်မူ ပါတယ်။

## သန္တတိပညတ်နှင့် ချက်တိုင်

သန္တတိပညတ်ဆိုသည်မှာ ဆက်စပ်တဲ့သဘောတရားကိုခေါ် ပါတယ်။ ဆက်စပ်တယ်လို့ ဆိုခြင်းဟာလဲ ထွက်တဲ့လေနဲ့ ဝင်တဲ့ လေကလေးဟာ အခြားတံခါးပေါက်သို့ မရောက်စေတော့ဘဲ

ချက်တိုင်အရပ်မှာပင်လျှင် ထွက်လိုက်ဝင်လိုက်နဲ့ ငါးကြင်းမြီးကလေးပတ်သလို ပတ်နေခြင်းကို သန္တတိ ပညတ်လို့ခေါ်ပါတယ်။

အဲဒီလို ထွက်လေနဲ့ ဝင်လေ ၂-ပါးတို့ မိမိရဲ့ချက်တိုင်အရပ်မှာသာ ငါးကြင်းမြီးခပ်သလို ဆက်စပ်နေတဲ့ ပညတ်ရိပ်ကို စိတ်ဝိညာဏ်ဖြင့် ဘမ်းယူနိုင်လျှင်ဘဲ ၎င်းချက်တိုင်မှာရှိတဲ့ ပရိပါစကမီးခဲတ်ရဲ့ အရောင်အရိပ်ကို ထိုယောဂီပုဂ္ဂိုလ်ဟာ တွေ့နိုင်ပါတယ်။

ဘယ်လိုမျှားတွေ့နိုင်ပါသလဲဆိုရင် ထွက်တဲ့လေကလေးဟာ ချက်တိုင်က ထွက်လိုက်တဲ့အခါ ဖယောင်းတိုင် မီးညွှန့်ကလေးပမာ လျှပ်စစ်မီးလက်သလို ဝင်းကနဲ ဝင်းကနဲ ချက်တိုင်အရပ်မှာပေါ်ထွက်နေသည်ကို စိတ်-ဝိညာဏ်မှာ ထင်မြင်လာတတ်ပါတယ်၊ ဝင်တဲ့လေကလေးဟာလဲ ချက်တိုင်အရပ်မှာဘဲ ဝင်းကနဲဝင်းကနဲနဲ့ ပိုးစုန်းကြူးတောက်သလို စိတ်ဝိညာဏ်မှာ ထင်မြင်လာတတ်ပါတယ်။

အဲဒီလို ထင်မြင်လာလျှင် သန္တတိပညတ်ရိပ်မှ မီးခဲတ်ကို တွေ့ပြီလို့ ဆိုနိုင်ပါတယ်။ ဒီအခါမှာ ရုပ်တရား, နာမ်တရားကူးလျှင်ကူးနိုင်ပါပြီ၊ ချက်တိုင်တံခါးပေါက်က ရုပ်တရား, နာမ်တရားကို တကယ်ပိုင်ပိုင် ကူးနိုင်ပါလျှင် သာမန်ပုဂ္ဂိုလ်မဟုတ်မပါ၊ ယခုဘဝတွင် မဂ်တရား, ဖိုလ်တရား ရနိုင်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ပါဘဲ။

အဲဒါကြောင့် အာနာပါန လုပ်ငန်းစဉ်ကြီးကို အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ အလွယ်တကူဖြင့် ပွားများနိုင်ကြစေရန် တိကျမှန်ကန်သော လုပ်ငန်းစဉ်ကို ဘော်ထုတ်၍ တံခါး

၄-ပေါက်နေပုံ၊ မီးခုတ် ၄-ပါးနေပုံ၊ ပညတ် ၄-ပါး ပေါ်ထွက်ပုံတို့ကို ဆရာတော်ဘုရားကြီးများ၏ ဆုံးမချက်အတိုင်း ယခုတင်ဆက်ပြလိုက်ပါပြီ၊ အားထုတ်လိုကြသော သူတော်ကောင်းတို့သည် ဤသဘာဝများကို ဝေဘန်သိမ်းဆည်း၍ နှလုံးအိမ်၌ သွင်းတော်မူနိုင်ကြပါစေ။

အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်လိုကြကုန်သော အမျိုးကောင်းသား-အမျိုးကောင်းသမီးများအတွက် ရှေးဦးစွာ သိသင့်သိထိုက်သော တံခါးလေးပါး-မီးခုတ်လေးပါး-ပညတ်-၄-ပါး တို့ကို တင်ဆက်ပြသဖြင့် လုပ်ငန်းစဉ်ကို ဝေဘန်နိုင်လောက်ပါပြီ၊ အားထုတ်ရန်နည်းကိုသာလျှင် ထုတ်ဖော်ကြပါစို့။

## အားထုတ်ရန်စည်းကမ်းချက်

ဣဓဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ
သုညာဂါရဂတောဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ
ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သော
သတောဝ အဿသတိ သတောဝ ပဿသတိ။

(အနက်) ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ကောန်ရှုကြသော အို ချစ်သားတို့။ ဣဓ၊ ဤ မဂ်သာသနာ-ဖိုလ်သာသနာတော်၌။ ဘိက္ခု၊ အာနာပါနအလုပ်ကို အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ အရညဂတောဝါ၊ တောအရပ်သို့ကပ်၍ငင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ကပ်၍ငင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းတိုက်သို့ကပ်၍ငင်း။ ပလ္လင်္ကံ၊ ကိုယ်ထက်ဝက်ကို။ အာဘုဇိတွာ၊ ဖွဲ့၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊

ခန္ဓာကိုယ်ကို။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေ့ရှုလျက်။သတိံ၊သတိကို။ ဥပဋ္ဌပေတွာ၊ဖြစ်စေ၍။ နိသီဒတိ၊ နေ၏။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့အတိုင်း အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်လိုတဲ့ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ မိမိ၏ ခန္ဓာကိုယ်ကို ပလ္လင်ဖွဲ့ခွေ ထိုင်နေရမည်ဟု ဆိုလိုပါတယ်။ ဗုဒ္ဓဘာသာတို့ ကိုးကွယ်တော်မူကြတဲ့ ရုပ်ပွား ဆင်းတုတော်များ ထိုင်နေသလို ထိုင်ခြင်းမျိုးကို ပလ္လင်ဖွဲ့ခွေထိုင်သည်ဟုမှတ်ပါ။

အမျိုးသမီးများ ပုဆစ်တုတ် ထိုင်နေခြင်းမျိုးကိုလဲ ပလ္လင်ဖွဲ့ခွေ ထိုင်သည်ဟုဆိုရပါမယ်။ သတိပြုရန်ကတော့ ကြာရှည်စွာ ထိုင်နိုင်ရန် ခြေ-၂-ဘက်ထားပုံ အဆင်ပြေဖို့ အရေးကြီးပါတယ်၊ အထားမတတ်လျှင် ခြေကျဉ်လာတတ် ပါတယ်၊ တကိုယ်လုံးရဲ့ အလေးဟာ ခြေ-၂-ဘက် ပေါ်မှာ ပိမကနေအောင် သတိပြု ထိုင်ပါ။

(ဒုတိယ အင်္ဂါ) ပလ္လင်ဖွဲ့ခွေထိုင်ပြီးနောက် မိမိ၏ခန္ဓာကိုယ်ကြီးကို ဖြောင့်မတ်စွာထားရမယ်။ဘာကြောင့်လဲဆိုရင် ထွက်လေဝင်လေ-၂-ပါးကို အားထုတ်လိုက်သောအခါ အဖုအထစ် မရှိပါနဲ့၊အထွက် အဝင် ကောင်းပြီးလျှင် ကြာရှည်စွာ အားထုတ်သော်လဲ မောပန်းခြင်းမရှိ၊ ချမ်းချမ်းသာသာနဲ့ လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်အောင်လို့ ကိုယ်ကို ဖြောင့်မတ်စွာထားဟု ဒုတိယ စည်းမျဉ်းကို ထုတ်ဘော်ဆုံးမခြင်းပါဘဲ။

(တတိယ အင်္ဂါ) လက်-၂-ဘက်ကိုလဲ ဖွဲ့ယှက်ပြီးလျှင် ထိုင်နေတဲ့အပေါ်တွင် တင်ထားပါ၊ ဤ လုပ်ငန်းစဉ်ကြီး မပြီးသမျှ

ဣရိယာပုထ် ရွှေ့ပြောင်းခြင်းမရှိဘဲ လက်ခြေတို့ကို ထားသည့် အတိုင်း ရွှေ့ပြောင်းခြင်း မရှိစေရပါ။ အဲဒီ တတိယအင်္ဂါဟာလဲ အရေးကြီးပါတယ်။တနာရီ အာနာပါနပွားလျှင် တနာရီအတွင်း မည်သို့မျှ လှုပ်ရှားခြင်း မပြုရပါ။ ဥပမာ ခြင်ကိုက်သော်လဲ သည်းခံနေရပါမယ်။

ယခု ဘော်ပြတဲ့ အင်္ဂါ-၃-ချက်ဟာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော မဟာသတိပဋ္ဌာန် ပါဠိတော် အလာ အင်္ဂါ-၃-ချက် ပါဘဲ၊ အဲဒီ အင်္ဂါ-၃-ချက် နှင့်မှ မပြည့်စုံဘဲနဲ့ အာနာပါန ပွားများလျှင် ဖြစ်နိုင်စရာ အကြောင်း မရှိပါ။ သို့ရာတွင် နိမိတ် ထင်မြင်ပြီး၍ ရုပ် နာမ် ပေါ်ဘူးသော ပုဂ္ဂိုလ်များမှာကား အင်္ဂါ-၃-ချက်နှင့် မညီညွတ်သော်လဲ ရနိုင်ပါတယ်။

အိပ်ယာထဲမှာ လျောင်းစက်ရင်းလဲ ထင်မြင်ပြီး ပုဂ္ဂိုလ်များ အတွက် အားထုတ်နိုင်ပါတယ်၊ မထင်မြင်သေးတဲ့ပုဂ္ဂိုလ်မှန်လျှင် တော့ ဒီ အင်္ဂါ-၃-ချက်နဲ့ ကိုက်ညီအောင် အားထုတ်မှ ဖြစ်နိုင် တယ် ဆိုတာ တထစ်ချသာ ဆုံးဖြတ်ပါ။

## အင်္ဂါနှစ်ပါး ထပ်တိုးလိုက်ပုံ

ယခု ဘော်ပြခဲ့တဲ့ အင်္ဂါ-၃-ပါး အပြင် တရားပေးကြသော ဆရာတော်ဘုရားကြီးများက အင်္ဂါ-၂-ပါး ထပ်တိုးလိုက်ပါသေး တယ်။ အင်္ဂါ-၂-ပါးကတော့ အာနာပါန လုပ်ငန်းစဉ်ကို အား ထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ထိုင်တဲ့နေရာလဲ စွဲမြဲရမယ်လို့ အဆုံးမ ပေးပါတယ်။ အာနာပါန အလုပ်ဆိုသည်မှာ အနှောင့်အယှက် အလွန်များပြားပါသဖြင့် နေရာဋ္ဌာနကို သီးသန့်ထားခြင်းသည်

အနှောင့် အယှက် အမျိုးမျိုးကို ကာကွယ်နိုင်ခြင်းတခုပါဘဲ၊ သာသနာတော်ကြီးရဲ့ နောက်ပိုင်းတွင် တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေမှာ အနှောင့်အယှက်အမျိုးမျိုးတွေနဲ့ တွေ့ကြုံနေရသဖြင့် အချို့မှာ အားမထုတ်ရဲဖြစ်နေကြပါတယ်။ သမာဓိကို မထူထောင်နိုင်သေးသမျှ အနှောင့်အယှက်ဝဲမှာပင် တလယ်လယ် နေကြသည်ကိုတွေ့ကြုံရဘူးပါတယ်။

အဲဒါကြောင့် တရားပေးတဲ့ဆရာတော်ဘုရားများက နေရာ မြဲရမယ်လို့ ဆုံးမခြင်းပါဘဲ၊ နောက်တခါ နေရာမြဲရုံနှင့် မဖြစ်သေးဘူး၊ အားထုတ်တဲ့အခါ အချိန်ကိုလဲ မြဲရမယ်လို့ အဆုံးမပေးပြန်ပါတယ်။ အချိန်မြဲတယ်ဆိုတာ ဒီကနေ့ ည ၉-နာရီအချိန် အားထုတ်လျှင် နက်ဖြန်လဲ ၉-နာရီအချိန်မှာ အားထုတ်ရမယ်၊ ဆိုလိုရင်းမှာ အချိန်ကိုလေးစားခြင်းပါဘဲ။

အစိုးရ အမှုထမ်းများလိုပေါ့၊ ၉-နာရီ ရုံးတက်၊ ၄-နာရီ ရုံးဆင်းဆိုသလို အချိန်ကိုလေးစား၍ လုပ်ကိုင်နေသလိုပါဘဲ၊ အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာလဲ အဲဒီ အတိုင်းပါဘဲ၊အချိန်ကို လေးစားရမယ်လို့ ဆိုလိုပါတယ်။ အချိန်ကို လေးစားခြင်းသည် အလုပ်ကိုလဲ လေးစားရာရောက်ပါတယ်။

ဒီမျှတွင်မကသေးပါ အချိန်ကိုလေးစားခြင်းသည် ပျင်းရိခြင်း ကောသဇ္ဇတရားကို လွှန်မြောက်နိုင်ပါတယ်။ ပျင်းရိခြင်းကို လွှန်မြောက်နိုင်ပါလျှင် အား လုံ့လ ဝေါ ဝိရိယဓာတ်ကြီးကို အမြဲထူထောင်ထားနိုင်ပါတယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ ဝိရိယဓာတ် အစဉ်ထူထောင်ထားနိုင်ရန်လဲ အရေးကြီးလှပါတယ်။

လောကတွင် ဝိရိယဓာတ်ကြီးကို ထူထောင်ထားနိုင်သော ပုဂ္ဂိုလ်အား ဇွဲသတ္တိရှိသူလို့ ချီးမွမ်းတော်မူကြပါတယ်၊ ဇွဲသတ္တိဆိုသည်မှာလဲ မည်သည့်အလုပ်ကိုမဆို တာရှည်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းမျိုးကို ဇွဲသတ္တိလို့ခေါ်ဆိုနိုင်ပါသဖြင့် အချိန်မြဲမြဲအားထုတ်နိုင်ခြင်းသည် ကောင်းသောတရားတို့၏ ပေါင်းစုတည်မြဲနိုင်ခြင်းအကျိုးရှိပါတယ်။

ဒါကြောင့် တရားပေးတော်မူကြတဲ့ ဆရာတော်ဘုရားများက နောက်ထပ်၍ အင်္ဂါ ၂-ပါး ထည့်ထားတော်မူပါသဖြင့် အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်လိုကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ အာနာပါနလုပ်ငန်းစဉ်၌ အင်္ဂါ ၅-ချက် စည်းမျဉ်းကိုလဲ ရှေ့ဦးစွာ နားလည်သိရှိထားရန်လိုလှပါတယ်။

စည်းမျဉ်းကလနားမရှိသူများ အားထုတ်တာနဲ့ ရောင်ပေါင်အားထုတ်နေပါလျှင် ကိုယ့်စိတ်က ၂-ရက်၊ ၃-ရက်နဲ့ဘဲ အာနာပါနအရိပ်တွေကို ရလိမ့်မယ်ထင်နေတယ်။ ထင်တဲ့အတိုင်းမရတော့ စိတ်ပျက်သွားတတ်ပါတယ်။

အာနာပါန လုပ်ငန်းစဉ်ကြီးကို အားထုတ်နိုင်ရန်အတွက် စည်းမျဉ်း ၅-ချက်ကို ပိဋကတ်မှာလာတဲ့အတိုင်းစည်းမျဉ်း ၃-ချက်နှင့် ဆရာတော်ဘုရားများထုတ်ဘော်ဆုံးမတဲ့ စည်းမျဉ်း ၂-ချက်၊ အားလုံးပေါင်းသော် စည်းမျဉ်း ၅-ချက်ကို မူထားပြီးလျှင် အားထုတ်လိုကြတဲ့ ပါရမီရှင်များအား တင်ဆက်ပြလိုက်ပါပြီ။

အမျိုးကောင်းသား အမျိုးကောင်းသမီးအတွက် အာနာပါန အခြေခံကြီးကို စည်းမျဉ်းနှင့်တကွ နားလည် သိရှိကြရပါပြီ၊

အာနာပါန လုပ်ငန်းစဉ်ကြီးကိုသာ ဖွင့်ပြရပါတော့မယ်၊ ဒါကြောင့် မဟာသတိပဋ္ဌာန် ပါဠိတော်မှာ ဟောကြားတော်မူတဲ့ အာနာပါနကို ဖွင့်ပြကြပါစို့။

## မဟာသတိပဋ္ဌာန်ပါဠိတော်

သော သတောဝ အဿသတိ သတောဝ ပဿသတိ။

အနက်။ ။သော၊ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည်။ သတောဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ဖြစ်စေ၏။ သတောဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏။

အဲဒါ ပဌမအပိုင်းကြီးပါတဲ့ အဲဒီအပိုင်းကလဲ အားထုတ်တဲ့ ပုဂ္ဂိုလ်များ သညာအမှတ်မြဲ၍ သတိထင်မြင်အောင် အထူးကြိုးစားရပါတယ်။ သတိထင်မြင်လာလျှင် ရုပ်တရား, နာမ်တရား ၂-ပါးကိုလဲ တွေ့တတ်ပါတယ်။ သို့ရာတွင် ရုပ်နာမ်ကူးတဲ့အခါ မှာကား ငယ်ထိပ်ဦးခေါင်းတံခါးနဲ့ ကူးဆက်၍ကူးရပါတယ်။

ဒီဃံဝါ အဿသန္တော ဒီဃံအဿသာမိတိ ပဇာနာတိ
ရဿံဝါ အဿသန္တော ရဿံ အဿသာမိတိ ပဇာနာတိ။

အဲဒါကတော့ အာနာပါန လုပ်ငန်းစဉ်မှာ ဒုတိယ တံခါးပေါက်ပါတဲ့၊ ဆိုလိုရင်းကတော့ လေရှည် လေတို-၂-မျိုး ရှိရာ အားထုတ်တဲ့ ပုဂ္ဂိုလ်က လေရှည်အားထုတ်လျှင် အားထုတ်တယ်လို့ ရှုရမယ်၊ လေတိုအားထုတ်လျှင် လေတိုအားထုတ်တယ်လို့ သိရမယ်လို့ ဟောကြားသောအပိုင်း ဖြစ်ပါတယ်။ လုပ်ငန်းစဉ် ဖွင့်တဲ့အခါ ထင်ရှားပါလိမ့်မယ်။

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

အဲဒီ အပိုင်းကတော့ အာနာပါန လုပ်ငန်းစဉ်မှာ တတိယ တံခါးပေါက်ပါဘဲ၊ အာနာပါနအလုပ်မှာ ဤတံခါးပေါက်ကို ပိုင်အောင် နိုင်နိုင်နင်းနင်းဖြစ်နိုင်ပါက ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ် ဓမ္မ တွေကို သဘော သက်ဝင်နိုင်ပါတယ်။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ဤအပိုင်းကား မဟာသတိပဋ္ဌာန်လုပ်ငန်းတွင် စတုတ္ထတံခါး ပေါက်ကြီးပါဘဲ၊ ဒီတံခါးပေါက်ကြီးကို ပိတ်နိုင်သွားလျှင် အာ နာပါနလုပ်ငန်းစဉ်သည် ပြီးဆုံးပါတော့တယ်။

## စတုက္က ၄ ချက် ခွဲခြားခြင်း

ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် အာနာပါန လုပ်ငန်းစဉ်ကြီးကို စတုက္ကဖွင့်ပြတဲ့အခါ ၁၆ပါး စတုက္ကထား၍ ဖွင့်ပြသွားပါတယ်။ ၁၆ ပါး ပြဆိုထားခြင်းမှာလဲ-ယခုထုတ်ဖော်လိုက်တဲ့ အာနာ ပါန၄မျိုးကို တပါးတပါးလျှင် မီးခါတ်၄ပါးရ၍ စတုက္က ၁၆ မျိုးထား၍ ပြဆိုခြင်းပါဘဲ။

၎င်းစတုက္က ၁၆မျိုးကိုပင် ထွက်လေ ဝင်လေ ၂ပါးနဲ့ မြှောက် လိုက်ပါက အကျယ်စတုက္က ၃၂ပါး ပွားလာပြန်ပါတယ်။ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ ဆရာကြီးက ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာလာတဲ့ အတိုင်း စတုက္က၁၆ပါးထား၍ အာနာပါနလုပ်ငန်းစဉ်ကြီးကို ဖွင့်ဆိုသွားပါတယ်။

ယခုဆရာတော် အကျဉ်းအားဖြင့် ပြောပြလိုက်တဲ့ စတုက္ကနဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကဖွင့်တဲ့ စတုက္ကခြင်းဟာ ခွဲပုံခြင်း အနည်းငယ် ကွာခြားနေပါသေးတယ်။ ခွဲပုံခြင်းကွာခြားသော်လဲ သဘာဝလုပ်ငန်းစဉ်မှာကား အတူတူဖြစ်ပါတယ်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက စတုက္က ၄ ပါးခွဲတဲ့အခါမှာ အောက်ပါအတိုင်းခွဲခြားထားပါတယ်။

(၁) လေရှည် စတုက္ကတပါး၊
(၂) လေတို စတုက္ကတပါး၊
(၃) နှလုံးအိမ် စတုက္ကတပါး၊
(၄) ချက်တိုင် စတုက္ကတပါး၊

အဲဒီလို ၄ မျိုးထား၍ စတုက္ကကိုခွဲခြားသွားပါတယ်။ ဝိသုဒ္ဓိမဂ်က ခွဲခြားထားခြင်းမှာလဲ ငယ်ထိပ်ဦးကျောက်မှာရှိတဲ့ မိုးဓါတ်ကိုပင်လျှင် ၂-စတုက္ကထားပြီးသကာလ ဖွင့်ဆိုသွားတာပါဘဲ၊ ယခု ဆရာတော်တို့ကတော့ ငယ်ထိပ်ဦးကျောက် မိုးဓါတ်ကိုပင် နှုတ်ခမ်းဖျားနှင့်နှာသီးဖျားအရပ်ကို ဆွဲယူပြီး ပထမစတုက္ကအဖြစ်ထားလိုက်တာပါဘဲ။

အဲဒီလိုထားလိုက်သဖြင့် ဝိသုဒ္ဓိမဂ်နှင့် မညီဘူးလို့ ပရိယတ်နယ်မှာရှိကြတဲ့ပညာရှိများက ဝေဘန်ကြမည်ကို စိုးရိမ်ပါတယ်။ ဘာကြောင့် နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်ကို စတုက္ကတခုထားရသလဲ၊ ဝိသုဒ္ဓိမဂ်ကတော့ လေရှည် လေတိုကိုမူထားပြီး စတုက္ကခွဲခြားသယ်၊ ဓမ္မစကြာ အာနာပါနကတော့ ဘာကြောင့် မခွဲခြားရသလဲလို့ အပြစ်တင်မှာကို စိုးရိမ်ပါသယ်။

ဝိသုဒ္ဓိမဂ်က လေရှည် လေတိုခွဲခြားချက်ကို လေရှည်ကို နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်ကို ပေါင်းယူလိုက်လျှင်လဲ ဆရာတော်တို့ သီးခြားခွဲတာနဲ့ အတူတူရောက်နိုင်ပါတယ်၊ သဘာဝမှာတော့ တံခါးပေါက်ကိုမှတ်၍ဘဲခွဲခွဲ လေကိုမှတ်၍ဘဲခွဲခွဲ လုပ်ငန်းစဉ်မှာကား အာနာပါနလုပ်ငန်းစဉ်ထဲသို့ အတွင်းဝင်ပါတယ်။

ဘယ်လို အတွင်းဝင်ပါသလဲဆိုရင် လေဓါတ် ၂ပါးကိုဘဲ တံခါးပေါက်တို့ဖြင့် ဝင်တိုင်း ထွက်တိုင်း သတိပြုရပါသောကြောင့် အကြောင်းနှင့် အကျိုးမျှလောက်သာ ကွာခြားနိုင်ပါတယ်။ လုပ်ငန်းစဉ်သဘာဝကို ဝေဘန်လျှင် လေဓါတ်ကို ဘမ်းဖိရန်အရေးကြီးပါတယ်။ သို့ရာတွင် တံခါးပေါက်ကို မှတ်ပြီးလျှင် ဆရာတော်တို့က ခွဲခြားလိုက်ခြင်းမှာ အာနာပါနလုပ်ငန်းစဉ်သည် ၂မျိုးရှိပါတယ်။

(၁) မဂ်-ဖိုလ်နှင့်ယှဉ်သောအာနာပါန၊

(၂) လောကီဈာန်တရားနှင့် ယှဉ်သော အာနာပါန၊

အာနာပါန လုပ်ငန်းစဉ်ကြီးကို အကျဉ်းဝေဘန်သိမ်းဆည်းပါလျှင် ၂မျိုး-၂စားထွက်ပေါ်လာပါတယ်။ ယခုပြဆိုသွားမဲ့ မဟာသတိပဋ္ဌာန် အာနာပါန လမ်းကြီးသည်ကား လောကီသမထမဘက် ဥပစာရ ဘာဝနာသမာဓိသက်သက်ဖြင့် ရုပ်တရားနာမ်တရား ၂ပါးကိုအကျဉ်းနည်းနဲ့ သိမ်းဆည်းပြီးလျှင် မဂ်တရားဖိုလ်တရားကို တက်လှမ်းမည့် အာနာပါနလုပ်ငန်းစဉ်ကြီးဖြစ်ပါတယ်။

ရုပ်-နာမ်ပေါ်ထွက်နိုင်ရန်အတွက် ဦးစားပေး၍ အားထုတ်သွားမည်ဖြစ်သောကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ခွဲခြားသော

စတုက္က၄ချက်တို့တွင် လေရှည်စတုက္ကကိုနှုတ်ခမ်းဖျားနှင့် နှာသီးဖျားတံခါးတွင် အခြေထား၍ ပွားများအားထုတ်ပါလျှင် ရုပ်နာမ်စခမ်းမှာ သီးသန့်၍ပေါ်ထွက်နိုင်ပါလိမ့်မယ်။

ဒုတိယ လေတိုစခမ်းမှာကား ငယ်ထိပ်ဦးကျောက်တံခါးတွင် ထား၍ ရုပ်တရား နာမ်တရား ၂ပါးကိုတွေ့အောင်ရှာဖွေရပါမည်၊ ဒီတော့မှ သူ့တံခါးနှင့်သူ ရုပ်နာမ်အံကိုက်ဖြစ်ပါလိမ့်မယ်၊ မဟာသတိပဋ္ဌာန်ပါဠိတော်၌ ရှင်တော်မြတ်ဘုရားသည် ထွက်လေဝင်လေ ၂ပါးကို အခမ်းဖွဲ့၍ ဟောကြားတော်မူသည်မှာလဲ ၄ခမ်းဖွဲ့၍ဟောကြားတော်မူပါတယ်။

ရုပ်တရား နာမ်တရားကို ရှာဖွေသိမ်းဆည်းတဲ့ အခါမှာလဲ ဉာဏ်လေးပါးထား၍ ဝိပဿနာလုပ်ငန်းစဉ် ဖွင့်တော်မူပါတယ်။ ဒါကြောင့် သူ့တံခါးနဲ့ သူ့ရုပ်နာမ် သူ့ဉာဏ်ကိုက်အောင် လုပ်ငန်းစဉ်ကို ဖွင့်ပြသွားပါမယ်၊ စတုက္ကလေးပါးနဲ့ လဲကိုက်ညီအောင်ပြဆိုပါမယ်၊ အားထုတ်လိုတဲ့ ပုဂ္ဂိုလ်များသာလက်တွေ့နည်းရအောင် အထူးကြိုးစားနိုင်ဘို့လိုပါတော့တယ်။

တတိယတံခါးကြတော့ တတိယစတုက္ကနှင့်ဘဲ တွဲယူလို့ရနိုင်ပါတယ်။ တတိယစတုက္ကမှာကား တတိယတံခါးခေါ် နှလုံးအိမ်ရင်ချိုင့်အရပ်နှင့် အထူးလျှော်ကန် လျောက်ပတ်နေပါသဖြင့် သံသယမရှိနိုင်ပါ၊ နောက်ဆုံးတံခါးခေါ်တဲ့ ချက်တိုင်အရပ်မှာလဲ့ စတုတ္ထ စတုက္ကနှင့်တွဲဖက်၍ ယူနိုင်ပါတယ်။ ရုပ်နာမ်ပေါ်တဲ့အခါမှာလဲ သူ့တံခါးနဲ့ သူ့စတုက္ကအံကိုက်နေပါသဖြင့် သံသယမရှိနိုင်ပါ။

လေရှည် လေတိုကိုဖွင့်ပြတဲ့ ပဌမစတုက္ကနှင့် ဒုတိယစတုက္က တို့သာ တံခါးပေါက်ကိုသွင်းတဲ့အခါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက တံခါးပေါက်ကို ထင်ထင်ထင်ရှားရှားဖွင့်ဆိုမသွားသဖြင့် အနည်း ငယ် အထားရကြပ်နေပါတယ်။ ဒါကြောင့် ဆရာတော်က လေ ရှည်စတုက္ကကို နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်မှာထားပြီးယူ ပါလို့ ဝေဘန်ပြဆိုခြင်းပါဘဲ။

အာနာပါနလုပ်ငန်းစဉ်ကို လက်တွေ့ပွားများအားထုတ်ပါ လျှင်လဲ ဆရာတော်ဝေဘန်ချက်ကို လက်တွေ့ ကိုယ်တွေ့ဖြစ်၍ နှစ်သိမ့် ကြေနပ်တော်မူကြပါလိမ့်မယ်၊ တံခါးလေးပေါက်နှင့် စတုက္က ၄-ပါးတွဲရက်ပုံကို သဘောပိုင်လောက်သင့်ပါပြီ၊ အနည်း ငယ်ရှင်းလင်းစရာကလေးတွေ ရှိပါသေးတယ်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာကြီးက လေဝါတ်ကိုအစအလယ် အဆုံး ၃ ချက်ထားပြီးသိမ်းတဲ့အခါမှာ နှုတ်ခမ်းဖျားနဲ့ နှာသီး ဖျားကို အစထားပြီး သိမ်းဆည်းတော်မူပါတယ်၊ အလယ်ကြ တော့ နှလုံးအိမ် ရင်ချိုင့်ကြီး ကို သိမ်းဆည်းတော် မူပါတယ်၊ အဆုံးကြတော့ ချက်တိုင်ကို သိမ်းဆည်းတော်မူပါတယ်။

အဲဒီ အစ အလယ် အဆုံး-၃-ချက် ကို သိမ်းဆည်းတော်မူ လိုက်တော့ အစမှာ နှုတ်ခမ်းဖျားနှင့် နှာသီးဖျားကို သာလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာက အဦး ပြုလိုက်ပါတော့တယ်၊ ငယ်ထိပ် ဦးထောက် ဆိုတဲ့ တံခါးပေါက် ကို မဖေါ်ထုတ်တော့ ပါဘူး၊ မဖေါ်ထုတ်တဲ့အတွက် ပရိယတ်နယ်မှာ ရှိတော်မူကြတဲ့ ပညာရှိ များက တံခါး-၃-ပေါက်သာ ရှိတယ်လို့ ယူကြပါတယ်။

## ဓမ္မစကြာ တံခါး ၄ ပေါက် နှင့် ဝိသုဒ္ဓိမဂ်အဆို

ဓမ္မစကြာ အာနာပါန အဖွင့်က တံခါး လေးပေါက်လို့ ဆိုလိုက်တော့ ဘယ်လိုများ တခုပေါ်လာပါသလဲ၊ဘယ်နေရာက တိုးလာသလဲလို့ အမျိုးမျိုး တွေးတော ဝေဘန် ကြပါတယ်။ ဓမ္မစကြာ အာနာပါနက-၄-ပေါက် ဆိုလိုက်ခြင်းဟာလဲ တိုးလာတာ မဟုတ်ပါဘူး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက မဖေါ်ထုတ်ဘဲ ထားခဲ့တဲ့ ဦးကျောက်အိမ် တံခါးပေါက်ကို ဖေါ်ထုတ်လိုက်လို့ တိုးလာတယ် ထင်ကြတာပါ။

နှုတ်ခမ်းဖျား နဲ့ နှာသီးဖျား အရင်ကို သိမ်းလိုက်လျှင်လဲ ငယ်ထိပ် ဦးကျောက်ဟာ အတွင်းဝင်တာပါဘဲ၊ သို့ရာတွင် ဓမ္မစကြာ အာနာပါန ဖေါ်ထုတ်၍ တခု အနေနှင့် ထားပြခြင်းမှာ ရုပ်တရား နာမ်တရား ရှာဖွေ သိမ်းဆည်းတဲ့အခါမှာ ထင်မြင်လွယ်အောင်လို့ပါ၊ ဖေါ်ထုတ်တဲ့အတွက်လဲ အပြစ် ဒေါသ မရှိသင့်ပါဘူး။

နှုတ်ခမ်းဖျား နှင့် နှာသီးဖျား ကို ဖေါ်ထုတ် ထားသဖြင့် ဦးကျောက်အိမ်ကို ဖေါ်ထုတ်လိုက်ခြင်းသည် ပို၍ ပေါ်လွင် ထင်ရှားပါတယ်။ဒါကြောင့် သဘာဝအရ ဝေဘန်သိမ် ဆည်းလျှင် ဝိသုဒ္ဓိမဂ်က ပြခဲ့တဲ့ သဘောတရား စတုက္ကနဲ့ ဓမ္မစကြာ အာနာပါန က ပြတဲ့ တံခါးပေါက်-၄-ပါး - စတုက္က-၄-ပါးတို့ဟာ သဘောတရားခြင်း နီးရှောနိုင်ပါတယ်။

ဓမ္မစကြာ အာနာပါန လုပ်ငန်းစဉ်ကြီး သည်ကား လောကီ အာနာပါနဟူ၍ မြှမ့် မပါမရှိပါ၊မဂ်တရား-ဖိုလ်တရားတို့ သွားနိုင်တဲ့ ရုပ် နာမ် တရားတွေကို ဖေါ်ထုတ်၍ပြဆိုသွားမည်ဖြစ်ပါ

သောကြောင့် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဓမ္မစကြာနည်းကြီးကို အခြေခံထား၍ အာနာပါနလုပ်ငန်းစဉ်ကို ဖွင့်ပြပါလိမ့်မည်။

ဓမ္မစကြာနည်းဆိုသည်မှာ သစ္စာလေးပါးကို အခြေခံထားပြီး ဓမ္မလေးချက်-မီးခဲတ် လေးပါး-နာမ် ခန္ဓာ-၄-ပါးကို မူထား၍ ပြဆိုသွားသောနည်းပါဘဲ၊ အဲဒီနည်းအတိုင်း အာနာပါနကိုလဲ တံခါး လေးပေါက်-မီးခဲတ်လေးပါး-ပညတ်လေးပါး-ရုပ် နာမ် ၄-မျိုးဖေါ်ထုတ်၍ အာနာပါန လုပ်ငန်းစဉ်ကို အလိုရှိတော်မူကြသော အမျိုးကောင်းသား-အမျိုးကောင်းသမီး တို့သည် လုပ်ငန်းစဉ်၌ သက်ဝင်ယုံကြည်၍ အားထုတ်နိုင်ကြပါစေ။

## တံခါးဒပေါက် ၄-ပေါက် နှင့် ရုပ် နာမ်

အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ တံခါးပေါက်-၄-ပါး ခေါ် စတုက္က-၄-ချက်ကို မူထားလျှင် ရုပ်တရား-နာမ်တရား ကို တွေ့အောင် ဝေဘန် သိမ်းဆည်း ရသော လုပ်ငန်းစဉ်ကြီး ဖြစ်ပါတယ်။

ပဌမ နှုတ်ခမ်းဖျား နှင့် နှာသီးဖျားတံခါးပေါက်မှာ လေရှည် စတုက္က ထင်အောင် ရှုနိုင်လာပါလျှင် ရုပ် နာမ် ကူးသောအခါ နာမရူပ ပရိစ္ဆေဒဉာဏ်စခမ်းတွင် ကူးရပါတယ်၊နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို ကြားနာဘူး ဖြစ်ကြပါသောကြောင့် ကူးနိုင်ကြပါ လိမ့်မယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်ကို သုတမယဉာဏ်ဖြင့် ကြားနာလာခဲ့ ပါတယ်၊ အာနာပါန လုပ်ငန်းစဉ်ကြတော့ ကိုယ်တိုင် တကယ်

အမှန် ကူးလာနိုင်ပါလျှင် နာကြား၍ သိရသော အသိထက် အလုပ်ကို အားထုတ်လို့ သိရသော အသိတရားကသာ၍ ဒိဋ္ဌဓမ္မ ကြုရောက်ပါသဖြင့် ပရမတ် အစစ် ဆိုတာ ဘယ်သဘောဘဲလို့ စိတ်၏ယုံမှားခြင်း ကင်းပြတ်သွားပါလိမ့်မယ်။

ဒုတိယ တံခါးပေါက်မှာ လေတို စတုက္ကကို ထင်မြင်အောင် ရှုမှတ်ပွားများရပါတယ်၊ ရုပ်တရား-နာမ်တရား ကူးသောအခါ တွင် ပစ္စယပရိဂ္ဂဟ ဉာဏ်တွင် ပါဝင်သော ရုပ်-နာမ် တရားကို ထင်မြင်အောင်ကူးရပါတယ်။အဲဒါလဲ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ နာမ်တရားကို အမှူးပြု၍ သိမ်းဆည်းသောဉာဏ် ဖြစ်ခြင်းကြောင့် သုတမယဉာဏ်ဖြင့် ဘယ်လောက်ပင် နာကြားသော်လဲ ရုပ်စစ် နာမ်စစ်ကို တွေ့နိုင်ခဲပါတယ်။

အာနာပါနလုပ်ငန်းစဉ်နှင့်တကယ်မြင်သွားပါလျှင် ရှင်တော် မြတ်ဘုရား၏ သာသနာတော်မှာ ထောက်ရာ တည်ရာ ရရှိမှုမက ကလျာဏအဆင့်အတန်းသို့တက်လှမ်းနိုင်၍ အသိ-၃-မျိုး တို့တွင် ယထာဘူတ အသိသို့ ဉက္ခောင်းသွင်းနိုင်ပါပြီ၊ လူဖြစ်ကျိုးနပ်လှ ပါပြီ၊ သာသနာတော်နှင့်တွေ့ကြုံကျိုးရသွားပါပြီ၊ ဒိဋ္ဌ သရဏဂုံ ဆောက်တည်နိုင်သွားပါပြီ။

တတိယတံခါးပေါက်မှာ နှလုံးအိမ် ရင်ချိုင့်အရပ်ကို ဖွင့်လှစ် သော လုပ်ငန်းစဉ်ဖြစ်၍ ရုပ် နာမ်ကူးသောအခါ ကာလ ၃-ပါး ရုပ် နာမ်ကို ကူးရပါတယ်၊အဲဒီ ရုပ် နာမ်ကို သမ္မသနဉာဏ်စခမ်း လို့ ခေါ်ပါတယ်။ဒီဉာဏ်စခမ်းတွင် ပေါ်ထွက်လာသော ရုပ် နာမ်များသည် ဝိပဿနာလုပ်ငန်းစဉ်တွင် အလွန်အရေးပါသော

ရုပ်နာမ်များ ဖြစ်၍ အာနာပါန လုပ်ငန်းစဉ်ဖြင့် လက်တွေ့ ကိုယ်တွေ့-ဉာဏ်တွေ့-အမှန်တွေ့ လျှင် သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး ကင်းလွတ်နိုင်ပါတယ်။

စတုတ္ထ တံခါး၄-ပေါက်မှာ ချုပ်တိုင်အရပ်တွင် တည်ရှိသော ပရိပါစက မီးခတ်မှ ထွက်ပေါ်လာသော ရုပ်တရား-နာမ်တရား ၂-ပါးကို ရှုရပါမယ်၊ထွက်လေနှင့်ဝင်လေ-၂-ပါးတို့သည် အပြင်သို့ မထွက်တော့ဘဲ ချုပ်တိုင်အရပ်မှာပင် ချုပ်ငြိမ်းနေပါတော့တယ်၊ အဲဒီ-၂-ပါးကထွက်လာတဲ့ ရုပ်နာမ်ကို ဉဒယဗ္ဗယ ဉာဏ်စခမ်းတွင် သွင်းရပါမယ်။

ဒါကြောင့် ဓမ္မစကြာ အာနာပါန လုပ်ငန်း စဉ်ဟာ တံခါး လေးပေါက်- မီးခတ်-၄-ပါး- ပညတ်-၄-ပါး- စတုက္က-၄-ချက် ရုပ်နာမ် လေးမျိုး တို့ဖြင့် စရွေး ကိုက်ညီအောင် အမျိုးကောင်း သား-အမျိုးကောင်းသမီး တို့အား တင်ဆက်ပြသွားပါမယ်၊ မဂ်ဖိုလ်လိုလားတဲ့ ပါရမီရှင်များ ကြိုးစားအားထုတ်နိုင်ကြပါစေ။

## သညာသဘောနှင့် သတိသဘော ထူးခြားပုံ

မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့အတွက် အရေးကြီးသော သိမှတ်ဘွယ် တခု ရှိပါသေးတယ်။ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော သတိပဋ္ဌာန် တရားတော်၌ သတိ သဘောတရား နှင့် သညာ အမှတ်သဘော တို့ဟာ အတူတူဘဲလား၊ သို့မဟုတ် ကွာခြား ပါသလား၊ ကွာခြားပါလျှင် ဘယ်လို ကွာခြားတယ်ဆိုတာ အနည်းငယ် ရှင်းပြလိုပါသေးတယ်။

သညာသဘောကို ဘာသာပြန်ဆိုလျှင် အမှတ်ပြုတဲ့သဘော တရားကို သညာလို့ ခေါ်ဆိုနိုင်ပါတယ်။ သတိ ဆိုတာကတော့ အောက်မေ့တဲ့သဘောလို့ အချို့ဆရာတော်များက ဘာသာ ပြန်ကြပါတယ်။ အောက်မေ့တာနဲ့ မှတ်တာနဲ့ဟာ အတူတူ ဘဲလို့ ယူကြပါတယ်။ အဲဒီလို ယူဆချက် ကိုလဲ မှားတယ်လို့ မဆိုလိုပါ၊သူ့သဘာဝနဲ့-သူ့ယူဆချက်ကို တဘက်က မှားတယ် လို့ ပြောလျှင် အဘယ်မှာ ပြောလို့ရမလဲ။

သဘာဝတွေကလဲ အလွန် များပြား လှပါတယ်၊ သညာသိ သဘာဝ၊ ဝိညာဏ်သိ သဘာဝ၊ပညာသိ သဘာဝတွေရှိနေသဖြင့် သူ့သဘာဝနှင့် သူတော့ မှန်ပါလိမ့်မယ်၊ သို့ရာတွင် မဟာသတိ ပဋ္ဌာန်တွင် ဟောကြားတော်မူသော သတိတရားနှင့် သညာအသိ တို့ကား သဘာဝချင်း မတူကြပေ၊ ပညတ်သဘော နှင့် ပရမတ် သဘော ဆက်စပ်မရအောင် ကွာခြားလျက် ရှိနေပါတယ်။

အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တို့အား သညာ နှင့် သတိထူးခြားပုံကလေးကို ရှေ့ဦးစွာတင်ဆက်ပြပါ ဦးမယ်၊ သို့မှသာ အမှတ်ကလေး စွဲမြဲလျှင် သတိသဘောတရား ဘယ်လိုထွက်လာတယ်၊ ရုပ် နာမ်သဘောဟာ ဘယ်လိုပေါ်လာ တယ်ဆိုဒါကို သိရှိနားလည်နိုင်ပါလိမ့်မယ်။

သညာနှင့် သတိတရားကိုမှ မခွဲခြားနိုင်လျှင် အာနာပါန လုပ်ငန်းစဉ်၌ ရုပ် နာမ်ကူးဆိုလျှင် ပရမတ်ရုပ် နာမ်ကိုတွေ့အောင် မကူးနိုင်ပါ၊ မသိလျှင် ရုပ် သိလျှင်နာမ် ဆိုတဲ့ ပရိယတ် သင်္ဂြိုဟ် သမားတို့ရဲ့ ရုပ် နာမ်မျိုးကို ကူးတတ်လှပါတယ်။

ဣရိယာ ပုထ်လုပ်ငန်းစဉ်ကို အားထုတ်သောအခါမှာလဲ (ဂစ္ဆန္တော ဝါ-ဂစ္ဆာမီတိ ပဇာနာတိ)ဟူသော သတိပဋ္ဌာန်ဒေသနာတော်အရ သွားတယ်-သွားတယ်လို့ ရှုမှတ်သောအခါတွင်လဲ သမာဓိအနည်းငယ်ရလောက်သောအခါ တရားပေးသော ဆရာသမားက ရုပ် နမ်ကူးလို့ အမိန့်ပေးပြန်ပါတယ်။

ဒီအခါမှာလဲပရမတ် ရုပ်နာမ်ကိုတွေ့အောင်မကူးနိုင်ပါ၊သွားတာကရုပ် သိတာကနာမ်လို့သာ ကူးလာခဲ့ပါတယ်၊ ကိုယ်ကူးလာတဲ့ ရုပ် နာမ်ဟာ ပရမတ်အစစ် ရုပ် နာမ်လားလို့ ဝေဘန်ကြည့်သောအခါ သညာဝိညာဏ်သိ ရုပ် နမ်ပါလား၊ ပရမတ်အစစ် ရုပ်နာမ်ဆိုတာ ပညာနဲ့မြင်မှ ပရမတ်အစစ် ရုပ် နာမ်လို့ ခေါ်ဆိုနိုင်ပါတယ်၊ သို့ရာတွင်ကိုယ်ဏာအလုပ်ကိုအားထုတ်လို့ရတဲ့ ရုပ်နာမ်လို့ အထင်ကြီးနေတယ်၊ ဘယ်လိုတဖန်ထပ်၍ ပြုပြင်သိမ်းပိုက်ပြန်သလဲဆိုရင် ငါသွားတာမဟုတ်၊ ခြေထောက်လေးပါးကသွားတာ သွားတာကရုပ်သဘော၊ သိတာကနာမ်လို့ဘဲ ဥက္ကောင်းချယူထားမိပါတယ်။

ယခုသတိပဋ္ဌာန်တရားတော်ကြီးကို ၄-နှစ်ကျော် ၅-နှစ်မနေမနား ကြိုးစားအားထုတ်လာတဲ့အခါမှာ ငါတို့စွဲယူထားတဲ့ ရုပ် နာမ်တွေဟာ သတိပဋ္ဌာန်ထဲ မဝင်နိုင်သေးဘူး၊ ဝင်နိုင်တဲ့ ရုပ် နာမ်ကိုရှာဦးမှဘဲဆိုပြီး အကြိမ်ကြိမ်ပွားများစစ်ဆေးဆင်ခြင်ပါများသော် သတိပဋ္ဌာန်တရားတော်၌ သညာအမှတ်နှင့် သတိသဘောတရားနေပုံတို့၏ မတူကွဲပြားခြားနားခြင်းတို့ကို ဉာဏ်အမြင်ထင်ရှားလာပါတယ်။

ဒီအခါကြမှ ပရမတ်ရုပ်နာမ်အစစ်ကို သတိပဋ္ဌာန်လုပ်ငန်းစဉ်မှ ဆွဲနှုတ်၍ သိမ်းဆည်းနိုင်ပါသဖြင့် ယခုဓမ္မစကြာ အာနာပါနအဖွင့် အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ သညာနှင့်သတိတို့၏ ကွဲပြားထူးခြားပုံကိုရှေ့ပိုင်းက အနည်းငယ် တင်ဆက်ပြရပါဦးမည်။

သညာသိဆိုသည်မှာ ပညတ်ရဲ့သဘောကိုသိတာ သညာသိလို့ဆိုလိုပါတယ်၊ ဘာပညတ်တွေကို မှတ်တာ သိဘာပါလဲ နာမပညတ်ခေါ် ယောကျ်ား-မိမ္မ ပုဂ္ဂိုလ်သတ္တဝါ မောင်ဖြူ မောင်နီစသည်ဖြင့် ခေါ်ဝေါ်သမုတ်ထားသော နာမပညတ်အမျိုးမျိုးတွေနှင့်ယောကျ်ားသဏ္ဌာန် မိမ္မသဏ္ဌာန် အိုးသဏ္ဌာန် ခွက်သဏ္ဌာန်စသော သဏ္ဌာန်အမျိုးမျိုးတွေကို မှတ်တာသိတာကို သညာသိလို့ခေါ်ဆိုနိုင်ပါတယ်။

မျက်စိကမြင်လိုက်တဲ့အခါမှာနားကကြားလိုက်တဲ့အခါမှာ အမျိုးသမီးကြီးတွေ အဆင်းဘဲ အသံဘဲလို့ မဆွဲနိုင်ဘဲဘာကိုသွားဆွဲပါသလဲ၊ နာမပညတ်နှင့် သဏ္ဌာနပညတ် ၂ပါးကို သွားဆွဲကြတယ်မဟုတ်လား၊ဘယ်လိုသွားဆွဲသလဲ မြင်လိုက်တာနဲ့ မောင်ဖြူကိုမြင်တယ်၊ မောင်နီကိုမြင်တယ်၊ ယောကျ်ား-မိမ္မကို မြင်တယ်လို့သွားဆွဲကြပါတယ်။

အရပ်ရှေတယ် အရပ်ပုတယ် လှတယ် ချောတယ်စသည်ဖြင့် သဏ္ဌာန ပညတ်ကိုဘဲ သညာအမှတ်ကလေးက သွားဆွဲတယ် မဟုတ်ပါလား၊ အဲဒီလိုလဲ ဆွဲလိုက်ကရော ကိုယ်ရဲ့စိတ်ဝိညာဏ် အရိပ်မှာ ဘာထွက်လာသလဲဆိုရင် ဣဋ္ဌ အနိဋ္ဌဆိုတဲ့သဘော

ကလေးရှေးဦးစွာထွက်လာပါတယ်၊ ဇာဥ္ဆိုတာက ကောင်းတယ်လို့မှတ်လိုက်တဲ့ သညာဝိပလ္လာသကလေးကို ဆိုလိုပါတယ်၊ အနိဋ္ဌဆိုတာက မကောင်းဘူးလို့မှတ်လိုက်တဲ့ သညာဝိပလ္လာသကိုဆိုလိုပါတယ်။

အဲဒီ ဣဋ္ဌ အနိဋ္ဌ ၂ ပါးလဲပေါ်ထွက်လာပါရော အမျိုးသမီးတွေရဲ့စိတ်ဝိညာဏ်မှာ ဘာတွေဖြစ်လာပါသလဲ၊ ဣဋ္ဌလို့ကောင်းတဲ့သဘောကို ဆွဲလျှင် သုခဝေဒနာ ခံစားကြပါလိမ့်မယ်၊ အနိဋ္ဌလို့ဆွဲလျှင် ဒုက္ခဝေဒနာကို ခံစားကြပါလိမ့်မယ်၊ အဲဒီလို ခံစားလိုက်လျှင်ဘဲ အဘိဇ္ဈာ ဒေါမနဿ လောကဟာ ကိုယ်ရဲ့သန္တာန်မှာပေါ်ထွက်လာပါတော့တယ်။

ဒါကြောင့် သညာရဲ့အမှတ်ဟာ ပညတ်ကိုသာ မှတ်တတ်ပါတယ်၊ ပညတ်ကိုမှတ်လျှင် ဣဋ္ဌ အနိဋ္ဌ ၂ ပါးထွက်ပါတယ်၊ ၎င်း ၂ ပါးထွက်လျှင် သုခဝေဒနာ ဒုက္ခဝေဒနာ ၂ ပါးကြာပိုးလာပြီးလျှင် သုခ ဒုက္ခခံစားပြီးလျှင် အဘိဇ္ဈာ ဒေါမနဿလောကကြီးကို တခါထဲထူထောင်ပါတော့တယ်။

အဲဒီအဘိဇ္ဈာ ဒေါမနဿ လောကကြီး ၂ ပါးထူထောင်နိုင်ရင်ဘဲ မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးလည်ပတ်နိုင်ပါတော့တယ်၊ ဘယ်လိုလယ်ပတ်ပါသလဲ သုခ ဒုက္ခဝေဒနာခံစားလိုက်ရင်ဘဲ တဏှာဥပါဒါန်ဘဝဇာတိဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေ အစဉ်အတိုင်းထွက်ပေါ်နိုင်ပါတယ်။

ဒါကြောင့် သညာရဲ့အမှတ်သဘောနဲ့ သတိသဘောကို အတူတူသွားမယူပါနဲ့၊ သညာရဲ့အမှတ်သဘောကား ပညတ်

တရားကို အနှစ်အသားနှင့် သွားဆဲ့တာပါ၊ သတိသဘောကား ပရမတ်သဘာဝမှ ထွက်ပေါ်လာတဲ့ ပညာရဲ့ရှေ့သွားသဘော တရားပါ သို့မှသာအာနာပါနလုပ်ငန်းစဉ်၌ ရုပ်တရား နာမ်တရား ကူးလျှင် ပရမတ်ရုပ် နာမ်ကို ကူးလို့ရနိုင်ပါတယ်။

## (သတိသဘောနေပုံကိုပြဆိုပါမယ်)

သညာက အာရုံဆွဲပုံကို အာနာပါန အားထုတ်ကြသော ပုဂ္ဂိုလ်များအတွက် သိသာအောင် အနည်းငယ် ဝေဘန်သိမ်း ဆည်းပြလိုက်ပါပြီ၊ သတိတရားသည် အာရုံ၌ကျရောက်တည်နေပုံ ကိုရှင်းပြရပါဦးမယ်။

သတိဆိုသည်မှာ သရဏံ သတိ အသံမွှောဟောလို့ ပိဋကတ် တော်များကဆိုထားသဖြင့် မြန်မာလိုပြန်လျှင် အောင်းမေ့ခြင်း သဘောတရားပါဘဲ အောင်းမေ့ခြင်းဆိုသည်မှာလဲ မတွေ့ဝေ ခြင်းသဘောတရားကို ဆိုလိုပါတယ်၊ ဤ၌တွေဝေခြင်းဆိုသည် မှာ ပညတ်တရားကို ဆွဲခြင်းမျိုးကို ခေါ်ပါတယ်။

အနည်းငယ်ထင်ရှားအောင် ဖွင့်ကြဦးစို့၊ လောက၌ဘာစုံတခု သောအာရုံကိုမဆုံးဖြတ်နိုင်ဘဲ တွေဝေနေသောအခါ တယောက် သောလူက မင်းသတိရပြီလား မမှတ်မိဘူးလား ဘယ်တုံးကငါတို့ ဘာလုပ်လာခဲ့တယ် ပြန်စဉ်းစားလို့ အကြိမ်ကြိမ်သတိကို ဖြစ်စေ ရန်တိုက်တွန်းသောအခါ ထိုသူက စဉ်းစားနေပါတယ်ဆိုပြီးလျှင် အတန်ကြာသောအခါ သတိရပြီ၊ ဘယ်တုံးက ဘာလို့ အာရုံ တွေဝေခြင်းမှ ကင်းပြီးလျှင် ဖြစ်ပေါ်လာခြင်းကို သတိလို့ ဆိုကြတယ် မဟုတ်လား။

မဟာသတိပဋ္ဌာန် ဒေသနာတော်နှင့် ဇဝဘန်သိမ်းဆည်း သုံးသပ်လျှင် သတိတရားသည် ပညာ၏ ရှေ့သွားသဘောတရား တခုဖြစ်ပါတယ်၊ သမ္မာဒိဋ္ဌိခေါ် ပညာကြီးပေါ်ထွက်တော့မည် ဆိုလျှင် သတိတရားသည်၊ရှေ့သွားဖြစ်ပါသည်၊သတိကဆွဲသော အာရုံကိုပင်လျှင် ပညာတရားသည် အစဉ်ဆွဲကိုင်ရပါသည်၊

ဒါကြောင့် သတိတရားသည် ပညာ၏ရှေ့သွားတခုဖြစ်သော ကြောင့် မတွေဝေခြင်းသဘောတရားရှိ၏ဟု ပိဋကတ်တော်ကဖွင့် ဆိုပါတယ်၊ သတိတရားသည် ပညတ်အာရုံနောက်သို့ လိုက်၍ ဆွဲကိုင်ခြင်းမရှိပါ၊ ပရမတ်သဘာဝဆတ်ဆတ် အာရုံကိုသာလျှင် ဆွဲကိုင်သော သဘောတရားဖြစ်၍ ဝိပဿနာ လုပ်ငန်းစဉ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့အား အလွန် ကျေးဇူးပြုသော သဘာဝတရားတခုဖြစ်သောကြောင့် ရှင်တော်မြတ်ဘုရားသည်

သတိဉ္စ ခွါဟံ-ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

စသည်ဖြင့် သုတ္တန်ပါဠိတော်၌ သတိတရားသည် အလုံးစုံသော တရားတို့၌ တည်၏ဟူ၍ ငါဘုရား ဟောတော်မူသည်ဟူသော ဒေသနာတော်ကို ထောက်ရှုလျှင် သတိတရားနှင့် သညာတရား သည် အလွန်ကွာခြားလျက်ရှိကြောင်း ထင်ရှားပါတယ်။

ရှင်တော်မြတ်ဘုရားသည် ဣန္ဒြေငါးပါးတို့၏ အလွန်အယုတ် ကိုဟောကြားတော်မူရာ၌လည်း သတိမှတပါး ၄ ပါးသောဣန္ဒြေ တို့သည်ကား လွန်လျှင်လည်း အပြစ်ရှိတတ်တယ်၊ယုတ်ပြန်လျှင်လဲ အပြစ်ရှိတတ်ပါသဖြင့်(အနှောင့်အသွား)မလွန်သော ဣန္ဒြေများ ဖြစ်ကြပါတယ်။

သတိတရားသည်ကား ဘယ်အခါမျှလွန်သည်မရှိ အစဉ်အားဖြင့် ယုတ်တတ်နေသောကြောင့် သတိကြပ်ကြပ်ထားရန်ကိုပင် ရှင်တော်မြတ်ဘုရားသည် အထူးဆုံးမတော်မူသည်၊ဒေသနာတော်များထောက်ရှုပါလျှင်လဲ သတိတရားသည် ပညာတရား၏ ထွက်ပေါ်ရန် ဦးစီးဦးကိုင်တရားတခုဖြစ်ကြောင်း အလွန်ထင်ရှားပါသဖြင့် လောကအကြောင်းတွင် ဥပမာပြုထားသည်မှာ(ပညာရှိလျက် သတိဖြစ်ခဲ)ဟူသော ဥဒါန်းစကား ထွက်ပေါ်လျက်ရှိပါတယ်။

ထိုသတိတရားသည်ကား မိမိ၏ နှလုံးအိမ်တို့မှာအစဉ်ကိမ်းနေသော သဘောတရားတခု ဖြစ်ပါတယ်၊ အစဉ်ကိမ်းနေတယ်ဆိုသော်လဲ ဖြစ်တဲ့အခါမှာ နှလုံးအိမ်ပစ္စုပ္ပါန်ဝေဒနာအရိပ်မှ ထွက်ပေါ်၍ဖြစ်သောကြောင့် အစဉ်ကိမ်းနေတယ်လို့ ဆိုလိုက်ခြင်းပါဘဲ။

ပစ္စုပ္ပါန်ဝေဒနာအရိပ်မှာ သတိတရားအစဉ်ကိမ်းနိုင်အောင် သတိတရားမြောက်မြားစွာ အားရှိလာအောင် ရှင်တော်မြတ်ဘုရားဟောကြားတော်မူသောမဟာသတိပဋ္ဌာန်တရားတော်များကို လုပ်ငန်းစဉ်အနေဖြင့် အားထုတ်ပွားများပေးမှသာလျှင် သတိတရားသည် အစဉ်ကိမ်းလျက်မြောက်များစွာအားရှိနိုင်ပါတယ်။

သတိပဋ္ဌာန်တရားကို မပွားများလျှင် သတိတရားမြောက်မြားစွာအားမရှိနိုင်သဖြင့် ဆန့်ကျင်ဘက်ရူပါရုံတို့နှင့် တွေ့လိုက်သောအခါ အဘိဇ္ဈာ ဒေါမနဿတရားများ ဖြစ်ပေါ်လာပါတယ်။ ထိုအဘိဇ္ဈာ ဒေါမနဿတရား၂ပါးကို သတိတရားသည် မဖြစ်အောင် စောင့်ရှောက်နိုင်ပါတယ်၊ ပညာတရားကား အဘိဇ္ဈာ ဒေါမနဿတရားပယ်သတ်နိုင်ပါတယ်။

ဒါကြောင့် မဟာသတိပဋ္ဌာန်ပါဠိတော်မှာပင် ရှင်တော်မြတ်ဘုရားက သတိတရားသည် ပညာတရား၏ ရှေ့သွားဖြစ်သဖြင့် သတိတရားမြောက်မြားလာအောင် လုပ်ငန်းစဉ်ကို အားထုတ်ရန် ဆုံးမပေးတော်မူပါတယ်။

ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ
အနိဿိတော စ ဝိဟရတိ

(အနက်) ယာဝဒေဝဉာဏမတ္တာယ ဉာဏ်၏ ပွားခြင်းအကျိုးငှါသာလျှင် ယာဝဒေဝ ပဋိဿတိမတ္တာယ သတိ၏ပွားခြင်းအကျိုးငှါသာလျှင်ရင်း အနိဿိတော စ တဏှာဒိဋ္ဌိတို့ကို မမှီမူ၍လည်း ဝိဟရတိကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်၍နေ၏။

ဤယခုဖော်ပြချက်နှင့်ပင် သညာနှင့်သတိတို့၏ ထူးခြားပုံကို အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ နားလည်လောက်ပါပြီ အာနာပါန လုပ်ငန်းစဉ်တခါးပေါက် ရုပ် နာမ်စခမ်းတွေ့ရောက်မှ သတိ၏ သဘောတရားကို ထုတ်ဖော်ပြပါဦးမည်။

ဤဖော်ပြသော စကားအစဉ်ဖြင့် အာနာပါနလုပ်ငန်းစဉ်၌ အမျိုးကောင်းသား အမျိုးကောင်းသမီးများ သိရှိနားလည်ကြစေရန် အာနာပါနအလုပ်ကို အားမထုတ်သေးမှီ သိသင့်သိထိုက်သော သဘာဝတရားများကို ဤပထမတိတ်ခွေကြိုးတခုနှင့်ပင် အစအဆုံး နိဂုမ်းအုပ်၍ အပြီးသတ်လိုက်ပါပြီ။

သတိပဋ္ဌာန်တရား လုပ်ငန်းစဉ်ကြီးကို အရိုးကြေကြေ အရေခမ်းခမ်း ကြိုးပန်းအားထုတ်တော်မူနိုင်ကြပါစေသော်။

ပဌမတိတ်ခွေ ဘာသာပြန် ပြီး၏၊
၁၃၂၉–ခု၊ ဝါခေါင်လဆုတ်-၄-ရက်နေ့။

# ဓမ္မစကြာမဂ်ဝင်အာနာပါနကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ
( ဒုတိယတိတ်ခွေ-ဘာသာပြန် )

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော မဟာသတိ ပဋ္ဌာန် ဒေသနာတော်အရ အာနာပါနလုပ်ငန်းစဉ်ကြီး ဖွင့်လှစ် တော်မူရာ ပဌမတိတ်ခွေ ပြီးစီးသွားပါပြီ၊ ယခု ဒုတိယ တိတ်ခွေ တွင် အာနာပါနလုပ်ငန်းစဉ်ကြီးကို အမျိုးကောင်းသား, အမျိုး ကောင်းသမီးများ အားထုတ်ပွားများနိုင်ကြစေရန် ဓမ္မစကြာ ဖြန့်ချိရေးဌာနမှ ဓမ္မစကြာ နာယကဆရာတော် ဟော ကြား တော်မူသော ဟောစဉ်အတိုင်း ဘာသာပြန်ဆိုပါမယ်။

အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ပဌမတိတ်ခွေတွင် ဟောကြားတော်မူသည့်အတိုင်း ပဌမတံခါး ၄-ပေါက်နေပုံကို သိရှိနားလည်ထားရပါမယ်။ ဒုတိယ မီးခာတ် ကြီး ၄-ပါး တည်နေပုံကိုလဲ သဘောတရား နားလည်ထားရပါ မယ်။ တတိယ ပညတ်လေးပါးကိုလဲ နားလည်ရပါမယ်။

အဲဒီ ၃-မျိုးနားလည်မှသာလျှင် အားထုတ်နိုင်ပါလိမ့်မယ်။ လိုရင်းအချုပ်မှာ တရားအားထုတ်တယ်ဆိုကတဲက ငါတို့ပညတ် လေးပါးထင်မြင်အောင် ဘယ်လိုရှုရမလဲဆိုတာကို ရှေ့ဦးစွာ ဦးစိုက်ရပါမယ်။ ပညတ်ရိပ်ထင်လာမှသာလျှင် လုပ်ငန်းစဉ်ကြီးကို အဆင့်ဆင့်တက်၍ ရနိုင်ပါတယ်။ ပညတ်လေးပါး ထင်ပေါ် ပုံကို ထုတ်ဖော်ကြဦးစို့။

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ သတော၀၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ အဿသတိ၊ ထွက်သက်ကိုဖြစ်စေ၏။ သော၊ ထို ယောဂါဝစရပုဂ္ဂိုလ်သည်။ သတော၀၊ သတိနှင့် ပြည့်စုံသည်ဖြစ် ၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏ဟု ဟောကြားတော် မူတဲ့အတိုင်း အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ် တိုင်း နောက်ကပြခဲ့တဲ့ အင်္ဂါ ၃-ပါး၊ တနည်း အင်္ဂါ ၅-ပါးဟာ အလွန်ဘဲ အရေးကြီးလှပါတယ်။

ဤအင်္ဂါများမပြည့်စုံလျှင် အာနာပါန ဘာဝနာကို ပွားများ သော်လဲ ပညတ်ရိပ်ထင်မြင်နိုင်ခဲပါတယ်။ ပညတ်ရိပ် ထင်မြင်မှု ဟာ အပင်ပန်းခံ၍လုပ်မှလဲ ထင်မြင်နိုင်ပါတယ်။ ပေါ့ပေါ့ဆဆ အားထုတ်ရုံနှင့် မထင်မြင်နိုင်ပါ၊ သို့ရာတွင် အချို့ပုဂ္ဂိုလ်များမှာ နောက်က အားထုတ်လာတဲ့ သမထရိပ်ရှိကြသဖြင့် ထင်မြင်မှုဟာ လျှင်မြန်တတ်ပါတယ်၊ ရုပ်နာမ်ကူးလောအခါ ပညတ်ထင်မြင် လွယ်သော ပုဂ္ဂိုလ်များဟာ အခက်အခဲနှင့် တွေ့ကြုံတတ်လှ ပါတယ်။ (အတူးသတိပြုပါ)။

## အာနာပါန သဘောတရားနေပုံ

အာနာပါန လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အနည်းငယ် ပြောပြ စရာကလေးတွေ ရှိနေပါသေးတယ်၊ အဲဒီ သဘောတရားကလေး တွေကို အားထုတ်တဲ့ ပုဂ္ဂိုလ်များ သိရှိနားလည်ရန် ပြောပြ ပါဦးမယ်။

အာနာပါန လုပ်ငန်းစဉ်ကို ရှင်တော်မြတ်ဘုရားသည် ဘယ် သဘာဝ ပေါ်မှာတည်ပြီး ဖွင့်တော်မူပါသလဲလို့ ရှေးဦးစွာ ဝေဘန် ဆင်ခြင်သုံးသပ် ပါသော်၊ ရှင်တော်မြတ်ဘုရား မပွင့်

သော်လဲ အာနာပါန တရားတော်ကြီးဟာ အစဉ် ရှိနေသော တရားတခု ဖြစ်ပါတယ်။ ကမ္ဘာလောကကြီး တည်ရှိလာလျှင် သတ္တဝါတွေ ရှိရမြဲ ဓမ္မတာသဘော ဖြစ်ပါတယ်။ သတ္တဝါတွေ ရှိပြန်တော့လဲ တရားတော်ဟာ စောင့်ရှောက် ထိန်းသိမ်းတဲ့ အနေနဲ့ ရှိရပါတယ်။

အဘယ်တရား အလိုလို ထွက်ပေါ်၍ ရှိလာပါသလဲ၊ အာနာပါန တရားတော်ကြီးဟာ သတ္တဝါတို့၏ မနောကမ္မ ဘာဝနာသဘောဖြင့် အလိုလိုထွက်ပေါ်လာပါတယ်၊ ဘုရားရှင် မပွင့်သော်လဲ အာနာပါနဘာဝနာဖြင့် လူပြည် နတ်ပြည် ဗြဟ္မာ့ ပြည်အစရှိတဲ့ သံသရာကြီးကို ကြင်လည်သွားလာကြတဲ့ ပုဂ္ဂိုလ် တွေဟာ အနန္တပါဘဲ၊ အာနာပါနဘာဝနာဖြင့် စျာန်တရားတွေ ရရှိပြီး ဗြဟ္မာ့ပြည်သို့ ရောက်ကြရပါတယ်။

အာနာပါနတရားတော်ကြီးကို မဂ်ဖိုလ်လုပ်ငန်းစဉ်အနေဖြင့် ဝါတော် ၂၀ ရမှ ဟောကြားတော်မူခြင်းမှာလဲ ရှင်တော်မြတ် ဘုရား၊ ဘုရားဖြစ်တော်မူတဲ့အခါမှာ လောကီ အာနာပါန လမ်းတွေ တန်ခိုးအမျိုးမျိုး ပြနေကြပါတယ်၊ ဒိဋ္ဌိဆ ၇ ကြီး ၆ ယောက်တို့ကလဲ လောကီအာနာပါနလမ်းဖြင့် လူအပေါင်း တို့ကို မိမိတို့၏ ဂိုဏ်းဝါဒသို့ဆွဲသွင်းလျက်ရှိနေကြပါတယ်။

ဒါကြောင့် မဂ်ဖိုလ်အာနာပါနကို ချက်ခြင်းပြတော်မမူဘဲ ဝါတော် ၂၀ ကျော်မှ ပြတော်မူပါတယ်၊ ချက်ခြင်းပြလျှင် လောကီအာနာပါနတွေနဲ့ ကူးရှက်ပြီးလျှင် အပြစ်အမျိုးမျိုး

ပေါ်ထွက်လာပါလိမ့်မယ်၊ တရားခြင်း ယှဉ်ပြိုင်ကြပါလိမ့်မယ်၊ အားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ အထွေးအရှုတ်တွေ ဖြစ်လာတတ်ပါတယ်၊ ဒါ့ကြောင့် ချက်ခြင်းမဟောကြားဘဲ ငြိမ်လင့်တော်မူတယ်လို့ ယူဆနိုင်ပါတယ်။

## (အာနာပါနနှင့် စရိုက်ကြမ်း)

ဝိပဿနာ လုပ်ငန်းစဉ်အနေနဲ့ စရိုက်ကြမ်းကို ဝေဘန်သိမ်းဆည်းကြည့်လိုက်လျှင် ပိဋကတ်တော်မှာပါတဲ့ စရိုက်၆ပါး အပြင် အာရုံ၆ပါး၊ ဒွါရ၆ပါးနှင့် ပေါင်းဆုံကြတဲ့အခါမှာ လျှပ်ပေါ်လော်လီတဲ့ စိတ်ခါတ်ကလေးတွေ ထွက်ပေါ်လာတာလဲစရိုက်ကြမ်းပါဘဲ၊ အဲဒီစရိုက်ကြမ်းတွေကို အာနာပါနလုပ်ငန်းစဉ်ကြီးက ခေတ္တခနငြိမ်သွားအောင် ချိုးနိုင်ပါလိမ့်မယ်၊ အဲဒီစရိုက်ကြမ်းကြီးတွေ ချိုးဖျက်ပေးနိုင်လျှင်ဘဲ ဝိပဿနာလုပ်ငန်းစဉ်မှာ အားထုတ်ကြတဲ့ပုဂ္ဂိုလ်များမှာ ဆောက်တည်ရာရနိုင်သည်ဟုဆိုလိုက ဆိုနိုင်ပါတယ်။

ဒါ့ကြောင့် အာနာပါနလုပ်ငန်းစဉ်ကြီးဖြင့် မဂ်တရားဖိုလ်တရားတိုက်ရိုက် မတတ်နိုင်စေကာမူ မိမိမှာရှိတဲ့စရိုက်ကြမ်းကြီးတွေချိုးဖဲ့ဖျက်ဆုံးနိုင်တယ်ဆိုရင်ဘဲ ကာယကံသောင်းကျန်းမှုကြီးတွေ ဝစီကံသောင်းကျန်းမှုကြီးတွေ မနောကံထကြွသောင်းကျန်းမှုကြီးတွေ သက်သာလာပါတယ်။

သက်သာလာရင်ဘဲ ဝိပဿနာအလုပ်ကို နိုင်နိုင်နင်းနင်းအားထုတ်လာနိုင်ပါတယ်၊ ရုပ်တရား နာမ်တရား၂ပါးတို့ကိုလဲ အာနာပါနာလုပ်ငန်းစဉ်က ထင်မြင်နိုင်လွယ်ပါတယ်၊ဒါ့ကြောင့်

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဝိနည်းပိဋကတ်တော်ကြီးမှာ အာနာပါနအကျိုးတရားတွေကို ထုတ်ဘော်ဆုံးမတော်မူပါတယ်။

အယမ္ပိခေါ အာနာပါနဿတိသမာဓိ သန္တောစေဝ ပဏီတောစ

ဘိက္ခဝေရဟန်းတို့ အယမ္ပိခေါ အာနာပါနဿတိ သမာဓိ ဤထွက်သက်ဝင်သက်ဟုဆိုအပ်သော အာနာပါန သမာဓိသည် သန္တောစေဝ ငြိမ်သက်သည်ဖြစ်၍ရှင်း၊ ပဏီတောစေဝ မွန်မြတ်သည်ဖြစ်၍ရှင်း စသည်ဖြင့် ရှင်တော်မြတ်ဘုရားဟောကြားဆုံးမတော်မူပါတယ်။

အင်မတန်မှ ငြိမ်သက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်၊ အလွန်မွန်မြတ်တဲ့ လုပ်ငန်းစဉ်လဲဖြစ်ပါတယ်၊ အထက်တန်းမှာရှိကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေမှ ပွားများနိုင်တဲ့ အာနာပါန လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်းကို ဝိနည်းပိဋကတ်တော်မှာ အထင်အရှားဖွင့်ဆိုထားတော်မူပါတယ်။

ဤအာနာပါနလုပ်ငန်းစဉ်ကြီးဟာ ဘာ့ကြောင့် ငြိမ်သက်ပါသလဲ၊ ဘာ့ကြောင့်မွန်မြတ်ပါသလဲလို့ အကြောင်းကို မေးမြန်းဆင်ခြင်လိုက်တဲ့အခါ ဤဝိနည်းပါဠိတော်မှာပင် နောက်ထပ်၍ ရှင်တော်မြတ်ဘုရားက ထုတ်ဘော် ဆုံးမတော်မူပြန်ပါတယ်၊ အသေစနကောစ မသွန်းလောင်းသည်ဖြစ်၍ရှင်း၊ သုခေါစ ချမ်းသာသည်ဖြစ်၍ရှင်း၊ ဝိဟာရောနေခြင်းသည် ဟောတိဖြစ်၏။

ဤမျှတွင်မကသေးပါ၊ ဥပ္ပန္နုပ္ပန္နဖြစ်ကုန်-ဖြစ်ကုန်ပြီးသော ပါပကေယုတ်မာကုန်သော အကုသလေ ဓမ္မေ အကုသိုလ်တရားတို့ကို ဌာနသော ဖြစ်ရာအရပ်မှ အန္တရဓာပေတိ ကွယ်စေ၏၊ ဝူပသမေတိ ငြိမ်းစေ၏ဆိုတဲ့ အကျိုးတရားကြီးတွေကို အာနာပါနလုပ်ငန်းစဉ်ကိုအားထုတ်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မျက်မှောက်ခံစားနိုင်ကြပါတယ်၊ အဲဒီ အကျိုးတရားကြီးတွေကို သိရှိနားလည်အောင် အနည်းငယ် တင်ဆက်ပြပါဦးမယ်။

## အာနာပါန အကျိုးတရားများ

သန္တောစေဝ ဆိုသော အကျိုးတရားမှာကား အာနာပါနလုပ်ငန်းစဉ်သည် အလွန်ငြိမ်သက်သော လုပ်ငန်းစဉ်ဖြစ်သည်။ အသုဘ ဘာဝနာများကား ရုန့်ရင်းကြမ်းထမ်းသော ဘာဝနာများဖြစ်ချေ၏။ လူ့သေကောင်ကြီး တခုလုံးကို ၁၀-မျိုးခွဲခြား၍ ရှုရပါသောကြောင့် သာမန်ပုဂ္ဂိုလ်မရှုနိုင်ပါ။ မကောင်းတဲ့ အစော်-အနံ့-သွေး-ပြည်-ပိုးလောက်တို့ဖြင့် တဖွားဖွားပေါ်ထွက်နေသော အသုဘကောင်ကို ရှုရခြင်းသည် ကမ္မဋ္ဌာန်းအာရုံ၌ အဘယ်မှာလျှင် ငြိမ်သက်မှုရနိုင်ပါမလဲ။

သာမန်ပုဂ္ဂိုလ်များ မကြည့်ရှုဝံ့သောအာရုံကို ကမ္မဋ္ဌာန်းရှုနိုင်ခြင်းသည် အလွန်တည်ကြည်ခန့်ကြမ်းသော စိတ်ရှိသော ပုဂ္ဂိုလ်မျိုးမှသာ ဖြစ်နိုင်ပါတယ်။ အာနာပါန ဘာဝနာသည်ကား ဤကဲ့သို့မဟုတ်ပေ၊ အားထုတ်တဲ့အခါမှာလဲ ဟိုဟာ ဒီဟာကိစ္စ ရှာဖွေရခြင်းလဲမရှိပါ။ အလွယ်တကူနဲ့ဘဲ အားထုတ်နိုင်သဖြင့် ကြောင့်ကြမှုလဲ နည်းပါးလှပါတယ်။

နိမိတ်ယူတဲ့အခါမှာလဲ ခန္ဓာကိုယ်မှာရှိတဲ့ ထွက်သက်ဝင်သက် ၂ ပါးကိုသာ နိမိတ်ယူပါသဖြင့် ရှုန့်ရင်းကြမ်းထမ်းခြင်းမရှိပါ။ သဘာဝကပင် ငြိမ်သက်သော သဘောတရားရှိနေပါတယ်။ အသုဘ ဘာဝနာမျှားကား ထိုကဲ့သို့မဟုတ်သဖြင့် ကမ္မဋ္ဌာန်းနိမိတ်ဟာ အလွန်ဘဲရှုန့်ရင်းလှပါတယ်။

ကမ္မဋ္ဌာန်းအားထုတ်ရန် နေရာဋ္ဌာနကို ဝေဘန်ကြည့်လျှင်လဲ (၁)တောအရပ်။ (၂)သစ်ပင်ရင်း။ (၃)ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းတိုက်၊ ဤအရပ်များတွင်သာ အာနာပါန ဘာဝနာတို ပွားများအားထုတ်နိုင်ပါသဖြင့် အရပ်ဋ္ဌာနကလဲ ငြိမ်သက်သော အရပ်ဋ္ဌာနဖြစ်၍ ၃-ချက် ကိုက်ညီနေပါတယ်။

(၁) အရပ်က ငြိမ်သက်ခြင်းအကျိုးတပါး။
(၂) ကမ္မဋ္ဌာန်းနိမိတ်၏ ငြိမ်သက်ခြင်းအကျိုးတပါး။
(၃) အားထုတ်တဲ့ ဘာဝနာကံ၏ ငြိမ်သက်ခြင်းအကျိုးတပါး။

ဤ ၃-ပါးသော ငြိမ်သက်ခြင်းတို့နှင့် ပြည့်စုံခြင်းကို ရှင်တော်မြတ်ဘုရားက သန္တောစေဝဟုထုတ်ဘော်၍ဆုံးမတော်မူပါတယ်။ သန္တောစေဝ ဟု ဟောကြားတော်မူသော ဘုရားစကားတော်ကို ထောက်ရှုတော်မူကြ၍ ယခုအခါ သာသနာတော်နောက်ပိုင်းတွင် အာနာပါနဘာဝနာကို အားထုတ်ရာ၌ အသက်ကို ပြင်းပြင်းရှူရှိုက်ပြီးလျှင် တကိုယ်လုံးချွေးတွေ နှပ်တွေ ထွက်ရုံမျှမက သတိလစ်အောင် ပွားများလုပ်ဆောင် အားထုတ်ခြင်းတို့သည်။ သန္တော

ဇေဝ စကားတော်နှင့် ညီညွတ် မညီညွတ်ကို စဉ်းစားဝေဘန် တော်မူကြစေလို၏။ (အပြစ်မဆိုလိုပါ)။

ပဏ္ဍိတောစ ဆိုသည်မှာ အာနာပါန ဘာဝနာ၏ မွန်မြတ်ခြင်းကို ဆိုလိုတယ်။ မွန်မြတ်တဲ့ ဘာဝနာဖြစ်ခြင်းကြောင့် အထက်တန်း ဉာဏ်ရှိတော်မူကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေမှသာလျှင် ဤဘာဝနာကို အစ-အဆုံး အားထုတ်နိုင်ပါတယ်။

အောက်တန်းဉာဏ်ရှိကြတဲ့ ပုဂ္ဂိုလ်များမှာ သညာ ဝိညာဏ် အစွဲနှင့် အားထုတ်ပါသော် အစ-အဆုံး ပြီးစီးအောင် မလုပ်နိုင်ဘဲ၊ အစမှာသော်၎င်း၊ အလယ်မှာသော်၎င်း၊ ထင်နိုင်ခဲတယ် ဆိုပြီး စိတ်ပျက်၍ ဝီရိယဓာတ်ကို ရှေ့မဆောင်လျှော့ချလိုက်ပါ လိမ့်မယ်။

ဥပမာ ရှင်တော်မြတ်ဘုရား၏ သာသနာတော်သည် ဖြူစင်သော စိတ်ဓာတ်ရှိတော်မူကြသော သူတော်ကောင်းတွေ ပျော်မွေ့ကြသော်လဲ သူယုတ်မာတို့မှာကား မပျော်မွေ့သကဲ့သို့၎င်း၊ အာနာပါနဘာဝနာသည်လည်း မွန်မြတ်သော ဘာဝနာဖြစ်၍ တရားလိုချင်ကြသောပုဂ္ဂိုလ်တို့မှသာလျှင် အဆင်းရဲ အပင်ပန်းခံ၍ အားထုတ်နိုင်ပါတယ်။

ဒါ့ကြောင့် ရှင်တော်မြတ်ဘုရားက ပဏ္ဍိတောစေဝ လို့ အာနာပါန ဘာဝနာဂုဏ်ကို ထုတ်ဘော်၍ ချီးမွမ်းတော်မူပါတယ်၊ ထုတ်ဘော်၍ ချီးမွမ်းတော်မူသဖြင့် အားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာလဲ မိမိတို့၌ မွန်မြတ်သောပုဂ္ဂိုလ်တဦးအဖြစ်ကိုရခြင်း ဟူသော အကျိုးတရားပြည့်စုံနိုင်ပါတယ်။

ဤ ယခုဖော်ပြလိုက်တဲ့ အကျိုးတရားများကား သာမန် အကျိုးတရားမျှ ဖြစ်ပါသေးတယ်။ ရှေ့ကိုဆက်လက်၍ ဝိနည်း ပါဠိတော်မှာပင် အောက်ပါအကျိုးတရားများကို ထုတ်ဖော်၍ ပြဆိုထားပါသေးတယ်။

အသေစနကောစ ဆိုသည်မှာ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ ရူပါရုံ သဒ္ဒါရုံစတဲ့ အာရုံတွေနဲ့ တွေ့လိုက်တဲ့အခါမှာ စိတ်ကို မထိန်းနိုင်ဘဲ ဥပမာ ရေအိုးကြီးကို သွန်မှောက်လိုက်တဲ့ အခါမှာ ရေတွေဟာ ဖရိုဖရဲ ကျဆင်းသွားသလိုပါဘဲ၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ် တွေဟာလဲ၊ အဆီး အတား အပိတ် အပင် မရှိတော့ မြင်လိုက်တဲ့ ရူပါရုံကလေးကို ငန်းငန်းတက် ဆွဲကိုင်တတ်ပါတယ်။

ငန်းငန်းတက်ဆွဲကိုင်လိုက်တယ်ဆိုလျှင်ဘဲအဘိဇ္ဈာဒေါမနဿ ချစ်ခြင်း,မုန်းခြင်း ၂ ပါး ထွက်ပေါ်လာပြီးလျှင် တဏှာ-ဉပါဒါန် ဘဝ ဆိုတဲ့ တရားတွေ ယိုစီး ထွက်ပေါ်လာတော့ပါတယ်။ အာနာပါန ဘာဝနာရှိကြတဲ့ပုဂ္ဂိုလ်တွေကြတော့ သတိတရားက ပိတ်ဆို့စောင့်ရှောက်ထားသဖြင့် ရေအိုးကြီးသွန်မှောက်သော်လဲ ရေမထွက်နိုင် ဖြစ်သလို သတိ ပိတ်ဆို့ ထားမှုကြောင့် အာရုံ၏ အပေါ်မှာ တဏှာတွဲ, မာနတွဲ, ဒိဋ္ဌိတွဲ ငါတွေ မထွက်နိုင်ခြင်းကို ရှင်တော်မြတ်ဘုရား-- အသေစနကောစ မသွန်းလောင်းသည် ဖြစ်၍ငင်း ဟု အကျိုးတရားကို ထုတ်ဖော် ဆုံးမတော်မူပါတယ်။

အလွန် ဒေါသကြီး၍ ချုပ်တည်းမရနိုင်သော ပုဂ္ဂိုလ်များ လောဘကြီး၍ စားမှု ဝတ်မှု ပစ္စည်းရှာဖွေမှု ၌ မသိမ်းဆည်း နိုင်သော ပုဂ္ဂိုလ်များ၊ မောဟကြီး၍ အာရုံကို အမြဲဖုံးလွှမ်းခြင်း

ခံနေကြရသော ပုဂ္ဂိုလ်များ၊ ထိနမိဒ္ဓ အားကြီး၍ အမြဲတစေ ထိုင်းမှိုင်း တွေဝေ နေသော ပုဂ္ဂိုလ်များ၊ ဝိစိကိစ္ဆာ အားကြီး၍ သို့လော သို့လော တွေးတော ယုံမှားနေသော ပုဂ္ဂိုလ်များသည် အာနာပါန ဘာဝနာကို ပွားများပါက အထက်ပါ အပြစ်ဒေါသ တို့မှ ကင်းစင်၍ ကြည်လင်ခြင်း သုခ ဂုဏ်ကို တိုးပွား ပြည့်စုံစေနိုင်ပါတယ်။

ဤမျှတွင် မကသေးပါဘူး၊မြင်လိုက်တဲ့ အခါ-ကြားလိုက်တဲ့ အခါမှာ-လျှပ်ပေါ်လော်လီတဲ့ တဏှာဟာ-အန္ဓ ပုထုဇဉ် ပုဂ္ဂိုလ်တွေမှာ အဆိုးဆုံးပါဘဲ၊လျှပ်ပေါ်လော်လီတယ် ဆိုတာ အခြား မဟုတ်ပါဘူး၊ ချောတယ်-လှတယ် ဆိုတဲ့ ရုပ်ရုံကလေးကို တွေ့လိုက်ရင်ဘဲ-သာမညအားဖြင့်-ချစ်တယ်-ကြိုက်တယ်ဆိုသလောက်ကလေး မထားနိုင်ဘဲ၊ အိမ်ထောင်ဘက် ပြုလုပ်လိုတဲ့ ဆန္ဒအထိ ဖြစ်မှားခြင်းမျိုးကို လျှပ်ပေါ် လော်လီ တယ်လို့ ဆိုပါတယ်၊ အဲဒီ တဏှာဆိုးကြီးကို အာနာပါန ဘာဝနာက- နွားကြမ်းများကို နဖါးထိုး၍ ကြိုးချီနှောင် ဖွဲ့ထားသလို ပွားများတဲ့ ပုဂ္ဂိုလ်အား မကျရောက်အောင် စောင့်ရှောက်ထိန်းသိမ်းထား နိုင်ပါတယ်။

အဲဒီလို စောင့်ရှောက် ထိန်းသိမ်းနိုင်တဲ့ အတွက် ရှင်တော်မြတ်ဘုရားက အာနာပါန ဘာဝနာကို အသေစနကောစ မသွန်းလောင်းသည်ဖြစ်၍ရှင်း လို့ ဟောကြား ဆုံးမတော်မူပါတယ်။ ဤအကျိုးတရားသည် အာနာပါနဘာဝနာကိုပွားများတော်မူကြသော ပုဂ္ဂိုလ်တိုင်း ကိုယ်တွေ့ ဒိဋ္ဌ ခံစား သုံးဆောင်ရသော အကျိုးတရားများ ဖြစ်ပါတယ်။

ဤအကျိုးတရားတွင် မဟုတ်သေးပါဘူး၊ သုခေါစ ဆိုတဲ့ အကျိုးတရားလဲရှိပါသေးတယ်။ ဤအကျိုးတရားကို မရှင်းပြမီ စိတ်ချမ်းသာမှုနှင့် ကိုယ်ချမ်းသာမှု ၂-ပါးနေပုံကို အနည်းငယ် ရှင်းပြလိုပါသေးတယ်။

## ဥစ္စာပစ္စည်းရှိလျှင် အန္ဓတွေက သုခလို့ထင်

လောကမှာ ရှိကြတဲ့ ယောကျ်ား-မိန်းမ-အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တွေက ပစ္စည်းချမ်းသာလျှင် သုခရှိတယ်လို့ ထင်မှတ် နေကြတယ်။ ပစ္စည်းမရှိ ဆင်းရဲနွမ်းပါးလျှင် သုခမရှိဘူးလို့ ထင်မှတ် နေကြပါတယ်။ အဲဒီ ထင်မှတ်ချက်ဟာ ရာခိုင်နှုန်း ၂၅-လောက်တော့ မှန်နိုင်ပါလိမ့်မယ်။

အဘယ်ကြောင့်ဆိုသော် လူတယောက်မှာရှိသော လောဘ ပင်လယ်ကြီး အတောမသတ်နိုင်အောင် အလွန်ကျယ်ဝန်းပါ သောကြောင့် ပစ္စည်း ချမ်းသာမှုနဲ့ လောဘ ပင်လယ် ကျဉ်း မြောင်းမသွားနိုင်ပါ၊ ကျယ်သည်ထက် ကျယ်လာပါတယ်။ ကျယ်လာလေ-ဒုက္ခနယ်ကြီးကို ချဲ့လေလေ ဖြစ်လာပါသဖြင့်-စိတ်ချမ်းသာမှု-ကိုယ်ချမ်းသာမှုကို ဖျက်ဆီးလေလေ ဖြစ်လာ တတ်မှုကို သဘာဝထုတ်၍ စဉ်းစားဆင်ခြင်ပါ၊ သဘာဝကို တွေ့လာပါလိမ့်မယ်။

အာနာပါန ဘာဝနာကို ပွားများလာသောအခါ အာရုံ ၆-ပါးတို့၏အပေါ်၌ ကျရောက်တတ်သော လောဘ-ဒေါသ-

မောဟ တို့ကို သတိတရားဖြင့် စောင့်ရှောက် ထိန်းသိမ်းနိုင်ပါသဖြင့် အပ္ပိစ္ဆတာ ခေါ် အလိုနည်းသောဂုဏ်၊ သန္တုဋ္ဌိတာ ခေါ် ရောင့်ရဲလွယ်သောဂုဏ်၊ ဤဂုဏ် ၂-ပါး ထင်ရှားထွက်ပေါ်လာသဖြင့် လောဘပင်လယ် ကျဉ်းမြောင်းသွားပါတယ်။

ဒါကြောင့် ရှင်တော်မြတ်ဘုရားက အာနာပါနဘာဝနာ၏ အကျိုးတရားကို ထုတ်ဖော်သောအခါ သုခေါစ ဝိဟာရတိ၊ သုခေါ၊ ကိုယ်စိတ် ၂-ဖြာ ချမ်းသာသည်ဖြစ်၍လည်း။ ဝိဟာရတိ၊ နေရ၏ လို့ အကျိုးတရားကို ထုတ်ဖော်ဆုံးမတော်မူပါတယ်။

စိတ်မချမ်းသာမှု ကိုယ်မချမ်းသာမှုနှင့် တွေ့နေကြတဲ့ပုဂ္ဂိုလ်တွေမှာ ဤအာနာပါန ဘာဝနာကို ပွားများတော်မူကြပါလျှင် တခနချင်းအာရုံကို သိမ်းဆည်းနိုင်ကြသဖြင့် ကိုယ်စိတ်ချမ်းသာမှုကို ချက်ခြင်းပေးစွမ်းနိုင်ပါတယ်။ ပစ္စည်းဥစ္စာဘယ်လောက်ပင်ချမ်းသာသော်လဲ တကယ်ချမ်းသာတယ်လို့ မယူနိုင်ပါ၊ အတွင်းရေးကို ဝင်ရောက်ကြည့်ပါက သဘာ်အူ ကလိန်ခြုံကြီးများလို ရှုတ်ထွေးနေတတ်ကြပါတယ်။

ဒီမျှတင်မကသေးဘူး၊ ဖွံ့ဖြိုးနေ ကြီးများလို ကြိမ်မီးအုံးကြီးများလို၊ ပြာပုံကြီးများလို၊ စီးပွားချမ်းသာတဲ့ပုဂ္ဂိုလ်များပင် ကိုယ်တွေ့လက်တွေ့ ခံစားသုံးဆောင်နိုင်ကြပါတယ်။ ဒါကြောင့် အာနာပါနဘာဝနာ၏ အကျိုးတရားကို အားထုတ်ပါလျှင် ကိုယ်တွေ့မျက်မှောက် တွေ့ကြပါမယ်။

ဥပ္ပန္နုပ္ပန္နေ ပါပကေ အကုသလေဓမ္မေ ဌာနသော
အန္တရဓာပေတိ ဝူပသမေတိ။

ဟောတော်မူသောအကျိုးတရားသည်ကား ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့သည် တဖန်ပြန်လည်မဖြစ်ပေါ်နိုင်တော့ဘဲ မိမိ၏ ဖြစ်ရာဌာန အရပ်မှာပင် ကွယ်ပျောက် ငြိမ်းစေနိုင်သော အကျိုးတရားပင်ဖြစ်ပါတယ်။

အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ သဘောတရားမှာ တကြိမ် ဖြစ်ပြီးသော အကုသိုလ်တရားတွေကို အကြိမ်ကြိမ်ဖြစ်အောင် အာရုံကို လှုံ့ဆော်ပေးတဲ့သဘောတရားအစဉ်ရှိနေကြတယ်။ စိတ်ဆိုးစရာလေးတွေ၊ အမျက်ထွက်စရာလေးတွေ၊ ရန်ညှိုးဖွဲ့စရာလေးတွေ၊ နှိပ်စက်ချုပ်ချယ်စရာလေးတွေ ရှိနေရင်ဘဲ ဒီအာရုံကို မကြာခန ဆွဲကိုင်တတ်တဲ့ အလေ့ဆိုးရှိနေတယ်။

အဲဒီအာရုံဟာ ဖြစ်ပြီးတဲ့ အာရုံဖြစ်သောကြောင့် ဥပ္ပန္နုပ္ပန္န လို့ ခေါ်ဆိုနိုင်ပါတယ်။ အဲဒီ အကုသိုလ်မျိုးကို အာနာပါန ဘာဝနာက တားမြစ်ပိတ်ပင်နိုင်ပါတယ်။ စောင့်ရှောက်ပိတ်ပင်နိုင်ခြင်းဟာ အလွန်တရာမှ အဘိုးတန်လှပါတယ်။ အန္ဓပုထုဇဉ်တို့ လောကတကြိမ်ဖြစ်ဘူးတဲ့ အတိတ်အာရုံခေါ်အကုသိုလ်ပင်လျှင် အကြိမ်ကြိမ် ဖြစ်လာအောင် မီးထပ်ပြီး မွှေးတတ်လှပါတယ်။ ကျွဲများ နွားများ စားမြုပ်ပြန်သလို ထပ်ပြီးအတိတ်ကို ဆွဲတတ်လှပါတယ်။

အတိတ် အာရုံကို ကြပ်ကြပ်ဆုပ်တဲ့ ပုဂ္ဂိုလ်ဟာ အိပ်ယာထဲ ဝင်သော်လဲ ပြူးကနဲ အိပ်မပျော်ဘဲ ဟိုတွေး ဒီတွေး ဖြစ်ပြီး

တော်တော်ကြာရင်ဘဲ ဒေါသထွက်လာတယ်။ဒီတော့ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေဟာ ပြန်ဖြစ်လာတယ်မဟုတ်လား၊ စဉ်းစား ဆင်ခြင်ကြည့်ပါ။

## အသက်ကြီးတော့ အတိတ်အာရုံဆွဲ

အသက်အရွယ် ကြီးရင့်တဲ့ အမယ်အို, အဖိုးအိုကြီး တွေဟာ **အတိတ်**သဘောတွေကို အနှစ်အသား ထားပြီး ဆွဲကိုင်တတ်လှပါတယ်။**အဘိုး**အို,အမယ်အိုတွေ အိပ်မပျော်တိုင်း အတိတ်အာရုံတွေကို အမြဲဆွဲနေကြပါတယ်။ အရွယ်ကြီး၍ သွေး-လေ ချော**က်** ခြားပြီးလျှင် အိပ်မပျော်ဖြစ်ရာ အိပ်ယာထဲမှာ အတိတ်အာရုံတွေ**ကို** တွေးကြံပြီး နေတတ်လှပါတယ်။

အတိတ်အာရုံတွေကို ဆွဲသဖြင့် ဖြစ်ပြီးတဲ့ အကုသိုလ်တွေ ပြန်ဖြစ်တတ်ခြင်းကို ဤ အာနာပါန ဘာဝနာသည် ငြိမ်းစေနိုင်တဲ့ သတ္တိရှိပါသဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်လေးစားသော ပုဂ္ဂိုလ်တိုင်း ပွားများ အားထုတ်ရန် အထူး သင့်လျော်လှပါသဖြင့် ရှင်တော်မြတ်ဘုရားက အောက်ပါအတိုင်း ထုတ်ဘော်၍ အကျိုးတရားကို မိန့်တော်မူခြင်းပါဘဲ။

ဥပ္ပန္နုပ္ပန္နေ၊ဖြစ်ကုန်ပြီးသော။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေဓမ္မေ၊ အကုသိုလ်တရား တို့ကို။ ဌာနသော၊ ဖြစ်ရာ အရပ်မှ။ အန္တရဓာပေတိ၊ကွယ်စေ၏။ ဝူပသမေတိ၊ငြိမ်းစေ၏။

ဒါကြောင့် အာနာပါန လုပ်ငန်းစဉ်ကြီးကို မပြမီ သိသင့် သိထိုက်သော သဘောတရားများကို သိရှိ နားလည် ကြစေရန်

ရည်သန်တော်မူ၍ ဤပဋ္ဌမပိုင်းတိတ်ခွေတွင် အာနာပါနဘာဝနာ၏ အကျိုးတရားများကို တင်ဆက်ပြလိုက်ပါပြီ။အားထုတ်တော်မူကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဝိနည်းပါဠိတော်လာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော အကျိုးတရားများကို ယုံကြည်သော ဩကပ္ပန သဒ္ဓါ ရှေ့ထားတော်မူ၍ မြတ်စွာဘုရား၏သာသနာတော်နှင့် တွေ့ကြုံခိုက်တွင် သီလ-သမာဓိ-ပညာ တည်းဟူသော အလောဘ-အဒေါသ-အမောဟ ဟိတ် ၃-ပါး မျိုးစေ့ကြီးကို စိုက်ပျိုးတော်မူနိုင်ကြပါစေ။

ပါရမီရင့်သန်၍ ယခုဘဝနှင့်မဂ်ဖိုလ်ကို အရယူတော်မူနိုင်သော ပါရမီရှင်အပေါင်းတို့မှာလည်း ဤမဟာသတိပဋ္ဌာန် အာနာပါနဘာဝနာကို ပွားများပြီးလျှင် သတိပဋ္ဌာန်တရား ၄-ပါး ပြည့်စုံပါက ဗောဇ္ဈင်တရားကို ပွားများနိုင်ပြီးလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မျက်မှောက်ပြုနိုင်ကြပါတယ်။

ဤကား အာနာပါန ဘာဝနာ၏ အကျိုးတရားတို့ကို အားထုတ်သော ပုဂ္ဂိုလ်များ နားလည်စေရန် တင်ဆက်ပြလိုက်ပါပြီ။

အာနာပါန ဘာဝနာ၌ အားထုတ်ကြကုန်သော အမျိုးကောင်းသား-အမျိုးကောင်းသမီးတို့အား အကျိုးတရား ရပုံကို ထုတ်ဖော်၍ ပြလိုက်ပါသဖြင့် ဝေဘန်သိရှိနားလည်နိုင်ကြပါပြီ၊ လုပ်ငန်းစဉ်ကိုသာ တင်ဆက်ပြပါတော့မယ်။

မမှစကြာမဂ်ဝင်အာနာပါနကျမ်း

## အာနာပါန ပထမတံခါးနေပုံ

သော သတောဝ အဿသတိ သတောဝ ပဿသတိ။
( မဟာသတိပဋ္ဌာန်ပါဠိတော် )

အနက်။ သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ တောဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ဖြစ်စေ၏။ သတောဝ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက် ကို ဖြစ်စေ၏။

အာနာပါန ဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည် နောက်ကဖော်ပြခဲ့သည့်အတိုင်း အာနာပါန အင်္ဂါ ၅-ချက်နှင့် အညီ ပြည့်စုံစေလျက် မိမိ၏ စိတ်ဓာတ်ကို နှုတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်မှာထားပြီးလျှင် ထွက်တဲ့လေ ထွက်လာတိုင်း ထွက်လာတိုင်း-ထွက်တယ်-ထွက်တယ်လို့ မှတ်ရမယ်။

ဝင်တဲ့လေကိုလဲ နှာသီးဖျားအရပ်ကိုထိ၍ ဝင်တိုင်း ဝင်တိုင်း ဝင်တယ်လို့ မှတ်ရမယ်။ အဲဒီလို အမှတ်ကလေး ပြုလုပ်နေခြင်း ကိုပင် မဟာသတိပဋ္ဌာန် ဒေသနာတော်က သတောဝ အဿ သတိ သတောဝ ပဿသတိ ဟောတော်မူပါတယ်။

အထူးသတိပြုရန်မှာ ထွက်တဲ့လေသည် ချက်ကိုင်အရပ်မှ ရှေးဦးစွာထွက်လာ၍ မိမိ၏နှုတ်ခမ်းဖျားအရပ်ကို ထိခိုက်ပြီးလျှင် ထွက်သွားပါတယ်။ ဝင်တဲ့လေဟာလဲ နှာသီးဖျား အရပ်ကို ထိခိုက်ပြီးလျှင် ချက်ဘိုင်အထိဝင်သွားပါတယ်။ အဲဒီထွက်လေနှင့်

ဝင်လေ-၂-ပါးကို နှုတ်ခမ်းဖျား နှင့် နှာသီးဖျား အရပ်မှာ ချိတိုင်ထားပြီးလျှင် ထွက်တိုင်း-ထွက်တိုင်း-ထွက်တယ်-ထွက်တယ် လို့ သညာအမှတ်ကို မလွှတ်အောင် သတိဆောင်ပြီး ပွားရမယ်။

ဝင်တဲ့ လေ ကိုလဲ ဝင်တိုင်း-ဝင်တိုင်း-သညာ အမှတ်ဖြင့် ဝင်တယ်-ဝင်တယ်လို့ ရှုမှတ်ရမယ်။ ရှုမှတ်စ ပုဂ္ဂိုလ်တို့မှာကား ထွက်တဲ့ လေ နှင့် ဝင်တဲ့ လေ ကလေး ထင်ရှား လာအောင် အနည်းငယ် ပယောဂ-ဗျာပါရ ကလေးနဲ့ ထွက်လေ-ဝင်လေကို ရှူရှိုက်ပါ။ သို့ရာတွင် ယခုခေတ် ကမ္မဋ္ဌာန်းဆရာတွေ ပေးကြတဲ့ အာနာပါန လေ ရှူရှိုက် သလို ပြင်းပြင်း ထန်ထန် ကြီး ဘေးလူကြားအောင် လေကို မရှူရှိုက်ပါနှင့်၊ မိမိက နိမိတ်ယူလို့ ရလောက်အောင် မမြန်လွန်း မနှေးလွန်း ရှူရှိုက်ပါ။ ထွက်လေ နှင့် ဝင်လေကိုလဲ ထွက်တိုင်းဝင်တိုင်း သတိထားပြီး သညာအမှတ် ကို မလွှတ်အောင် ရှေ့ဦးစွာအာနာပါနလုပ်ငန်းစဉ်ကို အားထုတ် ရပါတယ်။

မည်သူမဆို စာတတ်တဲ့ ပုဂ္ဂိုလ် ဖြစ်စေ၊ မတတ်တဲ့ ပုဂ္ဂိုလ် ဖြစ်စေ၊ ဂုဏ်အင်္ဂါကိုရွေးချယ်၍ အလုပ်ကိုခွဲခြားလို့ မပေးနိုင်ပါ၊ အာနာပါနဘာဝနာကို ပွားများလိုတဲ့ ပုဂ္ဂိုလ်မှန်လျှင် ၁၀-နှစ် သားက အစ အသက်-၇၀-အထိ ကျား/မ မရွေး ထွက်လေနှင့် ဝင်လေကို နှုတ်ခမ်းဖျား နှင့် နှာသီးဖျား အရပ်မှာ ချိတိုင်ထား ပြီးလျှင် ထွက်တယ် ဝင်တယ်လို့ အမှတ် ပြုရပါတယ်။

ပိဋကတ်သင်ကြားဘူးသော ပုဂ္ဂိုလ်များအတွက် အထူးမှာလို ပါသေးတယ်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး က ဖွင့်ပြတဲ့ ရှုမှတ်ပုံ

နည်းတွေကို လိုက်မနေရပါ၊ တစ်-နှစ်-သုံး-လေး စတည်ဖြင့် မှတ်ခြင်းမျိုးတွေကို လိုက်မနေရပါ၊ ထွက်တယ်ဝင်တယ်ဆိုသလောက်သာ စွဲမြဲအောင် မှတ်ရပါတယ်။ ဝိသုဒ္ဓိမဂ်က-၈-မှတ်နည်း အမျိုးမျိုးတို့ ပြဆိုထားခြင်းမှာ လောကီအာနာပါနကို မူထား၍ ပြဆိုထားခြင်းပါ။

ယခုရှုမှတ်ခြင်းကား ရုပ်နာမ်ပေါ်ချင်လို့ရှုမှတ်သော သတိပဋ္ဌာန်နည်းဖြစ်၍ အာနာပါနကို နိမိတ်ကြီး, နိမိတ်ငယ်တွေနဲ့ ထင်မြင်အောင် တက်နေမည်မဟုတ်ပါ။ ခဏိက- သမာဓိ-အရိပ်ကလေးကို ရောက်လျှင်ဘဲ၊ ဝါ-သတိတရားလေးထင်မြင်လာရင်ဘဲ ရုပ်,နာမ်ကို ရှေ့ရှု ကူးပြောင်းသွားမည် ဖြစ်ပါ၍ အမှတ်မြဲဘို့ ရန်သာ လုံ့လပြုရပါတယ်။

အထက်ပါ အစီအစဉ်အတိုင်း မိမိ၏စိတ်ဓာတ်ကို နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်မှာ ချီတိုင်ထားပြီးလျှင် ထွက်လေဝင်လေ ၂-ပါးကို ထွက်တိုင်း ထွက်တိုင်း ထွက်တယ်လို့ မှတ်ပါ။ ဝင်လေကိုလဲ ဝင်တိုင်း ဝင်တိုင်း ဝင်တယ်လို့ မှတ်ပါ။ နွားငယ်ကလေးကို နွားရှင်က ချီတိုင်မှာ ကြိုးငယ်ကလေးနဲ့ ချီနှောင်ထားလိုက်တဲ့အခါ အဲဒီနွားငယ်ကလေးဟာ အရင်ကလို ဆော့နိုင်သေးရဲ့လား။ ။ အဘယ်မှာ တောင်ပြေး မြောက်ပြေးနဲ့ မဆော့နိုင်တော့ဘူး၊ ချီနှောင်ထားတဲ့ ချီတိုင်ရင်းမှာ လက်မှိုင်ကျ၍ ငေးမှိုင်နေသလိုပါဘဲ၊ မိမိ၏စိတ်ဓာတ်ကလေးဟာ အထိန်းမရှိခင်တော့ မငြိမ်မသက်နဲ့ ပျံ့လွင့် ချင်တိုင်း ပျံ့လွင့်နေတတ်ပါတယ်။ အာနာပါန ဘာဝနာကို ပွားတဲ့ ပုဂ္ဂိုလ်လဲ ကြရော့

စိတ်ခေတ်ကလေးဟာ မပျံ့လွင့်နိုင်တော့ဘဲ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား ချိတိုင်အရပ်မှာ သတိတည်းဟူသော ကြိုးနဲ့ ချီနှောင်၍ သညာအမှတ်ဖြင့် မလပ်အောင် အထပ်ထပ် ထွက်တယ်-ဝင်တယ် လို့ လုပြုဘန်များသော် မိမိ၏ စိတ် ဝိညာဏ်သည် မပျံ့လွင့်တော့ဘဲ၊ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ သတိတရား ထင်မြင်လာပါလိမ့်မည်။

# အမှတ်သညာ ဘယ်လောက်ကြာမှာလဲ

အာနာပါန ဘာဝနာကို မပွားများဘူးသော ပုဂ္ဂိုလ်များမှာ နာရီဝက်လောက်အားထုတ်မှ အမှတ် မြဲတတ်ပါတယ်။နာရီဝက် အတွင်းမှာလဲ ထွက်လေ နဲ့ ဝင်လေ-၂-ပါးကို ထွက်တိုင်း-ထွက်တိုင်း-ဝင်တိုင်း-ဝင်တိုင်း အမှတ်ပြုနေရာ၊မလွတ်ဘဲ မှတ်နိုင်လာခြင်းကို အမှတ်မြဲတယ်လို့ ခေါ်ပါတယ်။

အကယ်၍ တခါတရံ အမြင်က အာရုံတခုခု လာတိုက်၍ အမှတ်လဲ လွတ်သွားတတ်ပါတယ်။ တရား အားထုတ်ခါနီးမှာ အာရုံတခုကို ယူလာမိတဲ့အတွက်လဲ အဲဒီ အာရုံ ဝင်ရှုတ်လို့ အမှတ်လဲ လွတ်သွားတတ်ပါတယ်၊အနေအထိုင် အစားအသောက် သပ္ပါယ မမျှလို့လဲ အမှတ် လွတ်သွားတတ်ပါတယ်။ အဲဒီလို အကြောင်းတွေကြောင့် အမှတ်လွတ်တာမျိုးကတော့ တနေ့မှာ ဒီအကြောင်းတွေ မရှိရင် အမှတ်မြဲမှာမို့လို့ တာဝန်မရှိပါ။

အာရုံကို မထိန်းသိမ်းနိုင်သေးသဖြင့် နာရီဝက် အတွင်းမှာ ၄-ကြိမ်-၅-ကြိမ် အစဉ်လွတ်နေသေးလျှင် အမှတ်မြဲပြီလို့ မယူဆ

နိုင်သေးပါ၊ အမှတ် မမြဲသေးဘူးလို့ဘဲ ဆိုရပါလိမ့်မယ်။ အမှတ် မမြဲသေးလျှင် သတိကို မမိနိုင်သေးပါ၊ သတိ မမိသေးလျှင် အာနာပါန ဘာဝနာ ၏ အကျိုးတရားမပေါ်နိုင်သေးပါ။

ဒီတော့ သူညကဘဲ စ၍လုပ်သလို အာနာပါန ဘာဝနာကို လုပ်ရပါလိမ့်ဦးမယ်။ မိမိစိတ်ဓာတ်ကို ချမ်းသာစွာ မွေးမြူပေးရန် အလွန်အရေးကြီးပါတယ်၊ ကြောင့်ကြမှု-တောင့်တမှု ခေါ်-ဤ ၂-ချက်ကို အထူးစောင့်ထိန်းပေးရပါမယ်၊ လုပ်ငန်းစဉ် ဝင်ခါနီးမှာ ဘယ်သူနှင့်မှ စကားမပြောဘဲ ရှောင်နေပါ၊ အာရုံတခုခုက လာရောက်ပိတ်ပင် နှောင့်ယှက်တတ်လှပါတယ်။

အဲဒီ အာနာပါန ဘာဝနာ ၏ အပြစ်ဒေါသများ ကင်းစင်ပြီးလျှင် ထွက်လေ နှင့် ဝင်လေ-၂-ပါးကို ထွက်တိုင်း-ထွက်တိုင်း ရှေ့ကလို ထွက်တယ်-ထွက်တယ် လို့ မှတ်ပါ၊ ဝင်တဲ့လေကိုလဲ ဝင်တိုင်း-ဝင်တိုင်း-ဝင်တယ်လို့ မှတ်ပါ၊ ဤကဲ့သို့ မှတ်ပါများလာလျှင် နာရီဝက် အတွင်းမှာဘဲ ထွက်လေ-ဝင်လေ-၂-ပါးတို့ကို မှတ်တဲ့ အမှတ်ကလေးသည် မြဲလာပါလိမ့်မယ်၊ အမှတ်မြဲတယ် ဆိုတာလဲ နာရီဝက် အတွင်းမှာ အမှတ်သည် မလွတ်တောဘဲ မိမိ၏ စိတ်ဓာတ်သည် နှုတ်ခမ်းဖျား နဲ့ နှာသီးဖျား အရပ်မှာ ထားနိုင်လာခြင်းကို အမှတ်မြဲတယ်လို့ ဆိုလိုပါတယ်။

နာရီဝက်အတွင်းမှာ မိမိ၏စိတ်ဓာတ်သည် ဘယ်ကိုမျှ မပျံ့လွင့်တော့ဘဲ နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်မှာ ထားနိုင်လာလျှင် ရှေးကို အချိန်တိုးပေးရပါတယ်၊ နာရီဝက်လောက် အာနာပါန

ပွားများ လာနိုင်ရင်ဘဲ နာရီဝက် ကျော်ကျော် အားထုတ်နိုင်အောင် အချိန်ကို တိုးပေးရမယ်။

ဘယ်လောက်ကြာအောင် အချိန်ကို တိုးပြီး အားထုတ်ရမလဲ ဆိုရင် တနာရီကြာအောင် အာနာပါန ဘာဝနာကို ပွားများလာနိုင်ရင်ဘဲ နှုတ်ခမ်းဖျား နဲ့ နှာသီးဖျား အရပ်မှာ သညာအမှတ်ကလေး မြဲနေပါပြီဆိုရင်ဘဲ အဲဒီ သညာအမှတ်ကလေးက နာမပညတ်ရုပ်ကလေး ထွက်ပေါ်ကွန့်မြူးလာပါလိမ့်မယ်။

## နာမပညတ် ဘယ်လိုပေါ်မလဲ

နာမပညတ် ဆိုသည်မှာ အမည်အမျိုးမျိုး ခေါ်ဝေါ်သမုတ်သတ်မှတ်ခြင်းကို ဆိုလိုပါတယ်။ အမည် အမျိုးမျိုး ဆိုသည်မှာ ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ် သတ္တဝါ လို့ ခေါ်ဆိုခြင်းဟာ နာမပညတ် ပါဘဲ၊ အိုး-ခွက်-ပန်းကန်-ကျောင်း-အိမ်-ဇရပ် စသည်ဖြင့် အမည်အမျိုးမျိုးတို့ ခေါ်ဝေါ်ပညတ်ခြင်း အလုံးစုံတို့ဟာ နာမပညတ်ပါဘဲ။

ယခု ထွက်လေ နှင့် ဝင်လေ-၂-ပါး တို့က ပေါ်ထွက်လာတဲ့ သညာအမှတ် နာမပညတ်ကလေးကား ဘယ်လို ပေါ်ထွက်လာပါသလဲလို့ ဝေဘန် သိမ်းလိုက်လျှင် အဲဒီ နာမပညတ်ကား ဘယ်လို နာမပညတ်ပါလဲ၊ ထွက်တယ်ဝင်တယ်လို့ မှတ်နေခြင်းဟာ နာမပညတ်ပါဘဲ၊ ဘာကြောင့်ပါလဲ ထွက်တယ်ဆိုတာလဲ အမည်ကလေးဘဲမဟုတ်လား၊ ဝင်တယ်ဆိုတာလဲ ခေါ်ဝေါ်တဲ့ အမည်ကလေးပါဘဲ။

အဲဒီသညာအမှတ်ကလေးဟာ မှတ်စဉ်အခါကကော့ သညာရိပ်ကလေးသာ ထင်နိုင်ပါသေးတယ်။ အမှတ်မြဲတယ်လို့ ဆိုလိုက်ကရော သညာအမှတ်ဟာ ဝိညာဏ်အရိပ်မှာ ထင်နေပါတယ်။ ဝိညာဏ်ရိပ်မှာ ထင်နေပါလျှင် အမှတ်မြဲပြီလို့ ဆိုနိုင်ပါတယ်။ သညာအမှတ် ဝိညာဏ်ရိပ်မှာ ထင်နေဘို့ဟာလဲ မလွယ်ကူပါ။ (ဥပမာ)ပရိယတ်နယ်မှာ အားထုတ်ကြတဲ့ စာသင်သားများဟာ ကျက်မှတ်ပြီးတဲ့ စာပေကလေးတွေကိုဘဲ ဝိညာဏ်ရိပ်မှာထင်အောင် အကြိမ်ကြိမ် ကျက်မှတ်ရွတ်ဘတ်ကြရပါတယ်။ အမြဲတစေလဲ ရပြီးသားစာပေများကို အမြဲတန်း ရွတ်ဘတ်သရဇ္ဈာယ်နေရပါတယ်။ ဒီအခါမှသာ ရပြီးသားစာပေတွေဟာ မေ့မပျောက်တော့ဘဲ၊ ဝိညာဏ်ရိပ်မှာ သညာအမှတ်မြဲနေ၍ အာဂုံဆောင် ပုဂ္ဂိုလ်ကြီးတွေ ဖြစ်နိုင်ရပါတယ်။

ယခုလဲ အာနာပါန ဘာဝနာမှာ ထွက်လေ-ဝင်လေ ၂-ပါးကို အကြိမ်ကြိမ် ရှုမှတ်ဘန်များလာသော် သညာအမှတ်ကလေးသည် ဝိညာဏ်ရိပ်မှာ အမြဲထင်နေပါလျှင် နာမပညတ်ပေါ်ပြီလို့ ဆိုနိုင်ပါတယ်။ နာမပညတ် ထင်မှတ်နေသော ပုဂ္ဂိုလ်တို့မှာ ကိုယ်ရဲ့ စိတ် ဝိညာဏ်အရိပ်မှာ နိမိတ်တခုခု ပေါ်ထွက်လာတတ်ပါတယ်။

## နိမိတ်ဘယ်လိုပေါ်ထွက်သလဲ

အာနာပါန ဘာဝနာကို ပွားများ အားထုတ်ခြင်းဟာ အကျဉ်းအားဖြင့် ၂-မျိုး ရှိပါတယ်၊ ၂-မျိုးရှိပုံကို အားထုတ်တဲ့ ပုဂ္ဂိုလ်များ သိရှိနားလည်ရန် ခွဲခြားကြဦးစို့။

၁။ လောကီ လမ်းနှင့် ယှဉ်သော အာနာပါန လုပ်ငန်းစဉ်။
၂။ မဂ်, ဖိုလ် နှင့် ယှဉ်သော အာနာပါန လုပ်ငန်းစဉ်။

အာနာပါန လုပ်ငန်းစဉ်ဟာ အကျဉ်းအားဖြင့် ၂-မျိုး ရှိပါတယ်။ လောကီ နှင့် ယှဉ်တဲ့ အာနာပါန လုပ်ငန်းစဉ်ဆိုသည်မှာ လောကီ အင်း, ဆေး, မှော်, ဂါထာ မန္တာန် စသော အတတ်ပညာရပ်တွေကို အလိုရှိကြတဲ့ ပုဂ္ဂိုလ်တွေကလဲ လောကီ သိဒ္ဓိ ပေါက်အောင် အာနာပါနကို ပွားများ အားထုတ်ကြပါတယ်။

မြန်မာနိုင်ငံတော် အောက်ပိုင်း အထက်ပိုင်း တွင် ရှိကြတဲ့ သိုက်သမိုင်းဝင် တော တောင် တွေမှာ သော်၎င်း၊ တန်ခိုးကြီး ဘုရားတွေမှာသော်၎င်း နေထိုင်ပြီးလျှင် လောကီ နှင့် ယှဉ်သော အာနာပါန လမ်းတွေကို အားထုတ်နေကြသည်မှာ အလွန်များလှပါတယ်၊ ပေါက်ဆရာ အခေါ်ခံကြတဲ့ ပုဂ္ဂိုလ်တွေ ပိတ်ဖြူဝတ် သစ်ခေါက်ဆိုးဝတ် လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ် ရသေ့ ယောဂီ ပုဂ္ဂိုလ်တွေ အလွန်များလှပါတယ်။

ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်ကြီးသည်၊ အဲဒီ ပုဂ္ဂိုလ် တို့၏ လောကီ သိဒ္ဓိ စိုက်ပျိုးရာ စေတီတော်ကြီး တခု ဖြစ်နေပါပြီ၊ လောကုတ္တရာ အကျိုး စီးပွားကို လိုလား၍ ဆည်းကပ်ကိုးကွယ်သည်ထက်၊ လောကီအကျိုးကို လိုလား၍ ကိုးကွယ်ခြင်းတို့ကား ယခုအခါ အလွန်များပြားလျက် ရှိနေပါတယ်၊ လောကီအကျိုး လိုလား တောင့်တကြသော ပုဂ္ဂိုလ် တွေကလဲ အာနာပါန ဘာဝနာကို အလွန်ဘဲ အနှစ်အသားထား၍ ပွားများအားထုတ်ကြပါတယ်၊ အဲဒီလို အားထုတ်ကြတဲ့ အာနာပါန တွေကို

လောကီအာနာပါနလို့ ခေါ်ပါတယ်၊ လောကီချာန်ကို အလို ရှိသဖြင့် ဖြဟ္မာ့ပြည်သို့ ရောက်အောင် အားထုတ်ကြတဲ့ အာနာ ပါန တွေကိုလဲ လောကီ အာနာပါနလို့ ခေါ်ဆိုပါတယ်။

မဂ်ဖိုလ်နှင့် ယှဉ်တဲ့ အာနာပါန ဆိုသည်မှာ ရှင်တော် မြတ် ဘုရား ဟောကြားတော်မူသော မဟာသတိပဋ္ဌာန် အာနာပါန ဘာဝနာကြီးကို မဂ်ဖိုလ်နဲ့ ယှဉ်တဲ့ အာနာပါန လို့ ခေါ်ဆို နိုင်ပါတယ်၊ မဂ်ဖိုလ်နဲ့ယှဉ်တဲ့ အာနာပါန ဘာဝနာ သည်ကား ရုပ်နာမ် ပေါ်မှုကို ဦးစိုက်၍ အားထုတ်ကြရပါတယ်၊ အာနာပါန ဘာဝနာ အားထုတ်ပါလျှင် သမထ အလုပ်ဖြစ်၍ နိမိတ်ကတော့ တခုခုပေါ်ရမှာပါ၊ သို့ရာတွင် ရုပ်နာမ်နှင့် ဆက်စပ်သော နိမိတ် မျိုးကို ပေါ်ထွက်နိုင်ရန် အရေးကြီးလှပါတယ်။

(သတိပြုရန်တချက်ပါဘဲ)

## လောကီ အာနာပါန နိမိတ်ပေါ်ပုံ

လောကီ အာနာပါနနဲ့ လောကုတ္တရာ အာနာပါန ၂-ပါး တို့ဟာ အခေါ်အဝေါ် တူသော်လဲ သဘာဝချင်းမှာ အလွန် ကွာခြားလျက် ရှိကြပါတယ်၊ လောကီ အာနာပါန သည်ကား အင်း၊ ဆေး၊ မှော်၊ စမ၊ ဂါထာ မန္တာန်စသော ပညာရပ်များကို ပေါက်လို၍ တန်ခိုးကြီး လို၍ အားထုတ်ခြင်း အာနာပါန မျိုးပါ။

မဟာသတိပဋ္ဌာန် အာနာပါန ရုပ်တရား၊ နာမ်တရား ၂-ပါး ကို တွေ့၍ မဂ်ဖိုလ်ကို ရလိုသောကြောင့် အားထုတ်သော

အာနာပါန မျိုးပါ၊ ဒီတော့ သဘာဝချင်း အဘယ်မှာ ဆက်စပ်လို့ ရပါတော့မလဲ အလွန်ကွာခြားနေပါတယ်၊ နိမိတ်ထင်မြင်မှုလဲ ကွာခြားရပါလိမ့်မယ်။

လောကီ အာနာပါန လမ်းကို အားထုတ်လို့ နိမိတ်ထင်တဲ့အခါမှာ ထွက်လေ နှင့် ဝင်လေ ၂-ပါးတို့ကို နှုတ်ခမ်းဖျား နှင့် နှာသီးဖျား အရပ်မှာ မိအောင် ထားနိုင်လို့ အမှတ်မြဲနေပါလျှင် သညာ အမှတ်ကလေးက ပညတ်ရုပ် ထွက်ပေါ် ကွန့်မြူး လာပါတယ်၊ ပဌမ မျက်လုံးကလေးထဲမှာ လျှပ်စစ်ပျက်သလို ဖြစ်လာတတ်ပါတယ်။ တော်တော်ကလေး ကြာလာရင်ဘဲ အနီဝိုင်းကလေးတွေ၊ အဖြူဝိုင်းကလေးတွေ၊ အဝါရောင် အဝိုင်းကလေးတွေ ပေါ်တတ်ပါတယ်။

ကြယ်ပွင့် ကြယ်ရောင်ကလေးတွေလိုလဲ ပေါ်တတ်ပါတယ်၊ အဲဒီလို ပေါ်လာပြီးနောက် နာမပညတ် စွဲမြဲထင်မြင်၍ **အား**ကောင်းလာလျှင် သဏ္ဌာန ပညတ် ကလဲ နောက်က ထောက်ခံပေးသဖြင့် ထင်ရှားလာပြီးလျှင် သဏ္ဌာန်-အရုပ်-နိမိတ်-လက္ခဏာ တခုခု ပေါ်ထွက် လာတတ်ပါတယ်။ သို့ရာတွင် ပဌမတံခါးဖြစ်ခြင်းကြောင့် နာမပညတ်ရုပ်မျှသာ ပြဋ္ဌာန်းပေါ်နိုင်ပါသောကြောင့် အကြည်ဓာတ် ၆-ပါးမြဲစွဲမနေသေးပါ၊ စိတ် ဝိညာဏ်အရုပ်လောက်သာ ပြဋ္ဌာန်းပြီးပေါ်လာသဖြင့် ခနပေါ်လိုက်၊ ပျောက်ကွယ်လိုက် ဖြစ်တတ်ပါတယ်။

## ဂိုဏ်းပညာ အာနာပါနဘာလဲ

လောကီ- သမထ- အာနာပါန- ဘာဝနာကို အခြေခံထားပြီးလျှင် မြန်မာနိုင်ငံတော်မှာရှိကြတဲ့ အင်း-ဆေး-မှော် စသော

ဂိုဏ်းများ၊ နတ်ဂိုဏ်း၊ ဝိဇ္ဇာဂိုဏ်း၊ ဘိုးဘိုးကြီးဂိုဏ်း၊ ဘဘကြီး ဂိုဏ်း၊ မယ်တော်ကြီးဂိုဏ်း စသော ဂိုဏ်းအသီးသီးတို့မှာလည်း အာနာပါနလုပ်ငန်းစဉ်ကို ဝိပဿနာဉာဏ် ၉-ပါးနှင့် တွဲဘက်ပြီး ဂိုဏ်းပညာ၊ ဂိုဏ်းစည်းမျဉ်း၊ ဂိုဏ်းဥပဒေအမျိုးမျိုးထုတ်၍ ဖွင့်နေ ကြလေသည်။

ဤဂိုဏ်းပညာရပ်များသည် ယခုဘဝနှင့် မဂ်ဖိုလ် အကျိုးစီး ပွား မဟုတ်ကြပါ။ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရား ရှင်ကို ဖူးမြင်ရန် ရည်သန်၍ ဖွင့်လှစ်ကြသော ဂိုဏ်းပညာရပ်များ ဖြစ်ကြပါတယ်။ ဤဂိုဏ်းပညာရပ်များသည် ရှေးကလို အင်း- သောက်ခြင်း၊ ဆေးထိုးခြင်း၊ မန္တာန်မှုတ်ခြင်း၊ မှော်သွင်းခြင်း၊ အလုပ်မျိုးကို မလုပ်စေတော့ဘဲ၊ အာနာပါန အပြကောင်းသော ကမ္မဋ္ဌာန်းဆရာတဦးဦးကို နတ်လောက၊ ဝိဇ္ဇာလောက၊ တန်ခိုးရှင် လောကတွင်ရှိသော အထက်ဆရာကြီးခေါ် ပုဂ္ဂိုလ်တဦးဦးက ဝင်ကပ်ပြီးလျှင် ပညာစခမ်းများ ဖွင့်လှစ်ထားကြပါတယ်။

အချို့ကမ္မဋ္ဌာန်းဆရာများမှာ မိမိအားထုတ်ပြသနေသော အာနာပါန ဘာဝနာကို ဂိုဏ်းပညာစင်ကြယ်သည်ဟု ထင်မှတ် နေကြလေတယ်၊ ဝိဇ္ဇာလောက၊ နတ်လောကမှာရှိတဲ့ ပုဂ္ဂိုလ် တဦးဦးကြိုးကိုင်ထားသည်ကို ၎င်းကမ္မဋ္ဌာန်းဆရာသည် အပိုင် မသိကြပါ၊ အချို့ကမ္မဋ္ဌာန်းဆရာများသိသော်လဲဘဲ၊ ဂိုဏ်းပညာ ကို မဝေဘန်နိုင်ပါသဖြင့် မဂ်ဖိုလ်အလုပ်ဆိုပြီး ထင်မှတ်နေ တတ်တယ်။

ကမ္မဋ္ဌာန်းပြ ဆရာကြီးများ ဘဝပြောင်းသွားသောအခါတွင် အလောင်းကို မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ၊ တပည့်အများတို့အား

ကြည်ညိုနိုင်ရန်ဆိုပြီး အမျိုးမျိုးပြုလုပ်၍ ထားကြပါတယ်။ အဲဒီကိစ္စဟာလဲ ဂိုဏ်းပညာမကင်းသောဆရာများ၏အလောင်းကို ထုတ်ဆောင်၍ ဂိုဏ်းပညာကျယ်ပြန့်အောင် ပြုလုပ်ခြင်းတမျိုးဟု ယူလျှင် မှားနိုင်ဘွယ်မရှိပါ။ ယခုအခါ ရှင်တော်မြတ်ဘုရား၏ အနာဂတ်သာသနာတွင် အာနာပါနဘာဝနာ၌ ဂိုဏ်းပညာ အုပ်စိုးလျက်ရှိနေပါကြောင်း များစွာတွေ့ရပါတယ်။

မဂ်ဖိုလ်လိုလားတဲ့ ပါရမီရှင်များအတွက် ဂိုဏ်းပညာကြီးစိုးနေသော အာနာပါနတရားတော်ကြီးကို လွတ်ကင်းအောင် ရှောင်ရှားသွားမှုဟာ မလွယ်ကူပါ၊ ဂိုဏ်းပညာ၏ သဘောတရားကိုမှ နားမလည်သော် အဘယ်မှာ လွတ်နိုင်ပါတော့မလဲ၊ ဂိုဏ်းပညာကား အလွန်လဲ လှည့်ပတ်တတ်ပါတယ်၊ ရဟန္တာမဟုတ်ဘဲနှင့် ရဟန္တာထင်မှတ်အောင် လူတွေကို သိမ်းသွင်းနေကြပါတယ်၊ ဂိုဏ်းပညာကို နားလည်မှသာလျှင် ရှေ့နောက် ဝေဘန်သိမ်းဆည်းနိုင်၍ လွတ်ကင်းနိုင်ပါလိမ့်မယ်။

ဒါ့ကြောင့် ဓမ္မစကြာ ပဋိပတ်ရိပ်သာမှဖွင့်လှစ်သော အာနာပါန ဘာဝနာသည် ဂိုဏ်းပညာ ဝင်ရောက် နှောင့်ယှက်မည်ကို စိုးရိမ်ပါသဖြင့်၊ ဓမ္မစကြာ လုပ်ငန်းစဉ်နှင့် တွဲ၍ အာနာပါန အလုပ်တရားကို ဖွင့်လှစ် ထားပါတယ်။ ဓမ္မစကြာ အာနာပါန လုပ်ငန်းစဉ်သည်ကား နိမိတ်အမြန်ပေါ်မှုကို အရေးတကြီး အလိုမရှိပါ။ ဘာကြောင့်ပါလဲ နိမိတ်အမြန်ပေါ်လာမှုတို့ဟာ ဂိုဏ်းပညာနှင့် ဆက်စပ်ခြင်းမကင်းနိုင်ပါ၊ အချို့မှာ သညာ အမှတ်တောင် မမြဲသေးဘူး၊ ရွှေစေတီကိုမြင်တယ်၊ နတ်ကို မြင်တယ်၊ ဝိဇ္ဇာကို မြင်တယ်လို့ ချက်ခြင်း နိမိတ်ပေါ်နေတော့တာဘဲ။

ကဲ-ကဲ-လောကီ အာနာပါနများ၏ နိမိတ်ပေါ်ပုံကို ပြလိုက်ပါပြီ။မဟာသတိပဋ္ဌာန် အာနာပါနကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များအတွက် ပဌမ တံခါးပေါက် ခေါ် နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား အရပ်က နိမိတ်ဘယ်လိုပေါ်ထွက်ပါသလဲ၊ လောကီ အာနာပါနများ နိမိတ်ပေါ်သလို အနီပိုင်း-အဖြူပိုင်းစသောသဏ္ဌာန် ကြယ်ရောင်-လရောင်-နေရောင် စသော အရောင်အဆင်းများလဲ ပေါ်တတ်ပါတယ်။

## မဟာသတိပဋ္ဌာန်နဲ့ နိမိတ်

အဲဒီလို သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ တွေကို ပေါ်ရုံနှင့်တော့ ရုပ်တရား-နာမ်တရား ကူးလို့ မရသေးပါ၊ ဘာကြောင့်ပါလဲ၊ အဲဒီ နိမိတ်တွေဟာ ပရမတ်-ရုပ်-နာမ်ပေါ်နိုင်တဲ့ နိမိတ်တွေ မဟုတ်ပါ၊ စိတ်ဝိညာဏ်ကို လှည့်ပတ်ဖျားရောင်းတဲ့ နိမိတ်တွေပါ၊ ဒါ့ကြောင့် ပညတ် အရိပ်နိမိတ်တွေကို-၂-မျိုး ခွဲခြား၍ ဖော်ထုတ်ပြပါဦးမယ်။

(၁) ပရမတ် ပေါ်နိုင်တဲ့ ပညတ်အရိပ်နိမိတ်။

(၂) ပရမတ် မပေါ်နိုင်တဲ့ ပညတ်အရိပ်နိမိတ်။

မိမိ၏ စိတ်ဝိညာဏ်ကြီးဖြင့် မိုးကောင်းကင်ကြီးမှာ ဆင်ရုပ် မြင်းရုပ်-လူရုပ်-နတ်ရုပ်-ရထား-စေတီတော်-အရုပ်တွေကို စိတ်ဝိညာဏ်ဖြင့် ရေးဆွဲသော ယောကျ်ား သည် မိမိရေးဆွဲသော အရုပ်ကို မိမိသာလျှင် မြင်နိုင်သလိုပါဘဲ။ရေပြင်ကြီးအပေါ်မှာ စိတ် ဝိညာဏ်ဖြင့် စာရေးသော သူသည် မိမိရေးသော စာလုံးကို မိမိသာ ဘတ်ရှုနိုင်သလိုပါဘဲ၊ သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ-

ပညတ် နိမိတ်များဟာ စိတ် ဝိညာဏ်ဖြင့် လုပ်ကြံ၍ ပေါ်ထွက်လာသော ပညတ်မျိုး ဖြစ်ပါတယ်။ ကောင်းကင်မှာ ဆင်ရုပ်၊ မြင်းရုပ် ရေးသလို၊ ရေပြင်ပေါ်မှာ စာရေးသလို ပညတ်မျိုး ဖြစ်၍ ပရမတ် ခေါ် အဆင်းသဘော ထောက်ခံခြင်း အလျင် မရှိနိုင်ပါ။

ဒါ့ကြောင့် ပရမတ်ရုပ်နာမ်ပေါ်လို့ မရနိုင်ပါ။ ဒီပညတ်ရုပ်တွေဟာ စိတ် ဝိညာဏ် လုပ်ကြံမှု၊ လှည့်ပတ်မှု၊ တန်ခိုးရှင်တဦးဦး၏ လုပ်ဆောင်မှု ပယောဂနှင့် မကင်းနိုင်ပါသောကြောင့် ပရမတ်အစစ် ရုပ်နာမ်ပေါ်ထွက်လို့ မရနိုင်သဖြင့် မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ်တွင် ပရမတ်ရုပ်နာမ်အတွက်အသုံးမဝင်သော ပညတ်ဟူ၍သာ မှတ်တန်းတင်တော်မူစေလိုပါတယ်။

ပရမတ်ပေါ်နိုင်တဲ့ ပညတ်နိမိတ်ဆိုသည်မှာ မျက်စိဖြင့် ကြည့်ရှု၍မြင်နိုင်သော ရူပါရုံခေါ် အဆင်းသဘော၊ သဒ္ဒါရုံခေါ် အသံ သဘော၊ ဂန္ဓာရုံခေါ် အနံ့သဘော၊ ရသာရုံခေါ် ရသ သဘော၊ ဖေါဋ္ဌဗ္ဗာရုံခေါ် အတွေ့သဘော၊ ဤအာရုံငါးပါး တို့သည် ပသာဒရုပ်ဖြင့် စမ်းသပ်၍ရစကောင်းသော ရုပ်တရားမျိုး ဖြစ်ပါတယ်။

အဲဒီ ရုပ်တရားမျိုး ထောက်ခံလျက်ရှိသော နာမပညတ်-သဏ္ဌာနပညတ်မျိုး၏ နိမိတ်ကိုတွေ့မှ ရုပ်တရား၊ နာမ်တရားကို အာနာပါန ဘာဝနာကကူးလို့ ရနိုင်ပါတယ်။ အဘယ်ကြောင့် ပါလဲ၊ နောက်ကထောက်ခံထားသော အဆင်း ပရမတ်၊ အသံ ပရမတ်တွေရှိနေသောကြောင့် အဲဒီ ပရမတ်တွေက ထွက်လာတဲ့

နာမပညတ် နိမိတ်မှသာလျှင် ရုပ်တရား နာမ်တရား ၂-ပါးကို တွေ့နိုင်ပါသယ်။

ဥပမာ လဘက်ရည်သောက် ပန်းကန်ကို ရှေ့မှာချကြည့်ပါ၊ သူ့ကို ဘာလို့ခေါ်ပါသလဲ၊ပန်းကန်လို့ခေါ်ပါတယ်၊ အဲဒီလို ခေါ်တဲ့ နာမပညတ်မှာ အဆင်းသဘောက ထောက်ခံထားသော ကြောင့် အာနာပါနဘာဝနာတွင် ရုပ်တရား၊ နာမ်တရားကူးလျှင် ကူးနိုင်ပါတယ်။ ထောက်ခံတဲ့ အဆင်းပရမတ် ရှိနေသဖြင့် အဲဒီ နာမပညတ်ဟာ အလကားအသုံးမဝင်တဲ့ နာမပညတ်မဟုတ်ပါ။

မိုဃ်းကောင်းကင်ကြီးမှာ ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်၊ နတ်ရုပ် တွေကို စိတ်ဝိညာဏ်နှင့် လုပ်ကြံရေးချစ်ပြီး ကိုယ့်ဟာကို နာမ ပညတ်တတ်ပြီး ခေါ်ဝေါ်နေတဲ့ ပညတ်မျိုးကား ထောက်ခံတဲ့ အဆင်းပရမတ်မရှိသဖြင့် ရုပ်တရား နာမ်တရားပေါ်ထွက်လို့ မရပါ။

အဲဒီလို နာမပညတ်ကို ၂-မျိုး ၂-စား ခွဲခြားပါ။ လောကီ အာနာပါန ဘာဝနာများက ပေါ်ထွက်ကြသော သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာတို့ကား စိတ်ဝိညာဏ်၏လုပ်ကြံပေါ်သော နိမိတ်များဖြစ်၍ ရုပ်တရား၊ နာမ်တရား မပေါ်နိုင်ကြောင်း ရှေ့ဦးစွာဝေဘန်သိရှိတော်မူကြစေလိုပါတယ်။သို့မှသာ လုပ်ငန်း စဉ်သည် အတိအကျ ဖြစ်နိုင်ပါလိမ့်မယ်။

ပရမတ်သဘော ထောက်ခံတဲ့ နာမပညတ်ဆိုသည်မှာ ကိုယ်ရဲ့ ရှေ့တည့်တည့်မှာလဘက်ရည်သောက်ပန်းကန်ကိုချထားပါ ကိုယ် ရဲ့ မျက်စိနဲ့ကြည့်ပါ။ ရူပါရုံခေါ်တဲ့ အဆင်းကလေးကို မျက်စိ

အကြည်က မြင်ပါလိမ့်မယ်။ အဲဒီမြင်တဲ့ ရူပါရုံအဆင်းကလေး ဟာ ပရမတ်သဘောပါဘဲ၊ အဆင်းပရမတ်ကို စွဲယူပြီးလျှင် သညာအမှတ်က နာမပညတ် ခေါ် လဘက်ရည် ပန်းကန်လို့ ခေါ်ဝေါ်လိုက်တယ်မဟုတ်ပါလား။

အဲဒီ နာမပညတ်မျိုးကို အဆင်းပရမတ်က အမြဲထောက်ခံ နေတယ်။ အမြဲထောက်ခံနေတဲ့အတွက် မည်သူမည်ဝါရှေ့မှာ မဆို လဘက်ရည်ပန်းကန်ကို သွားချထားပါ၊ သညာဝိညာဏ် ရှိတဲ့ ပုဂ္ဂိုလ်မှန်လျှင် လဘက်ရည် ပန်းကန်လို့ဘဲ ခေါ်ရ ပါမယ်။

အဲဒါကို ပရမတ်ထောက်ခံတဲ့ ပညတ်လို့ အာနာပါန လုပ်ငန်းစဉ်မှာ ပညတ်နိမိတ်တွေ ခွဲခမ်းတွင် ဆရာတော်ကြီးများ မိန့်ဆိုတော်မူပါတယ်။ ဒါကြောင့် အာနာပါန ပဌမတံခါးမှာ ရုပ်တရား, နာမ်တရားကူးမည့်ပုဂ္ဂိုလ်များဟာ ပရမတ်ထောက်ခံ တဲ့ ပညတ်နိမိတ်ကိုတွေ့အောင် ရှေ့ဦးစွာ ရှာဖွေစုံစမ်းရပါမယ်။

## ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ် ပေါ်ထွက်လာပုံ

စက္ခုံစ ရူပေစ ပဋိစ္စ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော။

(အနက်) စက္ခုံစ၊ မျက်စိအကြည်ကိုရင်း။ ရူပေစ၊ အဆင်း ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်မှုသည်။ ဥပ္ပဇ္ဇတိ

ဖြစ်၏။ တိဏ္ဏံ၊ ၃-ပါးတို့၏။ သင်္ဂတိယာ၊ စုပေါင်းခြင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လာ၏။

ဆိုလိုရင်းမှာ မျက်စိအကြည်ဓာတ်နှင့် ရူပါရုံအဆင်းဓာတ် ၂-ပါး ဆုံလိုက်တဲ့အခါ မြင်မှုခေါ်သဘောတရား ထွက်ပေါ်လာခြင်းကိုဆိုလိုတယ်။ အဲဒီ ပါဠိတော်အရ ပရမတ်ထောက်ခံတဲ့ ပညတ်ထွက်ပေါ်လာပုံကို ဝေဘန်သိမ်းဆည်းပြပါဦးမယ်။

ကိုယ်ရဲ့မျက်မှောက်မှာ လဘက်ရည် ပန်းကန်ကလေးကို ချထားပါ။ မျက်စိအကြည်နဲ့မြင်အောင်ကြည့်လိုက်ပါ။ မြင်တဲ့အခါ သညာဝိညာဏ်တို့က ဘယ်လိုခေါ်သလဲ၊ လဘက်ရည် ပန်းကန်လို့ခေါ်တယ်မဟုတ်လား၊ အဲဒီ ခေါ်ဝေါ်တဲ့ နာမ ပညတ်ဟာ ရူပါရုံ ခေါ် အဆင်းသဘော ထောက်ခံနေတဲ့ ပညတ်ဘဲ မဟုတ်လား၊အဲဒီ ပညတ်မျိုးကို မရှိသဘော ပညတ်လို့ မပြောနိုင်ပါ၊ ဘာကြောင့်ပါလဲ အဆင်းသဘောက ထောက်ခံ နေသောကြောင့် မရှိ ပညတ်လို့မဆိုနိုင်ပါ၊ဆိုလျှင် ထောက်ခံတဲ့ အဆင်းသဘောကို ပယ်ရာ ရောက်သွားပါလိမ့်မယ်။

အဆင်း သဘောကို ပယ်လျှင် ဥစ္ဆေဒဒိဋ္ဌိ အယူဆိုးကြီးထဲ ကျရောက် သွားပါလိမ့်မယ်၊ ပညတ်-ပရမတ် စွဲကြတဲ့ဆရာတွေ အထူး သတိထားသင့်လှပါတယ်။ အာနာပါန လုပ်ငန်းစဉ်ကြီး မှာကား ထွက်လေ-ဝင်လေ နိမိတ်ကို ထင်မြင်ကြသောအခါ ပရမတ် ထောက်ခံတဲ့ ပညတ် နိမိတ်မျိုးကို မြင်မှ သာလျှင် ရုပ်တရား-နာမ်တရား ကူးလို့ရပါမယ်။

ပရမတ် မထောက်ခံတဲ့ ပညတ်နိမိတ်တွေက ရုပ်နာမ်ကူးလို့ မရနိုင်ပါ။ ဒါကြောင့် ပရမတ် ထောက်ခံတဲ့ ပညတ် နိမိတ် ပေါ်အောင် ထွက်လေ-ဝင်လေ-၂-ပါးကို ရှုရပါလိမ့်မယ်။

( ရှုပုံ ရှုနည်းမှာ ) အဆင်း သဘော နှင့် အကြည်ဓာတ် သဘော-၂-ပါးပေါင်းဆုံသောအခါတွင် အဆင်းသဘောကား ဥတုအကြောင်းရှိသောကြောင့် ကြမ်းထမ်းသော သဘော ရှိပါ တယ်၊ အကြည်ဓာတ်သဘောကား အာဟာရ ပြဋ္ဌာန်းသော ကြောင့် သိမ်မွေ့သော သဘောတရား ရှိကြပါတယ်။ ကြမ်း ထမ်းတဲ့ သဘောနဲ့ သိမ်မွေ့တဲ့ သဘော-၂-ပါးဆုံတဲ့အခါမှာ ဘယ်အပေါ်မှာ ဒဏ်ရာ-ဒဏ်ချက် ကျရောက်ပါသလဲ။

## ကိုင်း သဘာဝတွေကို ဆန်းစစ်ကြည့်ကြစို့

(ဥပမာ) ယောကျ်ား နှင့် မိန်းမ နဘန်းသတ် ခေါ်တဲ့ လက်ဝှေ့ထိုးကြိတ်ကြလျှင် ဘယ်သူ့မှာ ဒဏ်ရာ-ဒဏ်ချက်တွေ ကျရောက်မလဲ၊ ယောကျ်ားက အားရှိတဲ့အတွက် မိန်းမမှာသာ ဒဏ်ရာ-ဒဏ်ချက် အကျိုးထင်သလို ပါဘဲ၊ ကလေးနဲ့ လူကြီး ခိုက်ရန် ဒေါသ ဖြစ်ပွားကြလျှင်လဲ ကလေးမှာသာ ဒဏ်ရာ- ဒဏ်ချက် ထင်ရှားသလို၊ အဆင်းနဲ့ အကြည်နဲ့ ဆုံလိုက်တဲ့အခါ မှာလဲ အဆင်းကား ဥတုကြောင့် ဖြစ်တဲ့ ရုပ်ကြမ်းကြီး ဖြစ် ပါတယ်။

အကြည်ဓာတ်ကား အာဟာရ ကြောင့် ဖြစ်တဲ့ သိမ်မွေ့ နူးညံ့တဲ့ ရုပ်သဘောပါ၊ဒီတော့ အကြည်ဓာတ်မှာသာ ဒဏ်ရာ ဒဏ်ချက် ကျရောက်ထင်ရှားပါလိမ့်မယ်။

မှတ်ချက်။ ။ဤနေရာမှာ အဘိဓမ္မာ ဆရာများအတွက် အနည်းအငယ် ရှင်းပြလိုပါသေးတယ်။အကြည်ဓာတ်ရဲ့ အကြောင်းတရားအရ ကံတရားကို မဖော်ပြဘဲ အာဟာရကို ဖော်ပြလိုက်ခြင်းသည် အဘိဓမ္မာ ဆရာများ မဝေဘန်နိုင်ဘဲရှိနေပါလိမ့်မယ်။

အကြည်ဓာတ်ရဲ့ အကြောင်းတရားကို အာဟာရလို့ ထုတ်ဘော်လိုက်ရခြင်းဟာ သုတ္တန်နည်းကို အခြေခံထား၍ ထုတ်ဘော်ရခြင်းပါဘဲ။ ရှင်တော်မြတ်ဘုရားသည် အာဟာရ ၄-မျိုး ထုတ်ဘော် ဟောကြားတော်မူရာ၌ ကဗဠီကာဟာရသည် ၆-ပါးသော အကြည်ဓာတ်တို့ကို ဖြစ်စေနိုင်ကြောင်း အထောက်အပန့်ပြုနိုင်ကြောင်း ဟောကြားတော်မူပါသဖြင့် ဤနေရာ၌ အကြည်ဓာတ်အကြောင်းကို အာဟာရဟု ထုတ်ဘော်ရခြင်းပါဘဲ။

အဆင်းနဲ့အကြည် တိုက်လိုက်တဲ့အခါမှာ အကြည်ဓာတ်မှာသာ ဒဏ်ရာဒဏ်ချက် ထင်ရှားခြင်းကို မဟာသတိပဋ္ဌာန် အာနာပါနအရာမှာ အကြည်ဓာတ်၌ နာမပညတ်- သဏ္ဌာန ပညတ် ၂-ပါး ထွက်ပေါ်လာနိုင်ပါတယ်။

သို့ရာတွင် ဓမ္မစကြာ လုပ်ငန်းစဉ်နည်းနဲ့ ဝေဘန်လိုက်လျှင်တော့၊ နာမပညတ်ဟာ အဆင်းဓာတ်က ထွက်ပေါ်လာပါတယ်၊ သဏ္ဌာနပညတ်ဟာ အကြည်ဓာတ်က ထွက်ပေါ် လာကြပါပါတယ်၊ အဲဒီ ပညတ်-၂-ပါးဟာ အဆင်း-အကြည် ထောက်ခံထားတဲ့ ပညတ်-၂-ပါးလို့ ဆိုနိုင်ပါတယ်။

ပရမတ်ထောက်ခံတဲ့ ပညတ်ကို ချေဖျက်နိုင်မှသာလျှင် ရုပ်တရား-နာမ်တရား အစစ်ကို တွေ့နိုင်ပါတယ်။ ပရမတ် ထောက်ခံချက် မရှိတဲ့ မိုးသောင်းကောင်းကင်ကြီး မှာ ဆင်ရုပ်ကြီးတွေ-မြင်းရုပ်ကြီးတွေ ရေပြင်ပေါ်မှာ မိမိ၏ စိတ်-ဝိညာဏ်နဲ့ ရေးလိုက်တဲ့ စာလုံးတွေဟာ ထောက်ခံချက် ပရမတ် မရှိတော့၊ အဲဒီ ပညတ်တွေကိုချေလျှင် အဘယ်မှာ ရုပ်တရား-နာမ်တရား အစစ်အမှန်ကို တွေ့နိုင်ပါ့မလဲ၊ သညာ-ဝိညာဏ် လှည့်ပတ်တဲ့ ရုပ်-နာမ် မျိုးကိုသာ တွေ့နိုင်ပါလိမ့်မယ်။

အာနာပါန လုပ်ငန်းစဉ်ကြီး ကို အားထုတ်တယ် ဆိုတာလဲ ရှေးဦးစွာ နာမပညတ် နဲ့ သဏ္ဌာနပညတ် ပေါ်အောင် ရှုမှတ်နေခြင်းပါဘဲ၊ အဲဒီ ပညတ်-၂-ပါးကို တွေ့မှ ရုပ် နာမ် ကူးလို့ ရပါတယ်။ဒီ ပညတ် ၂-ပါးကို တွေ့အောင် ရှာဖွေတဲ့နည်းမှာလဲ အဆင်း နှင့် အကြည် ပေါင်းဆုံတဲ့ အခါ နာမပညတ်-သဏ္ဌာန ပညတ်-၂-ပါးပေါ်သလို ထွက်လေနဲ့ ဝင်လေ-၂-ပါးက ပေါ် အောင် ရှုမှတ် ပွားများရပါမယ်။

ထွက်လေ-ဝင်လေ ၂-ပါးက မပေါ်ဘဲနဲ့ သညာဝိညာဏ် လုပ်ကြံပြီးလျှင် ပေါ်လာတဲ့ နာမပညတ်-သဏ္ဌာနပညတ်တွေဟာ ရုပ်တရား-နာမ်တရား ကူးလို့ မရနိုင်ပါ၊ ထွက်လေ-ဝင်လေ ၂-ပါးက ပေါ်ထွက်လာတဲ့ ပညတ်မှသာလျှင် ပရမတ်ထောက်ခံချက် ရှိသဖြင့် ရုပ်-နာမ် ကူးလို့ ရနိုင်ပါတယ်။

## ထွက်လေ-ဝင်လေ ပညတ် ဘယ်လိုပေါ်မလဲ

နှုတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်ကို ချည်တိုင်ထားပြီးလျှင် ထွက်တဲ့လေကလေး ထွက်လာရင် ထွက်တယ်လို့ ရှုမှတ်နေတယ်၊

ဝင်တဲ့ လေကလေး ဝင်လာရင်လဲ ဝင်တယ်လို့ ရှုမှတ်နေတယ်၊ အဲဒီလို ရှုမှတ်ခြင်းဟာ အဆင်းနဲ့ အကြည်ကလေး ပေါင်းဆုံ နေခြင်းမျိုးဘဲ မဟုတ်ပါလား။

ထွက်တဲ့ လေဓာတ်ကလေးဟာ ရှုမှတ်ပွားများတဲ့ ပုဂ္ဂိုလ်ရဲ့ နှုတ်ခမ်းဖျားအရပ်ကလေးကို ထိခိုက်ပြီးလျှင် ထွက်သွားပါတယ်၊ ဝင်တဲ့ လေကလဲ နှာသီးဖျားအရပ်ကို ထိခိုက်ပြီးလျှင် ဝင်သွား ပါတယ်၊ အဲဒီလို ထိခိုက်ပြီး ဝင်သွား-ထွက်သွားတဲ့ အတွက် အာရုံ-၆-ပါးထဲမှာသွင်းလျှင် ဖေါဋ္ဌဗ္ဗာရုံထဲမှာ သွင်းရပါတယ်၊ နှုတ်ခမ်းဖျား နဲ့ နှာသီးဖျား အရပ် ကိုကား ကာယ-ပသာဒ အကြည်ဓာတ်ထဲမှာ သွင်းရပါတယ်။]

ဆိုလိုရင်းမှာ အာနာပါန အလုပ်ကို ရှုမှတ် နေခြင်းဟာ ဖေါဋ္ဌဗ္ဗာရုံ နှင့် ကာယ-ပသာဒ-၂-ပါး ဆုံနေသော အလုပ်ပါဘဲ၊ မျက်စိ အကြည် နဲ့ ရူပါရုံ-၂-ပါး ဆုံနေတာနဲ့ အတူတူပါဘဲ၊ အဲဒီလို ထွက်လေ နှင့် ဝင်လေ-၂-ပါးတို့ဟာ နှုတ်ခမ်းဖျား နဲ့ နှာသီးဖျားအရပ်မှာ အဝင်-အထွက် ပြုလုပ်ဘန် များလာသော အခါ-ကာယပသာဒ အကြည်ဓာတ်မှာ ထွက်လေ-ဝင်လေ နိမိတ် ကလေး သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ တခုခု ပေါ်လာပါ လိမ့်မယ်၊ လောကီ အာနာပါနကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ ကြတော့၊ ပဌမ ရှေးဦးစွာ မျက်စိ အကြည်ထဲမှာပင် အဝိုင်းကြီး တွေ ပေါ်လာတတ်ပါတယ်၊ အဖြူဝိုင်းကြီးသော်၎င်း-အနီဝိုင်း အစိမ်းဝိုင်းသော်၎င်း ပေါ်လာတတ်ပါတယ်။

အဲဒီလို ပေါ်လာတဲ့ အဝိုင်းကြီးတွေကို ထပ်ထပ်ပြီး ရှုဘန် များသောအခါ သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာတွေ ပေါ်လာ

တတ်ပါတယ်၊အဲဒီလို ပေါ်လာတဲ့ ပညတ် နိမိတ်တွေကို ချိတ်ိုင်ထားပြီး၊ ရုပ်တရား-နာမ်တရားကို ကူးလို့ မရနိုင်ပါ၊ အဘယ်ကြောင့်ပါလဲ အဲဒီ နိမိတ်တွေဟာ သညာ-ဝိညာဏ် လုပ်ကြံတဲ့ နိမိတ်တွေဖြစ်၍ ရုပ် နာမ် ကူးလို့ မရနိုင်ပါ။

အဲဒီ နိမိတ်တွေကို ချိတ်ိုင်ထားပြီး ရုပ်-နာမ်ကူးကြတဲ့ ပုဂ္ဂိုလ်တွေက ရုပ်တရား-နာမ်တရားကို မတွေ့ကြသော်လဲ ပြောမိပြောရာ အနေနဲ့တော့ ပြောအုံးမှာဘဲဆိုပြီးလျှင် (မသိလျှင်ရုပ် သိလျှင်နာမ်)လို့သာ လောကီ အာနာပါနသမားတွေ ပြောဆိုတတ်ကြပါတယ်။

ဒါ့ကြောင့် ပြောမိ-ပြောရာ-ပြောဆိုကြတဲ့ ရုပ်တရား-နာမ်တရားမျိုး မဟုတ်ဘဲ၊ ပရမတ်သဘာဝ ရုပ်-နာမ် တရားတွေကို အာနာပါန လုပ်ငန်းစဉ် က ပေါ်ထွက် လာအောင် ရှုနိုင်ဘို့ အလွန်အရေးကြီးလှပါသဖြင့် မျက်စိအကြည်ရုပ်မှာ ထင်လာတဲ့ အဖြူဝိုင်းကြီးတွေ-အနီဝိုင်းကြီးတွေ-အမဲဝိုင်းကြီး တွေ နှင့် တကွ ကြယ်ပွင့်-ကြယ်ရောင် နိမိတ်အလုံးစုံ တို့သည် လောကီ အာနာပါန နိမိတ်များ ဖြစ်၍ ရုပ်တရား-နာမ်တရားကို ကူးလို့ မရကြောင်းကို အထူး သိမှတ် နားလည်စေလိုပါတယ်။

## ဘယ်လို နိမိတ်မျိုးမှ ကူးရမှာလဲ

ရုပ်တရား-နာမ်တရား-၂-ပါး ထွက်ပေါ်နိုင်တဲ့ အာနာပါန နိမိတ်ဆိုတာ ပရမတ် ထောက်ခံတဲ့ ပညတ်နိမိတ်ပါဘဲ၊ ပရမတ် ထောက်ခံတဲ့ ပညတ် နိမိတ်ကို တွေ့အောင် ဘယ်လို ပွားများ

အားထုတ်ရမလဲ ဟူသော စဉ်းစားဝေဘန်ချက် ထွက်ပေါ်လာပါတယ်။ ဒီတော့ ပဌမ ရှေးဦးစွာ ထွက်လေ-ဝင်လေ-၂-ပါးကို ထွက်တိုင်း-ထွက်တိုင်း-ဝင်တိုင်း-ဝင်တိုင်း-နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား အရပ်ကို ထိခိုက်၍ ထွက်-ဝင်တယ်မဟုတ်ပါလား။

အဲဒီ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ထွက်လေ ဝင်လေ ၂-ပါး ထိခိုက်တာသည်ပင်လျှင် သူ့ကို ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တယ် မဟုတ်လား။ အထိခိုက်ကို ခံရတာက ကာယ ပသာဒလို့ ခေါ်တယ်မဟုတ်လား။ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒ ၂-ပါး ပေါင်းဆုံလိုက်တဲ့အခါအကြည်ဓာတ်မှ နာမပညတ်နှင့် သဏ္ဌာန ပညတ် ၂-ပါး ထင်လာပါလိမ့်မယ်။

အဲဒီထင်လာတဲ့ ပညတ် ၂-ပါးရဲ့ နိမိတ်မှာကား ယခင်က ပြောကြားခဲ့တဲ့ အဖြူဝိုင်းစသော နိမိတ်မျိုး မဟုတ်တော့ပါ။ လေကြောင်းနိမိတ်ကလေးထင်လာပါလိမ့်မယ်။ အဲဒီလေကြောင်း နိမိတ်ကလေးဟာ ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ်ကလေး ပါဘဲ။

အဲဒီ လေကြောင်းနိမိတ်ကလေး ထင်လာမှ ရုပ်နာမ်ကူးရပါမယ်။ လေကြောင်းနိမိတ်မှသာလျှင် ဖောဋ္ဌဗ္ဗာရုံနှင့် ကာယ ပသာဒ ထိခိုက်တဲ့အတွက် ထွက်လာရသော နာမ သဏ္ဌာန် ပညတ်နိမိတ်များဖြစ်၍ နောက်ကပြဆိုသာတဲ့အတိုင်း- ပရမတ် ထောက်ခံသော ပညတ်ဖြစ်ပါတယ်။

အဲဒီ ပညတ်ကို မိအောင်ဘမ်းနိုင်လျှင် သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ အလုံးစုံထွက်ပေါ်၍ ရုပ်နာမ်ကူးလျှင် နာမရူပ ပရိစ္ဆေဒ

ဥာဏ်စခမ်းတွင် ကူးရပါလိမ့်မယ်။ အာနာပါန တံခါးပေါက်တို့တွင် ဤ နာမရူပ ပရိစ္ဆေဒဥာဏ်စခမ်းသည်ကား ပဌမ တံခါးပေါက်ဖြစ်ပါတယ်။

ပဌမ တံခါးပေါက်က အခြေခံလုံလောက်မှသာလျှင် ကျန်တံခါးပေါက်များကို ပါရမီရှင်များ ဖွင့်နိုင်မည်ဖြစ်ပါ၍ ပဌမအစ အာနာပါန တံခါးပေါက်သည် အားထုတ်ပွားများသော ပုဂ္ဂိုလ် များ အတွက် အရေးကြီးသော တံခါးပေါက် ဖြစ်ပါ၍ ထွက်လေ ဝင်လေ ၂-ပါးကို ရှုမှတ်သောအခါ ပေါ်ထွက်လာသော သဏ္ဍာန်အရိပ်နိမိတ် လက္ခဏာ များကိုသာမာန်အားဖြင့် မစွဲယူဘဲလောကီအာနာပါနနှင့်ယှဉ်သောပညတ်နိမိတ်လောကုတ္တရာ အရိယာ အာနာပါန နှင့် ယှဉ်သော ပညတ် နိမိတ် ၂-မျိုး ခွဲခြားတော်မူပြီးလျှင် လောကီအာနာပါနဘက်တွင် ပါဝင်နေကြသော အဖြူဝိုင်း၊ အနီဝိုင်း၊ အမဲဝိုင်းစသော ကြယ်ပွင့်ကြယ်ရောင် သဏ္ဍာန်- အရိပ်- နိမိတ်- လက္ခဏာ အမျိုးမျိုးတို့ကို ရုပ်တရား နာမ်တရား ပေါ်ထွက်နိုင်တဲ့ နိမိတ် လက္ခဏာမျိုး မဟုတ်ကြောင်းကို အားထုတ်သော ပုဂ္ဂိုလ်တိုင်း သိရှိနားလည်ရန် အရေးကြီးလှပါတယ်။

ရှေးအခါက ငါတို့သည် ဤနိမိတ်မျိုးကို ရုပ်,နာမ်ပေါ်နိုင်တဲ့ နိမိတ်ထင်မှတ်ပြီးလျှင် ကူးခဲ့ဘူးပါတယ်။ ရုပ်တရား,နာမ်တရားကို မတွေ့ဘဲ၊ ပညတ် နိမိတ်ဝမှာ တလယ်လယ်နှင့် အချိန်ကုန်ခဲ့ပါတယ်။ မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ်ကိုဆရာတော်ဘုရားများထံမှ လက်ထပ်နည်း ရလာမှသာလျှင် ပညတ် နိမိတ်တွေကို ၂-မျိုးခွဲခြားနိုင်ပြီးလျှင် ပရမတ်ထောက်ခံသော ပညတ် နိမိတ်ကို သိရှိနားလည်ခဲ့ပါတယ်။

နားလည်မှုသာလျှင် ရုပ်တရား, နာမ်တရား ကူးလိုက်လျှင်ဘဲ တခါထဲ နာမရူပ ပရိစ္ဆေဒဉာဏ်စခမ်းတွင် ဝင်နိုင်သွားပါသဖြင့် အာနာပါန ဘာဝနာကို ပွားများအားထုတ်တော်မူကြသော ပုဂ္ဂိုလ်များအတွက် ဤနေရာတွင် အချက်အလက်ကလေးတခု ရှိကြောင်း သိရှိတော်မူရန် ဒုတိယတိတ်ခွေတွင် ပဌမအစပိုင်း၌ တင်ဆက်ပြလိုက်ရပါပြီ။

ဒုတိယအပိုင်းတွင် လေကြောင်း နိမိတ်အမျိုးမျိုး ပေါ်ထွက်ပုံနှင့် ရုပ်နာမ်ကူးပုံအစ ဝ တို့ကို အားထုတ်သော ပုဂ္ဂိုလ်များ ရှုမှတ်ပွားများနိုင်အောင် ဆော်ပြသွားပါမယ်။

ဤမျှသော စကားအစဉ်ဖြင့် ဒုတိယတိတ်ခွေ ပဌမ တဘက်သည် အာနာပါနလုပ်ငန်းစဉ်၌ အားထုတ်ပွားများသော ပုဂ္ဂိုလ်များအတွက် အရေးကြီးသော အဓိကလုပ်ငန်းစဉ် အချက်အလက်တို့သည် ပြည့်စုံလုံလောက်ပါပြီ။

အရိယာ အာနာပါနလမ်းကို တက်လှမ်းတော်မူနိုင်ကြ၍ ရုပ်တရား နာမ်တရား အစစ်အမှန်တရားတို့ကို အပိုင်ဝေဘန်သိမ်းဆည်းတော်မူနိုင်ကြပါစေသတည်း။

# ဓမ္မစကြာမဂ်ဝင်အာနာပါနကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ဒုတိယ တိတ်ခွေ ဘာသာပြန် ဒုတိယဘက်။

တိက္ခ, ဟာသ, ဇဝန, ဂမ္ဘီ၊ ဉာဏ်လေးလီဖြင့် အခွံကိုခွါ အကာကိုရှား အသားကိုခြေ အနှစ်ကိုတွေနိုင်မှ သဘာဝအနတ္တ ဉာဏ် ထင်မြင်နိုင်သည်၏ အဖြစ်ကိုရှင်း စသည်ဖြင့် တရားပေးတော်မူကြသော ဆရာတော်ဘုရားများ၏ မိန့်မှာတော်မူချက်အတိုင်း ဓမ္မစကြာ အနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန် တရားတော်တို့၏ တက်လမ်းဖြစ်သော အာနာပါနလုပ်ငန်းစဉ် တရားတော်ကြီးသည်အလွန်တရာမှကျယ်ဝန်းနက်နဲသိမ်မွေ့လှပါတယ်၊

ထို အာနာပါန တရားတော်ကိုပင်လျှင် မရရအောင် အားလုံ့လ ဆောင်လျက် အပတ်တကုတ် ကြိုးအားထုတ်နိုင်သော ပုဂ္ဂိုလ်တို့သည် ယခု ဘဝနှင့်ပင်လျှင်၊ ရုပ်တရား, နာမ်တရား, ဝိပဿနာတရား ဓမ္မစကြာ သစ္စာ ၄-ပါးတို့ကို မျက်မှောက်ပြုနိုင်ကြပါလိမ့်မယ်။

ရုပ်တရား, နာမ်တရား, ဝိပဿနာတရား အစစ်အမှန် မထွက်နိုင်တဲ့ လောကီ အာနာပါန တရားကို အားထုတ် နေကြပါလျှင် အာနာပါန ဝဲတွင် တလယ်လယ်နှင့် အချိန်ကုန် လူပန်း ဖြစ်နေရခြင်းတို့ကို ရှေးဦးစွာ သိရှိနားလည်ရန် လိုအပ်ပါတယ်။

## အာနာပါနအရှုတ်ဘယ်လိုထုတ်မလဲ

ရှင်တော်မြတ်ဘုရား အနာဂတ် သာသနာတော်တွင် အရှုတ်ကြီး ၃-ချက်ရှိပါတယ်။ (၁) လောကီအာနာပါနအရှုတ်ကြီးတခု။

(၂) ဝိပဿနာအရှုတ်ကြီးတခု။ (၃) သတိပဋ္ဌာန်အရှုတ်ကြီး တခုအားဖြင့် ၃-မျိုးရှိပါတယ်။

အာနာပါနအရှုတ်ကြီးကို အနည်းငယ် ဖွင့်ပြလိုပါတယ်။ ရှင်ဂေတာ်မြတ်ဘုရား ဟောကြားတော်မူတဲ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တွေမှာ အာနာပါနတရား တော်ကို အနှံ့အပြား ဟောကြား ဆုံးမတော်မူထားပါတယ်။ အာနာပါန လုပ်ငန်းစဉ်ကို ဉာဏ် သက်ဝင်နိုင်တော်မူကြတဲ့ အရှင်ကောင်း အရှင်မြတ်တို့သာလျှင် တကယ့်ကို လက်တွေ့ နည်းပေါက်တော်မူကြ၍ ဓမ္မက္ခန္ဓာအာနာပါနတွေကို ဖြေရှင်း တော်မူနိုင်ကြပါလိမ့်မယ်။ ဓမ္မက္ခန္ဓာ အာနာပါနသည်၊ နည်း ပေါင်းစုံ ရောပြွမ်းနေသဖြင့် အလွန်ဘဲ ကျယ်ဝန်းလှပါတယ်။

လောကီအာနာပါနတွေကလဲ ဓမ္မက္ခန္ဓာကိုမှီငြမ်းပြုပြီးပါဝင် လာကြပါသေးတယ်။ အင်း- ဆေး- မှော်- စုမ-ဂါထာ-မန္တာန် စသော လောကီပညာရပ်တွေကလဲ အာနာပါန လုပ်ငန်းစဉ်ကြီး ကို အမှီပြုပြီး အာနာပါန တစခမ်း ထကြွနေကြပါသေးတယ်။ ဒီလောကတွင် မဟုတ်သေးပါ၊ နိုင်ငံတော်ကြီးရဲ့ စီးပွားရေး- ကြီးပွားရေး-အုပ်ချုပ်ရေး-ပညာရေး အရပ်ရပ်တို့မှာလဲ အာနာ ပါန တရားတော်ကြီးက ကြိုးကိုင်အုပ်ချုပ်ထားကြပါတယ်။

ဒါကြောင့် အလွန်တရာမှ ကျယ်ဝန်း လှတဲ့ အာနာပါန သမုဒ္ဒရာ ပင်လယ်ကြီးကိုပင် ကမ်းတဘက်သို့ရောက်အောင် အမျိုး ကောင်းသား-အမျိုးကောင်းသမီးတို့ ကူးမြောက်နိုင်ဘို့ဟာ မလွယ် ကူလှပါ။

အာနာပါန လုပ်ငန်းစဉ်ကြီး ကိုပင် တကယ်တန်း ပေါက်ရောက်ပြီး သင်္ကာလ ရုပ်တရား-နာမ်တရား-ဝိပဿနာ-ခန္ဓာ-ပဋိစ္စသမုပ္ပါဒ် တရားကြီး တွေ ပေါ်ထွက်လာအောင် အာနာပါန အစစ်အမှန်ကိုပင်လျှင် ဦးခေါင်း ချနိုင်အောင် ယခုဖော်ထုတ်ပြီးသင်္ကာလ-၁၀-ရက် လုပ်ငန်းစဉ်ဖြင့် ပါရမီရှင် အမျိုးကောင်းသား-အမျိုးကောင်းသမီး တို့ အတွက် တင်ဆက်ပြပါတော့မယ်။

မဂ် ဖိုလ် လိုလား သူတော်ကောင်း တို့သည် ဤ-၁၀-ရက် လုပ်ငန်းစဉ်ကို ဉာဏ်သက်ဝင်နိုင်ကြ၍၊ အရိယာ အာနာပါန လမ်းစဉ်ကြီးကို ပွားများ အားထုတ်တော်မူနိုင်ကြပါစေ။

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

( မဟာသတိပဋ္ဌာန်ပါဠိတော် )

(အနက်) ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ထွက်သက်ကို ဖြစ်စေသည်ဖြစ်၍။ အဟံ၊ ငါသည်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ထွက်သက်ကို ဖြစ်စေ၏။ဣတိ၊ဤသို့။ပဇာနာတိ၊အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။

ဆိုလိုရင်းမှာ— ထွက်လေ-ဝင်လေ-၂-ပါးကို လေရှည် ထုတ်လျှင်။ ဝါ၊ ရှူရှိုက်လျှင်၊ လေရှည် ရှူရှိုက်၏ ဟူ၍ အပြားအားဖြင့် ဟုတ်မှန်တိုင်း သိရမည်ဟု ရှင်တော်မြတ်ဘုရား ဆုံးမတော်မူခြင်းပါဘဲ။

အဲဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် စတုက္က-၄-ချက် ဖွင့်ပြတော်မူရာ၌ ပဌမ စတုက္က ကို လေရှည်ကို မူထား၍ ဖွင့်ပြတော်မူပါတယ်။ အဲဒီ ဖွင့်ပြတော်မူတဲ့ အတိုင်း အာနာပါန တံခါး လေးပေါက်တို့တွင် ပဌမ နှုတ်ခမ်းဖျား နှင့် နှာသီးဖျား တံခါးပေါက်မှာ လေရှည် စတုက္ကကို ထား၍ လုပ်ငန်းစဉ် ဖွင့်ပြသွားပါမယ်။

အာနာပါနဘာဝနာကို ပွားများအားထုတ်တော်မူကြသောပါရမီရှင် အမျိုးကောင်းသား-အမျိုးကောင်းသမီး တို့သည် ပဌမ စတုက္ကခေါ် လေရှည် တကဏ္ဍလုပ်ငန်းစဉ်ဟာ ငါတို့၏ဦးကျောက်အိမ်မှာ ရှိတဲ့ ရုပ်တရား-နာမ်တရား-၂-ပါး ကို တွေ့အောင် နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ထွက်လေ-ဝင်လေ-၂-ပါး ကို ချိတိုင်ထားပြီးလျှင် လုပ်ငန်းစဉ် တရပ် ထွက်ပေါ်လာခြင်း ပါဘဲ။

## လေရှည်ကို ဘယ်လို ရှုမှတ်ရမလဲ

ရှေ့ပိုင်းက ဖွင့်ပြလာတဲ့ အာနာပါန လုပ်ငန်းစဉ်ကို ပြန်လည် သုံးသပ် ဆင်ခြင်ကြ ဦးစို့။ အာနာပါန လုပ်ငန်းစဉ်၌ ပညတ်နိမိတ်ကိုယူသောအခါ ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ်ကို ယူရမယ်လို့ လုပ်ငန်းစဉ်ပေးခဲ့တယ် မဟုတ်ပါလား။

ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ်ဟာလဲ အခြား မဟုတ်ပါဘူး၊ လေကြောင်းနိမိတ်ကလေး ပါဘဲ၊ လေကြောင်း နိမိတ်ကို တွေ့အောင် လုပ်ငန်းစဉ်အနေဖြင့် ဘယ်လိုအားထုတ်ကြမလဲလို့

စဉ်းစားဆင်ခြင်ပါလျှင် ရှေးဦးစွာ လေကြောင်းနိမိတ် ပေါ်လာအောင် ထွက်လေ-ဝင်လေ-၂-ပါး ကို နှုတ်ခမ်းဖျား နဲ့ နှာသီးဖျားအရပ်မှာ ချိတိုင်ထားပြီး ရှုမှတ်ရပါမယ်။

ဒုတိယ လေကြောင်း နိမိတ်ကလေးလဲ ထင်လာရော အဲဒီနိမိတ်ကလေး ထင်ရှားလာအောင် လေရှည်ထုတ်၍ လုပ်ငန်းစဉ်ကို အားထုတ်စေလိုတဲ့အတွက် ရှင်တော်မြတ်ဘုရားက အောက်ပါအတိုင်း ဟောကြားဆုံးမတော်မူပါတယ်။

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ လို့ ဟောကြားဆုံးမတော်မူချက်အရ လေရှည်ကို တံခါးလေးပေါက် မီးခွတ်-၄-ပါး ထင်အောင် ရှုမှတ် ပွားများရမည် ဖြစ်ပါ၍ နှုတ်ခမ်းဖျား နဲ့ နှာသီးဖျား အရပ်မှာ ချိတိုင်ထား၍ ဘမ်းဆီး ချုပ်နှောင်ထားသော လေကြောင်း နိမိတ်ကလေးကို ခန္ဓာကိုယ် တံခါးလေးပေါက်မှာ ဝင်အောင်သွင်း၍ ရှုမှတ်ရပါမယ်။

သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ ဖြင့် ထင်မြင်ထားတဲ့ အပ်ချည်မျှင်ကလေးများပမာ - ဖလ်ချောင်းကလေးများပမာ- လေကြောင်း နိမိတ်ကလေးကို အာနာပါနအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ထင်မြင်လာရပါမယ်။

## ဘယ်လိုထင်မြင်ရပါသလဲ

ပဌမနှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ တထွာလောက် ဖြစ်စေ၊ တတောင်လောက်ဖြစ်စေ၊တပေလောက်ဖြစ်စေ၊ ထင်မြင်လာတတ်ပါတယ်။ အာရုံမသိမ်မွေ့သေးတဲ့ ပုဂ္ဂိုလ်များမှာတော့

လှကြီးများဆွဲနေသလို၊ မီးရထားမောင်းကြီးများ ရှေ့တိုး နောက်ဆုတ် ထွက်နေသလို ထင်မြင်လာတတ်ပါတယ်။

တစတစနဲ့ အာရုံသိမ်မွေ့လာလျှင် လေကြောင်းနိမိတ်ဟာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ အထက်က ပြောခဲ့တဲ့ အတိုင်း ပေါ်လာတတ်ပါတယ်။ အဲဒီလိုပေါ်လာလျှင် လေကြောင်းနိမိတ်ကို နာမပညတ်အနေနှင့် ဖမ်းယူနိုင်ပြီလို့မှတ် ပါတော့။

သို့ရာတွင် သဏ္ဌာနပညတ်အနေနဲ့ကတော့ ယူလို့မရနိုင် သေးပါ။ လေကြောင်းနိမိတ်ကလေးဟာ စိတ်ဝိညာဏ် အရိပ်မှာသာ ထင်မြင်နိုင်ခြင်းကို နာမပညတ်ယူနိုင်သည်ဟု ဆိုလိုပါတယ်။ လေကြောင်းနိမိတ်ကလေးဟာ ငါးပါးသော အကြည်ဓာတ်မှာ ပေါ်ထွက်လာနိုင်ပါလျှင် သဏ္ဌာနပညတ်ကြအောင် ယူလို့ရပြီဟု မှတ်ပါ။

လေကြောင်း နိမိတ်ကို သဏ္ဌာနပညတ်ကြအောင် ယူနိုင်လာလျှင် မျက်စိနှင့်ဖွင့်ကြည့်လိုက်တဲ့အခါ မြင်သလို မျက်စိမှိတ်ထားသော်လဲ မြင်နေခြင်းကို သဏ္ဌာနပညတ်ထင်ပြီဟု ဆိုလိုပါတယ်။ ထွက်တဲ့လေနဲ့ ဝင်တဲ့လေကလေးဟာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာပင် အပ်ချည်မျှင်ကလေးများပမာ ဖလ်ချောင်းကလေးများပမာ၊ ဝင်လိုက် ထွက်လိုက်နဲ့ ထင်မြင်လာလျှင် ပဌမ-စ အာနာပါန တံခါးပွင့်ပြီလို့ဆိုနိုင်ပါတယ်။

အာနာပါန ပဌမတံခါးပွင့်လျှင် ရှင်တော်မြတ်ဘုရားက အဲဒီ ပဌမတံခါးကနေပြီးတော့ အားထုတ်တဲ့ ယောဂါဝစရပုဂ္ဂိုလ်ဟာ လေကြောင်းနိမိတ်ထင်ရှားလာအောင် လေရှည်ရှူရှိုက်၍

သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာ ထင်ရှားအောင် တဖန်အားထုတ်ရမယ်လို့ ဆုံးမတော်မူချက်အရ ယောဂါဝစရ ပုဂ္ဂိုလ်သည် လေရှည် ရှူရှိုက်ပြီးလျှင် လေကြောင်းနိမိတ် ထင်ရှားသည်ထက် ထင်ရှားလာအောင် အားထုတ်ပွားများရပါတယ်။

သဏ္ဍာန်အရိပ်နိမိတ်လက္ခဏာထင်ရှားပြီးလာတဲ့လေကြောင်းနိမိတ်ကို ယောဂါဝစရပုဂ္ဂိုလ်သည် ထင်မြင်လာပါလျှင် အဲဒီလေကြောင်းနိမိတ်ကလေးကို နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှ နေ၍ စိတ် ဝိညာဏ်ဖြင့် တဖြေးဖြေးဆွဲယူ၍ ငယ်ထိပ်ဦးကျောက် နှလုံးအိမ် ရင်ချိုင့် ချက်တိုင်ကြအောင် ဆွဲယူသွားလျှင် ရနိုင်ပါတော့တယ်။

အဲဒီလို တံခါးလေးပေါက်ကြအောင် ဆွဲယူရှုမှတ်စေလို၍ မဟာသတိပဋ္ဌာန်ပါဠိတော်တွင် အောက်ပါအတိုင်း ရှင်တော်မြတ်ဘုရား ဟောကြားဆုံးမတော်မူပါတယ်။

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။

အနက်။ ဒီဃံဝါ၊ရှည်စွာမူလည်း။ အဿသန္တော၊ထွက်သက်ကိုဖြစ်စေသည်ဖြစ်၍။ အဟံ၊ငါသည်။ ဒီဃံ၊ရှည်စွာ။အဿသာမိ၊ ထွက်သက်ကိုဖြစ်စေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။

ဤသို့အားဖြင့် လေရှည်ကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခြင်းအရ အာနာပါန တံခါးလေးပေါက်ရောက်အောင် ထင်အောင်လေကြောင်းနိမိတ်ကိုယူနိုင်လာခြင်းကိုဆိုလိုပါတယ်၊

တံခါးလေးပေါက်ရောက်အောင် လေကြောင်းနိမိတ်ကို ယူနိုင်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ထွက်တယ် ဝင်တယ်လို့ လေကို မမှတ်ဘဲနှင့် အမှတ်ကိုလွှတ်နိုင်သွားပါပြီ။

ယောဂါဝစရပုဂ္ဂိုလ်အား ရှေ့ရှုထင်မြင်လာသော သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာကိုပင် မပျောက်အောင် အာရုံစူးစိုက်ပြီးလျှင် သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာ ထင်ရှားသည်ထက် ထင်ရှားလာအောင် အထူးလုံ့လဆောင်ရပါတော့တယ်။

လေကြောင်းနိမိတ်ကလေးကို တံခါး ၄-ပေါက် ဆုံးအောင် သွင်းတဲ့အခါမှာလဲ အရင်တလိုနဲ့ မသွင်းနဲ့၊ ပဌမအစ ငယ်ထိပ်ဦးကျောက်သို့ရောက်အောင် အာရုံကို တဖြေးဖြေး သွင်းယူရပါတယ်၊ ငယ်ထိပ်ဦးကျောက်ကို လေကြောင်းနိမိတ် ဆွဲယူရရှိလာလျှင် တဖြေးဖြေး နှလုံးအိမ်ရင်ချိုင့်ရောက်အောင် တစ တစ ဆွဲယူကြည့်ပါ။ အရင်တလိုနဲ့ မဆွဲယူပါနဲ့ ပင်ပန်းနေတတ်ပါတယ်။

နှလုံးအိမ်ရင်ချိုင့် ရောက်လာလျှင် တဖြေးဖြေးချက်တိုင်ရောက်အောင် ဆွဲယူပါ။ ဤသို့အားဖြင့် လေရှည်လုပ်ငန်းစဉ်၌ အောင်မြင်ထမြောက်ရန် အလုပ်ကို အထူးနားလည်၍ လိမ္မာစေရမယ်။ အလုပ်ကိုနားမလည်လျှင် ပင်ပန်းကြိုးမနပ်ဘဲ၊ သဏ္ဍာန် အရိပ်-နိမိတ်-လက္ခဏာ ပျောက်ကွယ်တတ်လှပါတယ်၊ နိမိတ် ကွယ်သွားလျှင် ထွက်လေ ဝင်လေ ၂-ပါးကို တဘန်ပြန်လည်၍ ရှုမှတ်နေရပါလိမ့်ဦးမယ်။

ဒါ့ကြောင့် ရှင်တော်မြတ်ဘုရားက လေရှည် လေတို လုပ်ငန်းစဉ်ကို ဥပမာထုတ်ဆောင်၍ အောက်ပါအတိုင်း ဆုံးမတော်မူထားပါတယ်။

> သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော ဒီဃံ အဉ္ဆာမီတိ ပဇာနာတိ။
>
> (မဟာသတိပဋ္ဌာန်ပါဠိတော်)

ဆိုလိုရင်းမှာ ချစ်သားတို့ ပွတ်ခုံသော လုပ်ငန်းစဉ်၌ ကျွမ်းကျင်တတ်မြောက်သော ပွတ်ဆရာသည်ရင်း။ ၎င်းဆရာ၏တပည့်သည်ရင်း။ ပွတ်ခုံသောလုပ်ငန်းစဉ်ကို အားထုတ်လုပ်ဆောင်သောအခါ ငါသည် ပွတ်ငင်သည်ရှိသော် ပွတ်ကြိုးကို ရှည်စွာဆွဲ၍ ပွတ်လုံးကိုလည်း ရှည်စွာပွတ်တိုက်မည်ဟု လုပ်ငန်းစဉ်၏သဘောတရားကို ပိုင်းခြားသိသလိုဘဲ လေရှည်ကိုအားထုတ်သောယောဂါဝစရ ပုဂ္ဂိုလ်သည်လည်း လေကြောင်း နိမိတ်သည် ဦးကျောက်အိမ်အထိ ပေါ်ထွက်စေရန် လေကိုထုတ်သောအခါဝင်သောအခါတို့၌ လေရှည်ကို ကိုက်ညီအောင် အားထုတ်ရမယ်လို့ ဆိုလိုပါတယ်။

နှလုံးအိမ်ရင်ချိုင့်အထိ လေကြောင်းနိမိတ်ကိုထင်စေလိုသော် လေရှည်ကို ထုတ်တဲ့အခါ ဝင်တဲ့အခါမှာ နှလုံးအိမ်ရင်ချိုင့်အရပ်ကို ပမာနထား၍ လေရှည်ကို အားထုတ်ရမယ်၊ ဤသို့သူ့အရပ်နှင့် သူ့ လေကိုက်အောင် အထူးလုပ်ဆောင်သွားရမည်ကို ရှင်တော်မြတ်ဘုရား ဆုံးမတော်မူခြင်းပါဘဲ။

## အထူးမှတ်သားရန်တရပ်မှာ

ရုပ်တရား နာမ်တရား ကူးနိုင်သော လေကြောင်းနိမိတ် ထင်မြင်လာအောင် အာနာပါနလုပ်ငန်းစဉ်ကိုသာ အားထုတ်ပါ၊ ရုပ်တရား နာမ်တရား မကူးနိုင်သော လောကီအာနာပါနလမ်းတွေက ထင်မြင်ကြသော အဖြူဝိုင်း၊ အနီဝိုင်း၊ အပြာဝိုင်းစသော နိမိတ်မျိုးတွေ ကြယ်ပွင့် ကြယ်ရောင် နိမိတ်မျိုးတွေကို တွေ့သော်လဲ မဘမ်းယူပါနဲ့၊ ဘာကြောင့်လဲဆိုရင် ပရမတ်ထောက်ခံသော ပညတ်နိမိတ်များ မဟုတ်သောကြောင့် ရုပ်တရား နာမ်တရားကို ကူးလို့မရနိုင်ပါ။

ရုပ်တရား နာမ်တရားကို ကူးလို့ရနိုင်တာဟာ ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ်မှသာ ကူးလို့ရနိုင်ပါတယ်။ ပရမတ်ထောက်ခံခြင်းဆိုသည်မှာလဲ ဖေါဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒ ထိခိုက်သောအခါ ကာယပသာဒ အကြည်ဓာတ်မှာ ထင်ထင်ရှားရှားပေါ်လာတဲ့ နာမပညတ်နဲ့ သဏ္ဌာနပညတ်ခေါ် လေကြောင်းနိမိတ်ကလေးပါဘဲ။

အဲဒီ လေကြောင်း နိမိတ်ကလေးကို အရောင်အဆင်းနှင့်တကွ သဏ္ဌာန် အရိပ် နိမိတ်လက္ခဏာထင်အောင် ဘမ်းလို့ ရနိုင်ပါလျှင် လေရှည် လုပ်ငန်းစဉ်ထဲတွင် ထည့်၍ အာနာပါန တံခါး ၄-ချက် ကြအောင် သွင်းနိုင်ပါတယ်။

သွင်းပုံ သွင်းနည်း အလုံးစုံ တို့ကိုလဲ ဖေါ်ပြခဲ့ပြီး ဖြစ်ပါ၍ အထူးပြောကြားရန်မလိုတော့ပါ၊ လေကြောင်း နိမိတ်ကလေးက နေ၍ ရုပ်တရား နာမ်တရား ၂-ပါး ပေါ်အောင် ဝေဘန် သိမ်းဆည်းရန်ပင် ဖြစ်ပါတော့တယ်။

# ရုပ်တရား နာမ်တရား ၂-ပါးသွင်းပုံ

နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားခေါ် လေရှည် စတုက္က ပဌမ တံခါးတွင် ရုပ် နာမ် ၂-ပါး ကူးသော် ဘယ် ရုပ် နာမ်မျိုးကို ကူးကြမလဲ၊ ဝိပဿနာရဲ့ အခြေခံ ရုပ် နာမ် မျိုးကို ကူးရမယ်။ ဝိပဿနာရဲ့ အခြေခံ ရုပ်နာမ်ဆိုသည်မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် နာမရူပ ပရိစ္ဆေဒ ဉာဏ်၏ ကျက်စားရာ ရုပ်တရား နာမ်တရား တို့ကို ဝိပဿနာ၏ အခြေခံ ရုပ်နာမ် ဟု ထုတ်ဘော်ထားပါတယ်။

ဒါ့ကြောင့် နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို ဝင်နိုင်တဲ့ ရုပ် နာမ် မျိုးကို ပဌမတံခါးတွင်သွင်းနိုင်ပါတယ်။ ဝိသုဒ္ဓိ ၇-ပါးတွင်လည်း ဒိဋ္ဌိဝိသုဒ္ဓိကစ၍ ဝိပဿနာယာနိက လမ်းကိုတက်ရမည်ဟု ပိဋကတ် တော် များက အထင်အရှား ထုတ်ဘော်ထားကြပါတယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်ကိုဝင်တဲ့ ရုပ်နာမ်ကိုရှာဖွေသောအခါ ဓာတ်ကြီး ၄-ပါးတို့တွင် ဓာတ်တပါးပါးကို ဌာန် ၄-ချက်နှင့် ဝေဘန်သိမ်းဆည်း၍ ရှာဖွေရမယ်၊ သို့မှသာ ပရမတ် ရုပ်သဘော နာမ် သဘောကို တွေ့နိုင်သည်ဟု အဋ္ဌကထာ ဆရာကြီးများ မိန့်ဆိုတော်မူကြပါတယ်။

အဲဒီလိုဓာတ်တပါးပါးကို ဌာန်၄-ပါးနဲ့ ဝေဘန်သိမ်းဆည်း ပြီးသော် ပေါ်ထွက်လာသော သဘာဝသည် ရုပ်စစ် နာမ်စစ် ဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိ စခမ်းတွင် ဝင်နိုင်ကြောင်းကိုလဲ နေတ္တိပါဠိတော် နေတ္တိ အဋ္ဌကထာ များတွင် အောက်ပါ အတိုင်း ဖွင့်ပြထား ပါတယ်။

လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ၀သေန နာမရူပ
ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။

အနက်။ ။လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ၀သေန လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်။ နာမရူပ ပရိဂ္ဂဟော၊ နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

## ရုပ်ကို တွေ့အောင် ဘယ်လိုရှုကြမလဲ

ပဌမ ရှေးဦးစွာ ရုပ်တရားကို တွေ့အောင် ရှာဖွေရပါမယ်၊ ရုပ်တရားကိုရှာဖွေတဲ့အခါ အသိတရားနှင့်ရှာဖွေမှလဲရနိုင်ပါတယ် ဒါကြောင့် အသိတရားကို ၃-မျိုးခွဲခြားလိုက်ပါ။ (၁) သညာသိ သဘောတရား။ (၂) ဝိညာသိ သဘောတရား။ (၃) ပညာသိ သဘောတရား လို့ ၃-မျိုး ၃-စား ခွဲခြား၍ အသိတရားကို ဝေဘန်သိမ်းဆည်းကြပါ။

ငါတို့သည် ဝိပဿနာ တရား အားမထုတ်မီ ပရိယတ်နယ်မှာ သညာ ဝိညာဏ် ကျက်စားနေစဉ်တုံးက ရုပ်ခေါ်တဲ့ပထဝီဓာတ်ကို အဘယ်အနေဖြင့် သိနေပါသလဲဆိုရင် ပိဋကတ် စာပေက ဆိုတဲ့ အတိုင်း၊ မာမှုသည် ပထဝီဓာတ်၊ ဖွဲ့စီးမှုသည် အာပေါဓာတ်၊ တွန်းကန်မှုသည် ဝါယောဓာတ်၊ ပူမှု အေးမှုသည် တေဇောဓာတ် ဤအနေမျိုးဖြင့် သိရှိလာခဲ့ပါတယ်။

အဲဒီ အသိမျိုးကို သညာသိလို့ဘဲ ယူရပါတယ်၊စာဘတ်လို့ သိတဲ့အသိ၊သူများပြောလို့သိတဲ့အသိ၊အလုံးစုံတို့ဟာ သညာသိ မှာသာ ဦးခေါင်းချပါတယ်၊ဝိညာဏ်သိ စခမ်းတောင် မဝင်နိုင်

သေးပါ။ ယခုခေတ် သင်္ဂြိုဟ်တွေ သင်လို့သိတဲ့ ရုပ်တရား-နာမ်တရား မျိုးတွေလဲ သညာသိ သဘောတရား မှာဘဲ သွင်းနိုင်ပါတယ်။

အဲဒီ သညာသိရုပ်တရားမျိုးကို အာနာပါနက ကူးယူမလား ဆိုလျှင် မကူးယူပါ၊ပဋိပတ်အနေဖြင့် သိရှိနိုင်သော ရုပ်တရားမျိုး မဟုတ်သဖြင့်-အာနာပါန လုပ်ငန်းစဉ်က မဆွဲကိုင်ပါ၊ ပဋိပတ် အသိတရားဆိုသည်မှာ ပညာသိကိုသာ ဆွဲကိုင်ပါတယ်၊ ပရိယတ် အသိတရားဆိုသည်မှာ သညာသိ-ဝိညာဏ်သိ တရား ကိုသာ ဆွဲကိုင်သဖြင့် ဝိစိကိစ္ဆာနယ်-ဒိဋ္ဌိနယ်-အဝိဇ္ဇာနယ်မှာကျက်စားသော အသိမျိုးကို ခေါ်နိုင်ပါတယ်။

## ဝိညာဏ်သိ ပထဝီဓာတ်ကို ခွဲကြဦးစို့ရဲ့

(ဥပမာ)တခု ထင်ရှားအောင်ပြပါအံ့။ လဘက်ရည်ပန်းကန်ကလေးတခုကို မိမိ၏ မျက်မှောက်ရှေ့တွင် ချထားလိုက်စမ်းပါ၊ မိမိ၏လက်ညှိုးဖြင့် တဘန် စမ်းသပ် ကြည့်လိုက်ပါ၊ စမ်းသပ်လိုက်ပါပြီ ဘယ်လိုတွေ့ပါသလဲ-မာတယ်လို့ တွေ့တယ် မဟုတ်ပါလား-ဟုတ်ပါတယ်ဘုရား။ လက်ညှိုးနဲ့ လဘက်ရည်ပန်းကန်ကို စမ်းသပ်လိုက်သောအခါ မာတယ်လို့ တွေ့ပါတယ်၊မာတယ်လို့ သိပါတယ်။

အဲဒါ ပထဝီဓာတ်လို့ခေါ်ပါတယ်၊ သညာသိ ပထဝီဓာတ်မျိုး မဟုတ်ပါ၊ ဝိညာဏ်သိ ပထဝီ ဓာတ်သဘောတရား ထဲမှာ သက်ဝင် လာပါတယ်၊ ဝိညာဏ်သိ ပထဝီဓာတ် ဖြစ်ပေါ်ပုံကို အနည်းငယ် ရှင်းလင်းပြပါဦးမယ်။

လဘက်ရည်ပန်းကန်ကလေးကို လက်ညှိုးနဲ့ စမ်းသပ်လိုက်တဲ့အခါ မာတယ်လို့ ထွက်ပေါ်ခြင်းကို သဘာဝတရား ဝေဘန်ပါလျှင် အောက်ပါအတိုင်း ဝေဘန်နိုင်ပါတယ်။

## သဘာဝ ၄ ပါး ပေါင်းဆုံပုံ

၁ ဖေါဋ္ဌဗ္ဗ ပထဝီ ခေါ်—လဘက်ရည်ပန်းကန်
၂ ကာယ ပသာဒ ခေါ်—လက်ညှိုး
၃ သညာသိ ခေါ်—နှစ်ပါးဆုံမှုသဘောတရား
၄ ဝိညာဏ်သိ ခေါ်-လေးပါးပေါင်းဆုံသိမှုသဘောတရား

အဲဒီ သဘောတရား-၄-ပါး ပေါင်းဆုံကြသဖြင့် ထွက်ပေါ်လာသော မာမှု သဘောတရားမျိုးကို ဝိညာဏ်သိသဘောတရားလို့ ခေါ်နိုင်ပါတယ်။

လေးပါး ပေါင်းပုံကို အနည်းငယ် ဖွင့်ပြ လိုပါသေးတယ်၊ ပဌမ လဘက်ရည်ပန်းကန်မှာ ဖေါဋ္ဌဗ္ဗ ပထဝီ တည်ရှိနေပါတယ်၊ အဲဒီ ပထဝီက မည်သူမဆို လာရောက် တွေ့က အတွေ့ခံ နေတဲ့ ပထဝီပါဘဲ မျက်နှာကြီး-မျက်နှာငယ် မလိုပါ၊မည်သူဘဲစမ်းစမ်း အတွေ့ခံနေတဲ့ ပထဝီ လို့ ခေါ်ဆိုနိုင်ပါတယ်။

လက်ညှိုးမှာကား ကာယ ပသာဒ ပထဝီဓာတ် ရှိပါတယ်၊ အကြောင်းရှိလာရင် သတ္တဝါတို့ဟာ လက်နှင့်ဘဲ စမ်းသပ်တဲ့အလေ့ရှိကြပါတယ်၊အဲဒီ ကာယပသာဒ ပထဝီနှင့် ဖေါဋ္ဌဗ္ဗပထဝီ ၂-ပါးဆုံလိုက်တဲ့အခါမှာ ပေါ်လာတဲ့ ပထဝီက သညာသိပထဝီလို့ ခေါ်ပါတယ်၊ ဒီတော့ ပထဝီ-၃-လုံး ရှိသွားပါပြီ၊ မနေ့

ဝိညာဏ်သိ ပထဝီဆိုသည်မှာ ပထဝီ-၃-ပါးတို့၏ ညီညွတ်ပေါင်း ဆုံလာသောအခါ မာတယ်လို့ ပညတ်နှင့်တကွ စွဲယူ သိတဲ့ ပထဝီကြီး ပါဘဲ။

အဲဒီလေးပါး ပေါင်းဆုံညီညွတ်မှုကြောင့် ဖြစ်ပေါ်လာသော မာမှု သဘောတရားကို လောကတွင် သညာ ဝိညာဏ်သမားတွေ က ပထဝီဓာတ်လို့ သမုတ်သတ်မှတ် ခေါ်ဝေါ်ပညတ် ကြပါ တယ်၊ စာအုပ် စာတမ်းတွေ ကလဲ ရေးမှတ်ကြပါတယ်၊ ပါဠိ အဋ္ဌကထာတို့ကလဲ ပထဝီဓာတု ကက္ခဠတာလက္ခဏာ စသည်ဖြင့် ဖွင့်ဆိုကြပါတယ်၊ အဲဒီ ပထဝီမျိုးကား ဝိညာဏ်သိ ပထဝီလို့ ခေါ်နိုင်ပါတယ်။

ဝိညာဏ်သိ ပထဝီမျိုးကလဲ ယခု အာနာပါန လုပ်ငန်းစဉ် ကြီးက ရုပ်တရား-နာမ်တရား ကူးမလား ဆိုလျှင် မကူးနိုင်ပါ၊ ပညာသိ ပထဝီ မဟုတ်တဲ့အတွက် ရုပ် နာမ် ကူးလို့ မရနိုင်ပါ။

အဲဒါကြောင့် ယခုအခါ ငါတို့ရဲ့ ဝိပဿနာ တရားတော် ကြီးမှာ—ပူသိ-အေးသိ-မာသိ-ပြေ့သိ ခေါ်တဲ့ သညာဝိညာဏ်သိ ဓာတ်လေးပါး လောက် နှင့် ဝိပဿနာရှုနေလို့ မဖြစ်တော့ဘူး၊ ဝိပဿနာခေတ်ကြီးဟာ ငါတို့ နိုင်ငံမှာ ကမ္မဿကတ သမ္မာဒိဋ္ဌိ တွေ ခေတ်ပေါ်နေသလို အနောက်နိုင်ငံ-အရှေ့နိုင်ငံ အိမ်နား နီးချင်း နိုင်ငံတွေမှာ ဝိပဿနာခေတ်ကြီး ပေါ်ထွက်နေပါပြီ။

သညာ ဝိညာဏ်သိ ဓာတ်လေးပါးမှ ပညာသိဓာတ်လေးပါး သို့ တက်နိုင်အောင် အမြန်ကြိုးစားမှ ကမ္ဘာ၏ စံချိန် ဝိပဿနာ ကို အမှီလိုက်နိုင်ပါလိမ့်မယ်။

ကဲ-ကဲ ပညာသိ ခေတ်လေးပါးကို ရှာကြဦးစို့....ပညာသိ ခေတ်-၄-ပါး ဆိုသည်မှာ ပထဝီခေတ် တပါး၌ ခေတ်-၃-ပါးတို့ ဆက်စပ်နေခြင်းကို ရှုမြင်နိုင်ခြင်းသည် ပညာသိခေတ်လေးပါး လို့ ခေါ်ဆိုနိုင်ပါတယ်။ ခေတ်တပါးနဲ့ ခေတ်-၃-ပါး ဘယ်လို ဆက်စပ်သလဲဆိုတာကို အနည်းငယ် ရှင်းပြလိုပါတယ်၊ သဘော ပေါက်အောင်လဲ ဝေဘန်သုံးသပ် ကြစေလိုပါတယ်။

လူတို့ရဲ့ မျက်စိ-နား လောကကြီးမှာ ခေတ်လေးပါးတို့တွင် ခေတ်တပါးက ပေါ်ထွက်လာရင် ခေတ်-၃-ပါးက ထောက်ခံတဲ့ အနေနဲ့ ပါဝင်ရပါတယ်။ ဥပမာ—ပထဝီခေတ်က မာတယ်လို့ လက်မထောင်၍ ပြောလိုက်ရင်ဘဲ- အာပေါခေတ်-ဝါယောခေတ် တေဇောခေတ်-၃-ပါး တို့က ထောက်ခံတဲ့ အနေနဲ့ ပါဝင်လျက် ရှိနေပါတယ်၊ ဒါကြောင့် ခေတ်ကြီး-၄-ပါး ကို အဝိနိဗ္ဘောဂ ရုပ်လို့ အဘိဓမ္မာက ထုတ်ပြကြတယ် မဟုတ်ပါလား။

ခေတ်တပါး ပေါ်ထွက်လာလျှင် ခေတ်-၃-ပါး ပါဝင်နေသဖြင့် ပဋ္ဌာန်းကျမ်းတော်တွင် ရှင်တော်မြတ်ဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတေ၊
တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ။

(အနက်) ဧကံ၊တပါးသော။မဟာဘူတံ၊မဟာဘုတ်ကို။ပဋိစ္စ၊စွဲ၍။တယော၊သုံးပါးကုန်သော။ မဟာဘူတေ၊မဟာဘုတ် တို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တယော၊သုံးပါး

ကုန်သော။မဟာဘူတေ၊မဟာဘုတ်တို့ကို။ပဋိစ္စ၊စွဲ၍။
ကော်၊ တပါးသော။ မဟာဘူတံ၊ မဟာဘုတ်သည်။
ဥပ္ပဇ္ဇတိ၊ဖြစ်၏။

အဲဒီပဋ္ဌာန်းကျမ်းကြီးမှာ ဟောကြားတော်မူသော ခုတ်တပါးနှင့် ခုတ် ၃-ပါး ရုပ်တရားတို့ဟာ ပညာသိ ရုပ်တရားလို့ ဆိုနိုင်ပါတယ်။ အဲဒီ ရုပ်တရားမျိုးကနေ၍ အာနာပါနလုပ်ငန်း စဉ်ကြီးမှာ ရုပ်နာမ်ကူးမလားဆိုရင် ကူးရင်လဲ ရပါတယ်။ သို့ရာတွင် ယခုဖွင့်ပြတဲ့ အာနာပါနကြီးသည်ကား မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ်ကြီးဖြစ်နေ၍ နာမ်တရားကို အမှူးပြုပြီး လျှင် ကူးရမည့်လုပ်ငန်းစဉ်ကြီးပါ။ ဒါကြောင့် ခုတ်တပါး၊ ခုတ် ၃-ပါး ရုပ်တရားမျိုးက မကူးလိုပါ။

ရုပ်တရားအမှူးပြုပုံ၊ နာမ်တရားအမှူးပြုပုံတို့ကို အနည်းငယ် ရှင်းပြလိုပါသေးတယ်။ ဒီတော့မှ အားထုတ်ကြတဲ့ပုဂ္ဂိုလ်များ လုပ်ငန်းစဉ် မတွေဝေဘဲ အမြင်မှန်ကို ရနိုင်ကြပါလိမ့်မယ်။

ဝိပဿနာလုပ်ငန်းစဉ်ဆိုတာ ရုပ်တရားကိုအမှူးပြု၍တက်လာရသော အနုလောမ လုပ်ငန်းစဉ် ဖြစ်ပါတယ်၊ ထိုလုပ်ငန်းစဉ်၌ ယောဂါဝစရ ပုဂ္ဂိုလ်သည် ရုပ်တရား အနတ္တကို ရှေ့ဦးစွာ စစ်ဆေးရှာဖွေရပါသည်။ဒါကြောင့် ခုတ်လေးပါး ခုတ်၈-ပါး ဆိုတဲ့ တရားခံကြီး တွေကို ဘမ်းဆည်း ချုပ်နှောင် ပြီးလျှင် နာမရူပပရိစ္ဆေဒဉာဏ် ခေါ် ခုံးရုံးတော်ကြီးသို့တင်၍ အနတ္တကို ရှာဖွေစီစစ်ရပါတယ်။

သတိပဋ္ဌာန် အာနာပါန တရားတော်ကြီးသည်ကား ရှင်တော် မြတ်ဘုရားသည် ဝိပဿနာဉာဏ်တို့ကဲ့သို့ အနုလောမအသွား

သဘောတက်စဉ်ကို ပဓာနထား၍ဟောကြားခြင်းမဟုတ်ပါ။ ပဋိလောမ အပြန်သဘောကို ပဓာနထား၍ ဟောကြားတော်မူခြင်းကြောင့် နာမ်သဘောကိုအမှူးပြု၍ ရုပ်နာမ်ကို ကူးယူရပါမယ်။

ဉာဏ်စခမ်းနှင့် ဝေဘန်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ်မှာဘဲ သွင်းရမှာပါဘဲ။ သို့ရာတွင် အမှူးပြုခြင်းသာ ကွာခြားလျက် ရှိပါတယ်။ ပညာသေးငယ်ကြတဲ့ မန္ဒပုဂ္ဂိုလ်များကြတော့ ရုပ်တရားအမှူးပြုပြီးလျှင် နာမ်တရားကို ရှာဖွေသိမ်းဆည်းကြ၍ ရုပ်နာမ် ၂-ပါး၏ အနတ္တကို ထင်မြင်တော်မူကြပါတယ်။

ပညာကြီးမားတော်မူကြတဲ့ တိက္ခပုဂ္ဂိုလ်များကြတော့ နာမ်တရားကို အမှူးပြုပြီးလျှင် ရုပ်တရားကိုပါ သိမ်းဆည်းတော်မူနိုင်ကြ၍ သဘာဝ-အနတ္တ ဉာဏ်စခမ်းသို့ တက်လှမ်းတော်မူနိုင်ကြပါတယ်။ ဤသဘောမျှသာ ကွာခြားလျက်ရှိရာ ရှင်တော်မြတ်ဘုရားသည် မဟာသတိပဋ္ဌာန် အာနာပါန တရားတော်ကြီးကိုကား နာမ်တရားကိုအမှူးပြု၍ ပဋိလောမနည်းကို ရှေ့ရှုပြီးလျှင် ဟောကြားဆုံးမတော်မူပါတယ်။

ကဲ-ကဲ အာနာပါလုပ်ငန်းစဉ်၌ ရုပ်နာမ်ကူးကြစို့—

ယာထာဝ သရသလက္ခဏ ပဋိဝေဓဝသေန၊
ပဝတ္တံ ဉာဏံ နာမရူပ ပရိစ္ဆေဒ ဉာဏံ။

ဟု ပိဋကတ်တော်များတွင် ဖွင့်ဆိုထားပါတယ်။

ဒါကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်ခစန်းတွင် အာနာပါန လုပ်ငန်းစဉ်ကိုသွင်း၍ ရုပ်တရားနာမ်တရားဘက်သို့ ထွက်ပေါ်လာအောင် ရှုရမှာဘဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ်သည်ကား ရုပ်တရားကို အမှူးပြု၍ ကူးယူလိုကြသော ပုဂ္ဂိုလ်အတွက်လဲ ရနိုင်တဲ့ ဉာဏ်ပါဘဲ။

နာမ်တရားကို အမှူးပြု၍ ကူးယူလိုကြသော ပုဂ္ဂိုလ်များ အတွက်လဲ ရနိုင်တဲ့ဥာဏ်ပါဘဲ၊ ၂-ပါးစုံ ရနိုင်တဲ့ ဥာဏ်ဖြစ်၍ ဝိပဿနာယာနိကလမ်းများ ပုဂ္ဂိုလ်များလဲ ဤဥာဏ်စခမ်းက စ၍ ရုပ်တရား, နာမ်တရားတို့၏ အနတ္တအချက်ကို အကွက်ကျ ထင်အောင် မြင်အောင် ရှုတော်မူနိုင်ကြပါတယ်။

စျာန လာဘီ စျာန်တရားရကြသော ပုဂ္ဂိုလ် အရှင်မြတ်တို့လဲ မဂ်တရား ဖိုလ်တရား အလိုရှိ၍ ရုပ်တရား နာမ်တရားကို ဆင်ခြင်သုံးသပ်တော်မူကြတဲ့အခါမှာလဲ ဤနာမရူပ ပရိစ္ဆေဒဉာဏ် စခန်းသို့ သက်ဆင်းတော်မူကြ၍ ဝိပဿနာ၏ အခြေခံ ရုပ်နာမ် တရားတို့ကိုဆင်ခြင်သုံးသပ်တော်မူကြပါသဖြင့်ဝိပဿနာယာနိက လမ်း သမထ ယာနိကလမ်း ၂-ပါးစုံ သက်ဝင်နိုင်တဲ့အခြေခံဉာဏ် ဖြစ်ကြောင်း ပိဋကတ်တော်များတွင် ထုတ်ဘော် ထားကြ ပါတယ်။

## ရုပ်နာမ်ထင်အောင် ကူးပုံကူးနည်း

အာနာပါနလုပ်ငန်းစဉ်၌ ပထမတံခါးခေါ် လေရှည် စတုက္က ဖြင့် အားထုတ်တော်မူကြ၍ လေကြောင်းနိမိတ် ထင်မြင်ပြီးသော ပုဂ္ဂိုလ်တို့သည် သဏ္ဍာန်-အရိပ်-နိမိတ်-လက္ခဏာကြအောင်ရှုမှတ် နိုင်ခဲ့ပါလျှင် ရုပ်နာမ်စခမ်းသို့ကူးကြသောအခါ မိမိထင်မြင် ပြီးသော လေကြောင်း နိမိတ်ကလေးကိုပင် ပျောက်ကွယ်မသွား အောင် ရှေးဦးစွာ အထူးစောင့်ရှောက်ထိန်းသိမ်း ရှုမှတ်နေရပါ တယ်၊ ထွက်လေ၊ ဝင်လေ ၂-ပါးကိုတော့ သဏ္ဍာန်-အရိပ်-နိမိတ်လက္ခဏာ ထင်တော်မူတယ်ဆိုလျှင်ဘဲ မမှတ်တော့ဘဲ လွှတ် လိုက်ပါပြီ။

လေကြောင်းနိမိတ်ကိုသာလျှင် မပျောက်ကွယ်ဘဲ ထင်သည်ထက် ထင်လာအောင် အထူးလုံ့လပြုရပါတယ်။ ဒီအခါမှ ရုပ်နာမ်ကူးလို့ရနိုင်ပါတယ်။ သမထလုပ်ငန်းစဉ်ခေါ် အာနာပါန အလုပ်ဟာ နိမိတ်ထင်လျှင်ပြီးဆုံးပါတော့တယ်။ ရှေ့ကိုဝိပဿနာ အလုပ်စခမ်း သို့ တက်လှမ်းတော် မူပြီလို့ ယူဆ နိုင်ပါတယ်၊ ယခုခေတ်-ယခုအခါ သည်ကား ဈာန်တရားကို ရနိုင်တဲ့ အခါ မဟုတ်သဖြင့် အာနာပါန ဘာဝနာကို အရိုးကြေကြေ-အရေခမ်းခမ်း-ကြိုးပန်းအားထုတ်ဘို့လဲ မလိုတော့ပါ၊ သဏ္ဌာန် အရိပ်နိမိတ် လက္ခဏာ ထင်လျှင် ပြီးဆုံးပါတော့တယ်။

ဝိပဿနာ-ပညာ-ရုပ် နာမ် စခမ်းသို့ ကူးပြောင်း တက်လှမ်းရန်သာရှိပါတော့သဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ် စခမ်းသို့ တက်လှမ်းတော်မမူမီ ပညာရဲ့ သဘောကို အနည်းငယ် ဖွင့်ပြလိုပါသေးတယ်၊ သို့မှသာ ရုပ်တရား-နာမ်တရားကူးတဲ့အခါ သဘာဝဉာဏ် အမြန်ပေါက်၍ ကူးလိုက်တိုင်း ရောက်နိုင်ပါမယ်။

ပညာဆိုသည်မှာ–ပကာရေန ဇာနာတီတိပညာ။ အပြားအားဖြင့် သိတတ်သောကြောင့် ပညာဟု ဆိုလိုပါတယ်။ အပြားအားဖြင့် ဘယ်လို ပိုင်းခြားသိတတ်ပါသလဲ၊ အပြား ဆိုသည်မှာ တခုစီ-တခုစီ ခွဲခြား ဆိုလိုပါတယ်၊ အဲဒီ ခွဲခြားတဲ့ အတိုင်း ပိုင်းပိုင်းခြားခြား အမှန်သဘောကို ထွင်းဖောက်သိခြင်းကို ပညာသိလို့ဘဲ ဆိုရပါတယ်။

ဝိပဿနာဆိုသည်မှာ အထူးထူး အပြားပြားကို ရှုခြင်းသည် ဝိပဿနာ မည်ပါတယ်၊ အထူးထူး အပြားပြား ဆိုခြင်းမှာလဲ အနိစ္စ-ဒုက္ခ-အနတ္တ စသော အခြင်းအရာတို့ကို အထူးထူး အပြား

ပြား ဟု ဆိုလိုပါတယ်၊အဲဒီ အခြင်းအရာတို့ဖြင့် ရှုခြင်း-ဆင်ခြင် သုံးသပ်ခြင်းတို့ကို ဝိပဿနာ ဟု ဆိုလိုပါတယ်။

အာနာပါနလုပ်ငန်းစဉ်ဖြင့် ရှေးရှုထင်မြင်ပြီးသော သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ ခေါ် လေကြောင်း နိမိတ် ကိုပင်လျှင် ယောဂါဝစရပုဂ္ဂိုလ် သည် ဝေဘန်သုံးသပ် ဆင်ခြင် ရပေလိမ့်မည်။ အဲဒီ လေကြောင်းနိမိတ်ကလေးသည် အဘယ် သဘာဝမှ ပေါ်ထွက်လာသော နိမိတ် ပါလဲ၊ ထွက်ပေါ်ရာ သဘာဝကို ရှေးဦးစွာ ဝေဘန်သိမ်းဆည်းပါ။

ထွက်လေ-ဝင်လေ-၂-ပါးသည်ကား နှုတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်ကို ထိခိုက်ပြီးလျှင်-ထွက်-ဝင်လာသောကြောင့် အာရုံ ၆-ပါး နှင့် ခွဲခြားပါလျှင် ဖောဋ္ဌဗ္ဗာရုံ၌ အကျုံးဝင်သောဓမ္မ ဖြစ်ပါတယ်။ နှုတ်ခမ်းဖျား နှင့် နှာသီးဖျား အရပ် သည်ကား လေဓာတ်၏ အထိအခိုက်ခံရသောကြောင့် ကာယပသာဒ ခေါ် အကြည်ဓာတ်သဘောဖြစ်ပါတယ်၊ အဲဒီ နှစ်ပါးတို့ရဲ့ ပေါင်းဆုံခြင်းကြောင့် လေကြောင်း နိမိတ်ကလေးသည် သဏ္ဌာန် အရိပ် နိမိတ်လက္ခဏာထင်မြင်၍ အာနာပါန ဘာဝနာတွင် ပေါ်ထွက်လာခြင်းဖြစ်ပါတယ်၊ထို သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ တို့ကား နာမပညတ် နှင့် သဏ္ဌာနပညတ် ၂-ပါး တို့သာ ဖြစ်ကြပါတယ်၊ ထို ပညတ် ၂-ပါး တို့သည် ထောက်ခံတဲ့ ပရမတ် သဘော ရှိလို့သာ ပေါ်ထွက်လာရသော ပညတ်နိမိတ်များဖြစ်ကြရာ၊ထောက်ခံသော ပရမတ်သဘောကား အဘယ်သူပါလဲလို့ စဉ်းစားဝေဘန် သိမ်းဆည်းလိုက်တဲ့အခါ ဖောဋ္ဌဗ္ဗ နှင့် ကာယပသာဒ အကြည်ဓာတ် ၂-ပါးတို့ကိုပင်တရားခံအနေနဲ့ ထင်မြင်သိလာပါတယ်။

ထင်မြင်လာတာ ဖေါဋ္ဌဗ္ဗာရုံ နှင့် ကာယပသာဒ ၂-ပါးတို့ကို နာမရူပ ပရိစ္ဆေဒ ဉာဏ်စခမ်းသို့သွင်း၍ ဝေဘန်သိမ်းဆည်းရပါမယ်၊ သို့မှသာ ရုပ်တရားနာမ်တရား ၂-ပါးကို တွေ့နိုင်ပါလိမ့်မည်၊ နာမရူပပရိစ္ဆေဒဉာဏ်သို့ သွင်းလိုသော ရုပ်တရားနာမ်တရားတို့ကို ဋ္ဌာန်လေးချက်နှင့် ဝေဘန်သိမ်းဆည်းရပါတယ်။

## ဋ္ဌာန်လေးချက်ဝေဘန်သိမ်းဆည်းပုံ

၁ လက္ခဏာ မိမိ၏ ရရှိသော သဘော သို့မဟုတ် မှတ်ကြောင်း သဘောတရားကိုခေါ်ဆိုပါတယ်။

၂ ရသ ကိစ္စ၏ ပြည့်စုံခြင်းသဘော။ ဝါ၊ ပြုလုပ်ပေးခြင်း သဘောတရားကို ခေါ်ဆိုပါတယ်။

၃ ပစ္စုပ္ပဋ္ဌာန် ယောဂီ ပုဂ္ဂိုလ် တို့အား ရှေးရှု ထင်ခြင်း သဘော သို့မဟုတ် အကျိုးတရားကို ခေါ်ဆိုပါတယ်။

၄ ပဒဋ္ဌာန် ပြဋ္ဌာန်းသော သဘောတရား သို့မဟုတ် နီးစွာသော အကြောင်း တရား ကို ခေါ်ဆိုပါတယ်။

အဲဒီ ဋ္ဌာန်လေးချက်သဘောတရားဖြင့် တခုသောသဘာဝဓမ္မကို ခွဲစိတ်ဝေဘန် သိမ်းဆည်းသော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒ ဉာဏ်ဟု ခေါ်ဆိုနိုင်ပါတယ်။

ဋ္ဌာန် လေးချက် တို့ဖြင့် ဖေါဋ္ဌဗ္ဗာရုံ နှင့် ကာယပသာဒ အကြည်ဓာတ် ၂-ပါးတို့ကိုဝေဘန်သိမ်းဆည်းရပါမယ်၊ နောက်က ပထဝီလေးမျိုးကို ခွဲခြား၍ ပြဆိုခဲ့သည့် အတိုင်းပါဘဲ၊ ယခုလဲ

ဖေါဋ္ဌဗ္ဗာရုံရယ် ကာယပသာဒ အကြည်ဓာတ်ရယ် ၂-ပါး ဆုံတဲ့ အခါ ပေါ်တဲ့ သညာသိရယ် သုံးပါး ညီညွတ်တဲ့ အခါ ပေါ် လာတဲ့ သိမှုခေါ် ဝိညာဏ်ရယ် ဤလေးပါးတို့ကို အစဉ်အတိုင်း လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် ဆိုပြီး ခွဲခြားယူလိုက်ပါ။ ဘယ်လိုခွဲခြားယူရမလဲဆိုရင် ဖေါဋ္ဌဗ္ဗသဘောကို လက္ခဏာလို့ ယူပါ။ ကာယပသာဒအကြည်ဓာတ်သဘောကို ရသလို့ ယူပါ။ သညာသိ သဘောတရားကို ပစ္စုပဋ္ဌာန်လို့ ယူပါ။ ဝိညာဏ်သိ သဘောကို ပဒဋ္ဌာန်လို့ ယူပါ။ အဲဒီလိုခွဲခြားယူပြီးမှ ရုပ်တရား နာမ်တရားကို ရှာဖွေပါလျှင် အလွယ်တကူနဲ့ဘဲ တွေ့နိုင်ပါတယ်။

## ရုပ်နာမ် ၂–ပါး သွင်းပြပုံ

ဖေါဋ္ဌဗ္ဗဆိုသည်မှာ တွေ့ထိခြင်းသဘောတရားကို ခေါ်ဆိုပါ တယ်။ အဲဒီတွေ့ထိခြင်းသဘောတရားကို တွေ့ထိတယ်လို့ မှတ် ခြင်းသည် လက္ခဏာလို့ ခေါ်ဆိုခြင်းပါဘဲ။ လက္ခဏာရဲ့ သဘော တရားကိုပင်လျှင် ပညတ်နယ်တွင် ပေါ်ထွက်သောအခါ နာမ ပညတ်အရာ၌ ပေါ်ထွက်နိုင်ပါတယ်။

အကြည်ဓာတ်ဆိုသည်မှာ ရသ၏ သဘောတရားပင် ဖြစ်ပါ တယ်။ ရသအရ ဝေဘန်ပြန်လျှင် ကိစ္စ၏ ပြည့်စုံခြင်းသဘော တရားကို ခေါ်ဆိုထားသဖြင့် အဓိပ္ပါယ်လိုရင်းကို ပြောရမယ် ဆိုရင် တွေ့ထိခြင်းခေါ် အာရုံသဘောကလေး ပေါ်ထွက်လာ အောင် ပြုလုပ်ဆောင်ရွက် အားထုတ်ပေးသော သဘောတရား ကို ရသလို့ဆိုလိုပါသဖြင့် အကြည်ဓာတ်၏ ဗျာပါရသဘော

တရားကို ဝေဘန်သော် ဖေါဋ္ဌဗ္ဗာရုံကလေး ပေါ်ထွက်လာအောင် ပြုလုပ်ပေးခြင်းသဘောတရားပါဘဲ။

အဲဒီပြုလုပ်ပေးခြင်း သဘောတရားကို နာမရူပ ပရိစ္ဆေဒဉာဏ်၌ သွင်းသော် နာမ်သဘောအရာ၌ သွင်းနိုင်ပါတယ်။ အပြုလုပ်ခံရတဲ့ ဖေါဋ္ဌဗ္ဗာရုံကိုတော့ ရုပ်တရားအရာ၌ သွင်းနိုင်ပါတယ်။ အဲဒီရုပ်တရား, နာမ်တရားမျိုးကို ဝိပဿနာအရာ၌ အာရုံ အာရမ္မဏိက ရုပ်တရား နာမ်တရားဟု ခေါ်ဆိုကြပါတယ်။

အာရုံသဘောကား ရုပ်ပါ၊ အာရမ္မဏိက သဘောကား နာမ်တရားပါ၊ ဤသို့အားဖြင့် ထွက်လေ ဝင်လေ ၂-ပါးတို့ကို ရုပ်နာမ်ကူးလျှင် အာရုံ အာရမ္မဏိက ရုပ်နာမ်မျိုး၌ ကူးရပါတယ်၊ အာနာပါန ဘာဝနာကို ပွားများကြသောပုဂ္ဂိုလ်များ အထူးနားလည်ကြရန်။ ဝါ-ရုပ်နာမ်ကူးတတ်အောင် အနည်းငယ် ဖွင့်ပြလိုပါသေးတယ်။

အာနာပါန ဘာဝနာကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ခန္ဓာကိုယ်ကြီးမှာ ထွက်လေ ဝင်လေ ၂-ပါးတို့သည်၊ ထွက်လိုက်ဝင်လိုက်နဲ့ ကျေးဇူးပြုနေခြင်းကို အာနာပါန လုပ်ငန်းစဉ်အားဖြင့် အားထုတ်လိုက်တဲ့ အခါ ထွက်လေ ဝင်လေ ၂-ပါးတို့သည် အပ်ချည်မျှင်ကလေးများပမာ၊ ဖလ်ချောင်းကလေးများပမာ၊ သဏ္ဌာန်-အရိပ်-နိမိတ်-ယက္ခဏာဖြင့် ပေါ်ထွက်လာသော ပညတ်ရိပ်ကို သိမ်းဆည်းလိုက်တဲ့ အခါ ပရမတ် ဖြစ်သော ဖေါဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒ အကြည်တို့ကို ဥာဏ် ၄-ချက်နှင့် ဝေဘန်သိမ်းဆည်းလိုက်သော် လက္ခဏာ-ရသ-၂-ပါးတို့သာ ထွက်ပေါ်လာပါတယ်။

၎င်း လက္ခဏ ရသ ၂-ပါးတို့ကို ရုပ်တရား နာမ်တရားအနေနှင့် ဝေဘန်သော် လက္ခဏကား အာရုံသဘောတရားဖြစ်၍ ရုပ်တရားဟု ခေါ်ဆိုနိုင်ပါတယ်၊ ရသ သဘောတရားကား အာရမ္မဏိက သဘောတရားဖြစ်၍ နာမ်တရားဟု ဝေဘန်နိုင်ပါတယ်။

လက္ခဏ ရသ ၂-ပါး တို့မှ ထွက်ပေါ်လာသော ရုပ်- နာမ် တို့ဟာ နာမ ပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါး တို့နှင့် မကင်းသောကြောင့် သမုတိသစ္စာနယ်မှာရှိသော ရုပ်တရား နာမ်တရား မျိုးဖြစ်ပါတယ်၊သညာရိပ် ဝိညာဏ်ရိပ် မကင်းဆိတ်သောကြောင့် ပရမတ် အစစ် ရုပ်တရား နာမ်တရား ၂-ပါးသို့ သွင်းလို့မရငြားသော်လဲ အာနာပါန တံခါးလေးပါး တို့တွင် ပဌမ တံခါးမှ ထွက်ပေါ်ရသဖြင့် ကြမ်းထမ်းသော သဘောတရားရှိလေရကား ပညတ်ရိပ် ဖုံးအုပ်သော ပရမတ်သဘောဟု ဆိုနိုင်ပါတယ်။

အနုလောမ လုပ်ငန်းစဉ် သို့ သွင်း၍ ဝေဘန်သိမ်းဆည်းလိုက်လျှင် လက္ခဏ ရသ ၂-ပါး မှ ထွက်ပေါ်လာသော ရုပ်တရား နာမ်တရားတို့သည် ရုပ်တရားကို အမှူးပြု၍ ပေါ်ထွက်လာသော ရုပ်,နာမ်-မျိုးဟူ၍လဲ မှတ်တော်မူကြစေလိုပါတယ်။

ဤသို့အားဖြင့် နာမရူပ ပရိစ္ဆေဒ ဉာဏ်အရ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ၄-ပါးအရ ဝေဘန် သိမ်းဆည်းလိုက်သော် လက္ခဏ ရသ ၂-ပါးတို့သည် ရုပ်တရားကိုအမှူးပြု၍ သိမ်းဆည်းကြသော ရုပ်-နာမ် မျိုးဖြစ်၍ သမုတိသစ္စာနယ်မှာရှိသော ရုပ်တရား နာမ်တရား ဟု ခေါ်ဆိုနိုင်ပါတယ်။

ပရမတ္ထ သစ္စာနယ်မှာရှိသော ရုပ်တရား နာမ်တရားမျိုးကား ပစ္စုပ္ပဋ္ဌာန်နှင့် ပဒဋ္ဌာန် ၂-ပါးမှ ထွက်လာသော ရုပ်တရား နာမ်တရားမျိုးကို ဆိုလိုပါတယ်၊ အဲဒီ ရုပ်-နာမ် မျိုး ကြတော့ နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါး မျက်တောင်မခတ်နိုင်တော့ပါ၊ ပရမတ်အစစ် ရုပ် နာမ်မျိုးမှာ ဥက္ကောင်းချပါတော့တယ်။

အာနာပါန လုပ်ငန်းစဉ်ကြီး သည်ကား ရှင်တော်မြတ်ဘုရားသည် ပဋိလောမနည်းခေါ် အပြန်တက်နည်းကို ဟောကြားတော်မူသောကြောင့် ပစ္စုပ္ပဋ္ဌာန်ပဒဋ္ဌာန် ရုပ်-နာမ် မျိုး ပေါ်အောင်ကူးယူရပါလိမ့်မယ်၊ သို့မှသာ ပရမတ်အစစ် ရုပ်နာမ်ကို ကူးနိုင်သည်ဟု အာနာပါန ဘာဝနာ၏ ဂုဏ်ကျေးဇူးတွေ ထင်ပေါ်လာနိုင်ပါမယ်။

## ပဋိလောမနည်းဖြင့် ရုပ်နာမ်ပေါ်ပုံ

ဌာန်လေးချက်တို့တွင် လက္ခဏာ-ရသ ၂-ပါးတို့၏ သမုတိသစ္စာနယ်ခေါ် သညာ-ဝိညာဏ် သဘောတရားတို့၌ ရုပ်တရား, နာမ်တရားပေါ်ထွက်လာပုံကိုပြပြီး၍ ပရမတ္ထသစ္စာနယ်၌ ရုပ်တရား, နာမ်တရား ပေါ်ထွက်ပုံကို ဆက်လက်ဖော်ပြဦးအံ့။

ပရမတ္ထသစ္စာနယ်၌ကား ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန် ၂-ပါးတို့ပင် ဖြစ်ပါတယ်။ ထို ၂-ပါးတို့မှ ပေါ်ထွက်လာသော ရုပ်တရား နာမ်တရားမျိုးကို ရုပ်စစ်, နာမ်စစ်, ပရမတ္ထ အစစ်ဟု ခေါ်ဆိုနိုင်ပါတယ်။ နာမရူပ ပဋိစ္ဆေဒဉာဏ်သည်ကား ဝိပဿနာတို့ရဲ့ ကိစ္စတို့တွင် ရှေ့ဦးစွာ ပေါ်ထွက်လာရသော ဉာဏ်ဖြစ်သောကြောင့် သမုတိသစ္စာနယ် ပရမတ္ထသစ္စာနယ်ဟူ၍ ၂-ခု ခွဲခြားယူရမည်ဟု ဆရာတော်ဘုရားများ ဆုံးမတော်မူပါတယ်။

အဲဒီ ဆုံးမချက်အတိုင်း အာနာပါန လုပ်ငန်းစဉ်၌ ရုပ်နာမ် ပေါ်ပုံကို ခွဲခြား၍ အားထုတ်သော ပုဂ္ဂိုလ်များအတွက် ထုတ် ဆော်ပြရခြင်းပါဘဲ။

## ပရမတ္ထသစ္စာနယ်၌ ရုပ်နာမ်ပေါ်ပုံကို ထုတ်ကြစို့

ပစ္စုပ္ပန် ဆိုသည်မှာ ဥပဋ္ဌာနာကာရောဝါဖလံဝါ ဟူ၍ အဋ္ဌကထာ ဆရာများ မိန့်ဆိုတော်မူပါတယ်၊ အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေ့ရှုထင်သော အခြင်း အရာ သဘောတရားမျှကို ပစ္စုပ္ပန်လို့ ခေါ်ဆိုနိုင်ပါတယ်၊ တနည်း အကျိုးတရားကို ပစ္စုပ္ပန်လို့ ခေါ်နိုင်ပါသေး တယ်။

ပဒဋ္ဌာန် ဆိုသည်မှာ အာသန္နကာရဏံ လို့ အဋ္ဌကထာဆရာ များ မိန့်ဆိုတော်မူပါတယ်၊ နည်းစွာသော အကြောင်းတရားကို ပဒဋ္ဌာန်လို့ ယူနိုင်ပါတယ် အကြောင်းတရားဟာ ၂-မျိုးရှိပါတယ် ဒူရေ ခေါ် ဝေးသော အကြောင်းတရားက တမျိုး၊ သန္တိကခေါ် နည်းသော အကြောင်းတရား ဤကဲ့သို့ ၂-မျိုး ခွဲခြားလိုက်ပါ။

ပဒဋ္ဌာန် အကြောင်းတရားမျိုးကား သရက်စေ့ကြောင့် သရက်ပင် ပေါက်လာသော အကြောင်းတရားမျိုးပင် မဟုတ် သော်လဲ ဥပထမ္ဘကအနေဖြင့် ပါဝင်နိုင်တဲ့ အကြောင်းတရား မျိုးဖြစ်၍ ပဒဋ္ဌာန်သဘောတရားကို အဋ္ဌကထာ ဆရာများက အာသန္နကာရဏံ ဟု ဖွင့်ပြခြင်းပါ၊ ဤနေရာ၌ အလွန် သိမ်မွေ့ ပါတယ်။ ရှေ့အပိုင်းတွင် ထင်ရှားလာပါလိမ့်မယ်။

ခတ်ကြီး ၄-ပါး ကို ခွဲခြားတဲ့အခါမှာ ပစ္စုပ္ပန်နဲ့ ပဒဋ္ဌာန် ကောက်ပုံကို အနည်းငယ် ဝေဘန် ပြလိုပါသေးတယ်၊ သို့မှသာ ယောဂါဝစရ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ကျယ်လာ၍ ရုပ်-နာမ်ကို အလွယ်တကူ ထင်မြင်နိုင်ပါလိမ့်မယ်။

ပထဝီဓာတ်တပါးကို ဋ္ဌာန်လေးချက်နှင့် ခွဲလိုက်သောအခါ လက္ခဏာနှင့်ရသ ၂-ပါးတို့ကိုတကဏ္ဍထား၍ ခွဲခြားတော်မူပါတယ် ဘယ်လို ခွဲခြားပါသလဲ၊ မာမှု ထွက်ပေါ်လာခြင်းသည် ရသခေါ် အလုပ်သမား၏ ဆောင်ရွက်ချက်ကြောင့် ထွက်ပေါ်လာနိုင်ခြင်း ဖြစ်၍ ဓာတ်လေးပါး အချင်းချင်း ဝေဘန် သိမ်းဆည်း ပါလျှင် ပထဝီဓာတ်ကား လက္ခဏာ သဘောတရားပင် ဖြစ်ပေတယ်။

အာပေါဓာတ် သဘောတရားကား ရသ၏ သဘောတရား အရာ၌ ကြရောက် တည်နေပါတယ်။ အဲဒီလို လူပြိန်း နာ.လည် အောင် ခွဲခြားပုံကိုလဲ ဝိသာခါတရား ဓာတ်တွင် ထုတ်ဘော်၍ ပြခဲ့ပါတယ်၊ အဋ္ဌကထာ ဆရာများ ခွဲပုံကတော့ လက္ခဏာ အရ ကက္ခဋ္ဌ ခက်မာခြင်း သဘောတရားကို လက္ခဏာလို့ ဆိုလိုပါတယ်။

ရသအရမှာကား ပတိဋ္ဌတလို့ ဆိုလိုသဖြင့် တည်ခြင်းသဘော တရားကို ကောက်ယူပါတယ်၊ တည်ခြင်းအရ ဝေဘန်ပါလျှင် ပထဝီဓာတ်သည် ဓာတ် ၃-ပါး တို့အား တည်ခြင်း အဖြစ်ဖြင့် ကျေးဇူးပြုပုံကို ထုတ်ဘော်ခြင်းပင် ဖြစ်ပါတယ်၊ အဋ္ဌကထာ၏ ဝေဘန်ခြင်းဟာလဲ အလွန် ကောင်းပါတယ်၊ ဓာတ်တပါးက ဓာတ်တပါးကို ကျေးဇူးပြုပုံများကို ပဋ္ဌာန်းကျမ်းကြီး၌ ဟော ကြားတော်မူသဖြင့် ဟေတုနှင့်ပစ္စယ အကြောင်းတို့ကို ထုတ်ဘော် ပြခြင်းပါဘဲ။

ယခု ဝိသာခါ တရားခေတ်က ရသအရကို အာပေါခေတ်အား ဖော်ထုတ်လိုက်ခြင်းသည်၊ သုတ္တန်နည်းအရ ပေါ်လွင်အောင်လို့ ဖော်ထုတ်ခြင်းပါဘဲ၊ အဘိဓမ္မာနည်းအရ သွင်းလိုလျှင် ပစ္စယ အကြောင်းမျိုးထဲမှာ သွင်းယူနိုင်ပါတယ်။ ဤဝေဘန်ချက် တို့ကား သိမ်မွေ့လှသဖြင့် အကြိမ်ကြိမ် စဉ်းစားဆင်ခြင် ဘတ်ရှု တော်မူကြပါ။

ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်ကို တကဏ္ဍထားပြီး ဝေဘန်သိမ်းဆည်း နိုင်ပါတယ်၊ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေးရှုထင်သော အချင်းအရာကို ပစ္စုပဋ္ဌာန်လို့ ခေါ်ဆိုနိုင်ပါတယ်၊ ခေတ်လေး ပါးနှင့်တင်၍ ဝေဘန်လျှင် ဝါယောခေတ်၏ ဗျာပါရကို ဝေဘန် သိမ်းဆည်းပါလို့ ဝိသာခါ တရားခေတ်တွင် ထုတ်ခဲ့ပါတယ်။

ပဒဋ္ဌာန်ဆိုသည်မှာ နီးစွာသော အကြောင်းတရားကို ဆိုလို သဖြင့်၊ ခေတ်ကြီး၄-ပါးတို့တွင် တေဇောခေတ်သည် အရင်းမူလ ဖြစ်သောကြောင့် တေဇောခေတ်ကို ပဒဋ္ဌာန်ဟု ကောက်ယူခဲ့ပါ တယ်၊ ဤ ဝေဘန်ချက်ဟာ အဋ္ဌကထာ ဝေဘန်ချက်နှင့် အနည်း ငယ် ကွဲပြားလျက်ရှိနေရာ အဋ္ဌကထာ ဆရာများက နီးစွာသော အကြောင်းတရားအရ ခေတ် ၃-ပါးကို ကောက်ယူထားပါတယ်၊ အဲဒီကောက်ယူခြင်းဟာ ပစ္စယအကြောင်းကို ကောက်ယူခြင်းလို့ မှတ်ပါ၊ တေဇောခေတ် တပါးကို ကောက်ယူခြင်းသည်ကား ဟေတုအကြောင်းကို ကောက်ယူခြင်းလို့ မှတ်တော်မူပါ။

ဆိုလိုရင်းမှာ ခေတ်တပါးတည်းခွဲပုံနှင့် ခေတ် ၄-ပါးစလုံး ပေါင်းခွဲပုံ ကွာခြားနေသောကြောင့် အနည်းငယ် ကွဲပြားခြင်း

ပါဘဲ၊ သုတ္တန်နည်းနဲ့ အဘိဓမ္မာနည်း ခွဲပုံကို ဉာဏ်ပေါ်အောင် ထုတ်ဘော်ပြခြင်းပါဘဲ၊ ဝိပဿနာရှုကြတဲ့ပုဂ္ဂိုလ်များမှာကား သုတ္တန်နည်းကို မှုထား၍ ရှုကြရသဖြင့် ခေတ်လေးပါး ပေါင်း၍ ခွဲပုံကို ဝိသာခါတရားခေတ်က ထုတ်ပြခြင်းလို့သာ ယူတော်မူကြစေလိုပါတယ်။

ယခု အာနာပါန လုပ်ငန်းစဉ်မှာကား ပစ္စုပ္ပန္နန်နှင့် ပဒ္ဒန်ဒွာန် သဘောကနေ၍ ရုပ်တရား နာမ်တရား ကူးပါလျှင် ပရမတ္ထသစ္စာ နယ်မှာဝင်နိုင်တဲ့ ရုပ်တရားနာမ်တရားမျိုးကိုကူးလို့ရနိုင်ပါတယ်၊ ပစ္စုပ္ပန္နန်ကား ရုပ်သဘာဝကို သိမ်းဆည်းပါ၊ ပဒ္ဒန်ဒွာန်ကား နာမ်သဘာဝကို သိမ်းဆည်းပါ။

ရုပ်သဘာဝကို ဘယ်လိုသိမ်းဆည်းမလဲဆိုရင် ပစ္စုပ္ပန္နန်အရ ဝေဘန်လိုက်လျှင် ယောဂါဝစရပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေးရှု ထင်မြင်လာသော သဘောတရားကို ဝေဘန်ထားသောကြောင့် ရုပ်သဘောတရားအရ အာရုံသဘောတရားတို့ကို ကောက်ယူနိုင်ပါတယ်၊ အာရုံသဘောတရားဆိုသည်မှာလဲ နောက်က ရေးခဲ့တဲ့ အတိုင်း ဖေါဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒ ပေါင်းဆုံခြင်းကို ထုတ်ပြလာခဲ့ရာ ယခုအခါ ဖေါဋ္ဌဗ္ဗာရုံကား ကာယပသာဒ၏ ဆွဲကိုင်ရာ ဖြစ်၍ အာရုံသဘောဟု ဆိုလိုပါတယ်။

၎င်း ဖေါဋ္ဌဗ္ဗာရုံ ဆိုသည်မှာ အတွေ့အထိ အရိပ်တွင် အစဉ် ကိန်းလျက် ရှိနေသော ဖေါဋ္ဌဗ္ဗသညာကလေးကိုပင် အာရုံ သဘောတရားလို့ ခေါ်ဝေါ်ခြင်းပါဘဲ၊ ၎င်း သညာကလေး

ဟာလဲ ဖေါဋ္ဌဗ္ဗသညာကလေးဟာ အကြည်ဓာတ်နှင့် မပေါင်း ဆုံလျှင် သူ့သဘာဝအတိုင်း တစုံတရာကြောင့်ကြဗျာပါရမရှိဘဲ အကျိုးရိပ်ကလေးအနေနှင့် တည်ရှိလျက်နေပါတယ်။

ကာယပသာဒ အကြည်ဓာတ်နှင့်လဲ ပေါင်းဆုံလိုက်ပါရော ဖေါဋ္ဌဗ္ဗ ရုပ်သဘောထဲမှ၊ ကြောင့်ကြဗျာပါရ ဖြစ်လာပြီးလျှင် အာရမ္မဏိက သဘော၏ဆွဲဆောင်ရာနောက်သို့ ကောက်ကောက် ပါအောင် လိုက်ပါသွားခြင်းကို အာရုံသဘောလို့ အာနာပါန လုပ်ငန်းစဉ်တွင် မှတ်ဘမ်းဘင်တော်မူပါတယ်။

ဖေါဋ္ဌဗ္ဗ ရုပ်သဘောမှ ထွက်ပေါ်လာသော သညာဖြစ်သော ကြောင့် ၎င်း၏ ပေါ်ထွက်ရာ ပေါက်ဖွားရာကို စွဲယူပြီးလျှင် ရုပ်တရားဟုခေါ်ဝေါ်သမုတ်ခြင်းပါဘဲ၊ အကြည်ဓါတ်မှာရှိတဲ့ သညာကိုတော့ ဆွဲတတ်သောကြောင့် အာရမ္မဏိက သဘော တရား နာမ်ဟု သမုတ်ခေါ်ဝေါ်ခြင် ပါဘဲ၊ သို့ရာတွင် အကြည် ဓါတ်သည်ကား သညာဝိညာဏ်တို့၏ မှီရာတည်ရာ ဖြစ်သော ကြောင့် ပြဋ္ဌာန်းသော အရာဋ္ဌာနမှာလဲ တည်ရှိနေပါတယ်၊ ဒါကြောင့် နာမ်တရားဘက်တွင် အာနာပါန လုပ်ငန်းစဉ်၌ သွင်းယူခြင်းပါဘဲ။

အာရုံသဘောတရားကိုပင်လျှင် ပစ္စုပဋ္ဌာန်လို့ ခေါ်ဝေါ် ခြင်းပါဘဲ၊ ဘာကြောင့်ခေါ်နိုင်သလဲဆိုလျှင် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေ့ရှုထင်ခြင်းအရ အာရမ္မဏိက သဘောတရား၏ အဆွဲကိုခံယူရခြင်းသည်ပင်လျှင် ရှေ့ရှုထင်ခြင်းလို့ ခေါ်ဆိုယူဆ

နိုင်ပါတယ်၊ ဒါကြောင့် ပစ္စုပ္ပန်သည် အာရုံသဘော ရုပ်သဘောအရာ၌ တည်ရှိနေတယ်လို့ အာနာပါနလုပ်ငန်းစဉ်၌ ဆရာတော်ဘုရားများဆုံးမတော်မူပါတယ်။

ပဒဋ္ဌာန် သဘောတရားသည်ကား အာရမ္မဏိကသဘော တရားအရာ၌ သက်ဝင်နေပါသဖြင့် နာမ်တရားသဘော၌ ကြရောက်နေပါတယ်၊ အဲဒီ ယခု ဘော်ပြတဲ့သဘာဝများဟာ သိမ်သဲသိမ်မွေ့ပါတယ်၊ ပရိယတ်အနေ ဘတ်ကြည့်ရုံနှင့် နားမလည်ဘဲ ရှိတတ်လှပါတယ်၊အာနာပါနလုပ်ငန်းစဉ်ကိုအားထုတ်ကြည့်မှ အတတ်သိ၍ ဝေဘန်သိမ်းဆည်းနိုင်ပါတယ်။

အာရုံအာရမ္မဏိက သဘောတရား ရုပ်-နာမ်ကိုအကျယ်ခွဲ၍ ခွဲစိတ်ဝေဘန်လိုက်လျှင် ဝေဘန်လို့ရနိုင်တဲ့ သဘောတရားများကား ဝင်တဲ့လေကြောင်း နိမိတ်ကလေးသည် အာရုံသဘော တရား၌ တည်၏၊ ထွက်တဲ့လေကြောင်း နိမိတ်ကလေးသည် အာရမ္မဏိကသဘောတရား၌တည်၏၊ဤသို့လဲ ဝေဘန်သိမ်းဆည်း နိုင်ပါတယ်။

တနည်း ငါရဲ့ခန္ဓာကိုယ်ကြီး၌ ပရိပါစက မီးဓါတ်သည် ချက်တိုင်မှာရှိပါတယ်၊ ဥသ္မမီးဓါတ်သည် နှလုံးအိမ်ရင်ချိုင့်မှာ ရှိပါတယ်၊ သန္တပ္ပနမီးဓါတ်သည် ဦးကျောက်ငယ်ထိပ်မှာရှိပါတယ်၊ မီးဓါတ်ကြီး ၃ပါးတို့သည် ထွက်လေ၌ပါရှိပြီးလျှင်အာရုံသဘော ရုပ်သဘောကို ဘမ်းလိုက်တဲ့အခါမှာ အာရုံသဘော ရုပ်သဘောကား ဝင်လေဖြစ်၍ ပါလာခြင်းကိုခေါ်ဆို နိုင်ပါတယ်။

ဘမ်းတဲ့ မီးဓါတ်ကြီး၄ပါးတို့ကား အာရမ္မဏိက သဘော တရားဖြစ်၍ နာမ်တရား ထွက်လေတို့ပါတကားလို့ ဝေဘန် သိမ်းဆည်းနိုင်ပါတယ်၊ ဤသို့အားဖြင့် သဘာဝဉာဏ်ခွဲစိတ်၍ အသီးသီးဝေဘန်သိမ်းဆည်းနိုင်ပုံကို ဉာဏ်အမြင်ကျယ်အောင် ထုတ်ဘော်ပြခြင်းပါဘဲ။

## အာရုံ အာရမ္မဏိက ရုပ် နာမ်ထင်မြင်ခြင်း၏ ခံစားရသောအကျိုးတရား

အာနာပါနလုပ်ငန်းစဉ်ဖြင့် အားထုတ်ကြ၍ အာရုံအာရမ္မဏိက ရုပ်-နာမ်ကို ထင်မြင်ရရှိကြကုန်သော အမျိုးသားကောင်း အမျိုးကောင်းသမီးတို့မှာ ယခုရရှိတော်မူသော ခန္ဓာကိုယ်ကြီး တခုလုံးကို ထိုအာရုံအာရမ္မဏိက ရုပ်-နာမ်ကသာ ကြိုးကိုင်နေ ကြောင်း ဉာဏ်အမြင်ထင်ရှားလာပါတယ်။

ဒီမျှတွင်မကသေးပါ၊ လူကောင်၊ နတ်ကောင်၊ ယောကျ်ား ကောင်၊ မိမ္မကောင်၊ ပုဂ္ဂိုလ်ကောင် အလုံးစုံတို့မှာလဲ ဤအာရုံ အာရမ္မဏိက ရုပ်-နာမ် ၂ ပါးက ကြိုးကိုင်နေကြောင်းဝေဘန်နိုင် ပါလိမ့်မယ်။

ရှင်တော်မြတ်ဘုရားကလဲ မဟာသတိပဋ္ဌာန် ဒေသနာတော် တွင် ရုပ်တရား နာမ်တရားထင်မြင်နိုင်ကြသော ပုဂ္ဂိုလ်တို့အား သတိပဋ္ဌာန်အကျိုးတရားကြီး ပေါ်ထွက်လာပုံနှင့် ခံစားရပုံ တို့ကိုအောက်ပါအတိုင်း ဆုံးမတော်မူပါတယ်။

ယာဝဒေဝဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတောစ ဝိဟာရတိ နစ ကိဉ္စိလောကေ ဥပါဒိယတိ။

ယာဝဒေဝ ဉာဏမတ္တာယ၊ဉာဏ်၏ ပွားခြင်းအကျိုးငှါသာ လျှင်ရှင်း။ယာဝဒေဝ ပဋိဿတိမတ္တာယ၊ သတိ၏ပွားခြင်းအကျိုး ငှါသာလျှင်ရှင်း။အနိဿိတောစ၊ တဏှာဒိဋ္ဌိတို့ကို မမှီမူ၍လည်း။ ဝိဟာရတိ၊ကမ္မဋ္ဌာန်းအာရုံ၌မွေ့လျော်၍နေ၏။လောကေ၊ ဥပါဒါ နက္ခန္ဓာဟု ဆိုအပ်သော ပဉ္စက်ဲလောက၌။ ကိဉ္စိ၊တစုံတခုသော သဘောတရားကိုမျှ။ နစ ဥပါဒိယတိ၊ မစွဲလမ်း။

ဤကား သတိပဋ္ဌာန်ရုပ်-နာမ်ထင်မြင်ကြသောပုဂ္ဂိုလ်တို့အား ထုတ်ဘော်၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော အကျိုးတရားပင်ဖြစ်ပါတယ်၊ အဲဒီ အကျိုးတရားတို့ကို အနည်း ငယ်ထုတ်ဘော်၍ ရှင်းလင်းပြပါဦးမယ်၊ သို့မှအကျိုးတရားထွက် ပုံကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း မြင်သွားနိုင် ပါတယ်။

၁။ ပဌမအကျိုးတရားကား ဤသတိပဋ္ဌာန်တရားတော်ကြီး ကို အာနာပါနလုပ်ငန်းစဉ်မှ ရုပ်တရား နာမ်တရားပေါ်ထွက် လာအောင် ရှုမှတ်ပွားများနိုင်ပါလျှင် ဝိပဿနာ အသိဉာဏ်သို့ ဉာဏ်ကျွောင်းချနိုင်ခြင်း အကျိုးတရားကို အမှန် ခံစားရပါတယ် ဟူသော သဘောတရားကို ထုတ်ဘော် ဟောကြားတော်မူခြင်း အကျိုးတပါး။

ဒုတိယ အကျိုးတရားကား ဤအာနာပါန လုပ်ငန်းစဉ်ကို ပွားများအားထုတ်ကြသဖြင့် ရုပ်တရား နာမ်တရားထင်မြင်သော

ယောဂါဝစရပုဂ္ဂိုလ်တို့မှာ သတိတရားသည် ပြည့်စုံလုံလောက်သဖြင့် ၆-ပါးသော ဣန္ဒြေတို့ကို အထူးလုံခြုံစွာ သံဝရတရားကို ထားရှိနိုင်ခြင်းတည်းဟူသော အကျိုးတရားကို ခံစားကြရပါတယ်။

တတိယ အကျိုးတရားကား ၆-ပါးသော ဣန္ဒြေတို့၌ သတိတည်းဟူသော တံခါးရွက်ဖြင့် လုံခြုံစွာ ပိတ်ဆို့နိုင်ခဲ့သော် အာရုံ ၆-ပါး တရားတို့ကို တားဆီးနိုင်သဖြင့်၊ ဝါ-တားဆီးနိုင်သောကြောင့်။ တဏှာ ဒိဋ္ဌိ-အဘိဇ္ဈာ-ဗျာပါဒ-ဒေါမနဿ စသော အကုသိုလ်တရားတို့သည် အဇ္ဈတ္တသန္တာန်၌ မဝင်နိုင် မနှောင့်ယှက်နိုင်ခြင်းတည်းဟူသော အကျိုးတရားကို ခံစားရပါတယ်။

စတုတ္ထ အကျိုးတရားကား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော ၆-ပါးသော ဒွါရတို့ကို ပိတ်ဆို့နိုင်သဖြင့် ဗဟိဒ္ဓ-ရူပါရုံ-သဒ္ဒါရုံတို့သည် မိမိအားလာရောက် တိုက်ခိုက်ကြသော်လဲ စွဲလန်းသာယာခြင်းတည်းဟူသော ဥပါဒါန်တရားသည် ဆိတ်သုဉ်းလျက် တစုံတခုသော သဘောတရားကိုမျှ ခံစားခြင်းမရှိဘဲ၊ ကမ္မဋ္ဌာန်းတရား၌ မွေ့လျော်နိုင်ခြင်းတည်းဟူသောအကျိုးတရား ရရှိနိုင်ပါတယ်။

ပဉ္စမ အကျိုးတရားကား အချင်းခပ်သိမ်း သတိပဋ္ဌာန်တရားနှင့် ပြည့်စုံပါသဖြင့် အရိယာမဂ်ဉာဏ်စခမ်း၊ ဖိုလ်ဉာဏ်စခမ်းသို့ မပင်ပန်းပဲ အလွယ်တကူဖြင့် တက်ရောက်ရရှိနိုင်ခြင်းတည်းဟူသော အကျိုးဘရားကို ခံစားရပါတယ်။

ဤအကျိုးတရား ၅-ပါးတို့သည် အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်တော်မူသဖြင့် ရုပ်တရား နာမ်တရား ထင်မြင်ရရှိကြသော ယောဂါဝစရပုဂ္ဂိုလ်များသည် မျက်မှောက်ပစ္စုပ္ပန်၌ ဖြစ်သော ဒိဋ္ဌဓမ္မ အကျိုးတရားဖြစ်ပါကြောင်း၊ ဒါကြောင့် ဤအာနာပါန လုပ်ငန်းစဉ်ကြီးကို အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အရိုးကြေကြေ အရေခမ်းခမ်း ကြိုးပန်းသော အားလုံ့လဖြင့် ပွားများတော်မူနိုင်ကြပါစေဟု အထူးတိုက်တွန်း လိုက်ပါတယ်။

ဤအာနာပါန ပထမစတုက္ကခေါ် လေရှည် လုပ်ငန်းစဉ်မှ ပေါ်ထွက်လာသော အာရုံ အာရမ္မဏိက ရုပ်တရား နာမ်တရားတို့ဟာ ပစ္စုပ္ပဋ္ဌာန်-ပဒဋ္ဌာန် ၂-ပါးမှ ဝင်နိုင်သော ရုပ်နာမ်မျိုး ဖြစ်၍ ပရမတ်အစစ် ရုပ်နာမ်တွင် သိမ်းသွင်းနိုင်လေရကား ဤရုပ်နာမ်တို့သည် ၃၁-ဘုံမှာ ပြုပြင်စီရင်နေသော ရုပ်နာမ်မျိုး ဖြစ်ပါတယ်။ ဥပမာ လူ့ပြည်ကနေပြီး စုတိစိတ် ချုပ်လိုက်ရင်ဘဲ ငရဲပြည်ရောက်တယ်ဆိုတာလဲ ဒီအာရုံ အာရမ္မဏိက ရုပ်နာမ် အနေနှင့်သွားကြတဲ့ သဘောတရားပါဘဲ၊ အဲဒီအတိုင်း နတ်ပြည် ဗြဟ္မာ့ပြည် စသော ၃၁-ဘုံကြီးမှာ သူတို့ဘဲ စုတိပဋိသန္ဓေအနေ ဖြင့် ကူးခပ်ပြန်သွားနေကြသော ရုပ်နာမ်မျိုးဖြစ်၍ ဤရုပ်နာမ် မျိုးကို အာနာပါနလုပ်ငန်းစဉ်ဖြင့် ထင်မြင်ရရှိကြသော ယောဂါဝစရပုဂ္ဂိုလ်တို့ဟာ အာရုံကို ထိန်းသိမ်း စောင့်ရှောက် နိုင်ပါတော့တယ်။

အာရုံကို စောင့်ရှောက်နိုင်သောကြောင့် ကောင်း,မကောင်း ကုသိုလ် အကုသိုလ်တို့ကို ဝေဘန်နိုင်လေရကား အပါယ်

လေးပါး စသော ဘေးတို့မှ ကင်းဝေးစေနိုင်ပါတယ်။ ကောင်းသော သုဂတိ ဘုံဘဝကို အလွယ်တကူဖြင့် ရယူနိုင်ပါတယ်။ မိမိ၏စိတ်ကိုလည်း ဖြူစင်အောင် ဖွတ်လျှော်စေနိုင်ပါတယ်။ မည်းနက်သော အကုသိုလ်တရားတို့ကို ပိတ်ပင်တားဆီးနိုင်ပါတယ်။

ထို့ကြောင့် ရှင်တော်မြတ်ဘုရား၏ သာသနာတော်နှင့် တွေ့ကြုံကြိုက်ရကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤအာနာပါန ဘာဝနာကို ပွားများအားထုတ်တော်မူနိုင်ကြ၍ မဟာသတိပဋ္ဌာန်တရား ၄-ပါးဖြင့် မဂ်ဖိုလ်တရားကို အရယူတော်မူနိုင်ကြစေရန် ရည်သန်တော်မူလျက် ဓမ္မစကြာဖြန့်ချိရေးဌာနမှ ဓမ္မစကြာဆရာတော်ဘုရားဟောကြားတော်မူသော အာနာပါန လုပ်ငန်းစဉ်ကို တရားတိတ်ခွေမှ ဘာသာပြန်ထုတ်နုတ်၍ တိုင်းပြည်သို့ တင်ဆက်လိုက်ပေသတည်း။

ဒုတိယတိတ်ခွေကြီး ၂-ခုမြောက်ဘာသာပြန်
ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။

# ဓမ္မစကြာမဂ်ဝင်အာနာပါနကျမ်း

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

(တကိုယ်တိတ်ခွဲကြိုး ပထမဘက် ဘာသာပြန်)

သာသနာတော် ၃-ရပ် ပဋိပတ်တွင် ဓာတ် ၄-ပါး၊ ဓာတ် ၈ ပါး၊ ဓာတ် ၆-ပါး စကား ပညတ် ဓာတ်ချင်းတိုင်းဓာတ်ကြတော့ ပိဋကတ် ၃-ပုံ ဒီခေတ်တွင်ကြုံကာမှ တုံ့လို့တုံ့ ရုံ့လို့ချုံ့ ခေါင်းမြီး ခြုံကြသာဘာဝ ဝိသဘာဂနှင့်မခနေ ဗေဒင်က ဗေဒင်စကြာ တရားတော်ကလဲ ဓမ္မစကြာ လာချင်တိုင်းလာကြတော့ ဂ-ငယ် သုံးခု အုပ်ရှစ်ထု ကြက်ဥတွေထောင်းသည့်နှယ် ဓာတ်ပေါင်းတွေ စုံလင် ဝင်္ကပါဝေ ဆံကေတော်မြတ် စံကိမ်းဝပ်သည့် ဓွေဓာတ်တော်အစုံ ကိုးသွယ်ဂုဏ် အတုမရှိပုံရသည့် ဓမ္မစကြာအာနာပါန တရားတော်ကြီးရဲ့ ဂုဏ်ကိုစမ်းမလား၊ ရွှေနန်းတော်ကြီးရဲ့ မိတ်ဘက် ကြက်သရေဝင်းပြောင် တောင်ဝေဘူလုံးကို အသုံးတော်ရပြီမို့ ပညာရှိအရေး အမေးတော်ထွက်ခါမှ ဉာဏ်ဝရစိန် လက်နက်နှင့် တထိန်ထိန်ထွန်းလတံ့၊ ရွှေမော်ကွန်းရောင်တပြောင်ပြောင်သည့် ကမ္ဘာလောင် ဆူဝေလို့ မကြာစတမ်း။

ဟူ၍ ပညာရှိဆရာတော်ဘုရားများ မိန့်ဆိုတော်မူတဲ့အတိုင်း မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးဟာ အလွန်ဘဲ သိမ်မွေ့လှပါတယ်၊ တံခါးလေးပါး၊ စတုက္ကလေးပါး ထားပြီးလျှင် မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးမှာရှိတဲ့ မီးဓာတ်ကြီး ၄-ပါး၊

ပညတ်ရိပ်လေးပါးတို့ကို ထင်မြင်အောင် ရှုပြီးသကာလ ရုပ်ဘရား နာမ်ဘရားတို့ ပေါ်ထွက်ရပါတယ်။

ဝိပဿနာ ရုပ်နာမ်ပေါ်ထွက်လာအောင် ရှုရသော အာနာပါန လုပ်ငန်းစဉ်ဖြစ်သောကြောင့် နာမပညတ်နဲ့ သဏ္ဌာနပညတ် တောင်မှဘဲ ၂-မျိုး ခွဲခြားထားတယ်။ ပရမတ်ထောက်ခံတဲ့ ပညတ်၊ ပရမတ်မထောက်ခံတဲ့ ပညတ်လို့ ၂-မျိုး ခွဲခြားထား ပါတယ်။

ရုပ်တရား နာမ်တရား ဝိပဿနာတရားတွေကို တကယ်အလိုရှိ တော်မူကြပါလျှင် ပရမတ်ထောက်ခံတဲ့ ပညတ်ရိပ်ကိုတွေ့အောင် အထူးကြိုးစားရပါလိမ့်မယ်။

ပရမတ်မထောက်ခံတဲ့ ပညတ်ရိပ်တွေကို အနှစ်အသား အနေ နဲ့ ဆွဲကိုင်ကြတဲ့ ပုဂ္ဂိုလ်များဟာ အနှောက်အယှက် အမျိုးမျိုးနဲ့ တွေ့တတ်လှပါတယ်၊ ရုပ်တရား နာမ်တရားလဲ ကူးလို့မရပါ၊ အာနာပါန လုပ်ငန်းစဉ် ဆိုတာ တန်ခိုးရှင် လောကကြီးနဲ့ ဆက်စပ် နေပါတယ်၊ တန်ခိုးရှင်များကလဲ သဏ္ဌာန်၊အရိပ်၊နိမိတ်၊ လက္ခဏာ ထင်မြင်အောင် ပြုလုပ်ပေးတတ်ပါတယ်။

ဒါ့ကြောင့် ပရမတ် မထောက်ခံတဲ့ ပညတ်ရိပ်တွေကို မဟာ သတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးက ပယ်ရပါတယ်၊မပယ် ထုတ်လျှင်လဲအနှောက်အယှက်အမျိုးမျိုးနဲ့ တွေ့ပြီး စိတ် ဝိညာဏ် ခြောက်ခြားတတ်လှပါတယ်၊ အဲဒါကို အထူးသတိပြုကြပါ။

မြန်မာနိုင်ငံတော်ကြီးမှာ ၁၃၀၀-ပြည့်နှစ်ကစ၍ အာနာပါန လုပ်ငန်းစဉ်ကြီးဟာ ထွက်ပေါ်လာခဲ့ပါတယ်၊ ထွက်ပေါ်လာတဲ့

အာနာပါန ဟာလဲ လောကီ အာနာပါန လမ်းကြီး ဖြစ်နေ၍ ပရမတ် မထောက်ခံတဲ့ သဏ္ဌာန်-အရိပ်-နိမိတ်-လက္ခဏာ တို့ကိုပင် အနှစ်အသားဆွဲကိုင်ကြပြီး နတ်ဂိုဏ်း၊ဝိဇ္ဇာဂိုဏ်းတွေ ဖွင့်ကြတယ်။

အချို့ကလဲ ဝိပဿနာ လုပ်ငန်းစဉ်ဆိုပြီး ရုပ်တရား, နာမ် တရားတွေကူးကြတယ်၊အောင်မြင်မှုကိုမရကြပါဘူး(မသိလျှင်ရုပ် သိလျှင်နာမ်)နဲ့ဘဲ အချိန်ကုန်တာပါဘဲ၊ အချို့ကလဲ ဖြစ်-ပျက် ဆိုပြီး ရှုကြတယ်၊ ပညတ် ဖြစ် ပျက် မှုတွေနဲ့ဘဲ အချိန် ကုန်နေ ကြပါတယ်။

အဲဒါကြောင့် ဒုတိယတိတ်ခွေမှာ မဟာသတိပဋ္ဌာန် အာနာ ပါန လုပ်ငန်းစဉ်ဖြင့် ပထမတံခါးလို့ခေါ်တဲ့ လေရှည်စတုက္က ဖြင့် ရုပ်တရား, နာမ်တရား ပေါ်ထွက်ပုံကို အမျိုးကောင်းသား အမျိုးကောင်းသမီးများ အတွက် ရှုမှတ်ပုံနည်းနှင့်တကွ တင်ဆက် လိုက်ပြီ။

ဒီကနေ့တော့ အာနာပါန လုပ်ငန်းစဉ်၌ ဒုတိယတံခါးခေါ် လေတိုစတုက္ကကို ဖွင့်ရပါတော့မယ်၊ ဒုတိယ တံခါးအရ ဝေဘန် လျှင် ငယ်ထိပ်ဦးကျောက်အရပ်ကို ဒုတိယတံခါးလို့ခေါ်ပါတယ်၊ အဲဒီတံခါး ကို ဖွင့်တဲ့ လေ ဓာတ်ကြတော့ လေတို စတုက္က နဲ့ ဖွင့်ရမယ်။

အာနာပါန လုပ်ငန်းစဉ်၌ ၂-ခုမြောက် ဖြစ်တဲ့ ဒုတိယ တံခါးဟာလဲ အလွန်အရေးကြီးတဲ့ တံခါးပါဘဲ၊ ရုပ်-နာမ် ပေါ်တဲ့ အခါမှာ ပဌမ တံခါးက ပေါ်တဲ့ ရုပ်တရား နာမ် တရားထက် အဆင့်အတန်း မြင့်မားလာပါတယ်၊ ပဌမတံခါး

ကတော့ နာမရူပ ပရိစ္ဆေဒညာဏ်စခမ်းက ရုပ်တရား နာမ်တရား ပေါ်ခဲ့ပါတယ်၊ ယခု ဒုတိယတံခါးကြတော့ရင် ပစ္စယပရိဂ္ဂဟ ဉာဏ်စခမ်းက ကြောင်း-ကျိုး ရုပ်-နာမ်ပေါ်ထွက်ရပါလိမ့်မယ်။

ဒါကြောင့် ပဌမတံခါး ရုပ်-နာမ်သက် အဆင့်အဘန်းမြင့် နေပါ၍ ဒုတိယတံခါးကို ဖွင့်နိုင်အောင် ယောဂါဝစရပုဂ္ဂိုလ် များ အထူးကြိုးစားကြရပါလိမ့်မယ်၊ ငယ်ထိပ် ဦးခေါင်းက်အရပ် ဆိုတာကလဲ သညာနာမ်ခါတ်ကလေးတွေ ပေါ်ထွက်ရာ အရပ် ဖြစ်၍ ရုပ်-နာမ်အဆင့်အတန်းကလဲ ထူးခြားလာပါလိမ့်မယ်။

ဒုတိယတံခါးကို ဖွင့်ကြစို့ရဲ့။

ရဿံဝါ အဿသန္တော ရဿံအဿသာမီတိပဇာနာတိ
ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိပဇာနာတိ
(မဟာသတိပဋ္ဌာန် ပါဠိတော်)

(အနက်) ရဿံဝါ တိုစွာမူလည်း အဿသန္တော ထွက်သက်ကိုဖြစ်စေသည်ဖြစ်၍ အဟံ-ငါသည် ရဿံ တိုစွာ အဿသာမိ ထွက်သက်ကို ဖြစ်စေ၏၊ ဣတိ ဤသို့ ပဇာနာတိ အပြားအားဖြင့်ဟုတ်မှန်တိုင်း အမှန်သိ၏။ ရဿံဝါ တိုစွာမူလည်း ပဿသန္တော ဝင်သက်ကိုဖြစ်စေသည်ဖြစ်၍အဟံ-ငါသည် ရဿံ တိုစွာ ပဿသာမိ ဝင်သက်ကိုဖြစ်စေ၏။ ဣတိ ဤသို့ ပဇာနာတိ အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။

ဆိုလိုရင်းမှာ လေတိုလုပ်ငန်းစဉ်ကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခြင်းမှာ အာနာပါန တံခါးလေးပေါက်တို့ကို လေရှည်လုပ်ငန်းစဉ်ဖြင့် ထင်မြင်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် လေတိုလုပ်ငန်းစဉ်ဖြင့် တံခါး တပေါက်တပေါက်ကို ရုပ်နာမ်ထင်မြင်အောင် ဖွင့်စေလိုသောကြောင့် လေတိုလုပ်ငန်းစဉ်ကို ဖွင့်တော်မူခြင်းပါဘဲ။

ဒုတိယတံခါးပေါက် ငယ်ထိပ် ဦးကျောက်ကို ဖွင့်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် လေတိုလုပ်ငန်းစဉ်ဖြင့် အာနာပါန ဘာဝနာကို ပွားများအားထုတ်ရပါမယ်၊ ပဌမ ရှေးဦးစွာ နှုတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်မှာ ရှုမှတ် လာတိုင်း ပါဘဲ၊ ထွက်လေ ဝင်လေ ၂-ပါးကို ငယ်ထိပ်ဦးကျောက်အရပ်မှာ ချိတိုင်ထားပြီးလျှင် ထွက်တဲ့လေကလေး ထွက်လာရင် ထွက်တယ်လို့ ရှုမှတ်ပါ။

ဝင်တဲ့ လေကလေး ဝင်လာလျှင်လဲ ဝင်တယ်လို့ရှုမှတ်ပါ ပဌမတံခါးမှာ လုပ်လာခဲ့တဲ့အတိုင်း မှတ်ပါများလာလျှင် လေကြောင်း နိမိတ်ကလေးသည် ငယ်ထိပ်အရပ်ကနေ၍နှုတ်ခမ်းဖျားတိုင် ထွက်လာသည်ကို ယောဂါဝစရပုဂ္ဂိုလ်ဟာ ထင်မြင်လာပါလိမ့်မယ်။

ဝင်တဲ့လေကလေးဟာလဲ နှာသီးဖျားအရပ်ကနေ၍ ဝင်လာသည်မှာ ငယ်ထိပ် ဦးကျောက် အရပ် တိုင် ဝင်လာသည်ကို ယောဂါဝစရပုဂ္ဂိုလ်ဟာ ထင်မြင်လာပါလိမ့်မယ်၊ ထွက်လေနဲ့

ဝင်လေ ၂-ပါးတို့ဟာ ဝင်လိုက် ထွက်လိုက် ဖြစ်ပေါ်နေမှုကို ယောဂါဝစရပုဂ္ဂိုလ်ဟာ အပ်ချည်မျှင်သဏ္ဍာန် ဖလ်ချောင်း ကလေးသဏ္ဍာန် လေကြောင်းနိမိတ်ကို ထင်မြင်လာပါလိမ့်မယ်။

အဲဒီလိုထင်မြင်လာလျှင် လေကြောင်းနိမိတ်ရပြီလို့ ဆိုနိုင် ပါပြီ၊ ရှေ့ကို သဏ္ဍာန်အရိပ် နိမိတ် လက္ခဏာ ပေါ်လာအောင် လေကြောင်းနိမိတ်ကလေးပင် ထပ်၍ ရှုရပါဦးမယ်။

မှတ်ချက်။ ။လေကြောင်းနိမိတ် ပေါ်ထွက်လာ၍ မြဲလာပါ လျှင် ထွက်လေ ဝင်လေကို မရှုမမှတ်သော်လဲ ဖြစ်နိုင်ပါပြီ၊ လွှတ်ထားလိုက်ပါ။

လေကြောင်းနိမိတ်ကို သဏ္ဍာန်, အရိပ်, နိမိတ်, လက္ခဏာ, ထင်လာအောင် အာနာပါန ဘာဝနာကို ပွားများရာ၌ ၎င်း သဏ္ဍာန် အရိပ်နိမိတ် လက္ခဏာတို့၏ သဘာဝများကို နားလည် ရန် လိုအပ်ပါတယ်၊ ဒါကြောင့် အနည်းငယ် သဏ္ဍာန် အရိပ်တို့ကို ခွဲခြား၍ ပြပါဦးမယ်။

သဏ္ဍာန်ဆိုသည်မှာ ရုပ်သဏ္ဍာန် နာမ်သဏ္ဍာန် အားဖြင့် ၂-မျိုးပြားလျက်ရှိ၏။ ရုပ်သဏ္ဍာန်ဆိုသည်မှာ အတို, အရှေ့, အပု, အဝိုင်း, အလုံး, အခုံး, အပြား, အတွဲ, အရှဲ ဟု ဆိုအပ်သော အိုးသဏ္ဍာန်, ခွက်သဏ္ဍာန်, ယောကျ်ားသဏ္ဍာန်, မိန်းမသဏ္ဍာန် အလုံးစုံတို့ကို ခေါ်တယ်၊ အဲဒီ အလုံးစုံတို့ဟာ ရုပ်သဏ္ဍာန် မည်ပါတယ်၊ ရုပ်သဏ္ဍာန်ကို ပညတ်သဏ္ဍာန် လို့လဲ ခေါ်နိုင် ပါတယ်။

အဲဒီရုပ်သဏ္ဍာန်တို့ကို အောက်ဖြစ်သော နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်ခေါ် ပဌမတံခါးတွင် ရှုခဲ့သော အာနာပါန လုပ်ငန်းစဉ်ကကိုင်ပါတယ်၊ ယခုဒုတိယတံခါး ငယ်ထိပ်ဦးထောက် အရပ်ဖြစ်သော အာနာပါနလုပ်ငန်းစဉ်က ရုပ်သဏ္ဍာန် ပညတ် ရုပ်ကိုမကိုင်ပါ။

ဒုတိယတံခါး ငယ်ထိပ်ဦးထောက်ကြတော့ နာမ်သဏ္ဍာန် ပညတ်ရုပ်ကိုသာ ကိုင်ပါတယ်၊ ဒါကြောင့် သဏ္ဍာန်ကို ၂မျိုး ခွဲခြားရှုယူပါ၊ သို့မှသာပညတ်နိမိတ်ကို ခွဲခြားနိုင်ပြီးလျှင် ရုပ် နာမ်ကူးတဲ့အခါမှာ အလွယ်တကူနှင့်ကူးလို့ရနိုင်ပါလိမ့်မယ်။

## နာမ် သဏ္ဍာန်ကို ခွဲကြဦးစို့ရဲ့

နာမ်သဏ္ဍာန်ဆိုသည်မှာ မျက်စိအကြည်ရုပ်နား အကြည်ရုပ် စသော ၆-ပါးသော အကြည်ရုပ်မှာ ထင်လာသော ပညတ်နိမိတ် ကို ဆိုလိုပါတယ်၊ ဥပမာကြေးမုံပြင်ခေါ် မှန်ကြီးကို ရှေ့မျက် မှောက်မှာထောင်ထားပါ၊ ကိုယ်ကောင်ကြီးက မတ်တပ်ရပ်ပြီး ကြည့်လိုက်ပါ၊ မှန်ထဲမှာ မိမိ၏ အသွင်အရိပ်ကြီးပေါ်နေသလို ပါဘဲ။

မျက် စိ အ ကြည် ဓါတ် မှာ အ ဆင်း ရုပ် ထင် နေ တာ ကို နာမ်သဘောသဏ္ဍာန်လို့ခေါ်ဆိုနိုင်ပါတယ်၊ အဲဒီသဏ္ဍာန်မျိုး ကြတော့ ရွေ့ရှားခြင်းမရှိပါ၊ အာနာပါနဘာဝနာကိုပွားတဲ့ ယောဂါဝစရပုဂ္ဂိုလ်ဟာလဲ အဲဒီသဏ္ဍာန်ကို စိတ်ဝိညာဏ်က ဆွဲကိုင်ထားသဖြင့် စိတ်ဓါတ်ဟာ မပြန့်လွင့်ဘဲ တည်ကြည်ငြိမ် သက်မှု သမာဓိကိုရနိုင်ပါတယ်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်တော်မူကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများလဲ ဗုဒ္ဓါနုဿတိ ဘာဝနာရင့်သန်လာလျှင် ဘုရားနိမိတ်ခေါ်သဏ္ဌာန်သည် မျက်စိအကြည်ရိပ်မှာ ထင်နေတတ်ပါတယ်။

မျက်စိကိုဖွင့်ကြည့်သော်လဲ ဘုရားသဏ္ဌာန်သည် အစဉ်ပေါ်နေတတ်ပါတယ်၊ မျက်စိမှိတ်သော်လဲ မပျောက်ကွယ်ဘဲ ဘုရားသဏ္ဌာန်တွေအစဉ်ပေါ်နေခြင်းကိုပိဋကတ်က ဥဂ္ဂဟနိမိတ်ရပြီလို့ ထုတ်ဘော်ထားပါတယ်၊ ယခုလဲဘဲ အဲဒီဘုရားသဏ္ဌာန်ထင်သလိုပါဘဲ အကြည်ဓါတ်မှာလေကြောင်းနိမိတ်ကလေးဟာ အရောင်တောက်ပြီး ထင်နေခြင်းကို သဏ္ဌာန်လို့ဆိုလိုပါတယ်။

အရိပ်ဆိုသည်မှာ မျက်စိအကြည် နားအကြည်စသော ၆-ပါးသောအကြည်ဓါတ်ကိုအရိပ်လို့ခေါ်ပါတယ်၊ဘာကြောင့်အရိပ်ခေါ်ပါသလဲ၊ကြေမှုံပြင်သည် ကြည့်ရှုသောပုဂ္ဂိုလ်ဘို့၏အဆင်းခေါ်အသွင်ရိပ်ထင်နေသလို လူတို့မှာရှိတဲ့ မျက်စိအကြည်တို့ဟာလဲ အဆင်းဟုခေါ်သော အသွင်၏ ထင်ရာထင်ကြောင်းဖြစ်သောကြောင့် အကြည်ဓါတ်၆-ပါးကို အရိပ်ဟု ခေါ်ဆိုပါတယ်။

နိမိတ်ဆိုသည်မှာ အာရုံသဘောတရားကိုလဲ အချို့နေရာမှာ နိမိတ်လို့ခေါ်ပါတယ်၊ အချို့နေရာမှာ အကြောင်းတရားကိုလဲ နိမိတ်လို့ ခေါ်ပါတယ်၊ ယခုအခါအာနာပါန ဘာဝနာနဲ့ သက်ဆိုင်ရာအရ နိမိတ်သဘောကိုအကြောင်းတရားကိုကောက်ယူနိုင်ပါတယ်။

အကြောင်းတရားဆိုသည်မှာလဲ အခြားကိုဆိုလိုရင်းမဟုတ်ပါ အဆင်းနဲ့ အကြည်နဲ့ ဆုံလိုက်တဲ့အခါ အမြင်သဘောပေါ်ထွက်လာပါတယ်၊ အဲဒီအမြင်သဘောဝိညာဏ်သေးခေါ် သညာနာမ်ဓာတ်ကလေး၏ အကြောင်းခံသဘောတရားကို နိမိတ်လို့ဆိုလိုပါတယ်။

ဆိုလိုရင်းမှာ ပရမတ်သဘောတရားတွေ ပေါင်းဆုံညီညွတ်မှုကြောင့် ထွက်ပေါ်လာသော အရိပ်အရောင်များကို ပညတ်လို့ခေါ်ဝေါ်ခြင်းပါဘဲ၊ အဆင်း အကြည် အမြင် အသိ ၄-ပါး ပေါင်းဆုံညီညွတ်ခြင်းကို ပညတ်ပေါ်သောအခါ အောက်ပါအတိုင်း ပေါ်ထွက်လာပါတယ်။

၁။ အဆင်းသဘောမှ သဏ္ဌာန်ပညတ်ရိပ် ပေါ်ပါတယ်။
၂။ အကြည်သဘောမှ အရိပ်ခေါ် ပညတ်ပေါ်ပါတယ်။
၃။ အမြင်သဘောမှ နိမိတ်ခေါ် ပညတ်ပေါ်ပါတယ်။
၄။ အသိသဘောမှ လက္ခဏာခေါ်ပညတ်ပေါ်ပါတယ်။

အဲဒီပရမတ်သဘောတရား ၄-ပါးတို့မှ ပေါ်ထွက်လာသော ပညတ်ရိပ်၄-ပါးကို အာနာပါန ဘာဝနာလုပ်ငန်းစဉ်၌ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ လေကြောင်းနိမိတ် ထင်ရမယ်လို့ ထုတ်ဖော်ထားခြင်းပါဘဲ။

ဒီတော့ အာနာပါနအားထုတ်တဲ့ ယောဂါဝစရပုဂ္ဂိုလ်ဟာ လေကြောင်း နိမိတ် ထင် ပါတယ် လို့ ဆိုရုံနဲ့ မပြီးသေးပါ။ လေကြောင်းနိမိတ်ဟာ အလွန်ထင်ရှားအောင်ပေါ်တဲ့ နိမိတ်

ဟုတ်မဟုတ်ကိုသိရှိနိုင်ရန် သဏ္ဍာန် အရိပ် နိမိတ်လက္ခဏာဆိုတဲ့ ပညတ်ရိပ်လေးပါ။ အစုံအညီထွက်လာတဲ့ လေကြောင်း နိမိတ်မှ အသုံးဝင်တဲ့ လေကြောင်းနိမိတ်ဖြစ်၍ ရုပ်-နာမ် ကူးနိုင်ပြီဖြစ်သောကြောင့် အာနာပါန သမထကိုပြည့်စုံပြီဟု တစခမ်းရပ်ပြီးလျှင် ရုပ်-နာမ်စခမ်းသို့ ကူးပြောင်းနိုင်ပါတယ်၊ အာနာပါနဘာဝနာမှာ နိမိတ်မပြည့်စုံဘဲနဲ့ လုပ်ငန်းစဉ်ရပ်ပြီးလျှင် တစခမ်း ရုပ်-နာမ်ကို မကူးနိုင်ပါ၊ အဲဒါကို သတိအထူးပြုတော်မူပါ။

## လေကြောင်းနိမိတ် ဘယ်လို အရောင်အဆင်း ထွက်လာပါသလဲ

အာနာပါန လုပ်ငန်းစဉ် ဒုတိယတံခါး၌ ထွက်ပေါ်လာသော လေကြောင်းနိမိတ်ဟာ သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ ထင်ရမယ်လို့ ဆရာတော်ဘုရားများ အထူး ဆုံးမချက် ပေးတော်မူကြပါတယ်၊ ဒါကြောင့် သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ သဘောတို့ကို ရှေ့ပိုင်းက အကျယ်ဝေဘန်ပြလိုက်ပါပြီ။

လုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်များ တထစ်တက်ကြ အားထုတ်နိုင်ရန် သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ ထင်သော လေကြောင်း နိမိတ် ကို အရောင် အဆင်း နှင့် တကွ ထုတ်ဘော်ပြပါဦးမယ်၊ သို့မှသာ လုပ်ငန်းစဉ် ၌ မတွေ့ဝေဘဲ လုပ်နိုင်သွားပါလိမ့်မယ်။

ထွက်လေ ဝင်လေနှစ်ပါးကို လေတိုလုပ်ငန်းစဉ်ဖြင့် ငယ်ထိပ် ဦးကျောက်ကို ချိတ်တိုင်ထား၍ ရှုမှတ်လိုက်လေသောအခါ လေကြောင်း

နိမိတ်ကလေးဟာ ငယ်ထိပ်ဦးခေါင်း မှ နှုတ်ခမ်းဖျားအရပ်တိုင် ထွက်လာပါတယ်၊ ဝင်လေကလေးဟာလဲ နှာသီးဖျား အရပ်က ငယ်ထိပ်ဦးခေါင်းတိုင် ဝင်သွားပါတယ်။

အဲဒီ နိမိတ်ကို ရပြီဆိုပါတော့၊ တဖန် လေကြောင်းနိမိတ်ကလေး၌ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ ထင်ရှားလာပုံမှာ ထွက်တဲ့ လေကြောင်း နိမိတ်ကလေး၌ သဏ္ဌာန်အဆင်းခေါ် အရောင်ဓာတ်၃-ပါး ကွန့်မြူးထွက်ပေါ်လာတတ်ပါတယ်။

## အရောင်အဆင်း ၃-မျိုးကွန့်မြူးပုံ

ပဌမထွက်တဲ့ လေကလေးမှာ ဦးခေါင်းအိမ်က ထွက်လိုက်တာနဲ့ အပြာရောင်အဆင်း ကွန့်မြူး ပေါ်ထွက်လာပါတယ်၊ ထွက်တဲ့လေမှာ အပြာရောင်အဆင်းပါလာလျှင်ဘဲ ဝင်တဲ့လေမှာလဲ ၎င်းအရောင်အတိုင်းဖြစ်ပြီး ဝင်လေမှာလဲ အရောင်အဆင်း ပါပြီး ဝင်လာပါလိမ့်မယ်။

ဒုတိယ တဘန် ထွက်တဲ့ လေမှာ အပြာရောင်အဆင်းပါပြီး နောက် အဝါရင့်ရောင်အဆင်း ရောယှက်ပြီး ပါလာတတ်ပါတယ်၊ ဝင်လေမှာလဲဘဲ အဲဒီလိုအပြာရောင်အဝါရင့်ရောင်အဆင်း သဏ္ဌာန်ပါရှိပြီး ဝင်လေမှာလဲ ပေါ်လာတတ်ပါတယ်၊ အဲဒီ အရောင်ဓာတ် ၂-ပါး ပါရှိပြီးလျှင် ထွက်လေနှင့်ဝင်လေ ၂-ပါး တို့သည် ငယ်ထိပ်နှင့်နှုတ်ခမ်းဖျား နှာသီးဖျားနှင့် ငယ်ထိပ်အရပ် မှာ ထွက်လိုက် ဝင်လိုက်နဲ့ အရောင်ဓာတ် ၂-ပါးကွန့်မြူးပြီး ပေါ်နေသည်ကို ယောဂါဝစရပုဂ္ဂိုလ်များ အမှန်တွေ့ပါ လိမ့်မယ်။

တတိယတဖန် ထွက်လေနဲ့ ဝင်လေ ၂ပါးတို့မှာ နောက်တဖန် ထပ်ပြီးတော့ အရောင်ခတ်တခု တိုးပါလိမ့်ဦးမယ်၊ အဝါနုရောင်ကလေး ထပ်ပေါ်လာပြီး အရောင်၃-ရောင် တပြိုင်ထဲထင်ရှားပြီးလျှင် ထွက်လေ ဝင်လေမှာကွန့်မြူးနိုင်ပါလိမ့်မယ်။

အချို့မှာတော့ အရောင်၃-ရောင်စလုံးတပြိုင်ထဲမထင်နိုင်ဘဲ တရောင်တရောင်စီသာ ခွဲခြား၍လဲ ထင်တတ်ပါတယ်။ အဲဒီ အရောင်ခါတ်၃-ပါးပေါ်အောင် အာနာပါနဘာဝနာကို ရှုနိုင်သွားပါလျှင် သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ ထင်ရှားပါပြီ။

အရောင်အဆင်း ၃-မျိုးထွက်ပေါ်လာခြင်းကား ယယ်ထိပ်ဦးကျောက်အိမ်မှာ သန္တပ္ပန မီးခါတ်သည် အစဉ်ကိန်းလျက် ရှိပါတယ်၊ အဲဒီမီးခါတ်ကို ပေါက်ရောက်တော်မူကြသော ဆရာတော်ဘုရားများက ကျောက်နဂါး ဦးခေါင်း မီးခတ်ဟု နာမည်ပေးကြပါတယ်။

အဲဒီမီးခတ်ဟာ အာနာပါနလုပ်ငန်းစဉ်မှ ကွန့်မြူးပေါ်ထွက်အောင် ရှုမှတ်ပွားများနိုင်သော ယောဂါဝစရပုဂ္ဂိုလ်များ ဘုန်းတန်ခိုးအာဏာ ကြက်သရေ မင်္ဂလာနှင့် အထူးပြည့်စုံတတ်ပါတယ်၊ ရုပ်တရား နာမ်တရားကူးတဲ့ အခါမှာလဲ ပစ္စယပရိဂ္ဂဟ ဉာဏ်သို့ဝင်နိုင်တဲ့ ရုပ်တရား နာမ်တရားမျိုးကို ကူးနိုင်ပါသဖြင့် ကလျာဏပုဂ္ဂိုလ်အဆင့်အတန်းသို့ ဝင်နိုင်ပါတယ်။

အရောင်အဆင်း ၃-မျိုးထွက်ပေါ်လာသော အာနာပါနသည် သက်တန့်ရောင်ထွက်သော အာနာပါနလုပ်ငန်းစဉ်ဖြစ်၍

သာမန်ပုဂ္ဂိုလ်များ မထွက်နိုင်ပါ၊ တိဟိတ်ပုဂ္ဂိုလ်များသာထွက်နိုင်ပါသဖြင့် ပါရမီဉာဏ်အထက်တန်းတွင်ရှိသော ပုဂ္ဂိုလ်မျိုးဟု ဆုံးဖြတ်နိုင်ပါတယ်။

အဲဒီအရောင်ခြောက်ပါးထွက်ပေါ် ကွန့်မြူး၍ အာနာပါနထွက်လေ ဝင်လေ ၂-ပါး ထင်ရှားပြည့်စုံပါလျှင် သမထလုပ်ငန်းစဉ် ပြီးဆုံးသွားပါပြီ၊ ရှေ့ကို ရုပ်-နာမ်စခမ်းပေါ်အောင်သာ ရှုမှတ်ရန် လုပ်ငန်းစဉ် တကဏ္ဍ တက်ရပါတော့မယ်။

## ရုပ်-နာမ် ၂-ပါး ဘယ်လိုတက်မလဲ

ပထမ တံခါးက ထွက်ခဲ့တဲ့ ရုပ်-နာမ်တို့ကို ဆင်ခြင်ကြစို့၊ ပထမတံခါးက ထွက်ခဲ့တဲ့ ရုပ်မှာ အာရုံအာရမ္မဏ်က ရုပ်-နာမ် ထွက်ခဲ့ပါတယ်၊ အာရုံကား ရုပ်သဘော၊ အာရမ္မဏိကကား နာမ်သဘောလို့ ဆိုပြီး ရုပ် တရား နာမ် တရား ထွက်ခဲ့တာ ယောဂါဝစရပုဂ္ဂိုလ်များ သိမ်းဆည်းပြီး ဖြစ်ပါတယ်။

ယခုထွက်ရမဲ့ ရုပ်တရား နာမ်တရားကတော့ ဦးကျောက်အိမ်ကြီးက ထွက်ရမဲ့ ရုပ်တရား နာမ်တရား ဖြစ်၍၊ ဦးကျောက်အိမ်ကြီး၏ အကြောင်းကို အနည်းငယ် ပြောပြလိုပါတယ်၊ ဒီတော့မှ သဘောပေါက်ပြီး သဘာဝ ရုပ်- နာမ် တွေကို ထင်လင်းစွာ မြင်သွားနိုင်ပါတယ်။

ဦးကျောက် အိမ်ကြီး ဆိုတာ သန္တပ္ပန မီး ခါတ် တည်နေတဲ့ အိမ်ကြီးဖြစ်ပါတယ်၊ သန္တပ္ပနမီးဓာတ်ဟာလဲဘဲ သတ္တဝါတို့အား အလွန်ဘဲ ကျေးဇူးပြုတဲ့ မီးဓာတ်ပါဘဲ၊ ယခုအခါ သူငါတစ ပြောဆိုနေကြတဲ့ မြင်တယ် ကြားတယ် ဆိုတဲ့ သိမှုကလေးတွေ ပေါ်တဲ့ ကိစ္စဟာလဲ သန္တပ္ပန မီးဓာတ်ကိစ္စပါဘဲ။

ထင်ရှားစွာ ဝေဘန် ပြပါဦးမယ်၊ ရူပါရုံနဲ့ စက္ခု အကြည်ကလေးနဲ့ တိုက်ခိုက်လိုက်တဲ့အခါမှာ သိမှုပေါ်တယ်လို့ ပြောကြတယ်၊ ဘယ်မှာပေါ်ပါသလဲ၊ သိမှုဟာ ဘယ် ၂-မျိုးရှိပါသလဲ ရှေးဦးစွာဝေဘန်ရပါမယ်၊ သိမှုဟာ ၂-မျိုးရှိပါတယ်၊ ပဥ္စဝိညာဏ်ခေါ် သိမှုတမျိုး၊ မနောဝိညာဏ်ခေါ် သိမှုတမျိုး ၂-မျိုးရှိရာ မျက်စိသိခေါ် စက္ခုဝိညာဏ်၊ နားသိခေါ် သောတဝိညာဏ်၊ နှာခေါင်းသိခေါ် ဃာနဝိညာဏ်၊ လျှာသိခေါ် ဇိဝှါဝိညာဏ်၊ ကိုယ်သိခေါ် ကာယဝိညာဏ် ဤအသိ ၅-လုံးကို ပဥ္စဝိညာဏ်အသိလို့ အဘိဓမ္မာက ထုတ်ဖော်ပါတယ်။

ဝိပဿနာအရာမှာတော့ ၄င်းဝိညာဏ်သိကလေးတွေကို သညာသိလို့ ခေါ်ဆိုကြပါတယ်၊ သညာသိဟာလဲ ဝိညာဏ်သိအတိုင်း ၅-လုံးဘဲရှိပါတယ်၊ အဲဒီ အသိကလေးတွေဟာ ဦးဏှောက်အိမ်သန္တပ္ပန မီးဓာတ်က ထွက်ပေါ်လာသော အသိကလေးများဖြစ်ကြပါတယ်။

ရူပါရုံအဆင်းဓာတ်နှင့် မျက်စိအကြည်ဓာတ် ၂-ပါးဆုံလိုက်သောအခါ မြင်မှုခေါ်စက္ခုဝိညာဏ်သည် ပေါ်ထွက်လာသည်ဟုဆိုရာ၌ စက္ခုဝိညာဏ်အရ ဦးဏှောက်အိမ်မှာရှိသော သန္တပ္ပနမီးဓာတ်ပွင့်လိုက်ခြင်းကို စက္ခုဝိညာဏ်သိမှုဟု ခေါ်ဆိုပါတယ်။

အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်ကြ၍ ဦးဏှောက်အိမ်မှာရှိသော သန္တပ္ပနမီးဓာတ်ကို ရှုနိုင်ပါလျှင် စက္ခုဝိညာဏ်ကလေး၏ ဖြစ်ပေါ်ပုံကိုအာရုံတွင် သိမ်းဆည်းနိုင်ပါလိမ့်မယ်၊

အဆင်းနဲ့ အကြည်ဓာတ်နဲ့ ပေါင်းဆုံတိုင်း သန္တပ္ပန မီးဓာတ်သည် ပိုးစုန်းကြူးကလေး လက်သလို ဝင်းကနဲ ဝင်းကနဲကွန့်မြူးနေပါတယ်။

တခါတရံ အာရုံ၅-ပါးကလေးတွေနဲ့ အကြည်ဓာတ်ကလေးတွေ အတိုက်များလာလျှင် ဦးဏှောက်အိမ်ကြီးမှာရှိတဲ့ သန္တပ္ပန မီးဓာတ်သည် ဆေးလိပ်မီးပွားကလေးများထွက်သလို ပေါ်နေတတ်ပါတယ်၊ အဲဒါကိုဘဲ၊ အဘိဓမ္မာဝိညာဏ်သိ ပေါ်တယ်လို့ ထုတ်ဘော်ထားပါတယ်။

ဆိုလိုရင်းကတော့ အာရုံ၅-ပါးကလေးတွေနဲ့ အကြည်ဓာတ်ကလေးတွေ တိုက်တိုင်း တိုက်တိုင်း ဦးဏှောက် အိမ်ကြီးမှာ သန္တပ္ပန မီးဓာတ်ဟာ ဆေးလိပ်မီးပွားကလေးမှားကျသလို အမြဲထွက်ပေါ်နေပါတယ်၊အဲဒါကိုဘဲအဘိဓမ္မာအလိုက ဝိညာဏ်နာမ်လို့ ခေါ်တယ်၊ ဝိပဿနာလုပ်ငန်းစဉ်ကြတော့ သညာနာမ်ဓာတ်ကလေးတွေ သန္တပ္ပန မီးဓာတ်က ထွက်ပေါ်နေတယ်လို့ ဆိုနိုင်ပါတယ်။

အဲဒီသန္တပ္ပနမီးဓာတ်ကထွက်တဲ့ ရုပ်တရား နာမ်တရားတွေကို ဒုတိယ စတုက္ကတွင် ထွက်ပေါ်လာမဲ့ ရုပ်တရား နာမ်တရားလို့ ဆိုလိုပါတယ်၊ မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ ပရမတ်အစစ် ရုပ်-နာမ် တို့ဟာ ဘယ်လို တည်ဆောက်ပါသလဲဆိုတာကို တွေ့အောင် ရှာဖွေရပါမယ်။

ဓာတ်လေးပါး ဓာတ် ၈-ပါးတို့ဖြင့် တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီးကား ဥတုဇခန္ဓာကိုယ်ကြီးဖြစ်ပါတယ်၊ အာနာပါန

ထွက်သက် ဝင်သက် လုပ်ငန်းစဉ်ဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်ကြီးကား ပရမတ်အစစ် ရုပ်တရား နာမ်တရားတွေဖြစ်ပါတယ်၊ အဲဒီ ရုပ်တရား နာမ်တရားတွေကို မြင်အောင်ရှုနိုင်ရပါမယ်။

ခန္ဓာကိုယ်ကြီးမှာရှိတဲ့ မီးခဲတ်ကြီးတွေကို မြင်လာမှ ၎င်းမီးခဲတ်ကြီးတွေသည် ခန္ဓာအိမ်ကြီးကို တည်ဆောက်ထားကြောင်း သိရှိလာပါလိမ့်မယ်၊ အဲဒီမီးခဲတ်ကြီးတွေက ထွက်ပေါ်လာတဲ့ ရုပ်-နာမ်ကိုမြင်မှ ပရမတ်အစစ် ရုပ်-နာမ်ကိုမြင်တယ်လို့ ဆိုနိုင်ပါတယ်၊ သညာဝိဉာဏ်က ထွက်တဲ့ ရုပ်-နာမ်တွေကား ပရမတ်အစစ်ရုပ်-နာမ်တွေမဟုတ်၊ပညတ်သဘောပြဌာန်းနေတဲ့ ရုပ်-နာမ်မျိုးတွေပါ။

ဒါကြောင့် အာနာပါနလုပ်ငန်းစဉ်ဖြင့် မီးခဲတ်ကြီးတွေမြင်လာအောင် ရှုမှတ်ပွားများရပါမယ်၊ သို့မှရုပ်-နာမ်ကူးတဲ့အခါ ပရမတ်ရုပ်-နာမ်ကိုကူးလို့ရပါလိမ့်မယ်၊ ပရမတ် ရုပ်-နာမ်အစစ်ကိုမြင်မှ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေကို ဟုတ်မှန်ကြောင်းဝန်ခံနိုင်ပါမယ်။

ယခုအခါ မြန်မာနိုင်ငံတော် သာသနာ နောက်ပိုင်းတွင် ထွက်ပေါ်နေကြသော ရုပ်-နာမ်မျိုးတို့ကား သညာဝိဉာဏ်က ပြောတဲ့ ရုပ်-နာမ်မျိုးတွေသာ အာနာပါနလုပ်ငန်းစဉ်မှာထွက်ပေါ်နေကြပါတယ်၊ ငါတို့လဲ မဟာသတိပဋ္ဌာန် အာနာပါနလုပ်ငန်းစဉ်ကို မရောက်ခင်က သညာ-ဝိဉာဏ် ရုပ်-နာမ်မျိုးတွေကိုသာ ထွက်ပေါ်လာနိုင်ပါတယ်။

ငါတို့မှာ သညာ-ဝိဥာဏ်အလှည့်ကို ဘယ်လောက်တောင်းခံခဲ့ရပါသလဲဆိုလျှင် သညာ-ဝိဥာဏ်ကပြောတဲ့ မာသိ၊ပျော့သိ၊ပူသိ အေးသိတွေကို ပရမတ်အစစ်အသိဟူ၍ လက်မထောင်ပြီးလျှင် အာနာပါနလုပ်ငန်းစဉ်မှာ ဘဝင်မြင့်မှားမိခဲ့ဘူးပါတယ်။

သညာ-ဝိဥာဏ်အလှည့်ကြီးဟာ ဘယ်လောက်တောင်ကြောက်ဘို့ကောင်းပါသလဲ၊ အနမတဂ္ဂသံသရာ အစမထင်တဲ့ဘဝကစ၍ သညာ-ဝိဥာဏ်သိ ၂-ပါးဖြင့် လှည့်ပတ်လာတဲ့အလှည့်ကြီးနဲ့ သာလျှင် ငါတို့အချိန်ကုန်ဆုံးခဲ့ပါတကား၊အဲဒီ မာသိ၊ပျော့သိ၊ပူသိ၊ အေးသိကြီးတွေကို အဟုတ်ကြီးထင်ပြီးသကာလ ငါတို့ဟာ အာနာပါနလုပ်ငန်းစဉ်ကြီး၌မာသိ၊ပျော့သိ၊ပူသိ၊အေးသိတွေကို ပရမတ်အစစ်ထင်ပြီး ရှုမှတ်ခဲ့ကြပါတယ်။

ဓန္ဓာကိုယ်ကြီး၌ သွေးအား လေအား သလိပ်အား သည်းခြေအားနဲ့သွားတဲ့ ဓာတ်လေးပါးတရားတို့ကို ပရမတ်အစစ်ထင်မှတ်ပြီးလျှင် ဝိပဿနာ ဉာဏ်အဆင့်ဆင့်လဲ တက်လာခဲ့ဘူးပါတယ်။ နောက်ဆုံး သခ်ါရုပေက္ခာဉာဏ်စခမ်းသို့လဲ တရားပြတဲ့ဆရာက ရောက်ပြီလို့လဲ ဆုံးဖြတ်လိုက်ပါရော၊ ရှေ့ကိုမကူးနိုင်တော့မှ ငါတို့ရဲ့ အလုပ်တွေဟာ ပညတ်ရိပ်တွေကို ရှုမှတ်နေကြောင်းသိရပါတော့တယ်။

ယခုအခါ သာသနာတော်နောက်ပိုင်းတွင် ပညတ်ရိပ်တွေကို ရှုမှတ်ကြတဲ့ အာနာပါန တွေဟာ အလွန်များပြားလှပါတယ်၊ မိမိနှင့် ဘဝတူ မျိုးတူ ဇာတ်တူ အလုပ်တူ သမားခြင်း ဖြစ်၍ သတိပြုရန် ပြောကြားရခြင်းဖြစ်ပါတယ်။

# ယခုဘဝ သောတာပန်ဖြစ်လိုသလား

ယခုဘဝ သောတာပန်အဖြစ်ကို အလိုရှိပါလျှင် အာနာပါန လုပ်ငန်းစဉ် တခုကိုသာ အားကိုးမနေပါနှင့်၊ ဝိပဿနာ ယာနိက လမ်းခေါ် သဘာဝ အတ္တ အနတ္တ ခွဲပုံတွေကိုလဲ သုတမယဉာဏ် စိန္တာမယ ဉာဏ်ဖြင့် ဆင်ခြင်လေ့လာတော်မူကြစေလိုပါတယ်။

ကဲကဲ အာနာပါန ဒုတိယတံခါးက ရုပ်-နာမ်ကူးကြစို့-

အာနာပါန ဒုတိယ တံခါးမှာကား သန္တာပုန မီးခတ်ကြီး ရှိပါတယ်၊ အဲဒီ မီးခတ်ကြီးက ထွက်ပေါ်လာတဲ့ ရုပ်တရား နာမ်တရားတို့ကို တွေ့အောင်ရှာဖွေရပေမယ်၊ ယခုတရားနာကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေရဲ့ ခန္ဓာအိမ်ကြီးဟာ မီး-ခတ်ကြီး ၄-ပါးနဲ့ ခတ်ကြီး ၄-ပါးတို့က တည်ဆောက် ထားတဲ့ ခန္ဓာအိမ်ကြီးဖြစ်၍ ပရမတ်အစစ် သဘာဝ အနတ္တဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေဟာ အမြဲ တည်ရှိနေပါတယ်။

အာနာပါန လုပ်ငန်းစဉ် ဖြင့် ထင်မြင်အောင် ရှုနိုင်ပါလျှင် ရှင်ဟော်မြတ်ဘုရား ဟောကြားတော်မူတဲ့ ရုပ်တရား နာမ်တရား ဝိပဿနာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တရားကို အမှန်တွေ့နိုင်ပါတယ်။

အာနာပါန ပဌမတံခါးက ပေါ်ခဲ့တဲ့ ရုပ်-နာမ်ကို ပြန်လည် ဆင်ခြင်သုံးသပ်ပါလျှင် အာရုံ အာရမ္မဏက ရုပ်နာမ်ပေါ်ထွက် လာခဲ့ပါတယ်၊ အဲဒီ ပေါ်ထွက်တဲ့ ရုပ်-နာမ်ကိုဘဲ ဒုတိယ တံခါး ပေါက်ကို သွင်းခြင်တော့ သူ့ကို ထုခြေရပါမယ်။

ဘယ်ဉာဏ်နဲ့ ထုခြေမလဲ၊ ပစ္စယ ပရိဂ္ဂဟဉာဏ်နဲ့ ထုခြေ လိုက်မယ်၊ ဒီအခါမှာ ပဌမတံခါးမှာပေါ်တဲ့ရုပ်-နာမ်ထက် အလွန်

သိမ်မွေ့တဲ့ ရုပ်-နာမ်ဖြစ်သွားမယ်၊ အဲဒီ ထုခြေပုံတွေကို နောက်ပိုင်းတွင် ထင်ရှားလာပါလိမ့်မယ်၊ ယခု ရှေ့ပိုင်းက သိဘို့က ဦးကျောက်အိမ်မှာရှိတဲ့ ကျောက်နဂါး မီးခွတ်ကြီးကို အပိုင်သိနိုင်ဘို့ အရေးကြီးပါတယ်။

ရှင်းမီးခွတ်ကြီးကို ဘယ်လိုတွေ့အောင်ရှာဖွေရမလဲဆိုတာလဲ နားလည်ရမယ်၊ ဒါကြောင့် သန္တပ္ပနခေါ် ကျောက်နဂါးမီးခွတ်ကို တွေ့အောင် နိမိတ်ထင်ပုံအမျိုးမျိုးကို ထုတ်ဘော်ပြလိုပါသေးတယ်၊ ရုပ်-နာမ်ကူးတာကတော့ နောက်ပိုင်းကြမှဘဲ ကူးကြတာပေါ့။

ပဌမရှေ့ပိုင်းက လေကြောင်းနိမိတ်ကလေး၏ သဏ္ဍာန် အရိပ်နိမိတ်ထင်ပုံတို့ကို ထုတ်ဘော်ပြခဲ့ပါပြီ၊ ယခုတဖန် သန္တပ္ပနမီးခွတ်ခေါ် ကျောက်နဂါးခွတ်ကို ဦးကျောက်အိမ်မှာ ဘယ်လိုတည်ရှိနေတယ် တွေ့အောင် ဘယ်လို နိမိတ်ကို ယူရမယ်ဆိုတာ သိဘို့အရေးကြီးပါတယ်။

အာနာပါန လုပ်ငန်းစဉ်၌ ပဌမစတုက္က အောင်မြင်ပြီးသောယောဂါဝစရပုဂ္ဂိုလ်များသည် ဒုတိယစတုက္ကကို တက်လိုသော် အဲဒီ လေကြောင်းနိမိတ်ကိုဘဲ ထင်အောင်ပြန်လည်၍ ရှုရပါမယ်။

ထင်မြင်တယ်ဆိုတာလဲ သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ ၄ - ချက် ပြည့်စုံလာခြင်းကို ထင်မြင်တယ်လို့ဘဲ ယူရပါတယ်၊ အဲဒီ နိမိတ် လေးချက် အကျယ်ကို နောက်က ပြောကြားခဲ့ပါပြီ၊ အထူးမပြောကြားလိုတော့ပါ။

လေကြောင်းနိမိတ်ဟာ သဏ္ဍာန် အရိပ် နိမိတ် လက္ခဏာ ၄-ချက်နဲ့ကိုက်ညီ၍ မျက်စိအကြည်ခွတ်မှာ ထင်တယ်ဆိုတာနဲ့ နားအကြည်ခွတ်၊ နှာခေါင်းအကြည်ခွတ်၊ လျှာအကြည်ခွတ်၊

ကိုယ်အကြည့်ခါတ်၊စိတ်အကြည်ဓာတ် အလုံးစုံမှာ လေကြောင်းနိမိတ်ထင်နိုင်ပါတော့တယ်။

ဘာကြောင့် အလုံးစုံ ထင်နိုင်ပါသလဲဆိုရင် အကြည်ဓာတ် ၆-ပါးတို့သည် တဦးနှင့်တဦးဆက်စပ်နေကြပါတယ်၊ အဘိဓမ္မာ သင်ဘူးတဲ့ ပုဂ္ဂိုလ်များအတွက် အထူးပြောဘို မလိုတော့ပါ၊ နားလည်ပြီး ဖြစ်ပါတယ်၊ မသင်ဘူးတဲ့ ပုဂ္ဂိုလ်များအတွက်သာ နားလည်လာရန် ပြောကြားရခြင်းပါဘဲ၊ ကိုယ်ရဲ့ခန္ဓာကိုယ်ကြီးမှာ မီးဓာတ်ကြီး ၄-ပါးက အကြည်ဓာတ်အလုံးစုံကို အားပေးနေပါသဖြင့် တခုနှင့်တခု ဆက်စပ်နေတယ်လို့ ယူရပါတယ်၊ အားပေးပုံတွေကို နောက် မီးဓာတ်တွေကြတော့ ထင်ရှားသာပါလိမ့်မယ်။

အကြည်ဓာတ် ၆-ပါးမှာ လေကြောင်းနိမိတ် ထင်လာပြီဆိုလျှင်ဘဲ လျှပ်စစ်တွေ ပျက်သလို မျက်စိအကြည်ဓာတ်မှာ ပေါ်လာပါတယ်၊ တခါတရံ လက်နှိပ်ဓာတ်မီးကြီးတွေနဲ့ ထိုးလိုက်သလို ကိုယ်ရဲ့အကြည်ဓာတ်မှာ ပေါ်လာတတ်ပါတယ်၊ တခါတရံ ထောင့်ကွယ်ရာအရပ်ကသော်၎င်း၊ မျက်မှောင် ၂-ခုအကြားကသော်လဲ မျက်စိထဲကသော်၎င်း ဝင်းကနဲဝင်းကနဲနဲ့ ထွက်ပေါ်လာတတ်ပါတယ်။

အဲဒီလို မျက်စိအကြည်ရိပ်မှာ ဝင်းကနဲ ဝင်းကနဲ ထွက်ပေါ်ကွန့်မြူးလာလျှင် အဲဒီ နိမိတ်မျိုးကို သဏ္ဍာန် အရိပ် နိမိတ်လက္ခဏာလို့ မပြောနိုင်ပါ၊ အရောင် အဆင်း အလင်း အကြည်နိမိတ်ထဲ ဝင်လာပြီလို့ ဆိုနိုင်လာပါတယ်၊ သို့ရာတွင် လုံးလုံးမဝင်နိုင်သေးပါ၊ နိမိတ်ကူးရုံလောက်သာ ရှိပါသေးတယ်။

အရောင် အဆင်း အလင်း အကြည် နိမိတ်ကား နှလုံးအိမ် ရင်ချိုင့်မှာ ရှိတဲ့ ဥသျှမီးဓာတ်၏ နိမိတ်ဖြစ်ပါတယ်၊ ဒါကြောင့် လုံးလုံးမဝင်နိုင်သေးပါ၊ နိမိတ်ကူးရုံမျှလောက်သာ ယူလို့ရနိုင် ပါတယ်၊ ပထမတံခါးက ပေါ်ထွက်တဲ့နိမိတ်ထက် သိမ်မွေ့တဲ့ နိမိတ်တွေ ထွက်ပေါ်လာခြင်းဟာ ပရမတ်သဘာဝခြင်း မတူ လို့လဲ ဆိုနိုင်ပါတယ်။

ထွက်တဲ့လေနဲ့ ဝင်တဲ့လေ ၂-ပါးကို အဲဒီနိမိတ်တွေ ပေါ်အောင် ရှုမှတ်နိုင်လျှင် ဦးခေါင်းအိမ်မှာရှိတဲ့ သန္တပ္ပန မီးဓာတ်ကြီးဟာ ထတောက်လာပြီလို့ ဆိုနိုင်ပါတယ်၊ သန္တပ္ပန မီးဓာတ်ကြီး ထတောက်လာရင်ဘဲ အကြည်ဓာတ်တွေဟာ အထူး သဖြင့် ကြည်လင်၍ လာပါတော့တယ်။

သဏ္ဍာန် အရုပ် နိမိတ် လက္ခဏာတွေဟာ ပိုမို၍ထင်ရှားလာပါ တယ်၊ မျက်စိဖြင့် အရာဝတ္ထု တခုခုကိုကြည့်ရှု၍မြင်သလို ထင်မြင် ထင်ရှားလာပါတယ်၊ မျက်စိမှိတ်ထားသော်လဲ မျက်စိဖွင့်ပြီး ကြည့်သလို ထင်ရှားလာခြင်းပါဘဲ။

အဲဒီလိုထင်ရှားလာတဲ့အခါမှာ ဦးခေါင်းအိမ်ကြီးမှာရှိတဲ့ သန္တပ္ပန မီးဓာတ်ကိုယောဂါဝစရ ပုဂ္ဂိုလ်သည် တွေ့ဘို့ အလွန် နီးကပ်လာပါပြီ၊ ရှေ့ကိုတိုး၍ ထွက်လေနဲ့ ဝင်လေ ၂-ပါးကို အထူးဂရုစိုက်ပြီး ရှုမှတ်ပွားများလာခဲ့သော် ဦးခေါင်းအိမ်မှာ ရှိသော သန္တပ္ပနခေါ် ကျောက်နဂါးမီးဓာတ်ကြီးသည်ဦးခေါင်း အိမ်ကို ဗဟိုရ်ပြု၍ အထက်သို့ ၅-တောင်မှအစ ၁၀-တောင်အထိ အလင်းဓာတ်ကြီး ထွက်ပေါ်ကွန့်မြူးနေပါလိမ့်မယ်။

အဲဒီ ကျောက်နဂါး မီးဓာတ်ကြီး ထွက်ပေါ်ပုံကို ပြောပြလိုပါသေးတယ်. သို့မှသာ ယောဂါဝစရ ပုဂ္ဂိုလ်များ သိရှိနားလည်ပြီးလျှင် ကိုယ်ပေါ်တဲ့ အဖြစ်အပျက်ကို ကိုယ်က ဆုံးဖြတ်နိုင်ပါမယ်။ မပေါ်ဘူးတဲ့ အာနာပါန ပုဂ္ဂိုလ်တဦးဦးထံ သွားရောက် စစ်ဆေး ခံလျှင် အမှန်အကန် စံနစ်တကျ မရဘဲ အမျိုးမျိုးဝေဘန်လိုက်လိမ့်မယ်၊ အထူးသတိပြုပါ။

## ငါသိဆယ်ကဲ လုပ်ချင်တဲ့ ခေတ်ကြီး

ယခုခေတ်ကြီးကား (ငါသိဆယ်ကဲ)လုပ်ချင်တဲ့ခေတ်ကြီးပါ၊ မသိဘဲနှင့် အသိလုပ်ချင်မှု မမြင်ဘဲနှင့် အမြင်လုပ်ချင်မှု နားမလည်ဘဲနှင့် နားလည်ယောင်ဆောင်ပြီး ဆရာလုပ်ချင်မှု၊ ခေတ်ကြီး ဖြစ်ပါ၍ လုပ်ငန်းစဉ်ကို အတိအကျ ဖေါ်ထုတ်ရခြင်းဖြစ်ပါတယ်၊ သို့ပါ၍ ကျောက်နဂါးမီးဓာတ်ဦးကျောက်အိမ်က ပေါ်ထွက်ကွန့်မြူးပုံကို အနည်းငယ် ပြောကြားလိုပါသေးတယ်။

အထက်အညာ အကြေခေါ် မိုးခေါင်တဲ့ အရပ်မှာ တခါတခါ၊ မိုးရွာဘို့ဟာ အလွယ်တကူနဲ့ မရွာနိုင်ပါ လေးရက် ၅-ရက်ဆိုသလို လေတိုက်နေရပါသေးတယ်၊ ပူအိုက်ထာကလဲ မနေနိုင်လောက်အောင် ပူအိုက်ပြီးမှ မိုးရွာတတ်လှပါတယ်၊ မိုးရွာတော့မယ်ဆိုလျှင်ဘဲ ရှေးဦးစွာ ကောင်းကင်မှာ နိမိတ်တခုထွက်လာပါတယ်။

ပေါ်ထွက်တဲ့ နိမိတ်က တော့ အခြားနိမိတ်မဟုတ် ပါ သက်တန့်ကြီးတွေ ပေါ်ခြင်းပါဘဲ၊ မိုးခေါင်တဲ့ အရပ်မှာ နေဘူးတဲ့ပုဂ္ဂိုလ်တွေမှန်လျှင် သက်တန့်ကို မြင်ဘူးကြပါလိမ့်မယ်၊

အောက်အရပ်မှာလဲ တခါတရံသက်တန့်ပေါက်တာ မြင်ဘူးကြပါလိမ့်မယ်၊ သို့ရာတွင် အထက်အရပ်လောက်တော့ အောက်အရပ်မှာ သက်တန့်မပေါက်ပါ။

အဲဒီသက်တန့်ကိုလေ့လာကြည့်ပါ၊ အရောင်၃-ရောင်ပြဋ္ဌာန်းပါနေပါတယ်၊ သက်တန့်မှာ ၁။ အပြာရောင်ကြီး ပါတတ်ပါတယ်၊ ၂။ အနီရောင်ဖြစ်စေ သို့မဟုတ် အဝါရင့်ရောင်ဖြစ်စေ ပါတတ်ပါတယ်၊ ၃။ အဝါရောင်ကတော့ အမြဲတန်းပါရှိပါတယ်၊ အဖြူရောင်ကတော့ ပေါက်တဲ့အရောင်မဟုတ်ပါ၊ မိုးသားခေါ် အခံဓာတ်အရောင်ဖြစ်ပါတယ်။

အဲဒီ သက်တန့်ရောင်ဟာ အရောင်သုံးမျိုးပေါ်ထွက်တတ်ပါတယ်၊ တခါတရံ သက်တန့်ကြီးများဖြစ်လျှင်လဲ အရောင်လေးမျိုး ပေါ်တတ်ပါတယ်၊ သို့ရာတွင် များသောအားဖြင့် အရောင်၃-မျိုး ပေါ်ထွက်တာဘဲ များပြားလှပါတယ်၊ မိုးခေါင်တဲ့အရပ်မှာ တနှစ်လျှင် ၃-ခါထက်မနည်း ၅-ကြိမ်ထက်မများ သက်တန့်များပေါက်တတ်ပါတယ်။

မိုးကောင်းကင်မှာ ပေါ်တဲ့ သက်တန့်ရောင်အတိုင်းပါဘဲ၊ အာနာပါနအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဦးကျောက်အိမ်က သန္တာပွန်မီးဓာတ်ခေါ် ကျောက်နဂါးမီးဓာတ်ကြီး ထွက်တယ်ဆိုလျှင် သက်တန့်ရောင်ကြီး ပေါက်သလို မိမိတို့ရဲ့ ဦးကျောက်အိမ်မှ တခါထဲ အလင်းဓာတ်ကြီးသည် အရောင် ၃-မျိုး ပါရှိပြီးလျှင် အထက်သို့တက်၍ ထွက်ပေါ်လာပါတယ်။

ဒီအခါမှာ အာနာပါန ဘာဝနာကို ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်က ငါ၏ခန္ဓာကိုယ် ဦးကျောက်အိမ်ကြီးက သန္တာပွန်မီးဓာတ်ကြီးပေါ်ထွက်ပြီ၊ အာနာပါန လုပ်ငန်းစဉ်သည် တကယ့်မှန်ကန်

သဖြင့် သက်တန့်ရောင် ကျောက်နဂါးခေတ်ကြီး ကွန့်မြူးပေါ် ထွက်လာပြီး ရုပ်တရား နာမ်တရားကူးလျှင် အလွယ်တကူဖြင့် ငါသည် ကူးနိုင်၍ ပရမတ်အစစ် ရုပ်-နာမ်ကို တွေ့တော့မည်ဟု ဆုံးဖြတ်နိုင်ပါတယ်။

## (သက်တန့်ရောင်နှင့် လောကီအကျိုး)

ယခုဘော်ပြလိုက်တဲ့ သက်တန့်ရောင်ခေါ် အလင်းခေတ်ကြီး ဦးကျောက်အိမ်က အနည်းဆုံး ၅-တောင် အများဆုံး ၁၀-တောင် လောက် အလင်းခေတ်ကြီးမပေါက်သေးလျှင် သန္တပ္ပန မီးခေတ်ကြီး မပေါ်ထွက် မကွန့်မြူးသေးဘူးဟူ၍ မှတ်ပါ၊ ထွက်ပေါ် ကွန့်မြူးလျှင် ဒုတိယ စတုက္က တံခါးကြီးပွင့်ပြီလို့ မှတ်တန်းတင် နိုင်ပါပြီ။

အဲဒီလို မှတ်တန်းတင်နိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် လောကုတ္တရာ ရုပ်-နာမ်စခမ်းကိုလဲ အလွယ်တကူနဲ့ ကူးနိုင်ပါပြီ၊ လောကီအကျိုးတရားများကိုလဲ ခံစားနိုင်ပါတယ်၊ ဒါကြောင့် လောကီအကျိုးတရားပွားစီးလာပုံတွေကို အနည်းငယ် ထုတ်ဘော်ပြလိုပါသေးတယ်။

အဲဒီလိုလောကီအကျိုးကို ထုတ်ဘော်ပြခြင်းဟာလဲ လိုလား၍ မဟုတ်ပါ၊ အာနာပါန လုပ်ငန်းစဉ်သည် လောကီအကျိုး လောကုတ္တရာအကျိုးတရား ၂-ပါးလုံးကို ပေးစွမ်းနိုင်သောသတ္တိရှိကြောင်း သိစေလို၍ ထုတ်ဘော်ပြခြင်းလို့ မှတ်တော်မူပါ။

ယခုလောကမှာ စီးပွားဥစ္စာချမ်းသာ ကြွယ်ဝကြသဖြင့် အထက်တန်းသို့ ရောက်ရှိနေကြသော ပုဂ္ဂိုလ်များ ပညာဉာဏ် အဆင်ခြင်ကြီး၍ လူအပေါင်းတို့၏ ကိုးကွယ်ဆည်းကပ် အားထား

မှိခိုရာအဖြစ်သို့ ရောက်ရှိနေကြသော ပုဂ္ဂိုလ်များ အစိုးရအုပ်ချုပ်ရေးတွင် ရာထူး-ဂုဏ်ထူး-ဘွဲ့ထူးတို့ကို ရရှိတော်မူကြ၍ အကြီးအကဲ ပုဂ္ဂိုလ်များသည် ဦးကျော်ကိအိမ်က သန္တပ္ပန မီးခေါတ်အလွန်အားကောင်းသော ပုဂ္ဂိုလ်ဟု ဆိုနိုင်ပါတယ်။

ဤသန္တပ္ပန မီးခေါတ်သည် အာနာပါန လုပ်ငန်းစဉ်မဖွင့်သော်လဲ အားကောင်းသော ပုဂ္ဂိုလ်တို့မှာ အရှယ်သို့လိုက်၍ပွင့်တတ်ပါတယ်၊ အလိုလိုပွင့်တဲ့ ပုဂ္ဂိုလ်များလဲရှိပါတယ်၊ သို့ရာတွင် အာနာပါန အားထုတ်လို့ ပွင့်တာမျိုးတော့မဟုတ်ဘူး၊ သာမန် အခိုးအရိပ်ပွင့်တာမျိုးလို့ ယူနိုင်ပါတယ်။

သာသနာတော်ထမ်းရဟန်းအလုပ်နှင့် အားထုတ်နေကြသော သံဃာတော်၊ ဆရာတော်များလဲ အချို့မှာ တရားအလုပ်ဖြင့် သန္တပ္ပန မီးခေါတ် ပွင့်၍ ဘုန်းတန်ခိုး အာနုဘော် အဓွှေ အရံ ဒါယကာ ဒါယိကာမ ကျောင်းကန် လာဘ်သပ္ပကာ ပြည့်စုံနေကြသည် အများအပြား ရှိကြပါတယ်။

မြို့ ရွာ နိုင်ငံ မှာ ကျော်ကြားလာ တဲ့ ပုဂ္ဂိုလ် မှန် လျှင် ဤသန္တပ္ပနမီးခေါတ်နှင့် ကင်းလွတ်ခဲပါသည်။ ဘုန်းလက်ရုံး တန်ခိုးအာဏာကို အမှီပြု၍ သာသနာပြုလိုသော အရှင်ကောင်း အရှင်မြတ်တို့သည် ဤသန္တပ္ပန မီးခေါတ်ပွင့်ရန် အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်တော်မူရန် အထူးလျှောက်ကန်လှပါတယ်။

လူမှုရေးရာနယ်တွင်ဖြစ်စေ၊ ရဟန်းမှုရေးရာနယ်တွင်ဖြစ်စေ၊ ဆက်ဆံမှုမကင်းသောပုဂ္ဂိုလ်တိုင်း ဆက်ဆံရေးတွင် အဆင်ပြေလည်မှုဖြစ်စေရန် ဤမီးခေါတ်ကို အသုံးချနိုင်ပါလျှင် အရာရာမှာ အဆင်ပြေမှုဖြစ်၍ မိမိအကျိုး၊ သူတပါးအကျိုး ၂-ပါးသော အတ္တဟိတ ပရဟိတ ကျိုးနှစ်ဝကို ပြည့်စုံစေနိုင်ပါတယ်။

တရားအားထုတ်ကြသော ပုဂ္ဂိုလ်များအတွက် ဆက်လက်၍ သန္တပ္ပန ခေါ် ကျောက်နဂါးမီးခါတ်ကြီး၏ အကျိုးအာနိသင်တို့ကို အနည်းငယ်ဖေါ်ပြလိုပါသေးတယ်။ ယခုအခါ သာသနာတော်၏ ကြီးပွားရေးကို လိုလားတောင်းတ၍ သာသနာပြုလိုသော ပုဂ္ဂိုလ်များသည် တရားပေါက်ရုံနှင့် ပေါ်လွင်အောင်ပြုလို့မရပါ၊ ဤ သန္တပ္ပန မီးခါတ်ပါပေါက်မှသာလျှင် အလွယ်တကူနှင့် ပြုနိုင်ပါတယ်။

ပြဒါးချုပ် ချုပ်သတ် မီးလုပ်ရပ်ကို အားထုတ်တော်မူကြသော ပညာရှိများလဲ ဤမီးခါတ်ကို အထူးသတိပြုတော်မူကြပါ။ သက်တန့်ရောင်ထွက်သော ပြဒါးခါတ်သည် ခြသံခေါ် ပြဒါးခါတ်ဖြစ်ကြောင်းကို ခါတ်ပေါက်သော ပုဂ္ဂိုလ်များ ဆုံးဖြတ်တော်မူကြပါတယ်။ ဒါကြောင့် မီးလုပ်ရပ်ဆရာတို့လဲ ဤသန္တပ္ပန မီးခါတ်ပေါက်လျှင် ကြံစီတိုင်းအောင် လုပ်လိုက်တိုင်းထိ အသိဉာဏ်မလွဲဘဲ စိတ်အကြံမြောက်၍ သိဒ္ဓိပေါက်တဆူဖြစ်နိုင်ပါတယ်။

အင်း-ဆေး-မှော်-စမ-ဂါထာ-မန္တာန် အလုပ်ကို ဝါသနာအလျောက် အားထုတ်တော်မူကြသော ပုဂ္ဂိုလ်တို့ဟာလဲ မိမိအားထုတ်သော အင်း-ဆေး-မှော်တို့၏ တန်ခိုးကိုဝေဘန်သုံးသပ်ပါလျှင် ဤသန္တပ္ပန မီးခါတ်၏ တန်ခိုးပါဘဲ၊ ဤမီးခါတ်ကို မိမိက အရင်ပေါက်ဘို့လိုပါတယ်။ မိမိပေါက်လျှင် အင်း-ဆေး မှော်တို့လဲ ပေါက်မည်ဆိုတာ ယုံကြည်ပြီးလျှင် ဤမီးခါတ်ပေါက်အောင် အထူးကြိုးစားပါ။

ဒါကြောင့် ဤသန္တပ္ပန မီးခါတ်ကို တရားပေါက် ခါတ်ပေါက်တော်မူကြသောဆရာတော်များက ကျောက်နဂါးခေါ် နဂါးရဲ့

ဥကျောင်းလို့ ထုတ်ဘော်ညွှန်ကြားတော်မူကြသဖြင့် အာနာပါန ဘာဝနာကို ပွားများတော်မူကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ယခုဘော်ပြခဲ့သော သန္တပ္ပန မီးခတ်ထွက်ပေါ်လာမှ ရုပ်တရား နာမ်တရား ကူးကြပါလျှင် ပရမတ်ရုပ်နာမ်စစ်ကို ကူးနိုင်ကြ၍ ပစ္စယ ပရိဂ္ဂဟဉာဏ်စခန်းတွင် အသိဉာဏ်အပိုင်ရရှိတော်မူနိုင်ပါတယ်။

ဆိုလိုရင်းမှာ ဤဒုတိယ စတုက္က အာနာပါနလုပ်ငန်းမှာ မိမိတို့ရဲ့ ဦးကျောက်အိမ်ကြီးက သန္တပ္ပန မီးခတ်ကြီးသည် သက်တန့်ရောင်ကြီး ထွက်လာသလို အလင်းရောင်ကြီးတခါထဲ ထွက်လာပါလိမ့်မယ်၊ အဲဒီအခါမှာကိုယ်ရဲ့မျက်စိအကြည်ခါတ် နားအကြည်ခါတ်တွေ နှာခေါင်း လျှာ ကိုယ် အကြည်ခါတ် ငါးပါးတို့မှာ အဲဒီ သန္တပ္ပနမီးခတ်ကြီးဟာ ထွက်ပေါ်နေတယ်လို့ မှတ်ပါ။

အကြည်ခါတ် ငါးပါးမှာ သန္တပ္ပန မီးခတ်ကွန့်မြူးပေါ်ထွက်နေတဲ့အတွက် မည်သည့်ကိစ္စမဆို အဲဒီပုဂ္ဂိုလ် ကြံဆောင်ပါက အောင်မြင်သည်သာ များပါတော့တယ်၊ သူ့ကိုမြင်လိုက်လျှင်ဘဲ မီးခတ်၏ တန်ခိုးကြောင့် လူအပေါင်းတို့သည် ချစ်ကြောက်ရိုသေ ရှိတတ်ပါတယ်၊ ရန်သူများသည် မီးခတ်၏ အရှိန်ကို မခံနိုင်သဖြင့် ထိုသူအား မကြံစိတ်ဘဲ လက်မှိုင်ချကြရသည် အဖြစ်သို့ ရောက်ရှိပါတယ်။

ဒါကြောင့် သန္တပ္ပနမီးခတ်ကြီးပေါ်အောင် ဒီကနေ့ တရားနာကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ယခုဆရာတော်ဟောကြား ပြသတော်မူသည့်အတိုင်း မီးခတ်ကြီးပေါ်လာအောင် အထူးကြိုးစားစေလိုပါတယ်၊ ကြိုးစားကြ

လိမ့်မယ်လို့ လဲယုံကြည်ပါတယ်၊ အဲဒီမီးခါတ်ကြီးပေါ်ထွက်ပြီး မှဘဲ ရုပ်တရား နာမ်တရားကို ကူးတော်မူကြစေလိုပါတယ်။

လောကုတ္တရာလမ်းကြီးကို ထုတ်ဘော်လိုက်လျှင် ဤသန္တပ္ပန မီးခါတ် ကျောက်နဂါးလမ်းကြီးကဘဲ သွားရပါတယ်၊လောကီ လမ်းတွေကို ဝေဘန်လျှင်လဲ ဤမီးခါတ်နှင့် လွတ်ကင်း၍ သိဒ္ဓိ မြောက်ခြင်းမဖြစ်နိုင်ပါ၊ လောကီလောကုတ္တရာ ၂-ပါးစုံရကဲ့ မီး ခါတ်ကြီး ဖြစ်၍ ပေါက်မြောက်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့ သည် မိမိ၏ အကျိုးစီးပွား သာသနာတော် ၏ အကျိုးစီးပွား ကမ္ဘာသူ ကမ္ဘာသားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်သော ကြောင့် ပညာရှိများက အောက်ပါအတိုင်း ထုတ်ဘော်၍ ကြွေး ကြော် တော်မူကြပါတယ်။

## ပညာရှိများ၏ ကြွေးကြော်သံ

ကျောက်နဂါးရှင်၊ငါသို့စဉ်လျှင်၊တိုင်းခွင်ဇမ္ဗူ၊ မြကျွန်း
သူတို့၊ ပူဆာသမျှ၊အေးစေရအောင်၊ ငါကြံဆောင်မည်၊
ကရုဏာဆီ၊ဉာဏ်ဂမ္ဘီဖြင့်၊ဥဒည်မင်္ဂလမ်း၊တက်စံမြန်းသား

စသည်ဖြင့် ရှေးက ပညာရှိများ ထုတ်ဘော်၍ မြွက်ကြား တော်မူကြပါတယ်၊ ယခုလဲဘဲ ဤမီးခါတ်ကြီး ပေါက်အောင် အာနာပါန လုပ်ငန်းစဉ်ကြီးကို ဒုတိယ စတုက္ကဖြင့် ဖွင့်ပြနေ ပါတယ်။

ဤ ဒုတိယ တံခါးဦးကျောက်အိမ် သန္တပ္ပန မီးခါတ်ကြီးနှင့် ပတ်သက်၍ လောကီ လောကုတ္တရာ အကျိုးတရားတွေကို ထုတ်ဘော်ပြလိုက်သဖြင့် အမျိုးကောင်းသား အမျိုးကောင်း

သွီးတွေ ဝေဘန်နိုင်လောက်ပါပြီ၊ ဤမီးခွတ်ကြီးပေါ်ရန်သာ ကြိုးစားအားထုတ်ဘို့ လိုပါတော့တယ်။

အချို့သောပုဂ္ဂိုလ်တို့မှာ မီးခွတ်ကြီးတွေ ထင်ရှားရှိနေသော်လဲ အာနာပါနလုပ်ငန်းစဉ်ဖြင့် ပေါ်ထွက်လာအောင် တကြိမ်တခါမျှ အားထုတ်ခြင်း မရှိကြတဲ့အတွက် တနေ့တခြား ရေနည်းငါးကဲ့သို့ဖြစ်ပြီးသကာလ ဘုန်းတန်ခိုးအာနုဘော် မှေးမှိန် သေးသိမ်တော့မှုရလေတယ်။

လူဖြစ်ပြန်တော့လဲ သန္တပ္ပန မီးခွတ်မတောက်ပြောင်နိုင်တဲ့ အတွက် အကြံအစီ အလုပ်အကိုင် ချို့တဲ့ပျက်စီးပြီးလျှင် လူဘော် လူရာ မဝင်သလို မိတ်ကောင်းဆွေကောင်းမရှိ ဆင်းရဲ အတိနဲ့ဘဲ လူ့အဖြစ်အချိန်ကုန်ရရှာလေတယ်။

ဒါ့ကြောင့် လောကကြောင်း ဓမ္မကြောင်းတကယ်ပြောင် မြောက်စွာ တကယ်သွားနိုင်တဲ့ အာနာပါန လုပ်ငန်းစဉ်တွင် ဒုတိယစတုက္က သန္တပ္ပန မီးခွတ်ကြီးကိုပင်လျှင် ပညာရှိ အမျိုး ကောင်းသား အမျိုးကောင်းသွီးတို့သည် ဖွင့်နိုင်အောင် ကြိုးစား တော်မူနိုင်ကြ၍ ရှင်တော်မြတ်ဘုရား သာသနာတော်နှင့် တွေ့ကြုံ ခိုက် သဒ္ဓါဗိုလ် သတိဗိုလ် ဝီရိယဗိုလ် သမာဓိဗိုလ် ပညာဗိုလ် ငါးပါးလက်ကိုင်ထားတော်မူ၍ မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးကို ပွားများတော်မူနိုင်ကြပါစေဟု ကောင်းမြတ် သော မနသိကာရဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

တတိယတိတ်ခွေ ပဌမဘက်
ဘာသာပြန်ပြီးပါပြီ။

# နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် မန္တလေးမြို့အရှေ့ပြင် ဓမ္မစကြာ ပဋ္ဋိပတ်သာသနာပြုရိပ်သာကြီး၌ ဓမ္မစကြာ နာယကဆရာတော် သီတင်းသုံးဝါကပ်ဆိုနေစဉ်အခါ ပါရမီရှင်ဖြစ်ကြသောကျောင်း ဒါယကာ ကျောင်းဒါယိကာမ ရေတွင်းဒါယကာ ရေတွင်း ဒါယိကာမတို့နှင့် ပါရမီရှင် ယောဂီသူတော်စဉ် အပေါင်းတို့ပါ လျှောက်ထားတောင်းပန်ချက်အရ ဟောပြအပ်သော (ဓမ္မစကြာ မဂ်ဝင် အာနာပါန ) ဟောစဉ်မှ စာအုပ်အဖြစ် တိုင်းပြည်သို့ တင်ဆက်လိုက်သော ဤကျမ်းစာသစ်သည် ခေတ်အခြေအနေအရ အမျိုးမျိုးသော အခက်အခဲနှင့် ကြုံတွေ့ရသဖြင့် ပဌမ ဒုတိယ နှစ်ပိုင်းခွဲကာ ရိုက်နှိပ်လိုက်ရပါသည်။

သို့အတွက်ကြောင့် ဓမ္မစကြာမဂ်ဝင် အာနာပါနကျမ်းကို ဖတ်ရှုလေ့လာသော ပါရမီရှင် ယောဂီများအား ပဌမပိုင်း၌ လုပ်ငန်းစဉ်များ လက်တွေ့ပွားများ အားထုတ်ကြည့်ပါရန် အထူး မေတ္တာရပ်ခံပါသည်။

**အကျိုးပြီးလပ် ဣဒ္ဓိပါဒ်** ကောင်းသော ဆန္ဒ ကောင်းသော ဝိရိယ ကောင်းသော အသိဉာဏ် ဤတရား သုံးပါးနှင့် ပြည့်စုံသောသူကို လိုအပ်သော အကျိုးပြီးစေတတ် ပြည့်စုံစေတတ်သောကြောင့် ဣဒ္ဓိပါဒ်ဟူ၍ ထိုထိုကျမ်းလာစကား

ထောက်ထားသောအားဖြင့် အသင်ယောဂီ ဆန္ဒ ဝိရိယ ပညာတို့ ထက်သန်သည်နှင့်အမျှ ဘာဝနာသို့ မရောက်စေကာမူ အကျိုး အမျိုးမျိုးကို ပြီးမြောက်စေတတ်ပါ၍ ဘုရားသခင်ကိုယ်တော် မြတ်ကလည်း—

အကြင်အခါငါဘုရားသည် ရုပ်နိမိတ်စသော နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် အချို့ဝေဒနာများချုပ်ငြိမ်း၍ အနိမိတ္တစေတော သမာဓိ(ဖလသမာပတ်)ပြည့်စုံစေ၍နေ၏။ ထိုအခါ ငါဘုရားကိုယ်တော်မှာ အလွန့်အလွန်ချမ်းသာလှ၏၊ ထို့ကြောင့် သင်တို့လည်း မိမိကိုယ်သာ မှီခိုရာပြု နေကြ သတိပဋ္ဌာန်လေးပါး ပွားများကြဟု မိန့်တော်မူခဲ့၏။

ထို့ကြောင့် အသင်ယောဂီ အသင်ရဲ့ နာမ်ခွာတ်များကို နှိုးဆွပြီး အသင်ကိုယ်တိုင် မဂ်ဝင်အာနာပါနကျမ်းက လမ်းညွှန်သလို လုပ်ကိုင်ကြည့်က စိတ်(နာမ်)တန်ခိုးအရာ ကျယ်ပုံ စိတ်(နာမ်)ဓာတ်ခိုက်ပုံတွေ ထူးဆန်းစွာ တွေ့ရှိလာပါလိမ့်မည်။

**လမ်းညွှန်သူကား မြတ်ဘုရား** ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်က တိုက်တွန်း ဆုံးမ ဟောကြားခဲ့သည်မှာကား "တုမှေဟိ ကိစ္စံအာတပ္ပံ အက္ခာတာရော တထာဂတာ ပဋိပန္နာ ပမောက္ခတ္တိ ဈာယိနော မာရဗန္ဓနာ"

ဘိက္ခဝေ၊ တမဂ်,တဖိုလ်ကို ရလိုရကြောင်း ဆုပန်တောင်းကြသည့် အိုစမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့။ တထာဂတာ၊

ဘုရားရှင်နှင့် ဆရာတော်သခင်ကျေးဇူးရှင်များတို့မည်သည်ကား။ အက္ခာတာရော၊ ကောင်းစွာကျန လမ်းမှန်ပြ၍ ဟောကြရုံ ပြောကြရုံ ဆုံးမရုံမျှသာလျှင်တတ်နိုင်ကြပါကုန်၏။ကိစ္စံ၊မဂ်ဖိုလ်နိဗ္ဗာန် ရရန်ကိစ္စဟူသမျှကိုကား။ တုမှေဟိ၊ သင်ပါရမီရှင် ယောဂီ အပေါင်းတို့သည်။တာဘပံ၊မဖြစ်မနေအချိုးကြေကြေအခရေခမ်းခမ်း ကြိုးပမ်းသော အားလုလ္လံဖြင့် အားထုတ်အပ်၏။ ဈာယိနော၊ သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်ကြကုန်လျက်။ပဋိပန္နာ၊ရုပ်ဓာတ် နာမ်ဓာတ် ပဋိစ္စဓာတ်နှင့် ပရမတ်ဓာတ်ပေါက်အထမြောက်အောင် တယောက်စွမ်းအား ရှုစားကျင့်ကြံ နိုင်သောသူတို့သည်။ မာရဗန္ဓနာ၊ သံသရာနှောင်အိမ် ပူရှိန်လောင်ပြင်း နှောင်ဖွဲ့ခြင်းအပေါင်းမှ။ ပမောက္ခတ္တိ၊ကွင်းလုံးကျွတ်လျက် ဝဋ်မြစ်နှစ်ဖြာ ပြတ်ကွာပယ်ရှင်း လောကတွင်းမှ ချက်ခြင်းထုတ်ချောက် ခဏလျှင်စွာ တဘဝမကြာ လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

**မီးဓါတ်သိုင်းဒိုင်း** ပဌမပိုင်းဖြင့် မဂ်ဝင် အာနာပါန
**ဒုတိယပိုင်း** ကျမ်းက လမ်းညွှန်ပြခဲ့သည့်အတိုင်း လက်တွေ့စမ်းသတ်ကြည့်လို့ သိရတဲ့ အသင်ယောဂီသည် တရားကြောင့်ဖြစ်သော ဝမ်းသာအားရ ရွှင်ပျမှုဖြစ်သည့် အားလျော်စွာ တဆင့်တက်၍ ကျင့်လိုသူများအတွက် မီးဓာတ်ကွေ့ အသိုင်းအဝိုင်းနှင့်( ဒုတိယပိုင်း )ဆက်လက် ရိုက်နှိပ်နေပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသတည်း။

# အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၅ | ၁၂ | သွင်းထားပါပြီး | သွင်းထားပါပြီ |
| ၂၇ | ၅ | ရပေမယ် | ရပါမယ် |
| ၃၁ | ၁၉ | ဘယ်သို့ရှောင်သွား | ဘယ်သို့ရောက်သွား |
| ၃၂ | ၇ | သွားပါပြီး | သွားပါပြီ |
| ၃၂ | ၁၉ | ထွက် င်ရာ | ထွက်ဝင်ရာ |
| ၃၂ | ၂၀ | ထံခါး၄ပေါက် | တံခါး၄ပေါက် |
| ၃၅ | ၁၅ | ပညတ်ပါး | ပညတ်၂ပါး |
| ၃၈ | ၁၇ | ချက်တို | ချက်တိုင် |
| ၄၁ | ၈ | အဿတိဿာမိ | အဿသိဿာမိ |
| ၅၃ | ၂၀ | သိမ်းဆည်းနိုင်ကြပါ | သိမ်းဆည်းကြပါ |
| ၅၄ | ၁၃ | သတိတင်မှု | သတိထင်မှု |
| ၅၈ | ၄ | ၆ချိုး | ၆မျိုး |
| ၅၉ | ၈ | ဒါမနဿံ | ဒေါမနဿံ |
| ၆၅ | ၁၆ | မှတ်ထား | မှတ်ထာ |
| ၇၃ | ၁၈ | ပါနဲ့ | ပါဘဲနဲ့ |
| ၇၄ | ၇ | ပါဠိတော်အလာ | ပါဠိတော်လာ |
| ၈၀ | ၉ | ဖမ်းဖိ | ဖမ်းမိ |
| ၈၂ | ၃ | ထင်ထင်ထင်ရှားရှား | ထင်ထင်ရှားရှား |
| ၈၀ | ၉ | ရုပ်နမ် | ရုပ်နာမ် |
| ၉၆ | ၁၃ | ကူးလောအခါ | ကူးသောအခါ |
| ၉၇ | ၆ | ဘရားအလိုလို | တရားဟာအလိုလို |
| ၉၇ | ၁၄ | မှုခြင်းမှာလဲ | မူခြင်းမှာလဲ |

# (ခ) အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၉၈ | ၁၁ | ခဏငြိမ် | ခဏငြိမ်း |
| ၉၈ | ၁၇ | ဖျက်ဆုံးနိုင် | ဖျက်ဆီးနိုင် |
| ၉၉ | ၂၀ | အသေဝန | အသေစန |
| ၁၀၁ | ၈ | ဘာဝနာတို | ဘာဝနာကို |
| ၁၀၃ | ၇ | မထိန်နိုင် | မထိန်းနိုင် |
| ၁၀၃ | ၁၈ | ဘုရား | ဘုရားက |
| ၁၁၀ | ၄ | တောဝ | သတောဝ |
| ၁၁၃ | ၁၃ | အမြင်က | အပြင်က |
| ၁၁၆ | ၁ | အခါကကော့ | အခါကတော့ |
| ၁၁၆ | ၁၀ | မေ့မပျောက် | မမေ့မပျောက် |
| ၁၁၆ | ၁၁ | နိုင်ရပါတယ် | နိုင်ပါတယ် |
| ၁၂၃ | ၄ | အလျင် | အလျင်း |
| ၁၂၈ | ၂ | အနည်းအငယ် | အနည်းငယ် |
| ၁၂၈ | ၂၂ | လာကြပါပါတယ် | လာကြပါတယ် |
| ၁၆၃ | ၁၂ | နီးစွာ | နီးစွာ |
| ၁၆၆ | ၄ | သသော | သဘော |
| ၁၆၇ | ၇ | အမျိုးသားကောင်း | အမျိုးကောင်းသား |
| ၁၇၆ | ၁၀ | လာတိုင်း | လာတဲ့အတိုင်း |
| ၁၇၇ | ၆ | နိမိတ်ကလေးပင် | နိမိတ်ကလေးကိုပင် |
| ၁၈၁ | ၁၉ | လိုက်လေသောအခါ | လိုက်သောအခါ |
| ၂၀၃ | ၅ | တာတပံ | အာတပံ |
| ၂၀၃ | ၁၅ | ပဌပိုင်း | ပဌမပိုင်း |

မန္တလေးမြို့

ဓမ္မစကြာပဋိပတ် သာသနာပြု အဖွဲ့ချုပ်

မှ

မဟာသတိပဋ္ဌာန်ဒေသနာ

# ဓမ္မစကြာ

# မဂ်ဝင်အာနာပါနကျမ်း

ပဉ္စမတွဲ

—ꟾ— —ꟾ—

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် (၂၃၈၉)

ပုံနှိပ်သူ ☆ ဦးလှဘော်–ရတနာဒီပံ ပုံနှိပ်တိုက်(၀၇၈၀)
ဆိုင်းတန်း-မန္တလေး။

ထုတ်ဝေသူ☆ ဦးလှဘော် (၀၆၃၄) ၈၄- စီရုံ-မန္တလေး။

ထုတ်ဝေသူ ကင်းလွတ်ခွင့်နံပါတ် (၀၅၈၈)
အရှင်ကုမာရ—ဓမ္မစကြာ သာသနာပြုရိပ်သာ
နန်းရှေ့-မန္တလေး၊